www.burmeseclassic.com

REAL EVENT CRIME MAGA ZINE

# မှုခင်း

# အမြင်

မဂ္ဂဇင်း

BURMESE CLASSIC .com






LUCKY STAR

သားသမီးရတနာ မထွန်းကားသူများအတွက်

福星男女不孕不育專科

ဆရာစံ 楊醫師

B.E (Chemical) D.E.S (U.S.A)

Boy Baby 生男孩專方 သားသားရတနာ | x + y = ♂ | Girl Baby 生女孩專方 သမီးလေးရတနာ | x + y = ♀ | Twin Baby 雙生兒專方 အမြွှာလေးရတနာ



(D)၊ အခန်း(၆)၊ ရွှေစပယ်ရိပ်မွန်၊ ရေကြောင်းသိပ္ပံရှေ့၊ ဘုရင့်နောင်လမ်းမကြီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

01 - 536355, Hp - 09 - 73241356, Hp - 09 - 5139886 Email @ sanmyint 888 gmail. com


www.burmeseclassic.com

www.burmeseclassic.com

အမြင် မဂ္ဂဇင်း

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ၊ အမှတ်စဉ် (၁၀၂)


## ဆောင်းပါး

- ရွှေမန်းထွန်းထွန်း -- ၂၈
(အသက်၁၁နှစ်(၈၀)ပြည့်အလွမ်း....
မြင်စေချင်သည့် ရွှေမန်းဦးတင်မောင်ရယ်)

နိုင်ငံတကာသတင်း
ဆောင်းပေါမန် - - ၁၅၃

## ဗေဒင်

- သစ္စာမေတ္တာ ဆရာထွန်းလင်းကျော် - - ၁၅၈
နက္ခတ်ဗေဒင်လက္ခဏာပညာရှင်


ကွန်ပျူတာစာစီ နေမျိုးအောင်


★ အယ်ဒီတာချုပ်
အောင်ကျော်ဇော

★ အယ်ဒီတာအဖွဲ့
ထက်ထက်ဦးဝေ(B.Sc.Physics)
သဏ်း(သတ္တဗေဒ)၊ အေးအေးခိုင်
ညိုမိအောင်(B.A.Myanmar)

★ အုပ်ချုပ်ရေးမှူး
ဦးရဲလွင်(ရဲဘိုင်အို)

★ ထုတ်ဝေသူ
ဦးအောင်လွင်(၀၄၁၄၉)

★ ပုံနှိပ်သူ
ဦးမြင့်ဦး(၀၁၅၈၃)
သိန်းသန်းဦးပုံနှိပ်တိုက်
၁၁၉/၁၂၁-၃၄လမ်း၊ ရန်ကုန်။

★ မျက်နှာဖုံးနှင့် အတွင်းသရုပ်ဖော်
ရဲသူ (ရန်ကုန်တက္ကသိုလ်)၊ မင်းထက်နိုင်

★ စာပြင်- ဦးဝင်းတင်

တန်ဖိုး - ၃၀၀
အုပ်ရေ - ၁၀၀၀






မှုခင်းအမြင်မဂ္ဂဇင်း
အမှတ်(၁၁၆)၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၂၀၅၀၈၉၊ ၀၉-၅၉၂၉၄၂၁၈


www.burmeseclassic.com

www.burmeseclassic.com


= **ထက်ထက်ဦးဝေ** = = = ၁၄
(လရောင်ကင်းတဲ့ည)

= **နှင်းစက် (လားရှိုး)** = = = ၃၈
(လှိုင်းသင့်ဒီရေ)

= **အောင်ကျော်ပြုံး** = = = ၄၉
(အမိုက်သာရဖူဆောင်းခဲ့ခြင်း)

= **ရှင်လွန်းမယ်** = = = ၅၆
(သံယောဇဉ်ချစ်ရိပ်မြုံ)

= **ထက်အုံ့လင်း (မူဆယ်)** = = = ၆၄
(ဆောင်းအိပ်မက်ကနိုးထလေသောအခါ)

= **အေးမိစံ** = = = ၇၄
(ရှက်လည်းရှက် မောလည်းမော)

= **ဆုမွန်ဦး (ဟသ်ာတ)** = = = ၈၄
(ပန်းဒိုင်ယာရီ)

= **ရွှေမြင့်** = = = ၉၆
(အကြဲကောင်းလျှင်တစ်ချက်)

= **သန်းမြင့်ဦး** = = = ၁၀၅
(ကိုယ်ပြုသမျှဒဏ်)

= **မောင်သာမန် (ဇီးကုန်း)** = = = ၁၁၃
(ထာဝရအေးငြိမ်းရာ)

= **သီဏ်းသန်းအောင် (မြင်းခြံ)** = = = ၁၂၅
(မိန်းမသားတို့ဘဝ)

= **အောင်ကျော်ဇော** = = = ၁၄၀
(ခိုနားမဲ့ရင်ခွင်) [ယခင်လမှအဆက်]









BURMESE CLASSIC .com

## ကာတွန်း

မြေရိုင်း၊ စမ်းချောင်းစန်းကို၊ မောင်တင်ယု၊
သူရိန်၊ နရဏီ၊ ဟန်။

## ကဗျာ

ဆုမွန်ဦး (ဟသ်ာတ)၊ ကျော်လွင်ဦး (ပျဉ်းမနား)၊ မောင်ထည်ဝါ (ပျော်ဘွယ်)၊ စောလွင်၊
အေးခင်ခင်လှိုင် (အညာမြေ)၊ ခင်းကြယ်စင်ဘွန်း၊ မနောစွမ်း (လုံးခင်း)၊ လင်းဝေ (ကောလင်း)။

www.burmeseclassic.com

www.burmeseclassic.com




# ဝမ်းတစ်ပေါက်မှတ်တမ်း

ဆုမွန်ဦး (ဟင်္သာတ)

■ တင်ကျီးတစ်ဝမ်း
ဗျိုင်းတစ်ဝမ်းတဲ့
တင်ကျီးငှက်ရဲ့ဝမ်း
ဘယ်လောက်ပင်ပန်း
ဘယ်လောက်ဖြတ်သန်း
မှတ်တမ်း ရှိ/မရှိ ငါမသိ.....

■ ဗျိုင်းငှက်ရဲ့ဝမ်း
ဘယ်လောက်ပင်ပန်း
ဘယ်လောက်ဖြတ်သန်း
မှတ်တမ်း ရှိ/မရှိ ငါမသိ.....

■ ဒါပေမဲ့.....
လူတစ်ယောက်ရဲ့
ရင်အောက်က ဝမ်းတစ်ထွာ
လွမ်းစရာပုံရိပ်
သွေးတံဆိပ်နဲ့ ခတ်နှိပ်ထား
မှတ်တမ်းများစွာ ရှိပေါ့ကွယ်.....။



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

# လူကုန်ကူးမှုပပျောက်ဖို့ အတူတကွ ပူးပေါင်းတိုက်ဖျက်ကြပါစို့

## အောက်ပါ ဖုန်းနံပါတ်များကို ဆက်သွယ်အကူညီတောင်းပါ။

- လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့
  (နေပြည်တော်) ၀၆၇-၄၁၂၂၀၁
- အထူးအဖွဲ့(မြစ်ကြီးနား) ၀၇၄-၂၂၃၃၆
- အထူးအဖွဲ့(ဗန်းမော်) ၀၇၄-၅၀၁၉၉
- အထူးအဖွဲ့(လွယ်ဂျယ်) ၀၈၂-၅၂၈၉၀
  (မူဆယ်မှတစ်ဆင့်)
- အထူးအဖွဲ့(မူဆယ်) ၀၈၂-၅၂၈၉၀
- အထူးအဖွဲ့(လောက်ကိုင်) ၀၈၂-၇၂၀၀၃/၇၂၀၃၆
- အထူးအဖွဲ့(လားရှိုး) ၀၈၂-၂၃၀၁၇/၀၉၅၂၇၅၉၆၂
- အထူးအဖွဲ့(တောင်ကြီး) ၀၈၁-၂၀၀၇၆၄/၀၉၅၂၀၄၉၀၇
- အထူးအဖွဲ့(ကျိုင်းတုံ) ၀၈၄-၂၁၆၃၇/၀၉၅၂၄၂၅၀၄
- အထူးအဖွဲ့(တာချီလိတ်) ၀၈၄-၅၃၀၂၂
- အထူးအဖွဲ့(မြဝတီ) ၀၅၈-၅၀၂၆၈
- အထူးအဖွဲ့(မော်လမြိုင်) ၀၅၇-၂၆၉၈၃
- အထူးအဖွဲ့(ကော့သောင်း) ၀၅၉-၅၁၉၈၁
- အထူးအဖွဲ့(မြိတ်) ၀၅၉-၄၁၀၄၁/၄၁၀၀၄
- အထူးအဖွဲ့(ပုသိမ်) ၀၉၈၅၄၈၀၈၇/၀၉၅၀၁၂၈၁၉
- အထူးအဖွဲ့(ရန်ကုန်) ၀၁-၂၀၇၅၁၆/၀၉၅၀၁၂၈၈၂၆
- အထူးအဖွဲ့(ပဲခူး) ၀၅၂-၂၁၀၃၀/၂၁၂၅၉
- အထူးအဖွဲ့(စစ်တွေ) ၀၄၃-၂၃၆၂၅
- အထူးအဖွဲ့(မောင်တော) ၀၄၃-၅၅၀၈၉
- အထူးအဖွဲ့(ကလေး) ၀၉၄၇၀၇၂၂၀၂
- အထူးအဖွဲ့(မကွေး) ၀၆၃-၂၃၃၇၄/၂၅၀၁၆
- အထူးအဖွဲ့(မိတ္ထီလာ) ၀၆၄-၂၄၇၁၄/၂၃၀၅၄
- အထူးအဖွဲ့(မန္တလေး) ၀၂-၇၃၈၃၀
- UNIAP ၀၁-၂၅၄၈၅၂/၂၅၄၈၅၃

အထူးအဖွဲ့ - လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအထူးအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



# ပန်းပျိုးလက်များ

ကျော်လှိုင်ဦး (ပျဉ်းမနား)


BURMESE CLASSIC .com

ပန်းပင်မှ ပန်းတစ်ပွင့်
ခါချိန်တန် မသင့်ခင်မှာ
အညွန့်ငင် အခက်ချိုးမှာစိုးလို့
ရင်ထဲမှာ အမြတ်တနိုးနှင့်
ပန်းကိုပျိုးခဲ့တယ်။

ပန်းလိုချင် အပင်ပျိုးပါဆိုလို့
ကိုယ်မြတ်နိုးတဲ့ ပန်းမျိုးကို
တန်ဖိုးထားကာ ပန်းကိုပင်
နေ့စဉ်ရေလောင်း ပေါင်းမြက်သင်လို့
ဥယျာဉ်မှူးကောင်းနဲ့ယ်။

ပေါက်လာတဲ့ပန်း ပွင့်လာတဲ့ပန်း
အမြဲတမ်း ရှင်သန်နေဖို့
ဥတုသုံးပါးခံ ပန်းလှလှတွေ
ပွင့်နေတာကို ကြည့်နေရလျှင်ပဲ
ကိုယ့်ရင်ထဲမှာ ပီတိကြွယ်
ဂွမ်းဆီထိအလား။

ပန်းများကို အရိပ်တကြည့်ကြည့်နှင့်
ပန်းပျိုးခဲ့သည့် ဥယျာဉ်မှူးပါ
မည်သူတစ်ဦးမျှ ခူးခွင့် ပန်ခွင့်
ခါချိန်တန် မသင့်ခင်မှာ
အညွန့်ငင် အခက်မချိုးကြပါနဲ့
တန်ဖိုးထားကာ ပန်းမျိုးဆက်မယ့်
ပန်းပျိုးလက်များ။ ။





www.burmeseclassic.com

www.burmeseclassic.com



# စွမ်းအားသစ်လွင် စာပေရေချမ်းစင်

မောင်ထည်ဝါ (ပျော်ဘွယ်)



- ဘူတာဈေးထိပ်၊ မြို့ဝင်ဂိတ်၌
ချေးသိပ်နားနေ၊ အပန်းဖြေဖို့
စာပေစခန်း၊ အေးချမ်းသစ်လွင်
ရေချမ်းစင်လေး ဖွင့်လိုက်ပြီ။
- ခရီးသွားသူ၊ များဗိုလ်လူတို့
ကြည်ဖြူချစ်ခင်၊ ရေချမ်းစင်၌
ဝင်ရောက်လေ့လာ၊ ဖတ်ရှုကာဖြင့်
များစွာသုတ၊ ချိုမြိန်လှသည့်
ရသမျိုးစုံ၊ ဖြစ်ပျက်စုံကို
တွေ့ကြုံခံစား သိဉာဏ်ပွား၏။
- ရိုးသားကြိုးစား၊ ကျင့်ကြံပွားဖို့
အမှားကိုရှောင်၊ အမှန်ဆောင်ဖို့
အမှောင်ခွင်းပ အလင်းပြ၏။
- စာအုပ်စာပေ၊ လူ့မိတ်ဆွေတည့်
စာပေဂုဏ်မြင့်၊ လူမျိုးတင့်၏
ရင့်ကျက်သဒ္ဓါ၊ ကြည်လင်စွာဖြင့်
ဘာသာ,သာသနာ၊ ပြည်ရွာအကျိုး
ဆထက်တိုးအောင် ထမ်းဆောင်တာဝန်ကျေခဲ့၏။
- စာပေမြတ်နိုး၊ စာတန်ခိုးကြောင့်
ရန်ငြိုးဒေါသ၊ ခဝါချလျက်
ဘဝဖွံ့ဖြိုး ပညာတိုး၏။
- စာပေဖတ်မှ၊ စိတ်ဓာတ်မြင့်မား
မိုးကြယ်လားသို့၊ စွမ်းအားလည်းထက်
ယုံကြည်ချက်ပြင်း၊ ရန်ခပင်းကို
ဖြိုခွင်းကျော်လွှားနိုင်ခဲ့၏။
- အလှုဝေဖြာ၊ စာပေစခန်း
ပန်းစုံလန်းသည့်၊ ရေချမ်းစင်လေး
တည်တံ့ရေးကို
မနှေးညီညာ ကြိုးပမ်းစို့။
စာပေပန်းများ လန်းစေဖို့။ ။




www.burmeseclassic.com

www.burmeseclassic.com



# မသိကြများ အမှားကြာမို့

မီးအချက် လက် မပြ
အတင်းခွ နင်းကြတယ်
စက်ဘီးများ ဆိုင်ကယ်
အရင်ဝယ်လိုရှာဘိ
စည်းကမ်းကိုမသိ
ညှိနိုက်ကြ တိုက်ခါခါ
(ကာလရှည်ကြာ)
ကျိုးကျေဖိဒဏ်ရာ ဆိုတာလေ
ပွဲချင်းပြီး ပါလေသမို့
ဆေးရုံဖြာ သူနာပြု
အမှုက ကုဋေကုဋာ
သပြာကုန်ခန်း စိတ်ကိုယ်နွမ်း
မန္တလေးရဲ့ လမ်းဆုံဖြာ
အများပုံတမ်းတ မီးပွိုင့်ပါ။



ဆောလွင်



www.burmeseclassic.com

www.burmeseclassic.com



# သံယောဇဉ်အကျဉ်းသား



ဘဝချင်းဆုံ လမင်းယုန်မှာ
ရင်ခုန်လှိုင်းထ ချစ်မဝနိုင်
မေတ္တာပြိုင်ရင်း
ကြံ့ခိုင်စိတ်မြဲ မလျှော့ဖွဲ့နဲ့
အခက်အခဲတွေထိုးဖောက်
လက်တွဲပြီး လျှောက်ကြမယ်။

ဒီရေအလား မြင့်မားနေတဲ့
စားဝတ်နေရေး ကျပ်တည်းမှု
အန်တုယှဉ်ပြိုင် ကျော်လွှားနိုင်ဖို့
ရင်ဆိုင်လက်ကမ်း
မောင်တစ်ထမ်း မယ်တစ်ရွက်
ပျော်ပျော်ကြီး ခရီးဆက်ကြမယ်။

ခရီးကြမ်းကြမ်း ဘဝလမ်းမှာ
ပင်ပန်းမှုတွေ ဖယ်ရှား
စိန်ခေါ်မှုများကို ချေမှုန်း
အပြုံးချိုချို
မအိုသောအချစ်နဲ့ မခန်းသောမေတ္တာ
တို့ကမ္ဘာလေးထဲမှာ
ပျော်စရာအနှစ် ဖွေရှာစစ်တော့
ချစ်နေဖို့သာလိုပါတယ်။

သံယောဇဉ်ကြိုး ရစ်ပိုးချည်နှောင်ထား
သားသမီးများရဲ့အပြုံး
နှလုံးသားမှာချိုကြည်
လောကီလူသား ဆုံလည်နွားသဖွယ်
သံသရာနယ်ခရီး မညည်းအားတက်
တစ်ရက်ပြီးတစ်ရက်
ဆက်ပြီးလျှောက်လှမ်းကြရဦးမယ်လေ။ ။

**အေးခင်ခင်လှိုင်**
(အညာမြေ)



www.burmeseclassic.com

www.burmeseclassic.com



# ငရဲပြည်မှ ဖက်ရှင်ရှိုး

မင်းနော်စွမ်း (လုံးခင်း)

■ ရွှေ့လျားနေတဲ့ သက္ကရာဇ်
ပြောင်းလဲနေတဲ့ ခေတ်သစ်
ဆန်းသစ်နေတဲ့ ပညာ
နေရာတကာမှာ အလှမယ်ပြိုင်ပွဲ.....။

■ အလှကြိုက်တာက မမှားတာ
ဆိုးနေတာက စိတ်နေစိတ်ထား
နေ့ညမပြတ် "မှန်"ကြည့်နေရ
မိန်းမတို့ နေ့စဉ်ဘဝပေါ့.....။

■ တုလိုက်ကြတဲ့ စိတ်ဘဝင်
ယှဉ်နေတာက ကိုးရိုးယား
ရှိုးပွဲဝင်ဖို့လား ထင်မိရ
မိဘစကားလည်း နားမဝင်
'Shopping' ထွက်ဖို့ပြင်.....။

■ ဝင်ငွေနဲ့တော့ လောက်မယ်မထင်
ဘယ်လောက်ပင်ပြင်သော်လည်း
နဂိုရှိမှ နဂိုင်းထွက်သတဲ့
ရိုင်းလိုက်တဲ့ ဆင်ယင်မှု
မုဒိမ်းမှုကို လက်ယပ်ခေါ်သလို.....။

■ အသိတရားနဲ့ မဆင်ခြင်
ရောဂါဆိုးတွေ ဝင်ပြီးခါမှ
သေမင်းဆီမှာ ဖက်ရှင်ရှိုးပွဲ
ပျော်ရွှင်စွာ ပြိုင်ပွဲဝင်မယ်ထင်ပါရဲ့.....။ ။





www.burmeseclassic.com

www.burmeseclassic.com



# ဓမ္မလမ်းသာမှ ပြည်လန်းဖြာမည်

မင်းကြယ်စင်သွန်း



- သယံဇာတ၊ ပေါကြွယ်ဝလည်း
မမွကောင်းကွာ၊ ခွင့်အာဏာကို
ငါနှင့်ငါ့မျိုး၊ တန်ခိုးထွားစေ
ကြီးပွားစေဖို့၊ လက်ညှိုးတွေထိုး
အမျိုးမျိုးရောင်း၊ သင်မကောင်းက
ခေါင်းမချခင်၊ အရင်သေပြီး
ငရဲကြီးဟာ၊
သင့်လာကြိုမှာ သိထားပါ။
- ပညာစွမ်းတွေ၊ ဝင့်ထည်နေလည်း
ရင်ထဲရိုးဂုဏ်၊ ဘုံပျောက်ပါက
ဂုဏ်မောက်ခဏ၊ ပြုတ်ကျတာတွေ
မြင်နေတွေ့နေ၊ ကြားသိနေရ
ရေပွက်ပမာ၊ ခဏတာမှာ
ဘာကို လိုမက်၊ သစ္စာပျက်လဲ
အသက်သွေးမှာ ရှိးသားပါ။
- စည်းကမ်းမဲ့စွာ၊ ကျင့်နေပါက
ဘာတွေပြောပြော၊ ဘာတွေဟောဟော
ဘာတွေလုပ်လုပ်၊ ဒုက္ခရစ်တိုး
ကြိုးရှုပ်ချည်ငင်၊ ဝက်ပါတွင်
သင်လည်းမောဟိုက်၊ အချိန်တိုက်စား
လုံးပါးပါးမည်၊
ဘယ်ဆီမှန်းမှန်း၊ နှမ်းထွက်မကိုက်
ဘီလူးကလိုက်၊ ကျားကကိုက်နဲ့
အမှိုက်သိမ်းနေ၊ သမိုင်းလေ့ထဲ
ဒီဇိုင်းတွေကွဲ၊ အရိုင်းတွေပဲ
ဂုဏ်မာန်မွဲကာ၊
ပါသွားမှာကို သိရှိပါ။ ။



www.burmeseclassic.com

www.burmeseclassic.com

# သားကောင်

လင်းဝေ (ကောလင်း)



■ မဆိုင်တော့မှန်းသိလျက်
အစွဲအလမ်းကြီးလွန်းတာက
မွေးရာပါ အားနည်းချက်။

■ "ချစ်တယ်"တဲ့
သူမနှုတ်ဖျားက ထွက်ကျခဲ့တဲ့စကား
ဘဝကို တဖြည်းဖြည်းသေစေတဲ့ အဆိပ်တစ်ခွက်ဖြစ်ခဲ့။

■ ခုတော့လည်း သူမက
ထိုင်နေကျ ခုံတန်းလျားမှာ
အခြားသူတစ်ယောက်နဲ့ ပျော်လို့။

■ ခရေတွေဝေဖူးတဲ့ သူမကောသာမှာ
နှင်းဆီဟာ
အစားထိုးနေရာယူလို့။

■ အသည်းခွဲခြင်းက
သူမ အကျွမ်းကျင်ဆုံး ကစားနည်းဖြစ်ပေမယ့်
ဟန်မဆောင်တတ်တဲ့ ကျွန်တော့်မှာတော့
မှော်မအောင်ခဲ့တဲ့ အိပ်မက်တွေနဲ့
အပြီးမသတ်နိုင်ခဲ့တဲ့ စုတ်ချက်တွေနဲ့
နယ်မြေမှားတဲ့ သားကောင်လို
သူမ ကျော့ကွင်းမှာ
ရှန်းလိုက်တိုင်း ငြိလို့။ ။



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



# လရောင်ကင်းတဲ့ည

ထက်ထက်ဦးဝေ

"တို့ လရောင်ကို မကျေနပ်ဘူး ချို"

"ရှင်တို့ဘာဖြစ်လာကြလို့လဲဟင်"

ချိုဖြင်သက်အမေးကို ဟေသီကျော်က နှုတ်ခမ်းကို တင်းတင်းစေ့ပြီး ပြောလိုက်သည်။

"မေသက်ထားသူကို အရေးပေးဆက်ဆံနေလို့လေ၊ အဲဒါကို မကြိုက်လို့ပြောတာ လက်မခံဘူး"

"အေးဟယ်.....လရောင်ကလည်း လရောင်ပဲ၊ ရုပ်ကလေးကဖြောင့်တော့ မိန်းကလေးတွေကကျကြတယ်၊ မင်းသာ သူ့ကိုယူရင် မလွယ်ဘူးနော် ဟေသီ၊ သွားလေရာ တကောက်ကောက်လိုက်နေရမယ်"

"ဟုတ်တယ် ချို၊ တို့ သူ့အပေါ် နားလည်ပေမယ့် သူက အဲဒီနားလည်မှုကို ခုတုံးလုပ်ပြီး ရှုပ်ချင်လာတယ်၊ အခုပဲကြည့်လေ၊ မနေ့တစ်နေ့ကမှဟိုတယ်ကိုရောက်လာတဲ့ မေသက်ထားသူနဲ့ ရောနေပြန်ပြီကွာ"

မေသက်ထားသူက ဟေသီကျော်ထက် နှစ်နှစ်ခန့်ငယ်သူဖြစ်သည့်အပြင် အသံသေးသေး၊ ညှုတုတုနှင့် ဆွဲဆောင်မှုရှိနေ၏။ စကားပြောလိုက်လျှင် မာယာများတတ်ပြီး ဆန့်ကျင်ဘက်လိင်များအား မျက်



ဝန်းနှင့် ညို့ထားတတ်သည်။ သည်တော့ Customer များက မေသက် ထားသူကိုသာ မေးနေကြ၏။ ဤသည်ကို ကျန်ဝန်ထမ်းများက မကျေနပ်ကြချေ။ ဟေသီကျော်က သူတို့ထက် ပိုခံစားနေရသည်။

"တို့Customer တွေလည်း သူ့ဆီရောက်ကုန်ကြပြီ၊ ပြီးတော့ တို့ရည်းစားကိုပါ လုဦးမယ်၊ ဟင်း... စိတ်ညစ်တယ်ကွာ၊ ဒီဟိုတယ်ကတောင် ထွက်ချင်လာပြီ"

"ထွက်ဖို့တော့ မစဉ်းစားနဲ့နော်၊ မေသက်ထားသူကို မင်းအရှုံးပေးရာကျမယ်၊ လရောင်ကိုသာ ဟိုတစ်ယောက်နဲ့ စကားမပြောစေနဲ့ပေါ့"

"ဟင်း.....ရပါလိမ့်မယ်၊ သူ့ကိုတားရင် ပိုလုပ်ပြလိမ့်မယ်၊ ချိုလည်း လရောင်အကြောင်းကို သိသားပဲကွာ"

"အေးလေ၊ တစ်နည်းတစ်ဖုံ

www.burmeseclassic.com

တော့ စဉ်းစားကြတာပေါ့ကွာ''

ပြောဆိုနေကြချိန်တွင် လရောင်လင်းက ဟေသီကျော်ကိုလာကြို၏။ သို့ပေမယ့် လရောင်လင်း၏ မျက်လုံးများက မေသက်ထားသူကို ရှာဖွေနေပြန်သည်။ ဂနာမငြိမ်ဖြစ်နေသဖြင့် ဟေသီကျော်က ချိုဇင်သက်အား မျက်စပစ်ပြလိုက်၏။

''ရှင်လာတာ ဟေသီ့ဆီကိုလား၊ ဘယ်သူ့ဆီကိုလဲ''

''ဟေသီနော် ကိုယ့်စိတ်ကို လာမဆွနဲ့''

''မဟုတ်ပါဘူး၊ အရမ်းကိုသိသာနေလို့ပြောတာ၊ အမြင်ကိုကတ်တယ်''

''ကဲ.....ဂျူတီဆင်းပြီမဟုတ်လား၊ အပြင်မှာစောင့်နေမယ်''

''သွား...သွား၊ ဒါမှ လွတ်လွတ်လပ်လပ်ကြည့်ရမှာ''

လရောင်လင်းက မျက်နှာထားတည်တည်ဖြင့် ကြည့်လိုက်ပြီးမှ ဟိုတယ်အပြင်သို့ ထွက်စောင့်နေလိုက်သည်။ ဟေသီကျော်မှာ မကျေမနပ်ဖြင့် ကျန်ခဲ့တော့၏။

''မင်းတို့တော့ ကြာရင် ကွဲကြမှာပဲ၊ တစ်ယောက်က မာန၊ တစ်ယောက်ကတစ်ဖွတ်ထိုးနဲ့တော့ ခက်ပါရဲ့နော်''

''ဘာမှခက်မနေနဲ့၊ သူသာ မေတ္တာမှန်ရင် ဟေသီ့ကို နားလည်ပေးမှာပေါ့၊ အခုတော့ ပြောရုံလေးနဲ့ ဖြစ်နေလိုက်တာ၊ အကဲကိုပိုတယ်''

''ဟော့....ဟော့ မေသက်ထားသူ သွားပြီသိလား၊ သူတို့စကားပြောနေလားလို့ သွားချောင်းလိုက်ဦးမယ်''

ဟေသီကျော်သည် ပစ္စည်းများကိုထည့်ပြီး ချိုဇင်သက်အား စောင့်နေလိုက်သည်။ လရောင်လင်းအပေါ် မကျေနပ်စိတ်ကြောင့် တမင်ပင် အချိန်ဆွဲနေခြင်းဖြစ်၏။ ခဏအကြာတွင် ချိုဇင်သက်ပြန်လာသည်။ ခေါင်းလေးတခါခါဖြင့်.....

**သူ့အမေကိုယ်တိုင်**
**ဟေသီ နဲ့**
**စကားပြောတာလေ၊**
**ဘာမှမဖြစ် ဘဲ**
**မိဘကို မကောင်းတဲ့နိမိတ်မျိုး**
**ပြောရက်တယ်ကွာ၊**
**လရောင်က**
**မေသက်ထားသူနောက်ကို**
**လိုက် သွားတာပဲဖြစ်ရတယ်၊**
**ဒီလောက် တောင်ဖြစ်မှတော့**
**လည်လွန်းတဲ့**
**ဘီး ချေသင့်မှ....**

''ပြုံးလို့၊ ရယ်လို့မောလို့ကွာ၊ မင်းကိုကြည့်ပြီး ချစ်သူထားဖို့တောင် စိတ်ညစ်တယ် ဟေသီရာ''

''တို့ ဘာဆက်လုပ်ရမလဲ ချို''

''အခုနေတော့ မင်းဘာမှ ဆက်လုပ်လို့ မရသေးဘူး ဟေသီ၊ အချိန်က စကားပြောလာမှာပါကွာ၊ ခဏလေးသည်းခံစောင့်နော်''

ဟေသီကျော်သည် မျက်ရည်လေးဝဲဝဲဖြင့် အိတ်ကိုလွယ်ကာ စိတ်မပါစွာဖြင့် ထွက်သွားလိုက်၏။ အပြင်သို့ရောက်သည့်အခါတွင်....

''ဘာလုပ်နေမှန်းမသိဘူး၊ ကြာလိုက်တာကွာ၊ စောစောက မေမေဖုန်းဆက်တယ်၊ ဆေးခန်းသွားဖို့ စောင့်နေတယ်ကွ''

ဟေသီကျော်မှာ စိတ်ထဲတွင် ထောင်းခနဲဖြစ်သွားပြီးမှ စိတ်ကိုလျှော့၍ ပြေရာပြေကြောင်း ပြောလိုက်သည်။

''ဒါဆိုလည်း ပြန်နှင့်လေ၊ ဟေသီ ဈေးဝယ်စရာရှိလို့ ချိုနဲ့ သွားလိုက်မယ်''

''ပြီးရော၊ စောစောကပြောရောပေါ့''

''ဖြည်းဖြည်းသွားပါဦး၊ တော်ကြာ ချော်လဲနေဦးမယ်''

တမင်ပင် ရွဲ့ပြောလိုက်မှန်း လရောင်လင်းကလည်း သိနေ၏။ ကျောပိုးအိတ်အား စလွယ်သိုင်းပြီးနောက် အပြေးတစ်ပိုင်း ထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

"သူ့မေမေ တကယ်ခေါ်တာမှ ဟုတ်ရဲ့လား ဟေသီ"

"တို့အပေါ် လိမ်ညာလို့ မရပါဘူးကွာ"

ဟေသီကျော်သည် လရောင်လင်းအိမ်သို့ ဖုန်းဆက်မေးလိုက်၏။ ထိုမှ လရောင်လင်း၏လိမ်ညာမှုက ဘူးပေါ်သလို ပေါ်သွားတော့သည်။

"သူ့အမေကိုယ်တိုင် ဟေသီနဲ့ စကားပြောတာလေ၊ ဘာမှမဖြစ်ဘဲ မိဘကို မကောင်းတဲ့နိမိတ်မျိုး ပြောရက်တယ်ကွာ၊ လရောင်က မေသက်ထားသူနောက်ကို လိုက်သွားတာပဲဖြစ်ရတယ်၊ ဒီလောက်တောင်ဖြစ်မှတော့ လည်လွန်းတဲ့ ဘီး ချေးသင့်မှကောင်းတယ်"

"အေး ဟုတ်တယ်၊ ကိုယ့်အပေါ် မကြင်နာသူကို မေ့ပစ်လိုက်တော့ကွာ၊ မင်းဘဝမှာ သူ့ထက်သာတာကို ရနိုင်တယ်"

ချိုဇင်သက်၏စကားများက ဟေသီကျော်၏ မာနစိတ်ကို နှိုးဆွနေသလိုပင်။

"ဟုတ်တယ် ချို၊ လရောင်ကို တုံ့ပြန်ရမယ်"

ဟေသီကျော်သည် ခံပြင်းစိတ်ဖြင့် နှုတ်ခမ်းကို ဖိကိုက်မိ၏။

♛♛♛♛♛

"ထားသူနောက်ကို ဘာဖြစ်လို့ တကောက်ကောက်လိုက်နေရတာလဲ ကိုလရောင်"

"စိတ်မချလို့ပေါ့ကွာ"

"ကိုလရောင်က အခုလိုလိုက်လာတော့ ဟေသီ စိတ်ဆိုးမှာပဲ နော်"

"အချစ်မှာ တစ်စုံတစ်ယောက် စိတ်ဆိုးလည်း ခံနိုင်ရမယ်၊ ချစ်သူ မုန်းလည်း ခံနိုင်ရမယ်"

"ဟင်...ကိုလရောင်က ဟေသီ့ကို မချစ်ဘူးလား"

"ဘယ်လိုပြောရမလဲဗျာ၊ သူက အတင်းလိုက်ကပ်နေတော့ အားနာပြီး ချစ်လိုက်ရတာပါ၊ သူ့အကြောင်းလည်း မေသက်ထားသူ သိမှာပေါ့နော်"

"သိဘူးလေ၊ ထားသူက



ရောက်တာမှ မကြာသေးတဲ့ဥစ္စာ"

လရောင်လင်းက နှုတ်ခမ်းစူစူလေးနှင့် အမူပိုတတ်သော မေသက်ထားသူ၏ မျက်နှာလေးအား ငေးကြည့်နေမိသည်။

"ဘာဖြစ်လို့ အဲဒီလောက် ကြည့်နေရတာလဲရှင့်"

"ဩော်...မေသက်ထားသူက လှလို့ပါ၊ ပြီးတော့ ချစ်စရာကောင်းတယ်"

"ဟင်း.....ဘာကြီးမှန်းလဲ မသိဘူး"

စကားတပြောပြောနှင့် လရောင်လင်းက တက္ကစီတစ်စီးကို တားလိုက်၏။ ပြီးနောက် မေသက်ထားသူအား အိမ်အပြန်လိုက်ပို့၏။ မေသက်ထားသူက မငြင်းသည့်အတွက် Coffee Shop ဆိုင်သို့ သွားရန်ခေါ်ပြန်သည်။

"ထားသူ အချိန်မရလို့ပါရှင်၊ နောက်မှ လိုက်သောက်ပါ့မယ် ကိုလရောင်၊ အခုလိုလိုက်ပို့ပေးတာ ကျေးဇူးတင်ပါတယ်နော်"

"တကယ်နော် မေသက်ထားသူ၊ ကတိကိုမဖျက်ရဘူး"

"စိတ်ချ၊ ရင်ထဲမှာ စွဲနေအောင် မှတ်ထားလိုက်ပါပြီရှင်၊ သွားပြီနော်"

အပြောညက်သလို အကြည့်စူးလေးများ၏ဒဏ်အား လရောင်လင်း မခံနိုင်ချေ။ မကြာမီတွင် မေ



www.burmeseclassic.com

www.burmeseclassic.com

သက်ထားသူနှင့်သူက အခြေအနေ ကောင်းလာနိုင်၏။ ဤသည်ကို လရောင်လင်းက သိနေသည်။ မေသက်ထားသူအား ချဉ်းကပ်ရမည်မှာ ခက်ခဲသည့်လုပ်ရပ်ဟု ထင်ထားသမျှ တခြားစီဖြစ်နေ၏။

''ဒါလည်း ဟေသီ့ကြောင့်ဖြစ်မှာပါ၊ ဟေသီက သူ့ကိုတစ်ချိန်လုံး ‌စောင်းမြောင်းပြောဆိုနေတာဆိုတော့ မေသက်ထားသူဘက်ကကြည့်ရင် မကျေမနပ်နဲ့ ခံပြင်း စိတ်ဖြစ်မှာပဲ၊ တကယ်တော့လည်း မေသက်ထားသူလို ဟေသီ့မှာ အရည်အချင်းမရှိလို့ပဲပေါ့၊ ဒါကို သဘောမပေါက်ဘဲ ရန်စောင်နေတော့ ခက်တာပဲ''

မည်သို့ပင်ဖြစ်စေ လရောင်လင်းကဖြင့် အမြတ်ထွက်သွား၏။ ဟေသီကျော့်ကိုသာ မည်သည့်နည်းဖြင့် ဖြတ်ရမည်ကို ကြံစည်တွေးတောနေမိသည်။

''မေသက်ထားသူဟာ ဟေသီ့လောက်တော့ မလှပါဘူး၊ ဒါပေမဲ့ သူ့မှာ ဆွဲဆောင်မှုရှိတယ်၊ ယောကျ်ားတစ်ယောက်အပေါ် ဖမ်းစားနိုင်စွမ်းရှိတယ်၊ အသံနဲ့ ထိန်းထားနိုင်တယ်၊ ဒီအရည်အချင်းတွေကြောင့် ဟေသီ ကျရှုံးခဲ့တာပဲ၊ ဟိုအရင်ကဆိုရင် ဟေသီက Top ပဲပေါ့''

လရောင်လင်းသည် ခွဲခြမ်းစိတ်ဖြာ ပိုင်းခြားကြည့်ရင်း အမျိုးသမီးနှစ်ယောက်၏ မတူညီချက်ကို နှိုင်းယှဉ်ကြည့်မိသည်။ ဟေသီကျော်နှင့် စတင်တွေ့ခဲ့ပုံမှာလည်း သူငယ်ချင်းတစ်ယောက်နှင့် တွေ့ဆုံရန် ဟိုတယ်သို့ ရောက်လာရာမှ ချစ်ခဲ့မိခြင်းဖြစ်၏။ ထိုအချိန်က ဟေသီကျော်သည် တစ်လောကလုံးတွင် အလှဆုံးဟု ထင်မြင်မိသေးသည်။

ပြီးတော့လည်း ဟေသီကျော်အား သူ့ချစ်သူလက်ထဲမှ လရောင်လင်းက လုယူခဲ့ခြင်းဖြစ်၏။

''ဟေသီဟာ သူ့ချစ်သူ ဆရာဝန်ကိုပစ်ပြီး ငါ့ကိုလက်တွဲခဲ့တာ သစ္စာမရှိသူလို့ စွပ်စွဲခံခဲ့ရတယ်၊ ငါကရော သစ္စာရှိတဲ့ ယောကျ်ားတစ်ယောက်လား၊ ဟေသီနဲ့ မချစ်ခင်က ငါ့မှာ ရည်းစားထည့်လဲတွဲခဲ့တာပဲလေ၊ မှိုလိုပေါက်နေမှန်းသိလျက်နဲ့ ဟေသီက ငါ့ကိုချစ်ခဲ့တယ်၊ ဒီတော့ ငါတရားပါ့မလား''

လရောင်လင်းသည် သူ့အကြောင်းကို ပြန်တွေးရင်း ဟေသီကျော်အပေါ်တွင် ရက်စက်ရာကျမည်ကို စာနာစိတ်ဖြစ်မိသေးသည်။ သို့ပေမယ့် တစ်ဖက်တွင်လည်း မေသက်ထားသူနှင့် ရာခိုင်နှုန်းတစ်ဝက် သေချာနေ၏။ သည်တော့ ရှေ့ဆက်တိုးဖို့သာ ဆန္ဒဖြစ်မိသည်။

''ဟင်း.....မတတ်နိုင်တော့ဘူး၊ ငါ့စိတ်ကိုက မိန်းကလေးတစ်ယောက်နဲ့ ကြာကြာတွဲချင်စိတ်မရှိတော့ ဟေသီ့ကိုမေ့လိုက်တာ အကောင်းဆုံးပဲဖြစ်မှာပါ၊ ဟုတ်တယ်၊ ဟေသီ့ကို မေ့ရမယ်၊ ဒါမှ မေသက်ထားသူနဲ့ တွဲနိုင်မှာ''

နောက်ဆုံးတော့ အချစ်နှင့်စစ်တွင် မတရားသည်မရှိဆိုသော စကားအတိုင်း လရောင်လင်းက သူ့ဆုံးဖြတ်ချက်အား မပြင်တော့ချေ။ မေသက်ထားသူထံသို့ရောက်လာပြီး နည်းမျိုးစုံနှင့် ချဉ်းကပ်တော့၏။ သည့်နောက်တွင် ဟေသီကျော်ရှိရာဟိုတယ်သို့ လုံးဝရောက်မလာတော့ပေ။

♛♛♛♛♛

အပြောချက်သကို အကြည့် ရှူးလေးများစေခဲ့အောင်အား
လရောင်လင်း မခံနိုင်ချေ။ မကြာမီတွင် မေသက်ထားသူနှင့်သူက
အခြေအနေ ....

www.burmeseclassic.com



"လူတွေက အရှက်ကိုတစ်စက်လေးမှ မရှိကြပါလားနော်၊ ဟော့.....ချို၊ မင်းရော တို့စားနေတဲ့မုန့်ကို လုစားသူဆိုရင် ဘယ်လိုသဘောထားမလဲကွာ"

"အရှက်မရှိတဲ့ မုန့်သူခိုး၊ မုန့်ဓားပြလို့ သဘောထားမှာပေါ့ကွ"

နှစ်ယောက်သား အတိုင်အဖောက်ညီနေကြသည်။ တမင်ပင် မေသက်ထားသူကြားစေရန် ပြောနေခြင်းဖြစ်၏။

"ဒါပေမဲ့ကွာ ဟေသီက တို့မုန့်လာလုစားသူကို ကျွတ်...ကျွတ်...ကျွတ်လို့ ညည်းတွားပြီး သနားလို့ စွန့်ကျွေးလိုက်မှာပါနော်၊ မုန့်ကိုလုစားသူရဲ့အဆင့်က အောက်တန်းကျသူတွေရဲ့ လုပ်ရပ်ပဲမဟုတ်လား"

"ဒါပေါ့ကွ၊ ကိုယ့်မှာအောက်တန်းစားစိတ်ဓာတ်မရှိရင် သူတစ်ပါးပစ္စည်းကို မယူချင်နဲ့ပေါ့ကွာ၊ မကျွေးလို့ခိုးစားစား၊ ကျွေးလို့ပဲခပြောင်စားစား သူတစ်ပါးဥစ္စာကိုစားတယ်ဆိုကတည်းက မိုက်မဲတဲ့လုပ်ရပ်ပဲမဟုတ်လားကွာ"

ဟေသီကျော်နှင့် ချိုဇင်သက်တို့က မေသက်ထားသူအား စောင်းမြောင်းပြောဆိုနေခြင်းပဲဖြစ်သည်။ သို့ပေမယ့် မေသက်ထားသူဘက်က တုံ့ပြန်ခြင်းမရှိပေ။ သူ့အလုပ်တာဝန်ကိုသာ အပြုံးမပျက် လုပ်ကိုင်နေ၏။ သည်တော့လည်း ပြောသူသာ မောပြီး စကားအဖတ်တင်ကျန်ခဲ့ရသည်။

"ဟေ့...ဆက်ပြောမနေပါနဲ့တော့ကွာ၊ စိတ်တိုဖို့ကောင်းလိုက်တာနော်၊ မင်းဘယ်လောက်ပြောပြော ဟိုတစ်ယောက်က အရေးတောင်မလုပ်ဘူး၊ တို့နှစ်ယောက်လိုက်ချောင်းရင်ကောင်းမလားကွာ"

"လရောင်ကိုတွေ့ရင် တို့စိတ်တွေ ထိန်းလို့ရမှာမဟုတ်ဘူး ချို၊ သူ့အပေါ် ဘယ်လောက်ချစ်ခဲ့တယ်ဆိုတာ မင်းအသိဆုံးပဲ၊ တို့အပေါ်လွယ်လွယ်နဲ့တော့ သစ္စာဖောက်လို့မရဘူးကွာ"

"အဲဒီလိုဆိုရင် မင်းက ဘာဆက်လုပ်ချင်သလဲ ပြောကွာ၊ လရောင်နဲ့တွေ့ပြီး ပြတ်ပြတ်သားသားမေးမလား"

"မေးဖို့နေနေသာသာ ဖုန်းတောင်မကိုင်တဲ့ဟာကို ဘာဆက်လုပ်လို့ရမှာလဲ"

"သူ့အိမ်ကို သွားပြောပြကွာ၊ ဒါမှမဟုတ်ရင် သူ့အမေကို တိုင်လိုက်၊ ဟိုတယ်က မိန်းမလည်မတစ်ယောက်နဲ့ တွဲနေတယ်လို့ပြောလိုက်ကွာ"

ဟေသီကျော်လည်း ချိုဇင်သက် ပြောသည့်အတိုင်း လရောင်လင်း၏မိခင်ထံသို့ ဖုန်းဆက်တိုင်လိုက်သည်။

"ကျေးဇူးတင်တယ် သမီး၊ အခုလိုပြောတာ သားကို သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ သတိပေးတာပဲပေါ့၊ အေး...အေး၊ အန်တီ ဆုံးမပါ့မယ်ကွယ်၊ သမီးတို့ဟိုတယ်ကိုရောက်လာရင် ကြည့်ပေးထားဦးနော်၊ သားကို မိန်းကလေးတွေကိုယ်တိုင်က ကြိုက်ကြတော့ မခက်လားကွယ်"

"ဟုတ်ကဲ့ စိတ်ချပါ အန်တီ၊ သမီးသိတာနဲ့ ပြောပါ့မယ်နော်"

ဟေသီကျော်သည် လူတစ်



www.burmeseclassic.com

www.burmeseclassic.com

လစ်လေးဖြင့် ဖုန်းကိုပိတ်လိုက်၏။ ပြီးမှ ချိုဇင်သက်အား ရှုံ့မဲ့မဲ့မျက်နှာလေးဖြင့်.....

"မလွယ်ပါဘူးကွာ၊ အဘွားကြီးက သူ့သားကို သိပ်အမွှမ်းတင်တာကွ၊ ကြည့်ရတာ မိန်းမ မယူချင်အောင် ရည်းစားထည်လဲ တွဲနိုင်းနေသလားမှ မသိတာ၊ သူ့သားကို သူ့အမေကိုယ်တိုင် ဖျက်နေတာပဲ"

"ဒါကြောင့်မို့ ဆိုးနေတာဖြစ်မှာပေါ့ ဟေသီရယ်"

"လရောင်က အငယ်ဆုံးလေ၊ သူ့မှာ အစ်မနဲ့ အစ်ကိုပဲရှိတယ်၊ ကြယ်စင်လင်းနဲ့ နေရောင်လင်းတဲ့"

"နာမည်တွေက အပျံစားပဲနော်၊ အင်းလေ..ငွေရှိတော့လည်း ဆိုးနေမှာပေါ့လေ"

သည်လိုလူစားမျိုးကို ဟေသီကျော် ဘာကြောင့်ချစ်မိပါလိမ့်နော်။ တကယ်ဆိုလျှင် လရောင်လင်းသည် မချစ်သင့်သော ယောကျ်ားတစ်ယောက်ဖြစ်၏။ ဟေသီကျော်ကိုယ်တိုင် မုန်းမေ့နိုင်အောင် ကြိုးစားရင်း မေ့မရဖြစ်နေသည်။ ချစ်သူကို အစားထိုးရန် ရှာဖွေသော်လည်း စိတ်ကြိုက်မဖြစ်ပေ။ သည်တော့ အချစ်ဟောင်း ဆရာဝန်ဘက် ပြန်လှည့်ကြည့်သော်လည်း ဆရာဝန်က မိန်းမ ယူသွားပြီဖြစ်၏။

"လရောင်ကို သတိရတယ်ဟယ်၊ သူကတော့ အချစ်သစ်နဲ့ ပျော်နေမှာပေါ့၊ ဟေသီ့ဘက်ကို မငဲ့ကွက်တဲ့သူပဲကွာ"

"မင်းက လရောင်ကို သံယောဇဉ်ရှိတဲ့သူပါလားနော်၊ သူကြင်မှ ကိုယ်ကြင်ပေါ့ကွာ၊ မင်းရုပ်ရည်နဲ့ သူ့ထက်သာသူကို ထပ်ရနိုင်တာ ပဲ"

"မေ့နိုင်အောင် ကြိုးစားရဦးမယ်ကွာ"

"အေး...ကြိုးစား...ကြိုးစား၊ မေ့သင့်နေတာ ကြာပြီနော်"

ချိုဇင်သက်လည်း စိတ်ပျက်စွာ ပြောလိုက်တော့၏။

၆

♛♛♛♛♛



"ဟိတ်.....မင်းဝမ်းသာတော့ ဟေသီရေ့"

ချိုဇင်သက်က အနားသို့လာ၍ တိုးတိုးလေးပြောပြသည်။ ဟေသီကျော်မှာ နားမလည်စွာဖြင့်မေးလိုက်၏။

"မင်းဟာက အရင်းမရှိ၊ အဖျားမရှိကွာ"

"မေသက်ထားသူမှာ ချစ်သူရှိတယ်တဲ့ကွ၊ သူနဲ့တွဲနေတဲ့ နေခြည် ပြောလိုက်တာ"

"မယုံပါဘူးကွာ၊ အဲဒီချစ်သူက လရောင်လင်းပဲဖြစ်မှာပေါ့"

"တကယ်ပြောတာ ဟေသီရဲ့၊ ဓာတ်ပုံတောင် ထုတ်ပြတယ်တဲ့၊ မေသက်ထားသူရဲ့ချစ်သူက နိုင်ငံခြားမှာ အလုပ်သွားလုပ်တာလေ၊ ပြန်လာခါနီးပြီတဲ့၊ သူ့ထက် ၁၀ နှစ်ကြီးတယ်၊ ဒီတစ်ခါ အပြီးပြန်လာတာနဲ့ လက်ထပ်ကြတော့မှာတဲ့"

ဝမ်းသာသွားသူက ဟေသီကျော်ပင်ဖြစ်၏။ ထခုန်လှမတတ် ပျော်မိသော်လည်း တစ်ဝက်သာ ပျော်နိုင်သေးသည်။

"လရောင်လင်းက မေသက်

www.burmeseclassic.com

ထားသူကို Propose လုပ်တယ် ကွာ၊ ဒါကို မေသက်ထားသူက လက်မခံပါဘူး၊ အခင်မင်မပျက် အပေါင်းအသင်းလို ဆက်ဆံနေတယ်တဲ့၊ အဲဒါကို လရောင်လင်းက ဖွဲကြီးကြီးနဲ့ တမ်းတမ်းစွဲဖြစ်နေလို့ စိတ်ညစ်နေတယ်တဲ့လေ၊ ပြီးတော့ လရောင်လင်းက မေသက်ထားသူချစ်သူပြန်လာရင် နောင့်ယှက်ဖို့အထိ ဆုံးဖြတ်ထားတယ်တဲ့ကွာ''



''ဩော်....ဒါဆိုရင် မေသက်ထားသူတစ်ယောက် လရောင်ရဲ့ ခြိမ်းခြောက်မှုကို ခံနေရပြီပေါ့နော်''

''သေချာတာပေါ့ကွာ၊ အဲဒါကြောင့်မို့ နေခြည်က မေသက်ထားသူ့အခက်အခဲကို ဖြေရှင်းပေးနိုင်အောင် မင်းသိအောင် ပြောပြတာပဲ''

နောက်ဆုံးတော့ ဟေသီကျော်က နှုတ်ခမ်းကိုမဲ့လိုက်ပြီး....

''တော်စမ်းပါကွာ၊နှစ်ယောက်စလုံးက အချစ်ကို ကစားချင်တဲ့သူတွေလေ၊ ဟိုတစ်ယောက်က ချစ်သူမသိအောင် ခိုးပြီးဖောက်ပြန်နေတာပါ၊ ချစ်သူလည်း အပြီးပြန်လာမယ်ဆိုရော ကြောက်ကြောက်လန့်လန့်နဲ့ ဖြတ်လိုက်တော့ ဆတ်တငံ့ငံ့ ဖြစ်ကျန်ခဲ့တာပေါ့၊ ကောင်းတယ်၊ အဲဒါဟာ ဝဋ်လည်တာပဲ ချို''

''ဒါပေမဲ့ကွာ မင်းအတွက် မျှော်လင့်ချက်ရှိနေသေးတယ်မဟုတ်လား၊ လရောင်လင်းကို မင်းက ဖျောင်းဖျပေးသင့်တယ်၊ ဒါမှ မင်းရဲ့မေတ္တာကိုသိပြီး မင်းအပေါ်မှာ တစ်ပတ်ပြန်လည်လာမှာပေါ့ကွာ''

ဟေသီကျော်သည် ပင့်သက်မောကိုချ၍ ချိုဖင်သက်စကားအား စဉ်းစားလိုက်၏။ နောက်ဆုံးတွင် သံယောဇဉ်စိတ်ဖြင့် သွားတွေ့ရန် ဆုံးဖြတ်မိသည်။

''အေး.....ဟိုတစ်ယောက်ကို ပြောလိုက်ကွာ၊ တို့ကူညီနိုင်သလောက် ကူညီမယ်လို့''

''ဒါမှပေါ့ ဟေသီရယ်၊ အဲဒါဆို နေခြည့်ကို ပြန်ပြောပြပြီး လရောင်နဲ့ဆုံနိုင်အောင် စီစဉ်ရမယ်''

''အေးနော်၊ လရောင်က ဟေသီလာတွေ့မယ်ဆိုရင် ပြေးလိမ့်မယ်၊ မေသက်ထားသူအနေနဲ့ချိန်းမှဖြစ်မှာနော်၊ ကိုယ်တော့ ကြိုးစားကြည့်ပါ့မယ်ကွာ၊ ရ မရတော့ တာဝန်မခံဘူးနော်''

''အေးပါကွာ၊ သူတစ်ပါးရဲ့ အခက်အခဲကို ဖြေရှင်းပေးတာ ကိုယ့်အခက်အခဲလည်း အောင်မြင်ရမှာပေါ့နော်''

ဟေသီကျော်က လရောင်လင်းစိတ်ကို အသိဆုံးဖြစ်၍ ထိုကိစ္စမှာ လွယ်မည်မဟုတ်မှန်း သိနေ၏။ ချစ်သူစွန့်ပစ်မလေးအဖြစ် ဟိုတယ်တွင် ဆက်မလုပ်လိုပေ။ သို့ပေမယ့် တခြားတွင် ပြန်ဝင်ရန်လည်း ခက်ခဲနေ၏။ သည်တော့ ရှက်ရှက်နှင့်ပင် လုပ်ကိုင်နေရင်း လရောင်လင်းအား မေ့ထားလိုက်ရသည်။

ယခုတော့ အတိတ်ခြေရာကို ပြန်လည်တူးဆွလာကြပြန်ရာ လရောင်လင်းသည် ဟေသီကျော်၏ နှလုံးသားထဲတွင် ရှိမြဲအတိုင်း ပြန်ရှိနေဆဲပင်။ သည်တော့ သံယော



www.burmeseclassic.com

www.burmeseclassic.com

**ဟေသီကျော်က**
**လရောင် လင်းစိတ်ကို**
**အသိဆုံးဖြစ်၍**
**တို့ကိစ္စမှာ လွယ်မည်**
**မဟုတ်မှန်း သိနေ၏။**
**ချစ်သူစွန့်ပစ်မလေးအဖြစ်**
**ဟိုတယ်တွင်**
**ဆက်မလုပ်လိုပေ။**
**သို့ပေမယ့် တခြားတွင်**
**ပြန်ဝင်ရန် လည်း**
**ခက်ခဲနေ၏။**
**သည်တော့ ရှက်ရှက်နှင့်ပင်**
**လုပ်ကိုင်နေရင်း**
**လရောင်လင်းအား...**

ဖဉ့်ဟူသည် မေ့ပျောက်ရန်ခက်ခဲကြောင်း ဟေသီကျော် မငြင်းနိုင်တော့ပေ။

♛♛♛♛♛

"အမှန်အတိုင်းဝန်ခံရရင် ထားသူက သူနဲ့တွဲရုံသက်သက်ပါပဲ၊ ကိုယ့်အပေါ် ဂရုစိုက်သူရှိလို့ ဝမ်းသာမိတယ်၊ ထားသူရဲ့ ချစ်သူကိုလည်း ပြောပြထားပြီးသားပါ ဟေသီ"

မေသက်ထားသူက ရင်းရင်းနှီးနှီးဖြင့် ခေါ်လိုက်ပုံကြောင့် ဟေသီကျော်လည်း သက်ရောက်မှုတစ်ခုအား တန်ပြန်သက်ရောက်ခြင်းဖြင့် တုံ့ပြန်မိ၏။

"လရောင်စိတ်ကို ဟေသီ အသိဆုံးပါ ထားသူ၊ သူက မရတာကိုမှ လိုချင်တယ်၊ ရပြီးရင် တန်ဖိုးမထားချင်တော့ဘူးပေါ့၊ အဲဒီဗီဇကြောင့် မိန်းကလေးတွေအပေါ် ချစ်တမ်းကစားချင်သူဆိုတဲ့ ဂုဏ်ပုဒ်ကို ရခဲ့တာပေါ့ကွာ"

"ဒါကိုသိလျက်နဲ့ ဟေသီက သူ့ကို ဘာကြောင့်ချစ်ရတာလဲ ဟင်"

"အချစ်စိတ်ဆိုတာ ထူးဆန်းပါတယ် ထားသူရယ်၊ ကိုယ့်အပေါ် ချစ်ခဲ့သူကိုထားခဲ့ပြီး ကိုယ်ကသစ္စာမဲ့မိတယ်၊ အဲဒီသစ္စာမဲ့ခြင်းဒဏ်က ကိုယ့်ကို ဝဋ်ကြွေးတစ်ခုလို ပြန်လည်ခံစားစေရတယ်မဟုတ်လား၊ ဟေသီ့မှာ ဝဋ်ကြွေးရှိလို့ သူ့ကို ချစ်မိတာပေါ့နော်"

ဟေသီကျော်၏မျက်နှာကို မေသက်ထားသူက စာနာစိတ်ဖြင့် ကြည့်နေ၏။

"အခုလည်း မုန်းမေ့မရခဲ့တာက ဝဋ်ကြွေးကြောင့်ပဲလေ၊ ဘာကြောင့်များ သူ့အပေါ် မေ့မရနိုင်သလဲဆိုတာ ကိုယ့်ကိုယ်ကိုယ် မတွေးတတ်တော့ဘူး"

"လရောင်ပြောတော့ သူက ဟေသီ့ကိုအားနာလို့ပြန်ချစ်တာတဲ့ အဲဒါဟုတ်လားဟင်"

"ပြောပါစေတော့လေ၊ နှလုံးသားမရှိသူအဖို့ ဒီလိုပဲပြောနေက[illegible] ဖြစ်မှာပဲပေါ့၊ ဟေသီ စိတ်မဆိုး[illegible] ဘူး"

"အဲဒါဆို ဟေသီ့အပြင် သူ[illegible] မှာ အချစ်တွေများနေမှာပေါ့နော်"

"သူ့ဗီဇကိုက ဒီလိုဖြစ်အောင[illegible] ပံ့ပိုးနေတာပါ၊ ဘယ်လိုလုပ်ပြီး သူ[illegible] အကျင့်စရိုက်က ဖျောက်နိုင်မှာလ[illegible] ထားသူရယ်၊ ဟေသီသိလည်း စိတ[illegible] ညစ်ရုံပဲရှိတာပဲပေါ့"

"ထားသူ မင်းကို လေးစ[illegible] သွားပြီ ဟေသီ၊ ပြီးတော့လည[illegible] မင်းအပေါ်မှာ ကိုယ်ချင်းစာတ[illegible] သွားပါပြီကွာ၊ ဒါကြောင့်မို့ မင်းတ[illegible] ချင်း ပြန်အဆင်ပြေကြပြီး ဟေသ[illegible] ချစ်တဲ့သူနဲ့ ပေါင်းဆုံနိုင်ပါစေ[illegible] ဆု တောင်းပေးတယ်နော်"

"ကျေးဇူးတင်ပါတယ် ထ[illegible] သူ"

မေသက်ထားသူနှင့် ပြေလည[illegible] သွားကြပြီးနောက် လရောင်လ[illegible] အား ချိန်းဆိုထားသည့်အတိုင်း ဟေ[illegible] သီကျော်က အရဲစွန့်၍ ထွက်လာ[illegible] တော့သည်။ ချစ်သူနှင့် ပြန်ဆုံ[illegible] မည်ဖြစ်၍ ဟေသီကျော်မှာ အစွ[illegible] ကုန် ပြင်ဆင်လာခဲ့၏။

ကန်တော်ကြီးရှိ ပန်း[illegible] ကျွန်းသို့ တက္ကစီကို[illegible]းလိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



နောက် ရင်ခုန်မောစွာဖြင့် ပြောရသည့်စကားများအား စဉ်းစားလာရသည်။ ချစ်သူသည် သူ့အားတွေ့လျှင် မည်သို့သဘောထားမည်ကို တွေးမိနေ၏။ မကြာမီ ကန်တော်ကြီးသို့ တက္ကစီလေးရပ်လိုက်သည်နှင့် ဟေသီကျော်လည်း မျက်လုံးကို ဝေ့ဝဲရှာဖွေကြည့်လိုက်၏။

♛♛♛♛♛

''လရောင် ရှင် အံ့သြသွားသလားဟင်''

''ဟင်း.....မအံ့သြပါဘူး၊ ဒါပေမဲ့ မင်းကိုမြင်တော့ လန့်သွားတယ်၊ ထွက်ပြေးချင်စိတ်ပေါက်မိတယ်''

ရက်စက်စွာပြောရက်သည့်စကားကြောင့် ဝမ်းနည်းသွားရ၏။ သို့ပေမယ့် ဟေသီကျော်က ခွင့်လွှတ်ပြုံးဖြင့်.....

''ဟေသီ အခုလာရတာက ထားသူ့အကူအညီတောင်းလို့ပါ လရောင်၊ ထားသူမှာ ချစ်သူရှိနေတယ်နော်''

''ဟာ.....ဟ၊ ချစ်သူရှိတိုင်း ကိုယ့်နှလုံးသားက တောင့်တစိတ်ကို မကြိုးစားရတော့ဘူးတဲ့လား၊ ချစ်သူရှိတာနဲ့ မချစ်ရတော့ဘူးလား၊ သွားစမ်းပါ ဟေသီရာ၊ မင်းကိစ္စမဟုတ်ဘူး၊ ဝင်မပါနဲ့၊ ပြန်တော့''

လရောင်လင်း၏ တွန်းထုတ်လိုက်မှုကြောင့် ဟေသီကျော်မှာ ယိုင်လဲလုကိုယ်ခန္ဓာအား ပြန်၍ တည့်မတ်လိုက်ရ၏။ သို့သော် ဆက်၍ သည်းခံစိတ်ထားမိပြန်သည်။

''လရောင်ဘဝမှာ ထားသူထက်သာတဲ့ မိန်းမချောလေးတွေ တစ်ပုံတစ်ပင်ကြီး ရှိတာပါကွာ၊ ထားသူဘဝလေးကို မနှောင့်ယှက်ချင်ပါနဲ့လို့ ဟေသီတောင်းပန်ချင်တယ်''

''အဲဒါ မင်းအလုပ်လား၊ မင်းနဲ့ဘာဆိုင်သလဲ၊ ထွက်သွားလို့ပြောနေတာ မကြားဘူးလား''

''ဟေသီ ပြောစရာရှိတာကို ပြောပြီးမှ သွားနိုင်မယ် လရောင်၊ ရှင့်ကို ကျွန်မက နှလုံးသားလှတဲ့ ယောကျ်ားတစ်ယောက်လို့ ထင်ခဲ့မိတာဟာ အလကားပဲ၊ တကယ်တော့ ရှင်ဟာ နှလုံးသားအပုပ်အသိုးနဲ့ ယုတ်မာသူတစ်ယောက်ပဲ၊ မိန်းကလေးတစ်ယောက်ရဲ့ဘဝကို နင်းချေချင်တဲ့သူ၊ စိတ်ထားယုတ်ညံ့တဲ့သူပဲရှင့်''

ဟေသီကျော်၏အသံက ကျယ်သွားသည့်အတွက် ဖြတ်သွားသည့်စုံတွဲများနှင့် ထိုင်နေသော စုံတွဲများက လှမ်းကြည့်ကြရာ လရောင်လင်းက ဟေသီကျော်ကို မတ်တတ်ရပ်လျက်ဖြင့် ရင်ခွင်ထဲထွေးပိုက် ပွေ့ဖက်လိုက်၏။ ရေစပ်ရှိ



သစ်ပင်ကြီးနှင့် ကာကွယ်ထားသေးသည်။

''ချစ်ကလည်းကွာ ဒေါသကြီးပဲ၊ ကိုယ်က စတဲ့ဟာကို၊ ဒေါသဖြစ်စရာလား''

ဟေသီကျော့်အဖြစ်က ရက်စက်သူ၏ ရင်ခွင်ထဲမှနေ၍ မျက်ရည်စက်စက်ကျနေရတော့သည်။ သည်လိုသာ ပြေပြေလည်လည်ရှိမည်ဆိုလျှင် ချစ်သူအတွက် အသေခံဝံ့သည့် ဟေသီကျော်ပါဟု ပြောလိုက်ချင်၏။

''တိတ်လေ၊ အဲဒါ ... စရာ

www.burmeseclassic.com



လားကွာ၊ တိတ်.....တိတ်နော်''

မျက်နှာကို ရင်ခွင်မှခွာ၍ကြည့်ကာ ပြောနေပြန်သည်။ ဟန်ဆောင်ခြင်းမပါသော ချစ်ခြင်းမျိုးသာဖြစ် လိုက်ပါတော့ဟု ဆန္ဒပြုမိ၏။ မျက်ရည်များက တပေါက်ပေါက်ကျလာကြပြန်သည်။

''ချစ် စိတ်ချမ်းသာစေရမယ်သိလား၊ တိတ်တော့နော်၊ မျက်ရည်တွေ သုတ်ပေးမယ်ကွာ''

ယုယကြင်နာခြင်းဖြင့် အသာဖွဖွ သုတ်ပေးနေ၏။ တကယ်သာဖြစ်လိုက်ပါတော့ဟု စိတ်ထဲမှ တမ်းတရှာ ရှိသေးသည်။ လရောင်လင်းသည် ဟေသီကျော်အား ဆောင့်တွန်း၍.....

''ဟင်း.....အဲဒီလိုပြန်ချော့ပြီး မင်းကိုပြန်ချစ်လိမ့်မယ်လို့ ထင်နေသလား၊ ဝေးသေး၊ စိတ်တောင်မကူးဘူး''

ဟေသီကျော်မှာ အလွန်ပင် အံ့အားသင့်သွားတော့၏။ လရောင်လင်းသည် စိတ်ကျန်းမာရေးမှ ကောင်းပါသေးရဲ့လားဟု တအံ့တဩ ကြည့်မိသည်။ သည်လိုမှ မဟုတ်လျှင် သရုပ်ဆောင်ကောင်းသူတစ်ယောက်ဖြစ်ရပေမည်။

''ရှင့်ကို ကျွန်မ နောက်ဆုံးပြောမယ် လရောင်၊ ရှင် ထားသူကို နှောင့်ယှက်ဖို့ မစဉ်းစားပါနဲ့၊ ရှင်ပြောလို့ မရဘူးဆိုရင်.....''

''အေး.....မင်းက ဘာလုပ်မှာလဲ၊ ပြော.....ပြောလေ''

''ရှင့်ကိုသတ်မယ်''

''အောင်မာ သတ်ရဲရင်သတ်ပေါ့''

ဟေသီကျော်လည်း စိတ်တိုတိုဖြင့် လရောင်လင်းအား ဆောင့်တွန်းလိုက်ရာ ရေထဲသို့ပြုတ်ကျသွား၏။ မျက်လုံးများက ပြာဝေသွားပြီးနောက် လရောင်လင်းအား ပြန်ဆယ်ရန် လက်ကမ်းပေးလိုက်သည်။

''လရောင် ဟေသီ့လက်ကို ဆွဲလိုက်လေ''

သံယောဇဉ်စိတ်ဖြင့် ချစ်သူအား မေတ္တာထားလိုက်၏။ ဟေသီကျော်မှာ လက်တစ်ဖက်က သစ်ပင်ကြီးကိုဖက်၍ ကျန်တစ်ဖက်ဖြင့် ချစ်သူထံ လက်ကမ်းပေးလိုက်စဉ်.....

''ငါ့ကိုသတ်ချင်တဲ့ကောင်မ၊ နင်ပဲသေတော့၊ နင်သေမှ ငါနဲ့ထားသူ စိတ်အေးမှာ''

ဟေသီကျော်၏လက်အား ဆောင့်ဆွဲချလိုက်သည့်အတွက် ဟေသီကျော်မှာ ရေထဲသို့ ထိုးကျသွားတော့သည်။

''လရောင်ရေ.....လရောင်၊ ကယ်ပါဦး.....ကယ်ပါဦး''

လျှပ်တစ်ပြက်အချိန်ခဏလေးတွင် ဟေသီကျော်တစ်ယောက် ရေထဲနစ်မြုပ်သွား၏။ လရောင်လင်းမှာ စိတ်ထဲတွင် ကျေနပ်လျက် ရပ်ကြည့်နေမိသည်။

♛♛♛♛♛

''ဟော့လူ.....ဟော့လူ၊ ခင်ဗျား ဘာလုပ်နေသလဲ၊ ဆင်းဆယ်လေ





www.burmeseclassic.com

www.burmeseclassic.com



ဗျာ၊ ဟိုမှာ ရေနစ်နေပြီ''

ပြေးလာသူများက လရောင်လင်းကို အပြစ်တင်ရင်း ပြောလာ၏။ အနီးအနားရှိလူများ ရောက်လာ ကြချိန်တွင် ဟောသီကျော်မှာ ရေ နက်ထဲသို့ ရောက်သွားပုံပင်။ ပြန်ပေါ်မလာတော့ချေ။

''ခင်ဗျား ဆင်းဆယ်လေ၊ အဲဒါ ခင်ဗျားချစ်သူမဟုတ်ဘူးလား၊ ဘယ်လိုလူလဲ''

''ကျွန်တော် ရေမကူးတတ်ဘူးဗျ''

''ဖြစ်ရလေဗျာ၊ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ရေကူးသင်ထားပါလား''

အပြစ်ပြောနေသူက သူ့အဝတ်အစားကိုချွတ်၍ ရေထဲသို့ ကတိုက်ကရိုက် ထိုးဆင်းချလိုက်သည်။ လရောင်လင်းမှာ ပြန်ပေါ်လာမည်ကို စိုးရိမ်စိတ်ဖြင့် ကြည့်ရင်း မျက်နှာပေါ်တွင် ဟန်ဆောင်ခြင်းမျက်ရည်များက ကျနေသေးသည်။ တချို့က သူ့အား စိတ်မကောင်းသည့်ဟန်ဖြင့် စာနာနေကြ၏။

''သနားပါတယ်နော်၊ ကြည့်ရတာ ရေထဲကို အားလွှန်ကျသွားတာပဲနေမှာ၊ ပြန်တွေ့ပါစေ''

''စောစောက ငိုလို့ ပြန်ချော့နေတာ တွေ့လိုက်သားပဲ၊ ဘယ်လိုကြောင့်ပါလိမ့်''

''ဒီနေရာက ရေနက်တယ်၊ စုံတွဲတွေ ဆင်ခြင်သင့်တာပေါ့ဗျာ၊ ရေစပ်မှာထိုင်တာ အန္တရာယ်များတယ်ဗျ''

ဆယ်ယူသူက ခေါင်းပြူထွက်လာပြီး လက်ခါပြလိုက်၏။ သည့်နောက်တွင် သက်ဆိုင်ရာ အစောင့်အကြပ်များ ရောက်လာကြပြီးနောက် ဟောသီကျော်အား ရှာဖွေကြတော့သည်။

''ဒီလောက်အချိန်ကြာမှတော့ ရေမွန်းပြီး သေပြီပေါ့ဗျာ''

''ဒိုက်တွေကြားထဲများရောက်သွားပြီလား မသိဘူးနော်''

''ဟော...တွေ့ပြီ..တွေ့ပြီကွ''

''အမယ်လေး...တော်ပါသေးရဲ့နော်''

သို့ပေမယ့် ဟောသီကျော်မှာဖြင့် အသက်လုံးဝမရှူတော့ပေ။ ခြေ လက်များတောင့်ပြီး သေဆုံးနေပြီ ဖြစ်၏။

''ဟယ်...သနားပါတယ်ကွာ''

''ဟောသီ...ဟောသီ၊ ဟီး...ဟီး အီး....''

လရောင်လင်းလည်း ဟောသီကျော်၏အလောင်းအား ပွေ့ဖက်၍ ငိုလေတော့သည်။ ပတ်ဝန်းကျင်က သူ့အား သနားစိတ်ဖြင့် ဝိုင်းဝန်းဖျောင်းဖျကြ၏။

''တရားနဲ့သာ ဖြေပါတော့ဗျာ၊ ဒါက မသေသင့်ဘဲ သေခဲ့ရတာပါ၊ ရေထဲပြုတ်ကျပြီး မတော်တဆဖြစ်ခဲ့ရတာလေ''

''ကဲ..ကဲ၊ အလောင်းကိုဆေးရုံပို့ရမယ်၊ ကာယကံရှင် ခင်ဗျားကတော့ ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါဗျာ၊ မေးမြန်းစရာရှိတာ မေးမြန်းကြတာပေါ့''

လရောင်လင်းသည် ရဲတပ်ဖွဲ့ဝင်များအား အလျှင်အမြန်ပြောလိုက်၏။

''ကျွန်တော် မသတ်ဘူးနော် ဗိုလ်ကြီး၊ သူ့ဘာသာ အရှိန်လွန်ပြီး ပြုတ်ကျသွားတာပါဗျာ၊ မယုံရင် ပတ်ဝန်းကျင်ကို မေးကြည့်ပါဗျာ''

''ကျွန်တော်တို့ မေးမြန်းပြီးပါပြီ၊ မျက်မြင်သက်သေတွေကလည်း ခင်ဗျားမသတ်ကြောင်း ပြောပြကြပါတယ်၊ ဒါပေမဲ့ သေဆုံးသူရဲ့ ရာဇဝင်ကို သိဖို့လိုသေးတယ်ဗျာ၊ သူ့အုပ်ထိန်းသူကို အကြောင်းကြားရဦးမှာပေါ့၊ ဒါကြောင့် ရဲစခန်းကို ခေါ်တာပါဗျာ''

သည်တော့မှ လရောင်လင်းလည်း စိတ်အေးသွားပြီး သက်ဆိုင်ရာနှင့်အတူ လိုက်ပါသွားတော့၏။ ရဲစခန်းတွင် စစ်ဆေးမေးမြန်းပြီးသည်နှင့် လရောင်လင်းအား အိမ်သို့ပြန်လိုက်ပို့ကြသည်။

''စိတ်မကောင်းပါဘူးဗျာ၊

www.burmeseclassic.com



ခမ္ဘတာအတိုင်း သေဆုံးခြင်း ဟုတ်၊ မဟုတ်ကို မှုခင်းဆရာဝန်ရဲ့ ဆေးစစ်ချက်ကို ကြည့်ရဦးမှာပါ၊ မတော်တဆ သေဆုံးခဲ့တယ်ဆိုရင်တော့ ခင်ဗျားလည်း စိတ်အေးချမ်းသာစွာနဲ့ သွားလိုရာ သွားနိုင်ပါပြီ၊ အခုအချိန်တော့ ခရီးဝေးဝေး မသွားပါနဲ့ဦးဗျာ''

''ဟုတ်ကဲ့ပါ ဗိုလ်ကြီး၊ ကျွန်တော့်ချစ်သူအတွက် သူ့မိဘကို ဘယ်လိုမျက်နှာနဲ့ ဆက်ဆံရမလဲ ဆိုတာ မတွေးရဲတော့ပါဘူးဗျာ''

လရောင်လင်းသည် ညှိုးငယ်သောမျက်နှာထားဖြင့် ငေးကြည့်လျက် ကျန်ရစ်ခဲ့တော့၏။ စိတ်ထဲတွင်တော့ ဟေသီကျော် သေဆုံးသွားခြင်းအတွက် ဝမ်းသာနေသည်။

''ငါ့အတွက် အန္တရာယ်က လွတ်ကင်းသွားပြီပေါ့ကွာ''

ရယ်မောလျက် အိမ်ထဲသို့ဝင်သွားတော့၏။

မကြာမီတွင် ဟေသီကျော် သေဆုံးခြင်းက သတင်းပျံ့နှံ့သွားသည်။ ချိုဖင်သက်နှင့် မေသက်ထားသူတို့လည်း အံ့ဩသွားကြသည်။

♛♛♛♛♛

''ဗိုလ်ကြီး.....ခေါ်တယ်ဆို''

''လာ...ထိုင်ဗျ၊ ကိုလရောင်လင်း''

လရောင်လင်းသည် ရဲစခန်းမှူး ရှေ့ရှိထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီး ခေါ်ဆိုခြင်းကိစ္စအား မေးလိုက်၏။

''ဒါနဲ့ ကိစ္စက.....''

''ဩော်.....မေးစရာလေးတွေရှိလို့ ခေါ်ရတာပါဗျာ''

''ဟုတ်ကဲ့ မေးပါ ဗိုလ်ကြီး''

''ဒီလိုပါ၊ သေဆုံးသူနဲ့ ကိုလရောင်လင်းတို့က ချစ်သူတွေလား''

လရောင်လင်းအဖို့ ဖြေရခက်သွားသည်။ မဟုတ်တော့ပါဘူးဟု ဆိုပြန်လျှင် အကြောင်းပြချက်ကို ပြောပြရဦးမည်။ သည်တော့.....

''ဟုတ်ပါတယ် ဗိုလ်ကြီး၊ ကျွန်တော်တို့နှစ်ယောက်က သိပ်ချစ်ကြတဲ့ ချစ်သူတွေပါဗျာ၊ အဲဒီနေ့က သူ့ကိုဖက်ပြီး ချော့ခဲ့တာ မျက်မြင် သက်သေတွေ ရှိကြပါတယ်၊ သူတို့လည်း ဗိုလ်ကြီးတို့ကို ပြောပြပြီးပြီ မဟုတ်လား''

''ဒါပေမဲ့ မရှင်းတာရှိနေသေးလို့ပါဗျာ၊ ကျွန်တော်တို့ စုံစမ်းရခဲ့သလောက် သေဆုံးသူနဲ့ခင်ဗျားဟာ လွန်ခဲ့တဲ့ သုံးလခန့်က ခွာပြဲသွားကြပြီဆို''

''ဗျာ.....မ.....မဟုတ်ပါဘူး၊ ခွာမပြဲပါဘူးဗျာ၊ သူက အထင်လွဲပြီး စိတ်ကောက်နေလို့ မတွေ့ကြတာပါ''

လရောင်လင်းမှာ အထစ်ထစ် အငေါ့ငေါ့ ဖြစ်နေပြန်သည်။ ရဲစခန်း မှူးက ဆက်မေးပြန်၏။

''ဟုတ်လား၊ ဒါဆိုရင် အခုချိန်းတဲ့နေရာက ဟေသီကော်နဲ့ မဟုတ်ဘဲ တစ်စုံတစ်ယောက်နဲ့တွေ့ဖို့ ချိန်းခဲ့တာဆို၊ မေသက်





www.burmeseclassic.com

www.burmeseclassic.com

ားသူ ကိုယ်တိုင်က ပြောပြခဲ့တာနော်''

''ဟုတ်.....ဟုတ်ပါတယ်ဗျာ''


''သေဆုံးသူနဲ့ ခင်ဗျားက အဆင်မပြေခဲ့ကြတာဆိုတော့ အမှန်အတိုင်းဝန်ခံရင် ကောင်းလိမ့်မယ်ဗျာ''

''အမှန်အတိုင်း ပြောပြခဲ့တာပါ ဗိုလ်ကြီးရာ၊ သူ့ကို ချစ်သူကောင်းတစ်ယောက်အနေနဲ့ သံသယဖြင့် တကယ်မပြတ်ခဲ့ပါဘူး၊ ဒါကြောင့်မို့ မှားမိသမျှကို တောင်းပန်ပြီး ချော့ခဲ့သေးတာပါ၊ အဲဒီမှာပဲ သူက ပြန်အထိုင်မှာ အားလွန်ပြီး ရေထဲချော်ကျသွားခဲ့တာပါ၊ ကျွန်တော် မလိမ်ညာပါဘူး၊ အမှန်ကို ပြောပြတာပါ ဗိုလ်ကြီးရာ''

ရဲစခန်းမှူးသည် ခေါင်းကို အညိတ်ညိတ်လုပ်ကာ လရောင်လင်း၏မျက်နှာအား ကြည့်လိုက်သည်။

''ဟုတ်ပြီလေ၊ ဒါဆိုလည်း ဗီဒီယို ဖွင့်ပြလိုက်တော့၊ ကဲ...ခင်ဗျားလည်း သေသေချာချာကြည့်နော်''

လရောင်လင်းသည် တည်ငြိမ်စွာဖြင့် ကြည့်လိုက်သည်။ ဗီဒီယိုပြစက်မှ ပေါ်လာသော ပုံရိပ်များက တီဗွီဖန်သားပေါ်တွင် ထင်ထင်ရှား ရှားပေါ်လွင်နေ၏။ သူတို့နှစ်ဦး၏ အဖြစ်အပျက်များ



သာ ဖြစ်နေတော့သည်။

''ဟင်...ဒါ...ဒါ ကျွန်တော်တို့ ပုံတွေပဲ''

''ဟုတ်တယ် လရောင်လင်း၊ ခင်ဗျားရဲ့ ယုတ်မာရက်စက်မှုတွေကို ဘယ်သူမှမသိလိုက်ကြပေမယ့် ခင်ဗျားတို့မနီးမဝေးမှာ ဗီဒီယိုကင်မရာနဲ့ ရိုက်ခဲ့တဲ့သူကြောင့် ဖြစ်ရပ်မှန် ပေါ်လာရတာပေါ့ဗျာ၊ ကဲ.. ခင်ဗျား ဘာငြင်းချင်သေးလဲ''

လရောင်လင်းလည်း ခေါင်းကို ငုံ့၍ အမှန်ကိုဝန်ခံရတော့သည်။ ဝန်မခံလျှင် ပြစ်ဒဏ်ပိုကြီးပေလိမ့်မည်။ တီဗွီဖန်သားပြင်ပေါ်မှ သူ၏လုပ်ရပ်များက အထင်းသားပေါ်နေသည်။

''ဟုတ်ပါတယ်ဗျာ၊ ကျွန်..... ကျွန်တော် သတ်ခဲ့မိတာပါ၊ ဝန်ခံပါတယ် ဗိုလ်ကြီးရယ်''

''ကြည့်ပါဦးဗျာ၊ ခင်ဗျားဟာ မိန်းမသားတစ်ယောက်ရဲ့ မေတ္တာတရားကို မသိတတ်တဲ့သူပါလား၊ ခင်ဗျားလက်ကို ဆွဲတင်ကယ်နေတဲ့ မိန်းကလေးကို အတင်းဆွဲချပြီး ရေထဲနှစ်ချသတ်လိုက်တယ်၊ ဒါဟာ တမင်လုပ်ကြံတာပဲပေါ့ဗျာ''

''ဟုတ်ပါတယ်ဗျာ၊ သူဟာ ကျွန်တော့်ဘဝမှာ ရှုပ်ခဲ့သူလို့ယူဆပြီး ဖြစ်လာတဲ့အပေါ်မှာ အခွင့်အရေးယူပြီး သတ်လိုက်မိတာပါ၊ ကျွန်တော့်ကို ဖမ်းကြပါတော့ဗျာ၊ ကျွန်တော် မှားခဲ့မိပါတယ်''

နောက်ဆုံးတွင် အချစ်ကြောင့် အမှားလုပ်ခဲ့မိသူအတွက် ဥပဒေ၏ အဆုံးအမအား နာခံရန်သာရှိတော့သည်။ ထောင်ထဲတွင် မိမိအမှား အားပေးဆပ်ခြင်းဖြင့် နောင်တရနေရှာမှုတစ်ပါး လရောင်လင်းအတွက် ဘဝတွင် လရောင်ကင်းမဲ့သည့် အမှောင်ညသို့ ရောက်သွားခဲ့ပြီပဲ ဖြစ်၏။

**လေးစားစွာဖြင့်**
**ထက်ထက်ဦးဝေ**

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





ပြီးခဲ့တဲ့လက ရွှေမန်းဦးတင်မောင် ကွယ်လွန်ကြောင်းကို ပြည့်ပြည့်စုံစုံ ရေးလိုက်ပါတယ်။ ယခုလတွင် ဆက်လက်တင်ပြလိုသည်မှာ ရွှေမန်းဦးတင်မောင် ကွယ်လွန်ပြီး ရက်လည်ပြီးတဲ့နောက် ရွှေမန်းမိခင်ကြီး ဒေါ်သိန်းညွန့်နှင့် သားကြီး မောင်ညွန့်ဝင်း၊ ရွှေမန်းတင်မောင်တူ ကိုမြင့်သိန်း၊ ဇာတ်တွင် သြဇာရှိသူအပေါင်းက ရွှေမန်းတင်မောင်၏ တန်ဖိုးမဖြတ်နိုင်သော ဇာတ်သဘင်ခရီးကို သတင်းစာရှင်းလင်းပွဲလုပ်၍ ရွှေမန်းသဘင်ကို ကျွန်တော့်ညီ မောင်ဝင်းဗိုလ်က ဦးစီးဦးဆောင်ပြီး ညီငယ်ဖြစ်သူ မောင်ဆန်းဝင်းနှင့် ရွှေမန်းဇာတ်သဘင် အဖွဲ့သူအဖွဲ့သားများနှင့် ပြန်လည်ဖွဲ့စည်းပြီး ကပြပါမည်။ တစ်ခါတစ်ရံ ကျွန်တော်မောင်ညွန့်ဝင်းကိုယ်တိုင် ညီငယ်များကို ကူညီပါမည်ဟု ပြောဆိုပြီး ဗိုလ်ခြေတစ်ထောင် အလင်းဆောင်သော ဗိုလ်တထောင်ဘုရားမှ ပထမပွဲဦးသစ္စာမေတ္တာရွှေမန်းသဘင်ကို ကပြအသုံးတော်ခံပါသည်။ ပဏာမမြင်ကွင်း အလက်ာကျော်စွာ ရွှေမန်းဦးတင်မောင်၏ ဓာတ်ပုံအကြီးကို မီးဆလိုက်ထိုးပြပြီး ဇာတ်ရုံတစ်ရုံလုံး မီးများပိတ်၍ မောင်ဝင်းဗိုလ်နှင့် မောင်ဆန်းဝင်းက ကန်တော့ပန်း တင်ဆက်သော လွမ်းထ၊ ဖပီတာကန်တော့ခန်းသီချင်းဖြင့် ဖခင်ကိုကန်တော့ကြ၍ ဤကဲ့သို့ တေးသီချင်းဖြင့် ဖခင်ကို လွမ်းတသသဖြင့်.....

"ဖပီတာ××××အရိပ်အရာလွဲသောကြောင့်××××ကျွန်တော်တို့သားတွေမှာ××××မျက်ရည်ဖြိုင်ဖြိုင်စီးကာကျ××××ပူမဆုံးသပ××××လွမ်းတသသ××××မှန်းဆ၍ရည်

www.burmeseclassic.com





ရော်ကာ××××ဖေဖေရှိရာကိုသာ××××သားတို့က ကန်တော့လိုက်ပါရဲ့ခင်ဗျာ''

''ကျွန်တော် မောင်ဝင်းဗိုလ်××××သီချင်းဆို၍မဖြောင့်နိုင်ဘူးနော်××××ကျွန်တော်တို့အဖေအဖြစ်တွေပြောကာပြမယ်နော်××××ကရင်းကရင်းနဲ့××××ဇာတ်ခုံပေါ်မှာ××××ဇရာမရဏ သေမင်းနိုင်ငံ××××သွားရလေရှာကျန်ရစ်သော××××မိခင်အိုကြီးနှင့် ဇာတ်သူဇာတ်သားတွေမို့အတည်××××ကျွန်တော်မောင်ဝင်းဗိုလ် လုပ်ကျွေးပြုစုပါ့မယ်လေ×××ကျွန်တော်မောင်ဝင်းဗိုလ် လုပ်ကျွေးပြုစုပါ့မယ်လေ××××ကျွန်တော်တို့ကိုချစ်ရင်××××ကျွန်တော်တို့အဖေနဲ့တော့××××နှိုင်းယှဉ်ကာ မကြည့်ကြပါနဲ့ဗျာ××××ဖေဖေဟာ အနုပညာသမားမို့×××သားတွေနဲ့ရွှေလက်တွဲကာ ရွှေလက်တွဲကာ××××အနုပညာနယ်မှာပျော်ပြင်စရာများနဲ့သာ××××သားတို့က××××ကပြပါရဲ့ခင်ဗျာ သစ္စာနဲ့ဆက်ဆံကာ×××မေတ္တာအောင်လံလွှင့်၍××××သားတို့ရွှေမန်းသဘင်သစ်ကို××××စိုက်ထူလိုက်ရပါသည်ခင်ဗျာ××××''

အဲဒီအချိန်အခါတုန်းက ပွဲကြည့်ပရိသတ်များလည်း မျက်ရည်မဆည်နိုင်၊ ဇာတ်သူဇာတ်သားနှင့်ဆွေမျိုးမိဘ၊ မောင်နှမအားလုံး မျက်ရည်မဆည်နိုင်ဘဲ ရွှေမန်းသဘင်ကို မောင်ဝင်းဗိုလ်နှင့် မောင်ဆန်းဝင်းတို့က ဖခင်ရဲ့မူအတိုင်း ကပြအသုံးတော်ခံခဲ့ပါတယ်။ မောင်ဆန်းဝင်းက ဇာတ်ကို ထွက်လိုက်ဝင်လိုက်နဲ့ ရုပ်ရှင်ရိုက်လိုက်၊ အပြင်စီးပွားရေးလုပ်လိုက်နဲ့ မောင်ဝင်းဗိုလ်ကတော့ ရုပ်ရှင်ကား ခြောက်ကားရိုက်ပြီး ဇာတ်သဘင်ကို သီးသန့် ကပြ အသုံးတော်ခံခဲ့သည်မှာ နှစ်ပေါင်း ၂၅ နှစ်တိုင်တိုင် ဖြစ်ပါတယ်။ လက်ဆင့်ကမ်း မျိုးဆက်သစ်လူငယ်ဖြစ်သူ ညီ



www.burmeseclassic.com

www.burmeseclassic.com

အထွေးဆုံး ရွှေမန်းမောင်ချမ်းသာက ဆက်လက်၍ အစ်ကိုကြီး ကိုဝင်းဗိုလ်၏ ပခုံးပြောင်းတာဝန်ကို ယနေ့အထိ ထမ်းဆောင်လျက်ရှိပါသည်။ ရွှေမန်းဦးဆန်းဝင်း၏သားဖြစ်သူ မောင်တင်မောင်ဆန်းမင်းဝင်းနှင့် သမီးဖြစ်သူ မေတင်မောင်ဆန်းမင်းဝင်းတို့ကလည်း ရွှေမန်းသဘင်ဇာတ်ကို အဘိုး၏အမွေ၊ အဘ၏အမွေ၊ ဘကြီး၊ ဦးလေးတို့၏အမွေကို ဆက်လက်ထိန်းသိမ်းပြီး ကပြအသုံးတော်ခံနေပါတယ်။ ရွှေမန်းဦးဝင်းဗိုလ်၏သားများဖြစ်သော ညီအစ်ကိုသုံးဦးကလည်း ဖခင်ဦးဝင်းဗိုလ်ဦးစီး၍ စည်သူဗိုလ်၊ သူရဗိုလ်၊ ရာဇာဗိုလ်တို့ကလည်း အဘိုးရဲ့အမွေအနှစ်ဖြစ်တဲ့ ဇာတ်သဘင်ကို ရွှေမန်းဗိုလ်သဘင်ဟု ဆက်လက်ကပြအသုံးတော်ခံနေကြပါတယ်။

ယခုတင်ပြမယ့် အကြောင်းအရာကတော့ အလင်္ကာနှစ် (၈၀)အလွမ်းဖြစ်ပါတယ်။ အလင်္ကာအလွမ်းမှတ်တမ်း ဖျော်ဖြေပွဲဖိတ်စာကို ဦးအေးဆွေ (၁) မိုးသန့်နှင့် သူ့ဇနီး အလင်္ကာရဲ့သမီး ဒေါ်ခင်ချစ်ဝင်းတို့က ဖိတ်ပါတယ်။ ဆက်ဆက်လာဖို့လည်း ဖုန်းနဲ့သတိထပ်ပေးပါတယ်။ ဖိတ်စာက အလင်္ကာကျော်စွာ ရွှေမန်းဦးတင်မောင်၏ သဘင်သက် နှစ် (၈၀)ပြည့် အထိမ်းအမှတ်ဖျော်ဖြေပွဲ ကျင်းပမည့်အကြောင်းကို စာနယ်ဇင်းဆရာများနှင့် ဂုဏ်သရေရှိလူကြီးများ၊ သဘင်ပညာရှင်များကို ဖိတ်ကြားပါတယ်။ ရွှေမန်းချစ်သူများလည်း တက်ရောက်ကြပါတယ်။ စာနယ်ဇင်းတွေ့ဆုံပွဲကို ၂၀၁၃ ဇွန်လ ၁၁ ရက်နေ့၊ နေ့လယ် ၁ နာရီအချိန်မှာ ကရဝိက်နန်းတော် ဥတ္တရခန်းမမှာ ရွှေမန်းမိသားစုက ကျင်းပခဲ့ပါတယ်။ အဲဒီအခမ်းအနားမှာ ဘဘဘိုကလေးဦးတင့်အောင်က ရွှေမန်းတင်မောင်ဟာ ကျွန်တော့်ရဲ့ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်ပါတယ်လို့ ပြော





www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ရွှေမန်းတင်မောင်၏ လုံ့လ၊ ဝီရိယ၊ ဖွဲ့၊ ပြည်သူအပေါ် စေတနာထားမှုတို့ကို ဝေဝေဆာဆာ ပြောဆိုသွားပါတယ်။

သားကြီးဖြစ်သူ ဦးညွန့်ဝင်း၊ သားငယ် ဦးချမ်းသာ၊ သားသမက် ဦးအေးဆွေတို့က ကျင်းပမည့် အခမ်းအနားကို အသေးစိတ်ရှင်းလင်းတင်ပြပါတယ်။ စာနယ်ဇင်းဆရာများဘက်က ဦးဝင်းငြိမ်း၊ ဦးမြတ် ခိုင်၊ ဦးဟိန်းလတ်နှင့် ရွှေမန်းဦးဆန်းဝင်းတို့က သက်ဆိုင်ရာစကားများကို ပြောဆိုကြပြီး ရွှေမန်းဦးတင်မောင်၏ သဘင်သက် နှစ် (၈၀)ပြည့်အခမ်းအနားကို ဒဂုံမြို့နယ်၊ မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံကြီးမှာ ကျင်းပပါမယ်။ ၉-၈-၂၀၁၃ မှ ၁၀-၈-၂၀၁၃ အထိ နှစ်ရက်တိတိ ရွှေမန်းသဘင်နှင့် အနုပညာမောင်နှမများဖြစ်တဲ့ ရုပ်ရှင်၊ ဂီတ၊ သဘင်မှုပုဂ္ဂိုလ်များ ပါဝင်မည်ဖြစ်တဲ့အကြောင်း ရှင်းလင်းပြီး ကြွရောက်လာသော ပရိသတ်များကို အစားအသောက်များနဲ့ တည်ခင်းဧည့်ခံပြီး အခမ်းအနားကို







www.burmeseclassic.com

www.burmeseclassic.com





ရုပ်သိမ်းလိုက်ပါတယ်။

အမျိုးသားကဇာတ်ရုံတွင် ဆရာအလင်္ကာကျော်စွာ ကပြခဲ့တဲ့ ဇာတ်ထုပ်၊ ပြဇာတ်၊ အော်ပရာ၊ သီချင်းများထဲက ကောင်းနိုးရာရာ ကကွက်၊ ပြကွက်များကို စီစဉ်ကပြကြပါတယ်။ အမျိုးသားကဇာတ်ရုံကြီးအဝင် ဂိတ်ရှုံးမှာတော့ မန္တလေးနန်းမြို့ရိုးပုံကြီးထဲမှာ ရွှေမန်းဆိုတဲ့ ရွှေစာလုံးကြီးနဲ့ ရေးသားထားတာကို ဝင်ပေါက်မှာ စတင်တွေ့ရပါတယ်။ ဇာတ်ရုံကြီးထဲဝင်သွားတော့ နဖူးစည်းမှာ အလင်္ကာအလွမ်းမှတ်တမ်း နှစ် (၈၀)ပြည့်လို့ ရေးသားထားပြီး ရုံရဲ့တည့်တည့် ဝင်ပေါက်မှာ အလင်္ကာကျော်စွာရွှေမန်းတင်မောင် မတ်တတ်ရပ်ဓာတ်ပုံအကြီးကြီးကို မီးဆလိုက်များနဲ့ထိုးထားတာကို ခမ်းခမ်းနားနား တွေ့ရပါတယ်။ ဘေးတစ်ဖက်အခန်းမှာ ရွှေမန်းတင်မောင်ရဲ့ ဓာတ်ပုံပြခန်းရှိပါတယ်။ စစ်ကြိုခေတ်၊ စစ်ပြီးခေတ်၊ ၂၀ ရာစုခေတ်တွေမှာ ရွှေမန်းကပြခဲ့တဲ့ သီချင်း၊ ဇာတ်ထုပ်၊





www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံကြော်ငြာ၊ ရုပ်ရှင်ရိုက်ခဲ့တဲ့ ဓာတ်ပုံ၊ သားတွေနဲ့ ကပြနေတဲ့ဓာတ်ပုံပေါင်း တစ်ထောင်ကျော်ကို ခင်းကျင်း ပြသထားပါတယ်။ ပရိသတ်တော်တော်များများလည်း ကြည့်ရှုနေတာကို စာရေးသူ မြင်တွေ့ခဲ့ပါတယ်။

သမီးဖြစ်သူ ခင်ချစ်ဝင်းက "ဒီလိုဆရာရေ့၊ ဒီဓာတ်ပုံတွေက ရွှေမန်းမိခင်ကြီး မေမေဒေါ်သိန်းညွန့် အနှစ်နှစ်အလလက ရိုသေစွာ ထိန်းသိမ်းထားတဲ့ ဓာတ်ပုံတွေပါ၊ မေမေကွယ်လွန်တော့ ကျွန်မက ဆက်လက်ထိန်းသိမ်းပြီး ယခုလို ပြသနိုင်ခဲ့ပါတယ်"လို့ ရှင်းပြပါတယ်။

**ရွှေမန်းအလွမ်း နှစ် (၈၀)ပြည့်မြင်ကွင်းများ**

ကတ္တီပါပြည့်ဖုံးကားကြီးကို ဖွင့်လိုက်သည်နှင့် အလင်္ကာရဲ့သားများဖြစ်ကြတဲ့ ညွန့်ဝင်း၊ ဝင်းမိုလ်၊ ဆန်းဝင်း၊ ဝင်းမောင်၊ ချမ်းသာတို့က ဖခင်ဖြစ်သူရဲ့ ဂုဏ်ထူးဘွဲ့ထူးများကို ဖော်ကျူးသီဆိုခဲ့တဲ့သီချင်းက သဘင်ဘုရင်သီချင်းဖြစ်ပါတယ်။ ဟော..... နောက် တစ်မျိုးက အလင်္ကာရဲ့မြေးများ ဖြစ်ကြတဲ့ ကျော်ကျော်ဗို၊ တင်မောင်ဆန်း မင်းဝင်း၊ မင်းရဲမော်၊ ရွှေယဉ် ဝင်း၊ မေတင်မောင်ဆန်းမင်းဝင်းနဲ့ ရွှေမန်းသဘင် အဖွဲ့ သားများက စိန်ရတုရွှေမန်းသဘင်သီချင်းနဲ့ အဘိုးဖြစ်သူကို ဂုဏ်ပြုကြပါတယ်။ နောက်တစ်ခါ ဂန္ထဝင် မှတ်တမ်းသီချင်းကိုတော့ အလင်္ကာရဲ့သား ရွှေမန်း ဝင်းမောင်နဲ့ ဦးရွှေနန်းတင်ရဲ့သမီး နန်းခင်မွှေးတို့က သီဆိုပြီး သရုပ်ဆောင်အဖြစ် ရုပ်သေးကြိုးဆွဲဆရာ ဦးရွှေကြည် (ယဉ်ကျေးမှု)၊ ကလေးသရုပ်ဆောင်များ



burmeseclassic.com

www.burmeseclassic.com



ဖြစ်တဲ့ ချစ်စွမ်းသာ၊ နေခြည်ငြိမ်းချမ်း၊ မြင့်မိုရ်ချမ်းသာတို့က သီဆိုကပြကြပါတယ်။ ကဗျာ့ပါရဂူနန်းတော်ရှေ့ဆရာတင်ရဲ့သား ကဗျာ့ဗန္ဓက မင်းသားကြီး စည်သူရွှေနန်းတင်ကလည်း ရွှေမန်းတင်မောင်အတွက် ဂုဏ်ယူစရာ၊ မှတ်သားစရာများနဲ့ ဂုဏ်ပြုစကား ပြောကြားပါတယ်။ ဦးတင်မောင်ရဲ့ နာမည်ကျော်ကြား လူကြိုက်များပြီး ကပြရာ နေရာတိုင်းမှာအောင်ပွဲခံလာခဲ့တဲ့ မောင်မှူးပြဇာတ်ကို ရွှေမန်းဆန်းဝင်းက ရွှေမန်းအဖွဲ့သားများနဲ့အတူ ကပြပါတယ်။ နောက် ရွှေမန်းကရွှေချမ်းလို့ ငယ်ဂုဏ်နဲ့ နယ်တုန်အောင် ဖခင်နဲ့ ရုပ်၊ စိတ်၊ ကြိုးစားမှု၊ လုံ့လ၊ ဝီရိယ၊ နဲ့အလွန်တူတဲ့ သားထွေးလေး ယခင် မောင်ချမ်းသာယခု ရွှေမန်းချမ်းသာက တူဖြစ်သူ ရွှေမန်းဦးဝင်းဗိုလ်ရဲ့သား ဗီဒီယို၊ ရုပ်ရှင်သရုပ်ဆောင် ကျော်ကျော်ဗိုနဲ့အတူ ရွှေမန်းအဖွဲ့သူအဖွဲ့သားများနဲ့ ရွှဲကုန်သည်







www.burmeseclassic.com

www.burmeseclassic.com





ဇာတ်ကို ကပြခဲ့ပါတယ်။ ရုပ်ရှင်မင်းသား အကယ်ဒမီများရှင် ရန်အောင်ကလည်း စစ်ကိုင်းဗြောသီချင်းကို တေးသရုပ်ဖော်နဲ့ တင်ဆက်ခဲ့ပါတယ်။ ထွက်ရပ်လမ်းအော်ပရာကိုတော့ အလင်္ကာရဲ့မြေး၊ ရွှေမန်းဦးဆန်းဝင်းရဲ့သား ဇာတ်မင်းသား တင်မောင်ဆန်းမင်းဝင်းက ပေဇော်ဂျီအဖြစ် သရုပ်ဆောင်ပြီး ဗီဒီယို၊ ရုပ်ရှင်သရုပ်ဆောင် ဂျင်းနီနဲ့ မိုးယုစံက သူယောင်မယ်အဖြစ် ကပြ ခဲ့ကြပါတယ်။ ဇော်ဂျီဖိုထိုးခန်း၊ သူယောင်မလေးတွေရဲ့ အကအလှ၊ သစ်ပင်ကြီးမှာ သူယောင်သီးတွေသီးနေပုံ၊ ဇော်ဂျီခုတ်ပေါက်သွားပုံတို့ကို ဆက်တင်အခမ်း အနား၊ မီးပေးမီးယူ တင်ဆက်ပုံ၊ အလင်းအမှောင်တို့နဲ့ အစွမ်းကုန် ကပြခဲ့ပါတယ်။ အမေရိကန်နိုင်ငံကနေပြီး ဖခင်ရဲ့ ဂုဏ်ပြုပွဲကို အထူးကြိုးစားရောက်လာပြီး ကပြခဲ့သူကတော့ ရွှေမန်းဝင်းမောင်ဖြစ်ပြီး မုန်းလို့ဟုတ်ဘူး သီချင်းကို သီဆိုသွားပါတယ်။ ကျော်ကျော်ဗိုက လည်း ဂီတရှုးပြဇာတ်မှာ မိုးယုစံ၊ ဟန်နွေဦးငြိမ်း၊ ရွှေမန်း ဇာတ်သဘင်အဖွဲ့သားများနဲ့ သရုပ်ဆောင်သွားပါတယ်။ နောက်ဆုံးကဏ္ဍာ အန္တိမဇာတ်ကို ရွှေမန်းချမ်းသာနဲ့ တူဖြစ်သူ တင်မောင်ဆန်းမင်းဝင်းက ဝမ်းနည်းကြေကွဲ ဖွယ်ရာ အဆို၊ အငိုတို့နဲ့ ကပြအသုံးတော်ခံပြီး ပွဲသိမ်းသွားပါတယ်ခင်ဗျား။

**ရွှေမန်းထွန်းထွန်း**






www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





## လှိုင်းသင့်ဒီရေ

နှင်းစက် (လားရှိုး)

ကမ်းနားသစ်ပင်။

ကျွန်မ ငယ်စဉ်အခါက မေမေပြောခဲ့ဖူးတဲ့ စကားပါ။ ဝန်ထမ်းအိမ်ရာအနီးမှာ အိမ်ငှားနေတဲ့ အမျိုးသမီးတစ်ယောက်က အိမ်ဆိုင်လေးဖွင့်ရောင်းပါတယ်။ သူ့ဆိုင်လေးမှာ ပစ္စည်းစုံဗန်းလေးတစ်ခုလည်း ထည့်ရောင်းပါတယ်။ သူ့နာမည်ကို မရွှေအေးလို့ သူများတွေကခေါ်တာ ကြားဖူးပါတယ်။

မေမေ အဝတ်လျှော်ဖို့ ရွှေဝါဆပ်ပြာ သွားဝယ်ခိုင်းရင်တောင်မှ ကျွန်မက ကလေးပီပီ အပျင်းထူပြီး မရွှေအေးရဲ့ဆိုင်မှာပဲ ပြေးဝယ်တတ်ပါတယ်။ အဲဒါကို မေမေသိသွားတော့ နောက်တစ်ခါ ကုန်စုံဆိုင်ကြီးမှာပဲ သွားဝယ်နော်တဲ့။

ဘာဖြစ်လို့လဲလို့ မေမေ့ကိုမေးကြည့်တော့ ဆိုင်ကြီးကနားကြီးမှာဝယ်တော့ ဈေးသက်သာတာပေါ့တဲ့။ မဟုတ်ဘူးလို့တော့ မေမေ့ကို ကျွန်မ ဆန့်ကျင်မှု မပြုရဲပါဘူး။ မရွှေအေးရဲ့ဆိုင်မှာလည်း ရွှေဝါဆပ်ပြာအစစ်တစ်တောင့်ကို ဆယ့်တစ်ကျပ်၊ ကုန်စုံဆိုင်ကြီးမှာလည်း ဆယ့်တစ်ကျပ်။ နှစ်ဆိုင်လုံးက ဆပ်ပြာကို စက္ကူစနဲ့ပတ်ပြီး ပေးလိုက်တာပဲလေ။ ဘာမတူတာပါလိမ့်။ ဝန်ထမ်းအိမ်ရာထဲက သက်သာဆိုင်ကလည်း တစ်ပတ်မှာသုံးရက်လောက်ပဲ ဖွင့်ပေးတာမဟုတ်လား။



♛♛♛♛♛

ကျွန်မ အိပ်ရာထဲ လဲသွားရချိန်မှာ ငိုရှုံမှတစ်ပါး ဘာမှမတတ်နိုင်ဘူး။ ကြုံကြုံစိုး...ကြုံကြုံစိုး၊ နင့်ကို ငါအသေသတ်ချင်တယ်။ သောကမီး၊ မောဟမီးတွေလောင်မြိုက်နေတာကို သိန်းခိုပြည်ကြီး မီးဟုန်းဟုန်းတောက်လောင်ခဲ့တယ်ဆိုတာနဲ့ နှိုင်းယှဉ်လို့ ဘယ်မီပါ့မလဲ။

"သမီးရယ် မီးဆိုတာကို ရေနွေးနဲ့ပက်လည်း ငြိမ်းတာပဲ၊ ရေအေးနဲ့ပက်လည်း ငြိမ်းတာပဲ၊ ပုတီးစိပ်၊ မေတ္တာပွားများပါ သမီး"

ဟုတ်ပါတယ် မေမေရယ်။ အခု သမီး ငရဲမီးအပူတွေ ကူးနေရပါပြီ။ ကျွန်မလက်တွေ တုန်တုန်ယင်ယင်နဲ့ ဖုန်းနံပါတ်လေးတစ်ခု

www.burmeseclassic.com



ကို နှိပ်ခေါ်လိုက်မိပါတယ်။

"ဟယ်လို.....ညီလေး"

ကျွန်မရဲ့ဖုန်းနံပါတ်ကိုမြင်တာနဲ့ ခါတ်ခွဲခန်းက သူငယ်ချင်း မြတ်သန္တာက ဟယ်လို ညီလေးလို့ မေးလာခဲ့ပါပြီ။

"ဟုတ်ပါတယ် သူငယ်ချင်း၊ ဟို...ဟို အဖြေက တ...တကယ်ပဲ Positive ဆိုတာ အမှန်ပဲလား ဟင်"

"သေချာပါတယ် သူငယ်ချင်းရယ်၊ နှစ်ခါတောင်စစ်ပြီး အတည်ပြုပြီးမှ ပြောတာပါ၊ ကောင်းပြီလေ၊ နောက်တစ်ကြိမ် ထပ်စစ်ပေးဦးမယ်၊ ဟုတ်ပြီလား"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်းရယ်"

♛♛♛♛♛

"ဘာ.....ဘယ်လို"

ကျွန်မရှေ့မှာရှိနေတဲ့ကလေးတွေ မျက်နှာမကောင်း။

"ဒါ.....ဒါဖြင့် တို့သပြေညီအဖွဲ့ထဲက အဖွဲ့ဝင်ကလေးတွေထဲက အိုသွေးပိုင်ရှင်အားလုံးကို ကျောင်းပိတ်ရက်တစ်ရက်မှာ စုထားလိုက်တော့၊ သွေးလှူဌာနနဲ့ ခါတ်ခွဲခန်းကို အကူအညီတောင်းပြီး ပြန်စစ်ရမယ်"

ကျွန်မခေါင်းကို ဆယ်ပေါင်တူနဲ့ အထုခံလိုက်ရသလို ဝုန်းခနဲ။

မေတ္တာအလှသွေးလှူရှင်အဖွဲ့ကို အိုသွေးလိုတယ်လို့ လူနာရှင်တွေက အကြောင်းကြားလာတယ်တဲ့။ အဲဒါ အိုသွေးအမျိုးအစား သွေးလှူရက်ပြည့်နေသူကို လှမ်းခေါ်ပြီး အသင့်ဖြစ်ချိန်မှာ လူနာရှင်တွေ ပေါ်မလာခဲ့ကြတော့ပေ။

ဒါမျိုးက စနောက်စရာမှ မဟုတ်တာ။ သွေးလှူဘဏ်ဌာနကိုလည်း အိုသွေးလိုတယ်ဆိုတဲ့လူနာတွေ ဒီမနက် စာရင်းမလာသေးပါဘူးတဲ့။ ဒါဖြင့် ဘာကြောင့် မေတ္တာအလှ ပရဟိတနဲ့ သွေးလှူရှင်အသင်းကို အိုသွေးလှူပေးပါဦးဆိုပြီး တောင်းခံခဲ့ပါသလဲ။

ပရဟိတအသင်းအဖွဲ့ပေါင်းစုံရဲ့ ဖုန်းနံပါတ်တွေကိုတော့ လိုရမည်ရဆိုပြီး လမ်းဘေးခါတ်တိုင်ပါမကျန် နေရာလပ်မရှိအောင် ကြေညာစာရွက်တွေ ကပ်ခဲ့ကြတာ။ လားရှိုးမှာက လူငယ်၊ လူကြီး၊ လူမျိုးဘာသာမရွေး ဖွဲ့စည်းထားတဲ့ ပရဟိတအသင်းအဖွဲ့တွေမှ အများကြီး။ မှတ်ပုံတင်ထားတာလည်းရှိ၊ ဝါသနာပါလို့ အနစ်နာခံချင်စိတ်နဲ့ ဖွဲ့စည်းထားကြတာလည်းရှိတယ်။

ဟော...ဆေးရုံကို အရေးပေါ် လူနာ ရောက်လာခဲ့တယ်တဲ့၊ စိုးရိမ်ရတယ်တဲ့၊ သွေးမှားသွင်းမိပြီတဲ့ သူငယ်ချင်း မြတ်သန္တာ ကျွန်မကို ဖုန်းဆက်ခေါ်ပြောတော့ လေ ကျွန်မ မှာ ဆောက်တည်ရာမရ

ဟာ.....ဘယ်အဖွဲ့ကလဲ၊ မှား စရာမှမရှိတာ။ အရေးပေါ်လိုခဲ့ရင် တောင်မှ ကာကွယ်ဆေးအားလုံး ထိုးနှံပြီးသူဖြစ်တာတောင် သွေးပြန် စစ်ပြီး King ဆိုမှ သွင်းပေးတာ လေးလတစ်ကြိမ် စစ်ထားတော့ စိတ်ချရတာပေါ့။

မြတ်သန္တာ ခေါ်နေချိန်မှာ ကျွန်မက တရားပွဲထဲမှာ။ ရေစက် ချခါနီး။ အမျှဝေချင်၊ သာဓုခေါ်ချင် သေးတာမို့ ကလေးတွေက သ တို့သွားလိုက်မယ်ဆိုပြီး သုံး ယောက် ထသွားခဲ့ကြတော့ပဲ။ အဲ

> မေတ္တာအလှ
> သွေးလှူရှင်အဖွဲ့ကို
> အိုသွေးလိုတယ်လို့
> လူနာရှင်တွေက
> အကြောင်းကြားလာတယ်တဲ့။
> အဲဒါအိုသွေးအမျိုးအစား
> သွေးလှူရက်
> ပြည့်နေသူကိုလှမ်းခေါ်ပြီး
> အသင့်ဖြစ်ချိန်မှာ
> လူနာရှင်တွေ....



www.burmeseclassic.com

www.burmeseclassic.com

မှာ.....အဲဒီမှာ.....

"မနက်က အိုသွေးအမျိုးအစား လိုတယ်လို့ပြောတာ သူတို့ပဲ အန်တီ၊ ဆေးရုံလာနေတုန်း အမောဖောက်လာလို့ဆိုပြီး ဆေးရုံလာရာ လမ်းတစ်လျှောက်မှာရှိတဲ့ ဆေးခန်းတစ်ခုမှာပဲ ယာယီဝင်ပြတာပါ၊ ဖြစ်ချင်တော့ ဆရာဝန်က ရောက်မလာသေးဘူး၊ လူနာက မျက်ဖြူပါလန်နေပြီ၊ Pressure က ဖိုးရိုးရောက်နေပြီ၊ နာ့စ်တွေ သွေးဖောက်စစ်ကြည့်တော့ အိုသွေးဆိုတာ သိရတာနဲ့ ဆေးခန်းအနီးပတ်ဝန်းကျင်က လူတစ်ယောက်က အိုသွေးမို့ လှူပေးမယ်ပေါ့၊ အဲဒီလူက အဲဒီဆေးခန်းမှာ အိုသွေးလိုတိုင်း လှူနေကျဆိုတော့ နာ့စ်တွေက လုပ်ပေးရဲတာပေါ့၊ အခုကိစ္စကလည်း စေတနာအမှားဖြစ်ခဲ့ရတာပါလေ၊ အဖိတ်အစဉ် ဖြစ်သွားရတော့....."

"အဲ.....အဲဒီတော့"

"အိုသွေးက မှန်ပါတယ် အန်တီ၊ ဒါပေမဲ့ လူနာက မျောက်သွေးမပါတဲ့ အိုမှရမှာ၊ အဲ..အဲဒါ (–)နဲ့ (+)မှားပြီး....."

"ဘာ.....ဘယ်လို၊ အမယ်လေး....."

♛♛♛♛♛

ကျွန်မအတွက် စာအုပ်ဆိုတာ



မိတ်ဆွေကောင်းပါပဲ။

စာအုပ်ကောင်းတစ်အုပ်ကို ဖတ်ရတာ မိတ်ဆွေကောင်းတစ်ယောက် ရသလိုပါပဲတဲ့။ အဲဒီစာအုပ်ကို ဒုတိယအကြိမ် ပြန်ဖတ်ရတဲ့အခါ မိတ်ဆွေဟောင်းနဲ့ ပြန်ဆုံတွေ့ရသလိုပါပဲတဲ့။ မျက်စိကန်းရင် တစ်စုံတစ်ယောက်ပဲ နစ်နာရပေမယ့် ဦးနှောက်အသိကန်းသွားရင်တော့ မျိုးဆက်တစ်ခုလုံး နစ်နာရပါတယ်တဲ့လေ။

ကျွန်မသမီးလေး မကြာခင် အရွယ်ရောက်တော့မှာဆိုတော့ စိတ် တွေပူ၊ ရင်တွေလေးနေရပါပြီ။ ခုပဲ အသက်က ဆယ်နှစ်ရှိနေပြီ။ သူများတကာရဲ့ သားသမီးတွေကိုဆိုရင်လည်း နှိမ့်ချခွဲခြားပြီး မဆက်ဆံရဲပါဘူး။ ဝင်္ဂလိုက်မှာစိုးတာကြောင့် ကံသုံးပါးကို စောင့်ထိန်းနိုင်အောင် ကြိုးစားတတ်ခဲ့ပါတယ်။ မဟုတ်ရင် 'သူ့မှာ သမီး မိန်းကလေးရှိနေတာကို၊ ကြည့်နေပါ၊ တွေ့ပါလိမ့်မယ်' ဆိုတာမျိုး။

ရော့.....သမီးစာတွေဖတ်ဆိုပြီး ရွှေသွေးစာစောင်တို့ဘာတို့ ပေးဖတ်ခိုင်းရ၊ ရှင်းပြရနဲ့။ ဆဲဆိုတတ်သူတွေနဲ့လည်း မပေါင်းသင်းခိုင်းပါဘူး။ လူလိမ္မာသား ယဉ်ပါး၊ လူမိုက်သား ရမ်းကားတဲ့။ ကိုယ်အမူအရာ ကြမ်းတမ်းရင် အဖယုတ်လို့တဲ့၊ နှုတ်အမူအရာ ကြမ်းတမ်းရင် အမိယုတ်လို့တဲ့။

www.burmeseclassic.com

ကျွန်မက ဆယ့်ငါးခန်းတွဲ အိမ်တန်းလျားမှာ ငှားနေရသူပါ။ ပတ်ဝန်းကျင်က မရှိမကောင်း၊ ရှိမကောင်းဆိုပေမယ့် ကျွန်မပတ်ဝန်းကျင်မှာ ကျွန်မက သူစိမ်းတွေပါပဲ။ အိမ်ထောင်သည်မို့ အိမ်ရဲ့ဝေယျာဝစ္စအလုပ် မအားလပ်တာတွေရယ်၊ ပရဟိတအသင်းအဖွဲ့ တစ်ခု၊ နှစ်ခုမှာ ပါဝင်လှုပ်ရှားနေတာတွေရယ်ကြောင့်ပါ။



မကောင်းမှုပြုလာသူတွေပေါ်မှာလည်း သူ့နေရာမှာ ငါသာဆိုရင် သူ့လိုမလုပ်ဘူးလို့ပဲ နှလုံးသွင်းဆင်ခြင်မိပါတယ်။ ပတ်ဝန်းကျင်ဆိုတာက မြည်းတစ်ကောင်နဲ့ သားအဖ နှစ်ယောက်ပုံပြင်လို အဖေစီးတော့လည်း စီးလို့၊ သားစီးတော့လည်း စီးလို့။ ဘာပဲဖြစ်ဖြစ် ဒီပုံပြင်က ကျွန်မအတွက် စံပါပဲ။

လူတစ်ယောက်ရဲ့စံကို ရုပ်ရည်ရူပကာ၊ ပညာတတ်တာတွေနဲ့ ကျွန်မ မတိုင်းတာပါဘူး။ ကိုယ်ကျင့်တရားကောင်းဖို့ပဲ အရေး ကြီးတယ်လို့ ကျွန်မ လှေနံဓားထစ် ယုံကြည်သတ်မှတ်ထားတာပါ။ လူ သေပေမယ့် နာမည် မသေ သေးသူတွေမှ အများကြီး။ နာမည်က ရွှေထက် တန်ဖိုးရှိပါတယ်လေ။

♛♛♛♛♛

ကြူကြူစိုးက ကျွန်မရဲ့ ခေါင်း ရင်းကပ်လျက် အခန်းကပါ။ ဘယ်ရွာကဆိုလား။ အသက်ကနှစ်ဆယ် တောင်မပြည့်သေး ဘူးလို့ သူ့အစ်မ တွေပြောသ ကြားတာပါပဲ။ ည ၁၀ နာရီ၊ ၁ နာရီမှ ပြန်လာတတ်တဲ့ အိမ်ပြန် မိန်းကလေးကို မိန်းမကောင် မဟုတ်ဘူးဆိုရင် ညဘက် အိမ်ပြန် မလာတဲ့ မိန်းကလေးတွေကိုကော

ကြူကြူစိုး သူ့အခန်းကို ပြန် လာအိပ်ခြင်း၊ မအိပ်ခြင်းကို ကျွန်မ ကိစ္စမဟုတ်တာမို့ မသိချင်ယောင် ဆောင်နိုင်အောင်ပဲ ကြိုးစားခဲ့ရပါ တယ်။ သူ့မှာ အုပ်ထိန်းသူ အမေ အစ်မတွေရှိတယ်။ မိသားစုတွေက ကားဂိတ်လမ်းဘေးမှာ ကွမ်းရောင်း တာ။

လူချင်းမတူရင် အိပ်မက်ချင်း လည်း မတူနိုင်သလို လောကကြီး လည်း မတူနိုင်ပါဘူး။ ကြူကြူစိုး မှာ မိခင်နဲ့ အစ်မရှိသလို ကျွန်မ မှာလည်း ရှိတာပဲလေ။

"အဲဒီကမ်းနားသစ်ပင်တွေသ မှာ နင်သွားဝယ်ပြန်ပြီလား မြိုင် လေးညို"

"အား.....ကြောက်ပါပြီ မေ မေရဲ့"

မေမေ့မှာ မရွှေအေးတို့ကြား မှာစိုးလို့ ကျွန်မကို ပေါင်ကြောဆွဲ လိမ်ပြီး အတွင်းကျိတ်ဆုံးမတော့ တာ။ ကျွန်မမှာ နာလိုက်တာလေ မျက်ရည်ပေါက်ပေါက်ကျလို့။ သေ ရာပါမယ့် စိမ်းပြာပြာအခွက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တာ မိခင်မေတ္တာမှ ပျက်ရဲ့လား လို့။

ကျွန်မကလည်း ကျွန်မမေမေ ဆပ်ပြာတောင့်ဝယ်ခိုင်းတာကို သြဇာစေ့တောက်ပျက်မှာစိုးလို့ မရွှေအေးတို့ဆိုင်ကို လှစ်ခနဲပြေးပြီးဝယ်ပေးလိုက်မိတာ။ ကုန်စုံဆိုင်ကြီးက နည်းနည်းဝေးသလို သက်သာဆိုင်ကလည်းမဖွင့်။

ညရောက်တော့ ပေါင်တွင်းကြောဆွဲလိမ်ခံရတဲ့ ကျွန်မမှာအနာရှိန်ကြောင့် အိပ်မပျော်။ မမကြီးနဲ့ ကျွန်မက အိမ်ရှေ့အခန်းမှာ အတူတူအိပ်ရတာမို့ ကျွန်မ ပေါင်ကြောဆွဲလိမ်ခံရတဲ့ဒဏ်ရာကို ဆေးလိမ်းပေးပါတယ်။

“မေမေပြောတဲ့ ကမ်းနားသစ်ပင်ဆိုတာ ဘာလဲဟင် မမ၊ ကမ်းဆိုတာကကော ချောင်းကမ်းနားလား၊ ပင်လယ်ကမ်းလား၊ သစ်ပင်ကကော သမုဒ္ဒရာနားက သစ်ပင်လား”

မမကြီး ခင်လေးညိုက ကျွန်မထက် ဆယ့်ငါးနှစ်ကြီးပါတယ်။ သူက ဘွဲ့ရပြီးတော့ ပညာရေးဝန်ထမ်းလုပ်နေပါပြီ။ မမကြီးက အရမ်းလှတာပဲလေ။

“ကမ်းနားသစ်ပင်ဆိုတာ ရေမျောကမ်းတင်ဖို့ အချိန်အခါမရွေးတဲ့အကြောင်းကို တင်စားပြောတာ ညီမလေးရဲ့”

ရေမျောကမ်းတင်တဲ့။ ခြောက်တန်းကျောင်းသူ ကျွန်မမှာ ခေါင်းတွေချာချာလည်သွားရပါပြီ။ ကမ်းနားသစ်ပင်ကိစ္စက မရှင်းသေး။ ရေမျောကမ်းတင်ကိစ္စက ပါလာပြီ။ ကျောင်းမှာ သူများတွေပြောတာ ကြားဖူးတာက ကမ်းနားသစ်ပင်ဆိုတာ ပင်လယ်ကဗ္ဗီးပင်တဲ့လေ။

‘ပင်လယ်ကဗ္ဗီးပင်ကြီးတွေ× × လေတိုးတိုင်း× × ×.×ယိမ်းနွဲ့လို့နေ’ ဆိုပြီး သီချင်းတွေတောင်ဆိုနေကြသေး။

“မရွှေအေးတို့က ဘယ်ကရောက်လာမှန်းမသိရတဲ့သူတွေလေ၊ သူတို့က အိမ်ငှားပြီးနေကြတော့ ဘယ်တော့ပြောင်းသွားမယ်မှန်းမသိရဘူးလေ၊ ပြီးတော့ မေမေက ညီမလေး သူတို့ဆိုင်ကိုသွားရင် အတုမြင်၊ အတတ်သင်မိမှာစိုးလို့ ဈေးသွားမဝယ်စေချင်တာပါ၊ မေမေက ညီမလေးကို မုန်းနေလို့ အခုလို အနာတရဖြစ်အောင် လုပ်တာမဟုတ်ပါဘူး၊ သူတို့ကွမ်းယာရောင်းတာက အဖြူထည်မဟုတ်ဘူး ညီမလေးရဲ့”

အဖြူထည်မဟုတ်တာ ဘာလဲ။ လာပြန်ပြီ ပဟေဠိ။ ကျွန်မ မေးခွန်းတွေမေးမယ်ဆိုတော့ မမကြီးက ကျွန်မရဲ့နှုတ်ခမ်းကို သူ့လက်ညှိုးလေးနဲ့ပိတ်ကာပြီး.....

“အိပ်ကြစို့ ညီမလေးရယ်၊ ညီမလေး အရွယ်ရောက်လာခဲ့ရင်လေ ညီမလေး အခုသိချင်နေတဲ့ ကိစ္စတွေရဲ့အဖြေကို သူ့အလိုလိုသိလာလိမ့်မယ်၊ မရွှေအေးတို့အကြောင်း ဒီလောက်ပဲပြောတာ ကောင်းပါတယ်၊ သူတစ်ပါးအကျိုးပျက်စီးရာ ပျက်စီးကြောင်းကို

ရေမျောကမ်းတင်တဲ့။
ခြောက်တန်းကျောင်းသူ
ကျွန်မမှာ
ခေါင်းတွေချာချာလည်
သွားရပါပြီ။
ကမ်းနားသစ်ပင်ကိစ္စက
မရှင်းသေး၊
ရေမျောကမ်းတင်ကိစ္စက
ပါလာပြီ။
ကျောင်းမှာသူများတွေပြောတာ
ကြားဖူးတာက
ကမ်းနားသစ်ပင်ဆိုတာ....

www.burmeseclassic.com



မပြောနဲ့၊ မကြဲနဲ့၊ မလုပ်နဲ့တဲ့ ညီမလေးရဲ့၊ ကာလဝိပါက် နောက်ပိုးတက်တဲ့၊ ရဲကြီးတတ်တယ်''

ပြောပြီး မမကြီးတစ်ယောက် မေတ္တာသုတ် ရွတ်နေပါတော့တယ်။ ကျွန်မလေ ဉာဏ်မမီတဲ့ ပုဏ္ဏာတွေ တစ်ပုံကြီး။ ကြီးလာရင် သိလာလိမ့်မယ်တဲ့။ ဘယ်အရွယ်ကိုပြောတာပါလိမ့်။ မရွှေအေးတို့ သဘောကောင်းတာ ကျွန်မအမြင်ပဲ။ တစ်ခါတလေ ဆီးထုပ်တွေ၊ နေကြာစေ့တွေတောင်ကျွေးကြသေး။ မေမေမသိအောင် ဝှက်စားခဲ့ရတာ။ မရွှေအေးရဲ့မျက်နှာက အမြဲတမ်း သနပ်ခါးတွေ ဖွေးပြီးဖွေးနေတာ။ ကွမ်းစားလို့ပါးစပ်တွေရဲနေတာကို ကျွန်မမနှစ်သက်လှပေမယ့် မရွှေအေးစိတ်သဘောထားကောင်းလို့သာ။ မမကြီးကလည်း မေမေ့နည်းတူ မရွှေအေးကို မနှစ်သက်ဘူးလား။ ဒါပေမဲ့ မရွှေအေး စိတ်သဘောထားကောင်းလို့သာ သူ့ဈေးဆိုင်မှာ ယောက်ျားလေးတွေ၊ ဈေးဝယ်တွေ တရုန်းရုန်းရှိနေတာပေါ့။

ဖေဖေတာဝန်ကျရာ လားရှိုးမြို့ကို ရောက်လာရတော့ ရန်ကုန်မြို့ကို လွမ်းလိုက်တာ။ ရန်ကုန်နဲ့ လားရှိုးက ဆီနဲ့ရေလို။ လားရှိုးအထက်တန်းကျောင်းမှာ ဆယ်တန်းဖြေနေတဲ့အချိန်မှာ မမကြီးလည်း အိမ်ထောင်ကျပါပြီ။ အပျိုကြီးပဲလုပ်တော့မယ်ဆိုတဲ့ မမအမျိုးသားက မော်လမြိုင် အဏ္ဏဝါသိပ္ပံကနေ ဘွဲ့ရထားတော့ မမကြီးမှာ ကျောင်းဆရာမအလုပ်ကို စွန့်လွှတ်ပြီး သင်္ဘောနောက်တကောက်ကောက် လိုက်ပါရပါပြီ။

လားရှိုး အအေးလှိုင်းဖြတ်တဲ့အခိုက်မှာ ဖေဖေ လေဖြတ်ပြီးအိပ်ရာထဲလဲချိန်မှာ မေမေက ဖေဖေ့အတွက် ပြုစုစောင့်ရှောက် လျှော်ဖွပ်နေရတာကြောင့် ကျွန်မ စာမေးပွဲမဖြေဖြစ်တော့ပါဘူး။ အိမ်ထောင်ကျကာစ မမကြီးကိုလည်း ဒုက္ခမပေးချင်။ အကြောင်းအရာတိုင်း မမကြီးကို အသိမပေးဖြစ်တော့ပါ။

ဖေဖေ ဆေးပင်စင်ယူပြီး နှစ်လအကြာမှာပဲ ဆုံးပါးသွားတာမို့

> မမကြီးတစ်ယောက်
> မေတ္တာသုတ်
> ရွတ်နေပါတော့တယ်။
> ကျွန်မလေ
> ဉာဏ်မမီတဲ့
> ပုဏ္ဏာတွေ တစ်ပုံကြီး။
> ကြီးလာရင်
> သိလာလိမ့် မယ်တဲ့။
> ဘယ်အရွယ်ကို
> ပြောတာ ...

'ကဲ.....တို့သားအမိပဲ ပင်စင်ငွေလေးနဲ့ လားရှိုးမှာ အိမ်ခန်းလေးငှားနေရင်း တစ်ဝမ်းတစ်ခါး ရှာစားကြတာပေါ့'ဆိုပြီး နှစ်နှစ်ကျော်လောက် ရုန်းကန်အပြီးမှာ ကျွန်မ အိမ်ထောင်ကျပါတယ်။ မေမေက သူ့မွေးရပ်ဇာတိ ရန်ကုန်ပဲပြန်တော့မယ်ဆိုပြီး ကျွန်မတို့ကို လားရှိုးမှာပဲ ထားခဲ့ပါတော့တယ်။ ရန်ကုန်က အသက်ရှစ်ဆယ်ကျော် အဘိုး၊ အဘွားတွေအတွက် မေမေက အားဆေးပါပဲ။

ကျွန်မသမီးလေးကို အင်းစိန်ဆေးရုံမှာ ပြန်မွေးတော့ မပြန်နိုင်ကြတော့တဲ့အထိ အဘိုး၊ အဘွားတွေက ကျွန်မကို ချစ်ရှာပါတယ်။ ကျွန်မအမျိုးသားက လက်လုပ်မှ ပါးစပ်လှုပ်ရတဲ့ အဝေးပြေးကား မောင်းရတဲ့သူ။ ရန်ကုန်လမ်းကြောကို မမောင်းရဲရှာသူ။ ဒါနဲ့ပဲ ရွှေစော်နံ ပြန်လိုက်ဦးပေါ့။

ရန်ကုန် ဂျမခါနာဆေးရုံမှာ ချက်မြှုပ်ခဲ့ရတဲ့ကျွန်မ လားရှိုးမှာ ခြံတွေ၊ အိမ်တွေဝယ်ဖို့ စိတ်ကူးမရှိတဲ့အတွက် အိမ်ခန်းငှားနေပါတယ်။ အိမ်ခန်းတန်းလျားဆိုတာကလည်း ဒီတန်းလျားမနေချင်လို့ အခြားတန်းလျားတစ်ခုဆီ ရွှေ့ပြောင်းပြီး နေရပြန်တော့လည်း ပြဿနာတွေ တစ်ခုပြီးတစ်ခု။

အရှုပ်ထဲမှာ ရှင်းအောင်နေပြန်



www.burmeseclassic.com

www.burmeseclassic.com



တော့လည်း ပြဿနာတွေ တစ်ခုပြီးတစ်ခု မပြီးဆုံးနိုင်တဲ့ သံသရာခရီးသည်တွေပါပဲ။ ကိုယ့်တရားလေးနဲ့ ကိုယ်နေပြန်တော့လည်း အလကား ဘဝင်မြင့်နေတာတဲ့။ ရောပြန်တော့လည်း နောက်ကွယ်မှာ ငပေါကြီး၊ ရှုံးနေတာတဲ့။ မြည်းတစ်ကောင်နဲ့ သားအဖနှစ်ယောက် ပုံပြင်လို သားစီးတော့လည်း စီးလို့၊ အဖေဖြစ်သူ စီးတော့လည်း စီးလို့၊ မစီးတော့လည်း မစီးလို့၊ ဒါပါပဲလေ။

ဘဝမှာ မှန်တိုင်းချည်းပဲ အမြဲထန်နေမယ်ဆိုတာ ဘယ်ဟုတ်ပါ့မလဲလေ။ မမကြီးဆီကနေ ဖုန်းဝင်လာပါတယ်။ ညီ့ရေ မမရဲ့မိတ်ဆွေမိသားစု တို့လားရှိုး မွေးရေဘဏ်မှာ တာဝန်ကျလို့ ပြောင်းလာမယ်။ သူတို့သားလေး ချမ်းမြေ့ဦးက နည်းပညာတက္ကသိုလ်တက်ရမှာမို့ ကူညီပေးလိုက်ပါဦးတဲ့။

ကလေးတွေက ကျွန်မကိုချစ်ကြပါတယ်။ ကျွန်မနဲ့ကလေးတွေ တစ်ဖွဲ့ပေါင်းမိကြတော့ ပရဟိတ သွေးလှူရှင်အသင်းလေး လုပ်ချင်တယ်၊ လားရှိုးနည်းပညာ၊ ကွန်ပျူတာ၊ ဝိဇ္ဇာ/သိပ္ပံမှာရှိတဲ့ စိတ်တူသဘောတူ ကျောင်းသားလေးတွေ တစ်နေ့တစ်ရာနှုန်းနဲ့ တစ်လသုံးထောင်စီစုပြီး ဘုန်းကြီးကျောင်းတွေမှာ အလှည့်ကျ လိုက်လှူမယ်တဲ့။ သူတို့ရည်ရွယ်ချက်တွေကို အကောင်အထည်ဖော်ပြီး ပဒေသာပင် ထူလိုက်တာများ အံ့သြဘနန်း။ သွေးလှူဒါန်းပွဲတွေတောင် လုပ်လိုက်ကြသေး။ သြော်...ဦးဆောင်ချင်စိတ်၊ ခေါင်းဆောင် နိုင်စိတ်ရှိကြပါလားရယ်လို့ ချီးကျူးမိတာအမှန်ပါ။ အဖွဲ့နာ မည်ကိုလည်း ဆရာဇော်ဂျီကို လေးစားသောအားဖြင့် သပြေညိုဆိုပြီး ပေးဖြစ်လိုက်ကြပါတယ်။



လောကဓံတရား ရှစ်ပါးမှာ မကောင်းတဲ့လေးပါးက ကျွန်မတို့အဖွဲ့ဆီကို တိတ်တဆိတ် ဝင်ရောက်လာခဲ့ပါပြီ။ မြတ်သန္တာပြောပြတော့ ကျွန်မ လုံးဝမယုံနိုင်ခဲ့။ နားကြားလွဲခဲ့တယ်လို့ပဲ သဘောထားပြီး နောက်ခြောက်လကြာမှ အဲဒီသွေးကို တစ်ကြိမ်ပြန်စစ်ပြန်တော့လည်း Positive ပဲ။ မဖြစ်နိုင်ဘူး။ အဲဒီကလေးက ကာကွယ်ဆေးမှန်သမျှကို အကြိမ်ပြည့်ထိုးထားတာ။ ဒီကြားထဲ အရေးပေါ်လိုတိုင်း အဲဒီကလေးရဲ့သွေး ကထုတ်မရတော့ ကျွန်မမှာ မချိတင်ကဲ။ ဖြစ်ချင်တော့ အဲဒီကလေးက မေတ္တာအလှသွေး လှူရှင်အဖွဲ့တွေကတောင် မျက်စိကျကြရတဲ့ အိုသွေးအမျိုးအစား။ မှောက်သွေးမပါတဲ့သွေး။ ဒီသွေးမှ ဖြစ်ရလေ။

"သူငယ်ချင်း၊ နင် အဲဒီလောက် လတွေနှစ်တွေချီပြီး ထပ်ကာတလဲလဲ သွေးထပ်စစ်နေမယ်ဆိုရင် အဲဒီ ကလေးဆီကနေ လူသူမသိ ထပ်ကူးနေမှာ ဘယ်နှယောက်လဲ၊ ကာကွယ်မှုတွေလုပ်သင့်ပြီ ညို"

မြတ်သန္တာပြောတာ အမှန်ပါ

www.burmeseclassic.com



ပဲ။ ကျွန်မတို့ သွေး လှူဒါန်းပွဲတွေ လုပ်တဲ့ အချိန်မှာ လာလှူပေးသမျှ ကလေးတွေဆီကနေ သွေး ဖောက်စစ်တာမျိုးမလုပ်ဘဲ သွေးအိတ်တွေကိုပဲ သွေးလှူဘဏ်ကို ပေးခဲ့တာပါ။ စစ်ဆေးမှုတွေရဲ့ ရလဒ်အဖြေ ကျွန်မကိုပဲပေးပါ၊ ခေါင်း ဆောင်နေတဲ့အဖွဲ့က ကလေး တွေနဲ့ တိုင်ပင်မယ် ပေါ့။ အခု ကလေးတစ် ယောက်မှာ HIV Positiveတဲ့ လေ။ ဘာလုပ်လို့ ရဦးမှာလဲ။ သူ့မိဘတွေကို အသိပေးတဲ့ အခါ အဲဒီမိဘတွေကကော ဘယ်လိုနားနဲ့ နားထောင် ရက်မှာတဲ့လဲ။ ကျွန်မလဲသေ လိုက်ချင်ပါတော့တယ်။

ကျွန်မ အိပ်ရာထဲလဲတော့ ချမ်းမြေ့ဦးနဲ့ ကျောင်းသားလေးနှစ်ဦး လာရောက်သတင်းမေးရှာပါတယ်။

"အန်တီနေမကောင်းဖြစ်နေတာ သိပေမယ့် ပြောမှဖြစ်မယ် ထင်လို့ပါ"

ကလေးသုံးယောက်စလုံးကို ကျွန်မ အားယူပြုံးပြပြီး ခေါင်းညိတ်လိုက်ပါတယ်။ သူတို့အတွက်ပေးနိုင်တဲ့ လက်ဆောင်ကလည်း အပြုံးပဲမို့လေ။

"ပြောပါ သားတို့ရယ်၊ အများ အတွက်ဆိုရင် ပြောရမယ်လေ"

ကလေးသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း.....

"အဲဒီကောင် စာ အရမ်းကြိုးစားတာ အန်တီ၊ B-Tech ဖြေဖို့ ရက်ပိုင်း လောက်ပဲလိုတော့တာမို့ ပြောလို့တော့မဖြစ်သေးဘူး၊ သူက ဘီအီးခေါင်နေတာ"



"မှန်တာပေါ့ သားရယ်၊ လူလိမ္မာသား ယဉ်ပါးလေး ပါ၊ အပျော်အပါးကင်းတဲ့ ကလေး ကွယ်၊ ဘယ် လိုများ....."

ချမ်းမြေ့ဦး သူ့မျက်နှာကို လက်ဝါးနဲ့ပွတ်သပ်နေပါတယ်။ သေချာပါပြီ။ ငိုနေပြီ။ ကျန်တဲ့ ကလေးတွေရဲ့ မျက်နှာကလည်း နီရဲလို့။

"အန်တီ သားတို့ နောက်ဆုံးအခြေအနေ တစ်ခုကို စဉ်းစားမိတာနဲ့ အဖြေမှန်တစ်ခုကိုရလို့ အန်တီ့ဆီ လူနာသတင်းလာမေးရင်း ပြောပြတာပါ"

ကျွန်မသမီးလေးက ချမ်းမြေ့ ဦးတို့ဝယ်လာပေးတဲ့ အိုဗာတင်း ပုလင်းကို ဖွင့်ဖောက်ပြီး ချမ်းမြေ့ ဦးတို့ကို ဖျော်တိုက်ဖို့ နို့ဆီဘူးအဖုံးကွင်းဖွင့်ဖို့ပြင်ပါတယ်။

"မဖွင့်နဲ့တော့ ညီမလေး၊ ကိုကြီးတို့ မသောက်တော့ပါဘူး"

ကျွန်မသမီးလေးမှာ နို့ဆီဘူး ကိုင်ပြီး မျက်လုံးလေး ကလယ် ကလယ်။ ချမ်းမြေ့ဦးမှာတော့ တရှိုက်ရှိုက်ငိုနေပါပြီကော။

"အဲဒီနေ့က နို့ဆီဘူးကွင်းတံ ဖောက်ပြီး လှန်



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်လိုက်တာ၊ အဲဒီမှာ ဒီကောင် သံပြားရှတာ ဟက်တက်ကွဲပဲ အန်တီ၊ ညာဘက် လက်ခလယ်ပေါ့၊ သားတို့ကျောင်း သွားဖို့ဝင်ခေါ်တော့ ကပျာကယာနဲ့ ပလာစတာ မကပ်ခဲ့ရဘူး၊ သားတို့ဆိုင်ကယ်စီးရင်း အောက်ဂိတ်ကိုဖြတ်ချိန်မှာ ဒီကောင်ကွမ်းယာဝါးချင်လာတာတဲ့၊ သားတို့က ကွမ်းစားတာကို မကြိုက်ဘူး အန်တီ၊ ဆရာတော်တစ်ပါးကလည်း ဟောထားတယ်၊ ကွမ်းဝါးသူတွေဟာ စိတ်ဂနာမငြိမ်လို့တဲ့လေ၊ မင်းကွာ ကျောင်းအကျီဖြူနဲ့ ကွမ်းဝါးတာ မလှပါဘူးကွာ၊ ပတ်ဝန်းကျင်ညစ်ပတ်တယ်၊ ကျန်းမာရေးဘယ်လိုထိခိုက်တတ်တယ်လို့ ပြောရုံပဲရှိသေး ဒီကောင် ဆိုင်ကယ်ရပ်ပြီး လမ်းဘေးကွမ်းယာဆိုင်ကနေ ကွမ်းယာဝင်ဝယ်တော့တာ''

''ဟုတ်တယ် အန်တီ၊ မကောင်းတဲ့ မာရ်နတ်တွေက ကွမ်းယာစားတော့၊ ကွမ်းယာဝယ်တော့နဲ့ ခိုင်းနေသလားမသိပါဘူး''

''အဲဒီကောင် တစ်ဘဝလုံး သေသွားခဲ့ရပြီ အန်တီ''

ကလေးသုံးယောက်မှာ တစ်ယောက်တစ်လှည့်ပြောရင်း ယူကျုံးမရ ငိုနေကြပါပြီ။ အချိန်မီ သိခဲ့ရရင်.....

''သူကလည်း ကွမ်းယာ ယာနေတဲ့ အမျိုးသမီးကို မြန်မြန်လေး၊ ကျောင်းနောက်ကျနေပြီ၊ အရင်ဆုံး ကွမ်းတစ်ယာပေးပါ၊ ပါးစောင်ထဲ ငုံထားမလို့၊ ကျန်တာဆက်ယာပြီးတော့မှ ယူမယ်ပေါ့၊ ဖြစ်ချင်တော့ ကွမ်းယာရင်းနဲ့ အဲဒီအမျိုးသမီး အုန်းသီးစိမ်းကိုစိတ်ဖို့ ဓားနဲ့လှီးချလိုက်တာ လက်ကိုပြတ်ရှမိသွားတယ်''

ဘုရား.....ကယ်ပါ။ ကျွန်မ မျက်လုံးပြူးသွားခဲ့ရပါပြီ။ ရင်တွေ တလှပ်လှပ်နဲ့ အသားတွေတဆတ်ဆတ် တုန်နေရတော့တာ။ ကျွန်မ ခေါင်းကိုကျွန်မ လက်နဲ့ထောက်ဖိပြီး ထိန်းနေရပါတယ်။

''ဟာ.....အစ်မ ရရဲ့လားဆိုပြီး အဲဒီအမျိုးသမီးရဲ့လက်ထဲက ကွမ်းယာတစ်ယာကို အရင်ယူပြီး ပါးစောင်ထဲငုံတာ၊ လက်မဆေးဘဲ ယာပေးတဲ့ကွမ်းကြောင့်လား၊ နို့ဆီဘူးဖွင့်တုန်းက ရခဲ့တဲ့ဒဏ်ရာထဲကို ကွမ်းယာယူတဲ့အချိန်မှာ သွေးဝင်သွားခဲ့တာလားဆိုတာ သားတို့ စဉ်းစားမိရင်း အခုလို.....''

''ဒါ.....ဒါနဲ့ သား.....သားတို့သူငယ်ချင်း ဝယ်ခဲ့တဲ့ကွမ်းယာဆိုင်က ဘယ်ဆိုင်လဲ၊ နောက်ပြီး ကွမ်းယာပေးခဲ့တဲ့ အမျိုးသမီးဆိုတာကိုကော.....''

♛♛♛♛♛

အဲဒီအမျိုးသမီးရဲ့
လက်ထဲက ကွမ်းယာတစ်ယာကို
အရင်ယူပြီးပါးစောင်ထဲငုံတာ၊
လက်မဆေးဘဲ
ယာပေးတဲ့ကွမ်းကြောင့်လား၊
နို့ဆီ ဘူးဖွင့်တုန်းက
ရခဲ့တဲ့ဒဏ်ရာထဲကို
ကွမ်းယာယူတဲ့အချိန်မှာ
သွေးဝင် သွားခဲ့တာလားဆိုတာ....

တရားခံက နင်ပဲလို့ လက်ညှိုးထိုးပြီးပြောရမည်လား။ သွေးလှူရှင်အသင်းတည်ထားမိတဲ့ ကျွန်မကို ကြူကြူစိုးတို့ညီအစ်မကတော့.....။ ကျွန်မကို ယုန်ကလေးက နားရွက်ထောင် ပညာရှိယောင်ဆောင်လို့ ပြောဆိုစောင်းမြောင်းတတ်တာကြောင့် အိမ်ရှင်တွေကတောင် နောက်တစ်ခါ အဲလိုအပြုအမူတွေ ပြုမူခဲ့ရင် ခြံထဲကနေ မောင်းထုတ်ပစ်မယ်လို့ သတိပေးရတဲ့အထိ။ အခုတော့ ဒီလိုဟာတွေနဲ့ ကျွန်မရဲ့ရေစက်က ကောင်းမလာနိုင်တော့ပါလား။

ညည ကြူကြူစိုး ပြန်လာမအိပ်တာတွေကြောင့် သူ့အစ်မတွေ ကျိတ်သူနေတာ။ ကြူကြူစိုးရဲ့ရည်းစားက သုံးဘီးမောင်းတာတဲ့။ နောက်ပြီးတော့ မူးယစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ဝါးမှုနဲ့ နှစ်ခါ၊ သုံးဘီးက လူကို တိုက်မိလို့ တစ်ခါ ထောင်ကျဖူး တယ်တဲ့လေ။ ကောင်းလိုက်တဲ့ ရာဇဝင်တွေ။ ဒီလိုလူတွေနဲ့ကျွန်မ တစ်ခြံတည်း၊ တန်းလျားတစ်ခု တည်းမှာ အတူနေနေရတာ။ ည ကားတွေက ညနေ ၆နာရီမှာ အားလုံးထွက်ပြီးရင် အောက်ဂိတ် ကြီးတစ်ခုလုံး ရှင်းလင်းလို့။ လူ တိုင်း အိမ်ပြန်၊ ဆိုင်သိမ်းကြပြီ။ အဲဒီ အချိန်ကနေ ည ၁၁ နာရီ အထိ ကြူကြူစိုး အိမ်ပြန်မလာ သေးဘဲ ဘာလုပ်နေပါလိမ့်။

မြတ်သန္တာကို ရင်ဖွင့်မိတဲ့ အခါ.....

"တန်းညှိလို့မရဘူးနော် သူ ငယ်ချင်း၊ အဆင့်အတန်း၊ ပတ် ဝန်းကျင်အခြေအနေချင်း မတူဘူး၊ နင့်ကိုတောင် သူတို့တွေက အသရေဖျက်မှုနဲ့ တရားစွဲမယ်ဆိုပြီး အသံကောင်းဟစ်ရင် ဘယ်လိုလုပ် မလဲ၊ နင်ဘယ်လိုသွေးစစ်ခိုင်းမှာ လဲ၊ နောက်ပြီးတော့ နင်စဉ်းစား နော်၊ ကောင်လေးဆီမှာ နဂို ကတည်းက Positive ဖြစ်ပြီးသား ဟာကို ကြူကြူစိုးတို့က အကူး ခံခဲ့ရတယ်ဆိုရင်ကော၊ ပေါက်ပင် ဘာကြောင့်ကိုင်းရတယ်ဆိုတာမျိုး ဖြစ်နေပြီ"

ဟုတ်တာပေါ့၊ ဖြစ်နိုင်တာ ပေါ့။ ဘာလို့ ဒီလိုနှစ်ဖက်အတွေး မျိုး ကျွန်မ ဘာကြောင့်မတွေးမိ တာပါလိမ့်။ သွေးစစ်ကာနီးမှ ကောင်လေးကို ညာညာပြောပြီး သွေးထပ်ထုတ်စစ်နေရတာတွေ အတွက် ကောင်လေးကို သနားလှ ပါပြီ။ ဒါပေမဲ့ ဖွင့်ပြောခြင်းနဲ့ လျှို့



ဝှက်ထားခြင်းရဲ့ အကျိုးဆက်က ကော.....

ကမ္ဘာနဲ့အဝန်းမှာ တစ်မိနစ် ကို HIV ပိုးကူးစက်ခံရတာ လူဦးရေ အယောက်(၂၀၀)တဲ့။ ဒီနှုန်း အတိုင်းဆိုရင် ကျွန်မတို့အလှည့်က ဘယ်တော့လဲ။ သွေး...သွေး အိပ်မက်ဆိုးတွေ။ ခုချိန်မှာ ကျွန်မ သွေးလှူနေပေမယ့် ဘယ်တော့ များ ကျွန်မတို့ခန္ဓာကိုယ်ထဲကို အခြားသွေးတွေဝင်ရောက်လာမှာ ပါလိမ့်။ ကမ္ဘောဒီးယားနိုင်ငံက နံပါတ် (၁) HIV အများဆုံး ကူးစက် ခံနေရတာတဲ့။ ဒုတိယက ထိုင်းနဲ့ တတိယက မြန်မာနိုင်ငံတဲ့လေ။

ဟိုတလောက မေမေ ကျွန်မ ဆီ ဖုန်းဆက်ပါသေးတယ်။ အရင် တုန်းက နေခဲ့ဖူးတဲ့ ဝန်ထမ်းရိပ် သာကို သွားလည်ပတ်သေးတယ် တဲ့။ အရမ်းဆော့တဲ့ ကျွန်မကို တောင် သတိရရ မေးနေကြသေး သတဲ့လေ။

"မရွှေအေးနဲ့အတူ သူ့ဆိုင် မှာ ဝင်ထွက်သွားလာနေသမျှ လူ ပေါင်းစုံကို ဒီဆယ်နှစ်ကျော်အတွင်း မတွေ့မမြင်ရတော့တာဟာ လူ သားအရင်းအမြစ်တွေ ဆုံးရှုံးကုန်ရ တာပဲ သမီးရယ်"

ဒါပေမဲ့ မေမေရယ် သူတို့က ဘဝသစ်မှာ ခန္ဓာတစ်ခု အသစ်ရ သွားခဲ့ပါပြီ။ သေသူထက် ရှင်သူ ရဲ့ ဒုက္ခက ပိုဆိုးပါတယ် မေမေ ရယ်။ နာမည်ကောင်းတော့ မကျန်ရစ်ခဲ့ကြဘူးပေါ့လေ။

"မေမေကတော့ မရွှေအေး ရဲ့အကြောင်းကို တာဝန်ကျေစွာနဲ့ သမီးငယ်ငယ်ကတည်းက ပြောဆို ဆုံးမနိုင်ခဲ့ပါတယ်၊ အခု သမီး လေးမွေးထားရတဲ့အတွက် အိမ် အနီးခန်းက ကမ်းနားသစ်ပင်ရဲ့ အကြောင်းကို ကျွန်မသမီးလေး နားလည်အောင် ဘယ်ကနေဘယ် လို စပြောပြရမှာပါလိမ့်"

**နှင်းစက် (လားရှိုး)**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





## အမိုက်သရဲမှုအောင်းခဲ့ခြင်း

အောင်ကျော်ပြုံး

အာရုတီဆိုတဲ့စကားရှိတယ် အမေ။ သူ့ရဲ့အနက်အဓိပ္ပာယ်က မကောင်းမှုမဖြစ်အောင် စိတ်ဖြင့် ရှောင်ကြဉ်ခြင်းသည် မင်္ဂလာတစ်ပါးလို့ ဆိုထားတယ်။ သားရဲ့ မကောင်းမှုတွေ၊ အထူးသဖြင့် အမေ့ရဲ့အပေါ်မှာ ထားရှိခဲ့တဲ့ သားရဲ့မကောင်းမှုတွေ၊ မင်္ဂလာမထိုက်တဲ့အထဲမှာတော့ သားလည်း တစ် ယောက်အပါ အဝင် ဖြစ်ခဲ့ပါတယ် အမေ။

ဤလောက၌ ဖနီးမယား ထက် ကောင်းမွန်သောသူ တစ်ဦးရှိသည်။ ထိုသူသည် မိခင်ဖြစ်သည်တဲ့။ လီယိုပို ရှက်ဖာဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ပြောခဲ့တာပါ။ အဲသည် လောက် ကောင်းမွန် မြင့်မြတ်တဲ့ အမေ့ကိုမှ..... ဟုတ်ပါတယ်။ အမေ့ကိုမှလေ.....

ပြဿနာတွေရဲ့ အများစုတွေဟာ မစဉ်းစား မဆင်ခြင်ဘဲ ပြုလုပ်လိုက်တဲ့ အခြေအနေတွေကနေ ဖြစ်ပေါ်လာရတာပါ အမေ။

အမေနဲ့သား ဖြစ်ခဲ့ရတဲ့ ပြဿနာမှာ အဓိကတရားခံကတော့ သားပါ အမေ။ အမေ့ကို သားအနေနဲ့ ကိုယ်ထိလက်ရောက် မစော်ကားမိပေမယ့်လို့ သည်ပြဿနာကြောင့်ပဲ စော်ကားမိသလို ဖြစ်သွားခဲ့ရတာကတော့ အမှန်ပါ။

မိဘပြစ်မှား အပါယ်လား၊ မိဘစော်ကား ငရဲသွား၊ မိဘတော်လှန် ဘုံနိမ့်စံ၊ မိဘမကြည်ဖြူ ခွေးနဲ့တူ၊ ဒါတွေကို သိပါလျက်နဲ့ အမေ့ရဲ့အပေါ်မှာ သားမိုက်လုံးကြီးခဲ့ပါတယ် အမေ။



အမေဆိုတာ ခင်ပွန်းကြီးဆယ်ပါးမှာ တစ်ပါးအပါအဝင်ဖြစ်ပါတယ်။ ခင်ပွန်းကြီး ဆယ်ပါးထဲမှာပါတဲ့ ပုဂ္ဂိုလ်တွေကို ပြစ်မှား ကျူးလွန်မိခဲ့ရင်တော့ အဲသည်သူအဖို့ သျှောင်မီးထွန်းရှာခဲ့ရင်တောင် တစ်သက် ပြောင်နိုင်မယ် မရှိတော့ပါဘူး အမေ။



www.burmeseclassic.com

www.burmeseclassic.com

အမေမပြောဖူးတယ်လေ။ ကိုယ့်ကိုယ်ကိုယ် အဆင့်အတန်းမြင့်အောင်လုပ်တဲ့သူကို မိမိပြုလုပ်လိုက်တဲ့ ကံတရားတွေကလည်း ဘယ်သောအခါမှ ကြည့်မနေဘဲ အဆင့်အတန်းမြင့်အောင် လုပ်ပေးတတ်တယ်ဆိုတာ။ သည်စကားတွေကို သားအနေနဲ့ ဘာ ကြောင်းများ မေ့ခေါက်ထားရပါလိမ့် အမေရယ်။


ဖြစ်ပျက်ခဲ့တဲ့ ပြဿနာတွေနဲ့ ပတ်သက်လို့ အမေသာ သက်ရှိထင်ရှားရှိနေခဲ့မယ်ဆိုရင် မိခင်တို့ရဲ့ နှလုံးသားချစ်ခြင်းတွေနဲ့ အတူ သားကို စူးစိုက်စွာနဲ့ ကြည့်လို့ သည်ကိစ္စမှာ "ပြီးခဲ့တာ တွေလည်း ပြီးသွားခဲ့ပြီပဲ သားရယ်၊ ဘာလုပ်လို့ရတော့မှာတဲ့လဲ၊ တစ်ကနေပြန်ပြီးစရုံရှိတာပဲပေါ့"

သည်လိုမျိုး အမေပြောလာမှာကို သားယုံပါတယ် အမေ။

အရာရာတိုင်းကို စိတ်ရှည် ရှည်ထားပြီး ပြောတတ်တဲ့ အမေ။ ခုတော့ ဖြင့် အမေရယ်.....

သား အိမ်ထောင်ကျသွားတော့ ယောက္ခမအိမ်မှာပဲ လိုက်နေရတယ်။ ဝေးဝေးလံလံကြီးလည်း မဟုတ်ပါဘူး။ ကိုယ့်လမ်း၊ ကိုယ့်ရပ်ကွက်ထဲမှာပါ။ အမေ့အိမ်နဲ့ဆိုရင် လေးငါးခြောက်အိမ်လောက်ပဲ ခြားပါတယ်။

ကနဦးအစကတော့ သားကလည်း ယောက္ခမအိမ်မှာ ဘယ်နေချင်ပါ့မလဲ။ ယူထားတဲ့မိန်းမကို



တောင်မှ သားတို့အိမ်မှာလိုက်နေဖို့ ပြောပါသေးတယ်။ ဒါပေမဲ့လို့ သူ့ခမျာကလည်း မွေးထားတာ သည်တစ်ယောက်တည်းဆိုတော့လည်း.....

"ဆွေ့ကိုချစ်ရင် ဆွေတို့အိမ်မှာပဲ ဆွေတို့နဲ့အတူ မောင်နေရမယ်၊ ဆွေကတော့ ဆွေ့မိဘတွေနဲ့ခွဲပြီး ဘယ်အိမ်မျိုးမှာမှ နေချင်တာမဟုတ်ဘူး၊ ပြောထားပါလျက်နဲ့ ဆွေ့ကို စိတ်ကျဉ်းကျပ်အောင် လုပ်ခဲ့ရင်တော့ အဲဒီနေ့ဟာ ဆွေနဲ့မောင် လမ်းခွဲတဲ့နေ့ပဲ"

သားက ယောကျ်ားလေးပါ အမေ။ ယောကျ်ားစိတ်တွေနဲ့အတူ ပြန်ပြောခဲ့ရင်တော့ လင်မယားချင်းတွေ ရန်ဖြစ်တာပဲ အဖတ်တင်မယ်။

သားလည်း အမေတို့နဲ့ တစ်သက်လုံးမခွဲဘဲ နေချင်ပါတယ်။ သည်အမေ၊ သည်သား၊ သည်ချွေးမ ဘယ်လောက်များ ပျော်စရာ ကောင်းမလဲ ဆိုတာ။

အမေဆုံးခဲ့တာ ကြာပြီ မို့သည်အိမ်ကြီးမှာ အမေတစ်ယောက်တည်း ကျန်ရစ်ခဲ့တာ မဟုတ်လား။ သားရဲ့ အောက်က ကျန်တဲ့သား နှစ်ယောက် ကျပြန်တော့လည်း

www.burmeseclassic.com

တစ်မြို့တစ်ရွာမှာ ဝန်ထမ်းအဖြစ်နဲ့ အမှုထမ်းနေကြတာ။

မိန်းမအိမ်မှာသာ လိုက်နေရတယ်။ တစ်စက်ကလေးမှ ပျော်တယ်ရယ်လို့ မရှိပါဘူး အမေရယ်။ သည့်အကြောင်းတွေကို အမေ့ကို ဖွင့်ပြောခဲ့ရင်လည်း အမေက ပြောဦးမှာပဲမဟုတ်လား။ "သားက လူပျိုလူလွတ် မဟုတ်တော့ဘူးလေ၊ အိမ်ထောင်ရှင်တစ်ယောက်ဖြစ်နေပြီပဲဥစ္စာ၊ ပျော်ရာမှာမနေရ၊ တော်ရာမှာသာ နေရမယ်တဲ့သားရယ်"

အမေ့ရဲ့ နှစ်သိမ့်လာတဲ့ စကားတွေရဲ့အောက်မှာပဲ အကြိမ်ပေါင်းများစွာနဲ့ သားပြောချင်တဲ့ စကားတွေက ပျောက်ခြင်းမလှ ပျောက်သွားခဲ့ရတာ သားကိုယ်တိုင် အသိဆုံးပါ အမေ။

♛♛♛♛♛

တကယ်တမ်းကျတော့ ပြောမယ့်သာ ပြောရတာပါ။ ဆိုမယ့်သာဆိုရတာပါ။ ဆွေတို့အသိုင်းအဝိုင်းကနေ သားထွက်လို့ မရပါဘူး။

ဆွေ့သံယောဇဉ်လည်း ပါတာပေါ့ အမေရယ်။

သံယောဇဉ်ဆိုတာ မီးလိုပါပဲ။ သူလောင်ပြီဟေ့ဆိုရင် ပတ်ဝန်းကျင်ဆိုတာကို ဘာမှန်းတောင်မှ

**မိန်းမအိမ်မှာသာ
လိုက်နေရတယ်။
တစ်စက်ကလေးမှ
ပျော်တယ်ရယ်လို့ မရှိပါဘူး
အမေရယ်။
သည့်အကြောင်းတွေကို
အမေ့ကို ဖွင့်ပြောခဲ့ရင်လည်း
အမေက ပြောဦးမှာပဲ
မဟုတ်လား။
သားက လူပျိုလူလွတ်....**

မသိတတ်တော့ပါဘူး။ ဆွေကလည်း သားချစ်လို့၊ မြတ်နိုးလို့ မိတ်ဆွေဖွဲ့ပြီး ယူထားတဲ့မိန်းမပဲလေ။

ဆွေတို့အိမ်ကနေ သားကို ထွက်လို့မရအောင် သူတို့မိသားစုတွေက အခွင့်အရေးတွေ ပေးထားကြပါတယ် အမေ။

ဆွေတို့အိမ်မှာကတော့ သားဟာ မင်းသားလေးပါပဲ။ ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင်

ရအောင်လို့ ယောက္ခမတွေက သာ ကိုထားကြပါတယ်။

ခေါ်တာတောင်မှ သား အမေရယ်။

တစ်ခုတော့ရှိတယ်။ အမေ တို့စရိုက်နဲ့ ဆွေတို့မိသားစုစရိုက် တွေက တူကြတာတွေမဟုတ်ပါ ဘူး။

လူတစ်ယောက်ရဲ့ ဘဝ တာ သူ့ရဲ့အတွေးအခေါ်၊ သူ့ရဲ့ လုပ်ရပ်၊ သူ့ရဲ့ ပေးဆပ်ခြင်းတွေ ကနေ ဖြစ်ပေါ်လာရတာပါ အမေ

သားရဲ့အဖေက ဝန်ထမ်းဖြ ခဲ့လေတော့ မြင်မြင်သမျှကို စည်း မျဉ်းစည်းကမ်းတွေနဲ့အတူ ပြောချင် ဆိုချင်၊ လုပ်ချင်၊ ကိုင်ချင်တယ် အဲသည်အထဲမှာ အမေလည်းပါ တယ်၊ သားလည်းပါခဲ့ပါတယ်။

အဖေ့ရဲ့စည်းကမ်းကြီးမှုတွေ ရဲ့အောက်မှာ နေခဲ့ရလို့ သည်လို မျိုး၊ သည်လိုအခြေအနေတွေနဲ့ လူ့အောက်မကျအောင် နေနိုင်ခဲ့ တာမဟုတ်လား။ နေ့ဖို့နဲ့ညစာကို ခွဲခြားသုံးသပ်ပြီး လောကရဲ့ အလယ်မှာ မျက်နှာမငယ်ရအောင် လို့ သားတို့၊ အမေတို့ကို စည်း ကမ်းရှိစွာနဲ့ လုပ်ကိုင်ကျွေးမွေးခဲ့တဲ့ အဖေ့ရဲ့ကျေးဇူးတွေကို သား တစ်သက်မမေ့ပါဘူး အမေရယ်။

ဆွေတို့အဖေကျတော့ ဝန် ထမ်းလည်းမဟုတ်ပြန် ကြုံရာကျ



www.burmeseclassic.com

www.burmeseclassic.com

ပန်းနဲ့ လွယ်ရာကိုလုပ်နေတဲ့သူတွေ။ စည်းကမ်းမရှိလို့တော့ မဟုတ်ပါဘူး။ အဖေ့ထက်စာရင်တော့ စည်းကမ်းပိုင်းမှာ ပိုပြီးအားနည်းနေတယ် အမေ။

ပြီးတော့ ယောက္ခမကြီးကိုယ်တိုင်က နေစောင်းလာခဲ့ရင် လေတောင်းတာကို အချက်ပြလို့ အများကြီးမဟုတ်တောင်မှ ဆေးဖြစ်ဝါးဖြစ် နည်းနည်းပါးပါးလေး မော့ပြီးမှ အိမ်ရှိရာကို ပြန်လာတတ်တယ်။

အိမ်ပြန်လာပေမယ့် သူ့မိသားစုတွေကို ဆူတာပွက်တာမရှိ သလို သားကိုတောင်မှ ရယ်ရယ် ပြုံးပြုံးနဲ့ ဆက်ဆံတယ် အမေ။ သူလည်း သူ့လွတ်လပ်မှုတွေနဲ့အတူ၊ သူ့မိသားစုတွေလည်း သူ့လွတ်လပ်မှုနဲ့သူပေါ့။

လွတ်လပ်တယ်ဆိုတာကောင်းပါတယ်။ ဒါပေမဲ့လို့ ဆင်ခြင်တုံတရားတွေ နည်းပါးပြီး အရမ်းကြီးလွတ်နေခဲ့ရင်တော့ တစ်ခုခုမှာ လပ်နေမှာပါပဲ။ ဒါက ထုံးစံပါပဲ အမေ။

သားတို့မိသားစုက စည်းကမ်းအောက်မှာ နေခဲ့ကြတော့ သူတို့မိသားစုတွေနဲ့ စရိုက်ချင်း၊ စည်းကမ်းချင်းတွေကတော့ ကွာခြားရမှာပါပဲ။ သားရဲ့ယောက္ခမကြီးက ကြုံရာကျပန်း လုပ်နေပေမယ့် အသုံးအဖြုန်းကတော့ သိပ်မကြီးလှပါဘူး။ ပြောစရာရှိတာက အရက်သောက်တာတစ်ခုပါပဲ အမေ။

ယောက္ခမ အမကြီးကတော့ နေ့ဖို့ညစာတောင်မှ ချန်မထားပါဘူး။ အခုရခဲ့ရင် အခုချက်ချင်း ကောက်ဝါးပစ်လိုက်တယ်။ သားရဲ့ မဆွေလည်း သူ့အမေအတိုင်းပါပဲ။ အတော့်ကိုမှ အသုံးအစွဲ ရက်စက်တဲ့သူတွေ။ သည်ကြားထဲက နှစ်လုံး၊ သုံးလုံးနဲ့ကလည်း မလွတ်ပြန်ဘူး။ ပြောလိုက်တော့လည်း "စီးပွားရေးကို အောင်မြင်အောင် ဖြတ်လမ်းကနေ လိုက်နေတာ"တဲ့။ အံ့ပါ့ အမေရယ်။

ခုတော့ဖြင့် သား အမိနှစ်ယောက်စလုံး



www.burmeseclassic.com




မထိုးတော့ပါဘူး။ ဆိုင်ရာကနေ ကြပ်ကြပ်မတ်မတ် လုပ်လိုက်ပြီပဲ။ ကောင်းတယ် အမေ။ ခုတော့ဖြင့် မီးဆိုတာကို ပူရ ကောင်းမှန်း သိသွားပြီလေ။ နောက် ဆုံးမှာတော့ သူတို့သားအမိ နှစ် ယောက်ရဲ့ အရှုပ်ထုပ်က သား ခေါင်းပေါ်ပဲ ကျလာတယ်။

ကျလာတယ်။ သူတို့မှ သူ တို့ကိစ္စကို မဖြေရှင်းနိုင်ဘဲကိုး။ သူ တို့သားအမိတွေ နှစ်လုံး၊ သုံးလုံးထိုးတုန်းက သူများ ဆီ ကနေယူ ထားတဲ့ အကြွေးတွေ သုံးသောင်း လောက်ရှိသတဲ့ အမေ။ သား လည်းပဲ လတိုင်းရတဲ့ လခကို မဆွေဆီ မှန်မှန် ပြန်အပ်နေတာပါပဲ။ မလောက်ဘူး၊ မငဘူးလို့ ညည်း နေတာ အခုမှ အဖြေထွက်တော့ တယ်။

နောက်ဆုံးတော့ သူတို့သား အမိတွေရဲ့ဆန္ဒကို မလွန်ဆန်နိုင် တဲ့အတွက် အမေ့ဆီကိုပဲ သားလာ ခဲ့ရတယ်။ အမေ့အကြောင်းကို သားအသိဆုံးပါ။ မဟုတ်တာမှန် ခဲ့ရင် လုံးဝဆို လုံးဝ အားမပေး တတ်တဲ့အမေ၊ အဆိပ်ပင်ကို ရေ မလောင်းတတ်တဲ့ အမေ။

ဆွေ့ပြဿနာတွေကို ဘယ် လိုပဲ တင်ပြတင်ပြ အမေက လက် မခံခဲ့ပါဘူး။ သည်တော့လည်း အမေနဲ့သား စကားအကြီးအကျယ် များခဲ့ရတယ်။ အမေ့စိတ်ကိုသားက သိထားလေတော့ ပြောချင်ရာ တွေပြောပြီး ကိုယ့်အိမ်ရှိရာကိုပြန် ချလာတယ်။ သည်အချိန်မှာ သား ကိုရိုက်ဖို့ သားနောက်ကနေ တုတ်



တစ်ချောင်းကိုင်ဆွဲပြီး အမေပြေး လိုက်လာတယ်လေ။

ဒါကို သားယောက္ခမကြီးက မြင်တော့ သမက်ကို မနာစေချင် တဲ့သဘောနဲ့ နီးရာတုတ်ကို ကောက်ကိုင်လို့ တစ်ချက်တည်းနဲ့ အမေ့ကိုရိုက်ထည့်လိုက်တာ။ သား မမြင်ရက်ပါဘူး။ ယောက္ခမရဲ့ လက်စလက်နကလည်း ပြင်းလေ တော့ ခွေခနဲလဲကျသွားပြီး အသက် ပျောက်ခဲ့ရတယ်။

သား ဘာလုပ်ရမှာလဲ အမေ[...] တစ်ဖက်ကကြည့်တော့ အမေ[...] တစ်ဖက်ပြန်ကြည့်ပြန်တော့လည်[...] ကိုယ့်အပေါ်ကောင်းရှာတဲ[...] ယောက္ခမ။ သားကစလိုက်တဲ[...] ပြဿနာကြောင့် အမေလည်း ဒုက္ခ[...] ရောက်၊ သားလည်းဒုက္ခရောက်[...] ယောက္ခမကြီးလည်း ဒုက္ခရောက်[...] ပေါ့။

ဒေဝဒတ်လို မိုက်တာ[...] က တစ်မျိုး၊ အင်္ဂုလိမာလ[...] တို့ မိုက်တာက တစ်မျိုး[...] သားမိုက်တာကလည်[...] တစ်မျိုးပါပဲ အမေရယ်[...]

အမေဆိုတာ သားတို့[...] ရဲ့အင် အား၊ အမေဆိုတာ[...] သားတို့ရဲ့ ဉာဏ်ပညာ၊ အမေ[...] ဆိုတာ သားတို့ရဲ့ မေတ္တာပ[...] လယ်။

ဒါတွေကိုမှ ပေါ့တီးပေါ့ဆလု[...] ပြီးတော့ သိခဲ့တဲ့သား။ ခုတော့ဖြ[...] သည်ဘဝတင်မှ မဟုတ်ပါဘူး[...] နောင်လာမယ့်ဘဝတွေအထိ[...] အမေ့ကိုစော်ကားမိခဲ့တဲ့ မိုက်ပြ[...] တွေကြောင့် သားဘယ်လိုတွေ [...] စားရမလဲဆိုတာတောင် မပြော[...] မပြောတတ်တော့ပါဘူး အမေ[...] မပြောတွံ့၊ မပြောတတ်တော့ပါဘူ[...]


**အောင်ကျော်ဖြိုး**[...]



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



# သံယောဇဉ်ချစ်ရိပ်မြုံ

ရှင်လွန်းမယ်

"မေမေ ဒီနေ့ မသွားနဲ့တော့လေ နော်"

သမီးလေး 'လင်းလက်'ရဲ့ စကားကြောင့် ဆံပင်ကို ခပ်မြင့်မြင့်စည်းနေရာမှ 'မေမိုး' လှည့်ကြည့်လိုက်သည်။

အဖြူရောင် ယုန်မွေးရုပ်လေးကို ရင်ခွင်မှာပိုက်ပြီး သူမရဲ့အဖြေကို စောင့်မျှော်နေသည့် သမီးလေးရဲ့မျက်ဝန်းတွေထဲမှာ မျှော်လင့်ချက်တွေနှင့်ဖြစ်သည်။ သူမ မှန်ရှေ့ပြန်လှည့်ကာ ဆံပင်ကို ခပ်မြန်မြန်စည်းပြီး သမီးလေးရှေ့၌ မှဆိုးဒူးထောက်ထိုင်ကာ.....

"မဖြစ်လို့ပါ သမီးလေးရယ်၊ မေမေ ပြန်လာရင်လေ....."

သူမ စကားမဆုံးခင်မှာပင် သမီးလေး၏ မျက်ဝန်း၌ မျက်ရည်များ ခိုတွဲလာကာ ခေါင်းအတင်းယမ်းသည်။ ပြီးတော့ သမီးပခုံးကို ဆုပ်ကိုင်ထားသည့် သူမရဲ့လက်ကို တွန်းဖယ်ကာ နောက်သို့ဆုတ်သည်။

"ဒါကြောင့် ဖေဖေကပြောတာ၊ မေမေက လင်းလင်းအတွက် ဘယ်တော့မှ အချိန်မရှိဘူးတဲ့"

"သမီး....."

သူမအကြည့်တွေက သမီးရဲ့နောက်မှာ ရပ်နေသည့် 'မောင့်'ထံ စူးရဲစွာ ကျရောက်သွားသည်။ မောင်က သမီးလက်ကိုဆွဲပြီး အပြင်သို့ထွက်ခိုင်းသည်။ ပြီးတော့ တံခါးပိတ်ပြီး သူမဘက် လှည့်ကြည့်သည်။

"ဒီတစ်ရက်တော့ သမီးအတွက်....."

"မဖြစ်ဘူး မောင်၊ ဒီနေ့ ရိုက်ရမယ့်အခန်းက အရေးကြီးတယ်"

နူးညံ့သော မောင့်နှုတ်ခမ်းတွေက တင်းတင်းစေ့ကာ သူမကို အကြာကြီးစိုက်ကြည့်နေသည်။ ထိုအကြည့်တွေကို သူမ ဖတ်တတ်တာလည်းရှိ၏။ မဖတ်တတ်တာလည်းရှိ၏။

"မင်းရဲ့အတွေးတွေ၊ အနာဂတ်တွေမှာ ငါတို့သားအဖအတွက် နေရာရောရှိရဲ့လား မေ၊ ငါ့ကိုမငဲ့ရင်တောင် သမီးကိုငဲ့သင့်တယ်လို့ ငါအတန်တန် ပြောလျက်နဲ့မေရာ"

"မေက အခုဘာတွေလုပ်နေလို့လဲ မောင်၊ မေ ဒီလိုအောင်မြင်အောင် ကြိုးစားခဲ့တာလည်း မောင်တို့အတွက်ပဲ"

ရယ်လိုက်လျှင် အလွန်ကြည့်ကောင်းသည့် မောင့်ရယ်မောခြင်းသည် ဒီတစ်ခါမှာတော့ မေ့ကို တော်တော်စိတ်အနှောင့်အယှက်ဖြစ်စေသည်။ အေးအေးဆေးဆေးနေတတ်သောမောင်သည် စကားများများမပြောတတ်ချေ။ အခုတော့ သူမအပေါ်မှာ မကျေနပ်မှုက တော်တော်များနေပြီလား။

မျက်နှာတည်နေသော မောင် မမြင်အောင် တိုင်ကပ်နာရီလေးကို မျက်လုံးစွေကြည့်မိတော့ ရှူတင်[illegible] တော့မည်။

www.burmeseclassic.com

"ငါတို့အတွက် လိုအပ်တာ မင်းရဲ့အောင်မြင်မှုမဟုတ်ဘူး၊ သမီးလေးအတွက် မင်းရဲ့အချိန်တွေ ဘယ်လောက်ဖဲ့ပေးခဲ့ဖူးလဲ၊ သမီးလေးရဲ့စကားတွေကို ဘယ်တုန်းက ဆုံးအောင်နားထောင်ဖူးလဲ၊ မေဘာလုပ်နေလို့လဲလို့ ပြန်မမေးနဲ့၊ မင်းရဲ့အပြုအမူတွေအတွက် နောင်တမရအောင် ကြိုးစားပါ၊ ဒီလောကထဲကိုဝင်တော့ မင်းငါ့ကို ဘာပြောခဲ့သလဲ၊ မင်းပြန်စဉ်းစား"

လှည့်ထွက်သွားသောမောင်လည်း သူမကို စိတ်ကုန်နေပြီလား။

♛♛♛♛♛

"မေ့ကို ဒီတစ်ခုတော့ ခွင့်ပြုပါ မောင်ရယ်၊ မောင်စိုးရိမ်သလို မဖြစ်စေရပါဘူး၊ မေ့ဘဝမှာမောင်က အဓိကပါ၊ ဒီဝါသနာကလည်း အခွင့်အရေးပေးလာလို့ လုပ်ချင်တာပါ၊ မေ့ဘက်က ဘာမှမလစ်ဟင်းစေရပါဘူး"

ဒီလိုစကားလုံးတွေနဲ့ အခါခါ ကတိပေးပြီးမှ အနုပညာလောကထဲ မေဝင်ရောက်လာတဲ့အချိန်က မေနဲ့မောင် လက်ထပ်ပြီး တစ်နှစ်၊ သမီးလေးကိုယ်ဝန် လွယ်ထားခါစကာလ။

တကယ်တမ်း
အပြိုင်အဆိုင်တွေနှင့်
ဖြစ်လာချိန်တွင်
မေဘယ်လိုမှ မောင့်အတွက်
ဦးစားမပေးနိုင်ခဲ့ချေ။
သမီးလေးမွေးတော့လည်း
ရုပ်ရှင်ဇာတ်ကားကြီး
ရိုက်နေရသဖြင့်မိခင်နို့ကို
ဟုတ်တိ ပတ်တိ
မတိုက်နိုင်ခဲ့ချေ။
သမီးလေး .....

တကယ်တမ်း အပြိုင်အဆိုင်တွေနှင့် ဖြစ်လာချိန်တွင် မေဘယ်လိုမှ မောင့်အတွက် ဦးစားမပေးနိုင်ခဲ့ချေ။ သမီးလေးမွေးတော့လည်း ရုပ်ရှင်ဇာတ်ကားကြီး ရိုက်နေရသဖြင့် မိခင်နို့ကို ဟုတ်တိပတ်တိ မတိုက်နိုင်ခဲ့ချေ။ သမီးလေးခြောက်လအရွယ်တွင် မေက ကြော့ကြော့မော့မော့နှင့် ရိုက်ကွင်းထဲရောက်နေချိန်တွင် မောင်က သမီးနဲ့အလုပ်ရှုပ်နေရသည်။ ရန်ကုန်တက္ကသိုလ်မှ ဆရာဖြစ်သော မောင်သည် သမီးလေးကို မမွေးရရုံတမယ်ချီး၊ သေးကအစ သုတ်သင်ပြီး ချစ်ခဲ့ရသည်။

မေ့ဘဝတစ်ခုလုံးကို အနုပညာထဲ မြှုပ်နှံချိန်တွင် မောင်ကတော့ သူ့ဘဝကို သမီးလေးထံမှာ မြှုပ်နှံခဲ့သည်။ မေဘယ်လိုပဲနေခဲ့နေခဲ့ မောင့်ဘက်က သဝန်တိုခြင်း၊ စိတ်မချခြင်းဆိုတာ မရှိခဲ့ချေ။

"မောင်ကလေ ဘာလို့ အဲဒီလောက်အထိ အေးတိအေးစက်ဖြစ်နေရတာလဲ၊ မေကတော့ မောင့်ကို သဝန်တိုတယ်၊ စိတ်မချဘူး၊ မောင်က မေ့လိုမဟုတ်ဘူး"

"သဝန်တိုတယ်ဆိုတာ ကိုယ့်ချစ်သူကို မယုံတာ၊ မသင်္ကာတာ မေရဲ့၊ မောင်ကတော့ မေ့အပေါ် အမြဲတမ်းယုံတယ်"

ဒိုင်ယာလော့ခ်တွေ ကျက်လိုက်၊ အမူအရာတွေ လေ့ကျင့်

www.burmeseclassic.com

www.burmeseclassic.com

လိုက်နဲ့ မေတစ်ယောက်တည်း အလုပ်ရှုပ်နေချိန်တွင် မောင်က တော့ သမီးလေးကို အိပ်ရာဝင်ပုံ ပြင်လေးတွေပြောပြီး ချော့သိပ်နေ ပြီ။ ညဏ်သိပ်ကောင်းသောသမီး လေးသည် မောင်ပြောပြသော 'ကြောင်မကြီးနဲ့ ဝံပုလွေ'ဆိုသော ပုံပြင်ကိုပြောလျှင် ငြင်းခုံနေတတ် သည်။

"အဲဒီထဲက ကြောင်မကြီးက ဘာလို့ သူ့ကလေးတွေကို အရမ်း ချစ်တာလဲ ဖေဖေ"

"အဲမေကိုး သမီးလေးရဲ့"

"ဟင် .....အမေတွေက မချစ်တတ်ပါဘူး ဖေဖေရဲ့၊ ကြောင် ထီးကြီးလို့ပြောနော် ဖေဖေ"

မောင်ကတော့ သမီးလေး စိတ်ကြိုက် ကြောင်ထီးလို့ ပြော နေချိန်တွင် မေ့ရင်ထဲမှာ နာကျင် နေရသည်။

သမီးလေး မေ့ကိုမုန်းနေလေ သလား။ နယ်ထွက်ရသည့်နေ့များ၊ ရှုတင်သွားရသည့်ရက်များနဲ့ မေ အမြဲတမ်း အလုပ်ရှုပ်နေတတ်၏။ မေ့ဘေးတွင် တိုးကပ်ထိုင်နေသည့် သမီးလေးရဲ့ပါးကိုသော်မှ မနမ်း နိုင်ခဲ့ချေ။ ဟိုတုန်းကအဖြစ်အပျက် လေးတွေ ပြန်ပြောပြီး ရယ်မော အောင်ပြောတတ်သော မောင့်ကို လည်း နှုတ်မဆက်နိုင်ဘဲ အိပ် လိုက်တာ မနက်အလင်းပင်။

အခုဆို သမီးပင် ငါးနှစ်ရှိနေ ပြီ။ လောကကြီးအကြောင်းကို ဘာ မှမသိသေးချေ။ မောင်ကသာ သမီးရဲ့အဖေ၊ သမီးရဲ့အမေဖြစ်နေ သည်။ ယောက်ျားတန်မဲ့ စနေ၊ တနင်္ဂနွေ ကျောင်းပိတ်ရက်တွင် သမီးလေးကစားချင်သည့် အိုးပုတ် ခွက်တွေနဲ့ကစား သည်။ ပန်းတွေ သီပြီး လည်း ပန်ပေးတတ် သေးသည်။

မောင့်ဘက်က ဘယ်လိုငြိုငြင်မှုမှ မရှိခဲ့ပေမယ့် မေ့ ဘက်ကတော့ ပျက် ကွက်မှုများစွာနှင့်ပါ။



"မေရေ.....မေ့အိမ်က ဖုန်း ဆက်တာ သုံးခါတောင်ရှိပြီ၊ ဘာ အရေးကြီးသလဲမသိဘူး၊ ပြန်ဆက် လိုက်ဦးလေ"

မေ့ရဲ့မိတ်ကပ်ဆရာ မာမီဝင် နီရဲ့စကားကြောင့် ဖုန်းလေးကို လှမ်းယူပြီး အိမ်ကိုဆက်လိုက် သည်။

ဒီနေ့ ပဲခူးရွှေသာလျောင်း ဘုရားတွင် ဇာတ်သိမ်းခန်းရိုက်နေ ရသည်။ မနက်က အစောကြီးထ လာရသဖြင့် မောင့်ကို ဘာစကား မှ မပြောဖြစ်ခဲ့ချေ။

ဇာတ်ကားရိုက်နေလျှင် ဖုန်း ပြောတာမျိုး မေမနှစ်သက်ချေ။ ဒါ ကြောင့် ဖုန်းကိုအမြဲတမ်းပိတ်ထား တတ်သည်။ အခုတောင် မာမီက သူ့မိတ်ဆွေဆီ ဖုန်းလှမ်းဆက်လို့ သိရခြင်းဖြစ်သည်။

"ဟယ်လို"

ဖုန်းလာကိုင်သူမှာ ရွှေစာဖြစ် သည်။

"ဟဲ့.....ရွှေစာ၊ မမဆီ ဖုန်း ဆက်သေးတယ်ဆို"

www.burmeseclassic.com



"ဟုတ် မမ၊ အရေးကြီးလို့ပါ၊ ညီမလေး သတိလစ်သွားလို့ပါ"

မေ့လက်ထဲကဖုန်းလေးလွတ်ကျမတတ်။ သမီးလေး အဖျားကြီးကြီး သတိလစ်သွားတာတဲ့။

ဒါကြောင့် မနက်က မောင့်ကို မတွေ့ခဲ့ရတာကိုး။ ခါတိုင်း မေ အဝေးခရီးသွားရလျှင် မောင်က အစစအရာရာ သတိလိုက်ပေးရသည်။

ဒါရိုက်တာဆီခွင့်တောင်းပြီး မေပြန်လာခဲ့သည်။ သုံးခါစလုံးဖုန်းဆက်သူမှာ ရွှေစာဆိုလျှင် မောင်က မေ့ကို စိတ်ဆိုးနေတာ လား။ ကား က တရိပ်ရိပ်ပြေးနေပေမယ့် မေ အားမရချေ။ ရန်ကုန်ထဲဝင်လာတော့ ဂရုတစိုက်မောင်းရတော့၏။ မီးပွိုင့်မှာ စောင့်ရတာကိုလည်း တစ်ကမ္ဘာလောက်ကြာသည်ဟု ထင်မိသည်။

ခြံထဲကားကိုမောင်းဝင်ပြီး အထုပ်အပိုးတွေမယူနိုင်ဘဲ အလောတကြီးတက်လာခဲ့သည်။ ရွှေစာက မေ့ကိုမြင်တော့ ပြေးလာပြီး.....

"အမယ်လေး တော်သေးတယ် မမရဲ့၊ ခုနလေးကမှ ညီမလေး သတိရလာတာ၊ အခု ဆရာနဲ့ စကားပြောနေလေရဲ့၊ ဆရာကဆန် ပြုတ်တိုက်နေတာ မသောက်ဘူး"

မေ သမီးလေးအခန်းရှေ့ကို ရောက်တော့ တံခါးကိုဖွင့်ဖို့တွန်း လိုက်စဉ် စကားသံတွေကြောင့် လက်တွေတန့်သွားသည်။

"မသောက်ဘူး၊ လင်းလင်းကို ချစ်ရင် အဲဒါတွေမတိုက်ပါနဲ့ ဖေဖေ ရဲ့"

"ချစ်တာပေါ့ သမီးရယ်၊ ချစ် လို့တိုက်တာပေါ့၊ ဒါသောက်ပြီးရင် ဆေးသောက်ရဦးမှာလေ"

"ဟင့်အင်း၊ ဆေးပဲသောက်မှာ၊ အဲဒါမသောက်ဘူး"

"မေမေတိုက်မယ်လေ သမီး"

မေ့စကားကြောင့် မောင့်ရင်ခွင်ထဲတွင် ပျော့ခွေစွာနေသော သမီးလေး ၏ခေါင်းက ထောင် လာသည်။ မေ့ကို စူးစူးဝါးဝါးကြည့်





www.burmeseclassic.com

www.burmeseclassic.com

ဦးနောက်.....

"သွား.....ဘာလာလုပ်တာလဲ လင်းလင်းတို့ စကားပြောနေတယ်၊ မလာနဲ့"

"သမီးရယ်"

"မုန်းလိုက်တာ"

"ဟဲ့.....သမီး လင်းလက်"

"အို....."

ကလေးနဲ့မလိုက်ဖက်စွာပြောလိုက်သည့် သမီးရဲ့စကားကြောင့် မေ အံ့အားသင့်သွားရသည်။ မောင့်ကိုကြည့်တော့ မောင့်မျက်နှာနီရဲလာကာ.....

"သမီး ဘာလို့မေမေ့ကို အဲဒီလို ရိုင်းစိုင်းရတာလဲ၊ ရဲကြီးမှာ ကြောက်ဘူးလား"

"ကြောက်တယ်၊ ဒါပေမဲ့ မေမေ့ကိုသွားခိုင်း၊ လင်းလင်းမမြင်ချင်ဘူး"

"အို....."

"ကြားလား မေ၊ ခဏလေး ထွက်သွားပါ၊ အခုအချိန်မှာ သမီးအတွက်အရေးကြီးတာ ဘာမှမရှိဘူး"

သမီးရယ် အဝေးကနေ ပြေးလာရတဲ့ မအေကို ဆီးကြိုပုံက ရိုင်းလှချည်လား။ မေမေ ရင်ကွဲနေရပြီ၊ မေမေဟာ အဲဒီလောက်အထိ မုန်းစရာကောင်းနေပြီလား။

ထမင်းကို စိတ်လက်မပါစွာ စားပြီး သမီးလေးရဲ့အခန်းရှေ့ တစ်ခေါက်ရောက်ရပြန်သည်။ စေ့ထား

**ထမင်းကို စိတ်လက်မပါစွာ စားပြီး သမီးလေးရဲ့အခန်းရှေ့တစ်ခေါက်ရောက်ရပြန်သည်။ စေ့ထားသော တံခါးလေးကို အသာတွန်းပြီးဝင်လိုက်တော့ သမီးလေးက အိပ်ပျော်နေသည်။ သမီးလေးရဲ့ခုတင်နားမှာ အကြာကြီးရပ်ပြီးငေးနေသည်။ မောင်နဲ့ချွတ်စွပ်တူသော သမီးရဲ့စိတ်ဟာ ...**

သော တံခါးလေးကို အသာတွန်းပြီးဝင်လိုက်တော့ သမီးလေးက အိပ်ပျော်နေသည်။ သမီးလေးရဲ့ ခုတင်နားမှာ အကြာကြီးရပ်ပြီးငေးနေသည်။ မောင်နဲ့ချွတ်စွပ်တူသော သမီးရဲ့စိတ်ဟာ မေနဲ့ချွတ်စွပ်တူသည်။ တစ်ဖွတ်ထိုးဆန်ကာ စိတ်မှတ်ကြီးတာဖြစ်သည်။

သမီးလေးရဲ့နဖူးကို ငုံ့နမ်းပြီး ခါးမတ်လိုက်စဉ် မောင်ကဝင်လာပြီး မေ့လက်ကို အသာဆွဲပြီးခေါ်လာသည်။ ဧည့်ခန်းဆီသို့ ရောက်သောအခါ.....

"မောင်"

"ဒါတွေက မင်းပြုလုပ်ခဲ့တဲ့ အရာတွေရဲ့ နောက်ဆက်တွဲတွေပဲ မေ"

"သမီး မေ့ကို မုန်းနေပြီလား"

"မဟုတ်ပါဘူး၊ ကလေးဆိုတာ မုန်းတယ်ဆိုတာ သိတတ်၊ ခွဲခြားတတ်တဲ့သူမှမဟုတ်တာ"

"မေ ဘာလုပ်ရမလဲ မောင်"

"ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသားချဖို့ အချိန်တန်ပြီ မေ"

မေ အလန့်တကြား မောင့်ကို ကြည့်မိသည်။ မောင်ကတော့ မေရခဲ့သည့် အကယ်ဒမီရုပ်တုကို အကြာကြီး စိုက်ကြည့်ပြီး.....

"တစ်ခုတော့ စွန့်လွှတ်ရလိမ့်မယ်"

"မဖြစ်နိုင်တာ မောင်၊ မေ့နောက်ထပ် မလစ်ဟင်းအောင်..."

"တော်ပြီ မေမိုး၊ မင်းကတိပေးတဲ့အကြိမ်ပေါင်း မနည်းတော့ဘူး"

"မောင်ကော မေ့ကို မုန်းနေပြီလား၊ စိတ်ကုန်နေပြီလား"

မေ့စကားကြောင့် မောင်က ဆတ်ခနဲလှည့်ကြည့်ပြီး ဟက်ခနဲရယ်သည်။ ရယ်နေတာနဲ့မတူဘဲ မဲ့နေသည်ဟုထင်သည်။

"မုန်းနေလား..ဟုတ်စ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အပြုအမူတွေကို ဘယ်သူက ရေရှည်သည်းခံနိုင်မှာလဲ၊ ဒီလောက် ထိသည်းခံနေခဲ့တာ ချစ်လို့ပေါ့၊ ဒါပေမဲ့ အခုတော့ သမီးဆုံးဖြတ်တဲ့အတိုင်းပဲ ဖြစ်စေရမယ်''

''မောင် တမင် သမီးမေ့ကို မုန်းအောင် လုပ်နေတာလား''

''ဘာ.....''

သမီးလေးရဲ့အိပ်ခန်းဘက်ခြေဦးလှည့်နေသော မောင့်ရဲ့လက်တစ်ဖက်က မြောက်တက်လာ၏။ ဒါပေမဲ့ မျက်ရည်တွေ ပြည့်အိုင်နေသည့်မေ့ကို အကြာကြီးစိုက်ကြည့်ပြီး လက်ပြန်ကျသွားသည်။

''မင်း.....မင်းကွာ''

''မေ အပြောမှားတယ်ထင်ရင် တောင်းပန်ပါတယ် မောင်၊ မေ မြတ်နိုးစွာ တည်ဆောက်ခဲ့တဲ့ ဒီအသိုက်အမြုံလေးကို အပြိုကွဲမခံနိုင်ဘူး''

မောင်ကစံပယ်ရုံဘေးတွင်စံ
ပယ်ပန်းတွေ
ခူးပြီးသီနေသည်။
ပြီးတော့ပုံပြင်(သို့)
သမီးလေးစိတ်ဝင်စားမည့်
တစ်ခုခုကို
ပြောနေပုံရသည်။
သမီးလေးရဲ့မျက်နှာက.....

မောင်က ဘာမှမပြောဘဲ လှည့်ထွက်သွားသည်။

ဆုံးဖြတ်ချက်တစ်ခုခုချရမယ် ဆိုသော မောင့်ရဲ့စကားသံကို အထပ်ထပ် ကြားယောင်လာသည်။

♛♛♛♛♛

သည်။

ဆရာဝန်က စိတ်လှုပ်ရှား[...] မယ့် အကြောင်းအရာတွေ မစဉ်[...] စားနဲ့ဟု ပြောထားသော်လည်း [...] မစဉ်းစား၍မရပါ။ အိပ်ရာပေါ်မှ[...] အသာလှဲပြီး မျက်လုံးတွေ မေးမှိတ်[...] ထားရပေမယ့်.....

သမီးဆုံးဖြတ်တဲ့အတိုင်း....



မေ ဖုန်းချပြီး မှန်ပြတင်းကတစ်ဆင့် ခြံထဲလှမ်းကြည့်မိတော့ မောင်နဲ့သမီးလေး။

မောင်က စံပယ်ရုံဘေးတွင် စံ ပယ်ပန်းတွေ ခူးပြီးသီနေသည်။ ပြီးတော့ ပုံပြင် (သို့) သမီးလေးစိတ်ဝင်စားမည့်တစ်ခုခုကို ပြောနေပုံရသည်။ သမီးလေးရဲ့မျက်နှာက ပြုံးချိုလျက်။ မေ သမီးရဲ့မျက်နှာကို အကြာကြီးငေးပြီး သက်ပြင်းချမိ

မောင့်စကားသံကို ကြား[...] ယောင်မိတော့ မျက်လုံးတွေအလ[...] တကြားပွင့်သွားရသည်။ အကယ်[...] ၍ သမီးအပေါ် မိခင်မေတ္တာအပြည့်[...] အဝပေးနိုင်သူနဲ့များ တွေ့ခဲ့ရင်[...] မောင်က သမီးရဲ့ဆန္ဒအတိုင်းလိုက်[...] လျောမယ်ပေါ့။ အို.....မဖြစ်ရဘူး[...]

ခေါင်းကိုခါယမ်းလိုက်[...] မျက်ရည်တွေက လိမ့်ဆင်းသွား[...] သည်။ စံပယ်ပန်းရနံ့သင်း[...]



www.burmeseclassic.com

www.burmeseclassic.com

လေးကို ရှုရှိုက်မိသဖြင့် မျက်လုံးဖွင့်ကြည့်မိတော့ သမီးလေး လင်းသက်။

စံပယ်ပန်းလေးကို သရဖူလို ခေါင်းမှာပန်ထားပြီး မေ့ကို ငေးကြည့်သည်။ ပြီးတော့ လက်ဖောင်းဖောင်းလေးနဲ့ မေ့မျက်ရည်တွေကို သုတ်ပေးသည်။

"သမီး.....သမီးလေး"

"ဟင့်အင်း၊ ခေါ်မှာလား၊ ခေါ်ရင် အင့်....."

သမီးလေးက နောက်ဆုတ်ပြီး လက်ညှိုးနဲ့ လက်ခလယ်ကို ကွေး ရင်း မေ့ရှေ့မှာ ထိုးပေးသည်။ သဘောကတော့ခေါ်လျှင် လက် ကလေး နှစ်ချောင်းကို နှိပ်ဟုဆိုခြင်းပင်။ မေ သမီးလက်လေးကို နှိပ်လိုက်ပြီး ထိုလက်ကလေးကိုဆွဲယူကာ သမီးလေးကို ပွေ့မိသည်။

"ဖေဖေ သမီးနဲ့မေမေ ခေါ် သွားပြီ"

တံခါးဝဆီ လှမ်းအသံပြု၍ မေမေ့ကြည့်မိတော့ မောင်က စံပယ်ခက်နှစ်ခက်ကိုယူပြီး ဝင်လာသည်။ ပြီးတော့ မေ့နားမှာ ကပ်ထိုင်ပြီး နားရွက်အထက်မှာ ပန်းပန်ပေးသည်။

"မောင်....."

"ဟော.....ဘာလို့ငိုတာလဲ မေရယ်၊ သမီးစိတ်မကောင်းအောင်"

"မေ ဝမ်းသာလို့ပါ"

"ဖေဖေကပြောတယ်၊ မေမေနဲ့ခေါ်ရင် ကစားကွင်းတွေလိုက်ပို့မယ်၊ ပုံပြင်ပြောပြမယ်တဲ့၊ နွေရာသီကျောင်းပိတ်ရင် ခရီးတွေ



ထွက်မယ်တဲ့၊ ဟုတ်လား မေမေ"

"မေ့ရဲ့ဝါသနာကို စွန့်လွှတ်ပါလို့တော့ မောင်မရက်စက်ပါဘူး၊ ဒါပေမဲ့ မောင်တို့သားအဖတွေကို အမြဲအမှတ်ရပေးပါ"

"မေနားလည်ပါပြီ မောင်၊ နောင်တလည်းရနေပါပြီ၊ မောင့်ကိုလေ မေ အရမ်းကျေးဇူးတင်တယ်၊ မောင်ဟာ မေ့အတွက် ပါရမီဖြည့်ဖက်ကောင်းတစ်ယောက်ပါ"

မောင်က မေ့ရဲ့ပခုံးကိုဖက်ပြီး သမီးလေးကို ပေါင်ပေါ်ပြောင်းတင်ကာ.....

"မလိုပါဘူး မေရယ်၊ မောင်တို့သုံးယောက်က တစ်ယောက်နဲ့ တစ်ယောက် ကွန်ရက်လို ဆက် နေတာမဟုတ်လား၊ တစ်ယောက် စိတ်မချမ်းသာရင် တစ်ယောက်က ဘယ်နေပျော်မလဲ"

မေကတော့ မကြာသေးခင်ကမှ မဖြစ်မနေ တစ်ခုခုကို ဆုံး ဖြတ်ရလျှင် ဝါသနာကိုစွန့်ကာ ဒီချစ်သိုက်မြုံလေးကို မဖျက်ဖို့ ဆုံးဖြတ်ခဲ့တာကိုတော့ မောင့်ကို မပြောတော့ပါ။

အခုတော့ ယောကျ်ားကောင်း ပီသသော မောင့်ကြောင့် ဘယ်အရာကိုမှ စွန့်လွှတ်ဖို့ မလိုအပ်တော့ချေ။

**ရှင်လွန်းမယ်**


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




# ဆောင်းအိပ်မက်က နိုးထ လေသောအခါ

ထက်အုံ့လင်း (မုဆယ်)

ဆောင်းနှင်းတို့၏ အေးမြမှုက နံနက်ခင်းကို နိုးထစေသည်။ အိမ်မိုးသွပ်ပြားများမှတစ်ဆင့် မြေပြင်ပေါ်သို့ကျရောက်နေသည့် နှင်းစက်များသည် မိုးရေစက်ပမာ တပေါက်ပေါက်ကျနေသံက စည်းချက်ညီစွာ ရောက်နေသည်။ အိပ်ရာမှနိုးနေသော စိုင်းအောင်မျိုးသည် ဆောင်း ရာသီ၏သဘာဝကို စူးစမ်းလို စိတ်ဖြစ်ပေါ်လာသည်။

ထို့ကြောင့် အိမ်ရှေ့ပြတင်းပေါက်ကိုဖွင့်၍ ဆောင်းရာသီ၏ အလှကို ငေးကြည့်မိတော့သည်။ ဆောင်းနှင်းဖြူလွလွသည် ကောင်းကင်ထက်မှ မြေပြင်ပေါ်သို့ ဝေ့ဝိုက်ကျဆင်းနေသည်မှာ စန္ဒီးပိုက်မင်း သမီးလေး၏ ဘဲလေးအကသည် သဏ္ဍာန်အလား ထင်မှတ်မှားစေသည်။ လမ်းမကြီး၏ လမ်းလယ်ကျွန်းရှိ အစိမ်းရောင် ပန်းပင်ငယ်လေးများသည် ဆောင်းနှင်းစက်များကြောင့် အဖြူရောင်ဖြစ်နေသည်။

အနက်ရောင် ကတ္တရာလမ်းမကြီးသည်လည်း အဖြူရောင်မွေးပွတဘက်ကြီး ခင်းထားသည့်နှယ် ဖြူဖွေးနေသည်မှာ ကြည့်၍ပင်ကောင်းတော့သည်။ စိုင်းအောင်မျိုးသည် ဆောင်းရာသီ၏ သဘာဝအလှတရားကို သားနှင့်သမီးအား ကြည့်ရှုစေချင်သော်လည်း သားနှင့်သမီးမှာ စောင်ထူထူအောက်တွင် ကွေးနေသည်မှာ ခေါင်းပင်မဖော်ပေ။ သားနှင့်သမီးအား မနှိုးရက်၍ မိမိဘာသာ တစ်ဦးတည်း လမ်းမကြီးပေါ်သို့ ငေးကြည့်နေမိသည်။



ထိုစဉ် လမ်းမကြီးပေါ်သို့ မိသားစုလေးဦး အားကစားဝတ်စုံပြည့်ဖြင့် စကားပြောလိုက်၊ ရယ်မောလိုက်နှင့် လမ်းလျှောက်နေကြသည်မှာ မြင်ရသူစိုင်းအောင်မျိုးပင် ကြည်နူးစေသော မြင်ကွင်းတစ်ရပ်ဖြစ်လေသည်။ စိုင်းအောင်မျိုးသည် ထိုမိသားစုကိုကြည့်၍ ရုတ်တရက်နှုတ်မဆက်ဘဲ ထွက်ခွာသွားသူ ချစ်ဇနီး နန်းကြာအုံကို မြင်ယောင်မိတော့သည်။ လွန်ခဲ့သည့် ဂါးနှစ်ဘာ



www.burmeseclassic.com

www.burmeseclassic.com



ကာလက ယခုလို ဆောင်းရာသီမှာပင် နန်းကြာအုံတစ်ယောက် မိမိရင်ခွင်မှ သားနှင့်သမီးကို မထောက်ထား မငဲ့ညှာ ထွက်ခွာသွားခဲ့သည်။ နှစ်ယောက်အတူ သဘောတူ ကြည်ဖြူစွာဖြင့် ဘဝတစ်ခုကို လက်တွဲထူထောင်ခဲ့သော ချစ်စံအိမ်လေးသည် ရုတ်တရက် ပျက်ပြယ်ကာ စိုင်းအောင်မျိုးတစ်ဦးတည်းဖြင့် သားသမီးနှစ်ယောက်ကို ရှာဖွေကျွေးမွေး ပြုစုစောင့်ရှောက်ခဲ့သည်မှာ ငါးနှစ်တိုင်ခဲ့လေပြီ။

သြော်..ငါးနှစ်ဆိုသော အချိန်ကာလ အတိုင်းအတာတစ်ခုသည် ဘာမှမကြာလိုက်သလိုပါပဲလား။ ဆောင်းရာသီ၏ မြင်ကွင်းကို ကြည့်ရှုရင်းပင် လွန်ခဲ့သည့် ငါးနှစ်တာကာလဆီသို့ ပြန်လည်ရောက်ရှိသွားသလို ခံစားမိလေသည်။

♛♛♛♛♛

ဆောင်းရာသီ၏ နံနက်ခင်းဖြစ်သော်လည်း စိုင်းအောင်မျိုးတို့ ဇနီးမောင်နှံမှာချွေးတလုံးလုံးဖြင့် ကယ်ရီသယ်ဆောင်မည့် ပစ္စည်းများအား ထုပ်ပိုးနေကြသည်။

"ကြာအုံ....လမ်းအခြေအနေကော ကောင်းရဲ့လားဟာ"

စိုင်းအောင်မျိုးမှာ နန်းကြာအုံကို မတတ်သာ၍ခွင့်ပြုလိုက်ရသော်လည်း စိတ်မချဖြစ်နေသည်။

"ကောင်းပါတယ် ကိုအောင်မျိုးရယ်၊ ထွေးခမ်းတို့ သေသေချာချာ စုံစမ်းပြီးပါပြီ၊ ဂိတ်တွေ သိပ်မကျပ်ဘူးတဲ့၊ ဒါကြောင့် ရှိစုမဲ့စု လက်ဝတ်လက်စားတွေတောင် ရောင်းပြီးရင်းထားတာ၊ ဒီလို တစ်ခါတလေ လုပ်တဲ့သူဆို ဖမ်းလားဆီးလားမလုပ်ဘူးတဲ့၊ ကျွန်မတို့ သားအတွက် ဒီလောက်တော့ ရင်းရတာပေါ့ရှင်ရယ်၊ ဒီနှစ်မှာလုပ်မယ့် စုပေါင်းရှင်ပြုပွဲမှာ ကျွန်မသားရှင်ပြုရမယ်၊ အဲ့ဒါ ကျွန်မမျှော်လင့်ချက်ပဲ၊ ကျွန်မတို့ရဲ့ အထည်ဝယ်ရောင်းနဲ့တော့ သားရှင်ပြုဖို့မလွယ်ဘူးလေ၊ စိတ်ချပါကိုအောင်မျိုးရယ်၊ ကျွန်မလည်း ဒီလောက် မအပါဘူး"

နန်းကြာအုံသည် လင်ဖြစ်သူစိတ်ချစေရန် ပြောလိုက်ရသော်လည်း သူကိုယ်တိုင်က ဒီလိုကယ်ရီအလုပ်မျိုးကိုမလုပ်ဖူးခဲ့။ သားဖြစ်သူ ရှင်ပြုရေးသာ သူ့စိတ်ဝယ် ဆောင်နေ၍ နန်းထွေးခမ်းတို့နှင့်





www.burmeseclassic.com

စွန့်စွန့်စားစား လုပ်နေခြင်းဖြစ်သည်။ ဒီအလုပ်ကို မိမိမကျွမ်းကျင်။ ဒီတစ်ကြိမ်ပါပဲလေ။

"ကြာအုံရာ ငါ့အနေနဲ့တော့ စိတ်ကိုမချပါဘူးဟာ၊ ရတာနဲ့ ရင်မောတာနဲ့ မကာမိဘူးထင်တယ် နော်"

စိုင်းအောင်မျိုးသည် တစ်ဖက်နိုင်ငံလုပ် စကားပြောစက်များကို အဝတ်ဖြင့်ထုပ်ပိုးရင်း စိတ်မချဖြစ်နေကြောင်း တဖွဖွပြောနေသည်။

"ကိုအောင်မျိုးရယ် ဒီခရီးနဲ့ဒီလမ်း ဘာမှပူစရာမလိုပါဘူး၊ သွားနေကျပဲဟာကို"

"မဟုတ်ဘူးလေ ကြာအုံရဲ့၊ ဒီလမ်းက သွားနေကျဆိုပေမယ့် ဒီတစ်ခေါက်သွားတာက သာမန်သွားရိုးသွားစဉ်နဲ့မှ မတူတာ"

"ကဲပါ...ကိုအောင်မျိုးရယ် စိတ်မချရင်လည်း ဒီတစ်ခေါက်ပါပဲ၊ နောင်မလုပ်တော့ပါဘူးလေ၊ သားအတွက် ရှင်ပြုဖို့က ကျွန်မတို့ လုပ်နေတဲ့ ရွှေလီမှာ အထည်ဝယ်၊ မူဆယ်မှာ ပြန်ရောင်းနဲ့တော့ အလုပ် မဖြစ်နိုင်ဘူး၊ မန္တလေးကို ရောက်ရင် ဒီအထည်ဝယ်ရောင်း ကိစ္စပါ စုံစမ်းပြီး ဆက်သွယ်ခဲ့မယ်လေ"

"အေးဟ၊ အထည်တွေကို ရွှေလီမှာဝယ်ပြီး မူဆယ်သာမက မန္တလေးအထိပါ ရောင်းနိုင်ရင် အဆင်ပြေမှာဟ၊ အေး.....အေး အဲဒီကိစ္စပါ ဆက်သွယ်လာခဲ့ဟေ့"

စစ်ဆေးရေး
ဂိတ် များသည်
သစ်သီးတောင်းကျပ်ဖာဖြင့်
သယ်ဆောင်ခွင့်မရှိ။
သစ်သီး များကို
ပလတ်စတစ်
လက်ဆွဲအိတ် များတွင်
ထည့်၍သယ်ရသည်။
စိုင်းအောင်မျိုးတို့
ဖနီးမောင်နှံသည်
ဆောင်းရာသီ၏
နံနက်ခင်းတွင်
ချွေးစို့သည်အထိ ....

စိုင်းအောင်မျိုးလည်း အထည်ကိစ္စပါလာ၍ စိတ်သက်သာရာ ရသွားသည်။ နန်းကြာအုံလည်း ခင်ပွန်းဖြစ်သူ စိတ်ချမ်းသာအောင် ပြောလိုက်ရ၍ စိတ်သက်သာရာ ရသွားတော့သည်။ စစ်ဆေးရေးဂိတ်များသည် သစ်သီးတောင်းကျပ်ဖာဖြင့် သယ်ဆောင်ခွင့်မရှိ။ သစ်သီးများကို ပလတ်စတစ်လက်ဆွဲအိတ်များတွင် ထည့်၍သယ်ရသည်။ စိုင်းအောင်မျိုးတို့ ဖနီးမောင်နှံသည် ဆောင်းရာသီ၏ နံနက်ခင်းတွင် ချွေးစို့သည်အထိ ပစ္စည်းများကို ထုပ်ပိုးနေကြသည်။ သူတို့ဖနီးမောင်နှံသည် အိမ်ထောင်ကျစမှပင် အထည်ဝယ်ရောင်း လုပ်ကိုင်လာသည်မှာ သားတစ်ယောက်၊ သမီးတစ်ယောက် ထွန်းကားခဲ့သည်အထိဖြစ်သည်။

ယခုအခါ သားကြီး စိုင်းဆိုင်မိန်းပင် ရှစ်နှစ်ပြည့်ခဲ့ပြီ။ ရှင်ပြုသင့်သည့်အရွယ်လည်း ရောက်နေသည်။ သူတို့ အဝတ်အထည်ရောင်း၍ ရသည့်ငွေမှာ မိသားစုစားဝတ်နေရေးနှင့် သားသမီးနှစ်ဦးပညာရေးအတွက်သာ ဖူလုံ၏။ ပိုလျှံမှုမရှိ။ သားရှင်ပြုရန်နှင့်အထည်ဈေးကွက် တိုးချဲ့ရန်အတွေးကြောင့်သာ စိုင်းအောင်မျိုးလည်း ရိုးသားကြိုးစားသူဖြစ်၍ သမ္မာအာဇီဝအလုပ်ကိုသာလုပ်လိုသည်။

ယခုလို စွန့်စား၍ ရှာဖွေစားသောက်သည့်အလုပ်ကို အားမပေးချင်။ ဖနီးသည်က ရရှိလာမည့် အကျိုးအမြတ်သာ မျှော်နေသော်လည်း စိုင်းအောင်မျိုးစိတ်က ခပ်

www.burmeseclassic.com

လေးလေးပင်။

♛♛♛♛♛



စိုင်းအောင်မျိုးသည် မူဆယ်မြို့၏ ညစျေးတန်း၌ ယာယီအထည်ဆိုင်ကို သားသမီးနှစ်ဦးနှင့် အတူခင်းကျင်းပြီး ဈေးဝယ်ကို မျှော်နေမိသည်။

"လာနော်.....ကျားဝတ်၊ မဝတ် ဆိုဒ်စုံရမယ်၊ နောက်ဆုံးပေါ် ဒီဖိုင်းသစ်တွေ...ဒီဖိုင်းသစ်တွေ..."

"လူကြီးဝတ်၊ ကလေးဝတ် အစုံရှိတယ်"

စိုင်းအောင်မျိုးက ဈေးခေါ်သလို သားဖြစ်သူကလည်း ဈေးခေါ်နေသဖြင့် ကြည်နူးမိလေသည်။ သမီးဖြစ်သူကတော့ ဈေးဝယ်များကို လိုက်ကြည့်နေသည်။ စိုင်းအောင် မျိုးသည် သားသမီးများကိုကြည့်၍ အားတက်နေသည်။ အေးရမှန်း၊ ချမ်းရမှန်း မသိ။ အထည်ရောင်းနေသည်မှာ မောပန်းသည်မရှိ။

ယနေ့ ညဥ့်ဦးပိုင်းတွင်ပင် ဖြစ်လင့်ကစား အထည်များ အရောင်းသွက်နေသည်။ ထိုသို့ အထည်များ ရောင်းနေစဉ်.....

"ဦးစိုင်းအောင်မျိုး...ဦးစိုင်းအောင်မျိုး၊ ဖုန်းလာနေတယ်"

စိုင်းအောင်မျိုးတို့၏ရှေ့ရှိ စတိုးဆိုင်မှ အကူကောင်မလေး၏ လှမ်းခေါ်သံကြားလိုက်သည်။ စိုင်းအောင်မျိုးသည် တယ်လီဖုန်းလာသည်ဟု ကြားလိုက်ရ၍ ပျော်သွားသည်။ သားသမီးများဘက် လှည့်ကာ.....

"သားတို့မေမေဖြစ်မယ်ထင်တယ်၊ ဖေဖေ ဖုန်းသွားပြောလိုက်ဦးမယ်၊ ဆိုင်စောင့်နေကြနော်"

ထိုသို့ပြောပြီး စတိုးဆိုင်ရှိ တယ်လီဖုန်းဆီသို့ ခပ်သွက်သွက် သွားမိ၏။

"ဟုတ်ကဲ့.....ဟုတ်ကဲ့"

သားသမီးတို့၏ဖြေသံကို စိုင်းအောင်မျိုးကြားမည်မထင်။ သူ့စိတ်က တယ်လီဖုန်းဆီသို့သာ။

"ကို...ကိုအောင်မျိုး၊ ထွေးခမ်းပါ၊ ဟင့်.....ဟင့်"

နန်းထွေးခမ်း၏ ငိုရှိုက်သံကြားတော့ စိုင်းအောင်မျိုး၏ မျှော်လင့်ချက်များ လွင့်စဉ်သွားသည်။ စိုးရိမ်စိတ်များက မြင့်တက်လာသည်။ နန်းကြာအုံက ဖုန်းမဆက်ဘဲ နန်းထွေးခမ်းက ဘာကြောင့် ဖုန်းဆက်ပြောရတာလဲ။ စိုးရိမ်စိတ်ကြောင့် ဖုန်းကိုင်သည့်လက်ပင် တုန်ယင်နေသည်။

"ထွေးခမ်း.....ကြာအုံရောဟင်၊ ကြာအုံနဲ့ စကားပြောချင်တယ်"

"ကိုအောင်မျိုး၊ ကျွန်မတို့ တစ်ဖွဲ့လုံးရဲ့ပစ္စည်းတွေ သိန်းနီရှေ့ဂိတ်မှာ အဖမ်းခံရတယ်၊ အဲဒါ..."

"လူတွေတော့ ဘာမှမဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဘူး မဟုတ်လား၊ ငါကြာအုံနဲ့ စကား ပြောချင်တယ်၊ ကြာအုံ့ကို ဖုန်းပေး လိုက်ပါ''

''ကိုအောင်မျိုး ကြာအုံလေ .... ကြာအုံ.....''

နန်းထွေးခမ်းအသံက ပြတ်သွားသည်။ စိုင်းအောင်မျိုး စိတ်မရှည်နိုင်တော့။

''ထွေးခမ်း၊ ပစ္စည်းက အဓိက မဟုတ်ပါဘူး၊ လူတွေ အန္တရာယ် ကင်းဖို့ အရေးကြီးတယ်၊ ကြာအုံ့ကို ဖုန်းပေးလိုက်ပါ''

''ကြာအုံလေ.....ကြာအုံ''

''အေး.....ပြောပါ ထွေးခမ်း ရယ်၊ ကြာအုံ ဘာဖြစ်နေတာလဲ''

''ကို....ကိုအောင်မျိုး၊ ဟိုလေ ကြာအုံက မန္တလေးလည်းရောက်ရော ခဏဆိုပြီး မနေ့ကတည်းက ထွက်သွားတာ၊ ဒီနေ့အထိ ပြန်ရောက်မလာလို့၊ အဲဒါ.....''

''ဘာ.....နင်တို့ မထိန်းထားဘူးလားဟာ''

စိုင်းအောင်မျိုးတစ်ယောက် လေဟာနယ်ထဲရောက်သွားသလို လုပ်ခနဲဖြစ်သွားသည်။ စကားလည်း ဆက်၍မရတော့။

''ကိုအောင်မျိုး..ကိုအောင်မျိုး''

နန်းထွေးခမ်းအသံ ကြားနေရသော်လည်း စိုင်းအောင်မျိုးတစ်ယောက် စကားဆက်မပြောနိုင်တော့။ ဖုန်းခွက်ကို မနည်းအားတင်း၍ ချထားခဲ့လေသည်။ လေးလံ ထိုင်းမှိုင်းသောစိတ်တို့ ကြောင့် ခြေထောက်နှစ်ချောင်းပေါ်



ရပ်တည်နိုင်စွမ်းမရှိတော့။ ဒူးနှစ်ဖက် မြေပြင်ပေါ်သို့ ညွတ်ကျသွားတော့သည်။

♛♛♛♛♛

ဆောင်းလေနုနုအေးအေးက စိုင်းအောင်မျိုးမျက်နှာကို ဖွဲ့ဝဲတိုက်ခတ်လိုက်သဖြင့် အတွေးသံသရာမှ နိုးထလာတော့သည်။

''ဩော်.....ကြာအုံ ရယ်၊ ငါးနှစ်ဆိုတဲ့အချိန်ကာလက မကြာလိုက်သလိုပါပဲလားကွယ်၊ ဒီနေ့ ဒီအချိန်မှာ မူဆယ်–မန္တလေး ကားလမ်းမကြီးဟာ တရားဝင် ကုန်သွယ်ရေးတွေ လွတ်လပ်စွာကုန်သွယ်နေကြသလို စစ်ဆေးရေးဂိတ်တွေကလည်း တင်းကျပ်မှုတွေ လျှော့ချပေးလိုက်တာ သိစေချင်လိုက်တာကွယ်၊ လွန်ခဲ့တဲ့ ငါးနှစ်ကတည်းက ဒီလိုပွင့်လင်းမြင်သာစွာ လုပ်ခဲ့ရင် ကြာအုံနဲ့ ခွဲခွာစရာတောင် မလိုတော့ဘူးပေါ့ကွယ်''

စိုင်းအောင်မျိုးတစ်ယောက် တစ်ကိုယ်တည်း တိုးတိုးလေး ပြောနေမိသည်။

''ဖေဖေ ဘာတွေကြည့်နေတာလဲဟင်''

သားတော်မောင်၏ နှုတ်ဆက်သံကြားမှ စိုင်းအောင်မျိုး ပြန်လှည့်ကြည့်မိသည်။

www.burmeseclassic.com

“ဆောင်းရာသီရဲ့ လှပမှုကို ကြည့်နေတာ သားရဲ့၊ ဘယ်လောက်လှတဲ့ရှုခင်းလဲ၊ ကြည့်ပါဦး သားရယ်၊ ပန်းချီကားကြီးတစ်ချပ်ကို ကြည့်နေရသလိုပါပဲကွာ”

“ဟုတ်တယ်နော် ဖေဖေ၊ လှတော့ လှပါတယ်၊ ဒါပေမဲ့ အေးတယ်နော်”

“ဩော်.....သားရယ်”

စိုင်းအောင်မျိုးက သားတော်မောင်ကို နွေးထွေးစွာ ပွေ့ဖက်ထားမိတော့သည်။

“ဖေဖေ...စုပေါင်းရှင်ပြုပွဲက တပေါင်းလတဲ့၊ နွေရာသီ ကျောင်းပိတ်ရက်ပဲ၊ သား ရှင်ပြုရရင် သိပ်ကောင်းမှာပဲနော်၊ သားလည်း ရှင်ပြုချင်တယ် ဖေဖေ”

သားဖြစ်သူ၏ပူဆာသံက စိုင်းအောင်မျိုးရင်ကို နွမ်းလျစေသလို ရင်ထဲမှာလည်း စိတ်မကောင်းခြင်းများစွာဖြင့်.....

“အေးပါ သားရယ်၊ သား ရှင်ပြုပွဲပါနိုင်အောင် ဖေဖေ ကြိုးစားနေပါတယ်၊ ဒီနှစ်တော့ ဖေဖေ့ဆီမှာ ငွေတော်တော်လေး စုမိနေပါပြီ၊ သားစာကြိုးစားပါ၊ သားစာမေးပွဲအောင်ဖို့လိုတယ်၊ ဖေဖေ့ဘက်က သားကို ရှင်ပြုဖြစ်အောင် လုပ်ပေးမယ်၊ ကဲ...ကဲ သားလည်း ကျေနပ်တော့နော်၊ မျက်နှာသစ်တော့”



“ဟုတ်ကဲ့ ဖေဖေ၊ ဟုတ်ကဲ့”

သားဖြစ်သူက ရှင်ပြုပေး မည်ဟု ကတိရ၍ ပျော်ရွှင်သွား သလောက် စိုင်းအောင်မျိုးမှာတော့ ပင့်သက်ချကာ လေပူကြီး မှုတ်ထုတ်လိုက်တော့သည်။ ကောင်းတူ ဆိုးဘက် ရုန်းကန်လာကြသည့် ဇနီးသည် နန်းကြာအုံကိုလည်း ပိုမိုသတိရစေသည်။

“ကြာအုံရယ်.....မင်း ဘယ်ဆီကို ရောက်နေတာလဲကွယ်၊ သားရဲ့ရှင်ပြုပွဲကျရင် မင်းရှိမှ မိသားစုလေး ပြည့်စုံပြီး ပျော်စရာကောင်းမှာပါကွာ”

စိုင်းအောင်မျိုး တစ်ကိုယ်တည်း တီးတိုးပြောဆိုပြီး သမီးငယ်ကို အိပ်ရာမှနိုးလိုက်သည်။

“သမီးငယ်.....ထတော့လေ ကျောင်းသွားရဦးမယ်”

“ဟင်.....အင့်.....အင်”

သမီးငယ် နန်းအေးခင်လည်း ပျင်းကြောဆွဲနေစဉ်.....

“ဒေါက်.....ဒေါက်.....ဒေါက်”

အိမ်ရှေ့မှ တံခါးခေါက်သံ ကြားရသဖြင့် စိုင်းအောင်မျိုးသည် သမီးငယ်ကိုပွေ့၍ အိမ်ရှေ့သို့တံခါး ဖွင့်ရန်သွားလေသည်။ တံခါးကလန့် ကိုဖြုတ်၍ ကြည့်လိုက်စဉ်.....

“ဟင်.....မင်း.....မင်း”

“ကြာအုံလေ..နန်းကြာအုံ ကိုအောင်မျိုးရဲ့”



www.burmeseclassic.com

www.burmeseclassic.com

စိုင်းအောင်မျိုးတစ်ယောက် တံခါးတစ်ချပ်သာဖွင့်ရသေးသည်။ မြင်လိုက်ရသည့်မြင်ကွင်းက မယုံကြည်နိုင်။ မျက်စိများမှားသလား ထင်ရ၍ မျက်စိကို ပွတ်ကြည့်မိသည်။ မျက်နှာသစ်ရာမှ ပြန်ရောက်လာသည့် သားကြီးက အိမ်ရှေ့သို့ ထွက်လာရာ.....

"ဟင်...မေမေမဟုတ်လား တင်၊ မေမေ"

သားကြီးစိုင်းဆိုင်မိန်း၏အံ့သြသံမှ ဝမ်းသာသံသို့ ပြောင်းလဲသွားသံကြောင့် သမီးငယ် နန်းအေးခင်လေးပါ အိပ်မှုန်စုံမွှားဖြင့် မျက်စိများ ပိတ်နေရာမှ ဖွင့်လျက်ကြည့်လေသည်။

"ဟုတ်တယ်လေ သားရဲ့ သားမေမေလေ"

နန်းကြာအုံသည် အိမ်တံခါး တစ်ချပ်သာ ဖွင့်ထားရာမှ ကျန်တံခါး တစ်ချပ်ကိုဆွဲဖွင့်၍ အိမ်ထဲသို့ဝင် လာပြီး သားဖြစ်သူ စိုင်းဆိုင်မိန်းကို ဖွတ်အတင်း ပွေ့ဖက်ထားလေသည်။ အတန်ကြာမှ.....

"သားရယ် မေမေ့သားကြီးရယ်၊ တော်တော်တောင် ထွားလာလိုက်တာ၊ မေမေ့အရပ်တောင် မီတော့မယ်"

နန်းကြာအုံသည် သားကြီးကို ပွေ့ဖက်ထားရာမှ သမီးငယ် နန်းအေးခင်ကို သတိပြုမိပြီး.....



"သမီးကိုပေးပါဦး ကိုအောင်မျိုးရယ်၊ မေမေလွမ်းလိုက်တာ သမီးလေးရယ်"

နန်းကြာအုံသည် သမီးငယ်ကို စိုင်းအောင်မျိုးလက်မှယူ၍ တရှုပ်ရှုပ် နမ်းပြီး ကျစ်ကျစ်ပါအောင် ပွေ့ထားလေသည်။ သားကြီးကိုလည်း လက်တစ်ဖက်ဖြင့် လှမ်းဖက်လိုက်ပြန်သည်။ စိုင်းအောင်မျိုးက မှင်တက်နေဆဲ။ နန်းကြာအုံသည် သားနှင့်သမီးကို ပွေ့ဖက်ထားရာမှ ခင်ပွန်းဖြစ်သူကို သတိရကာ လှမ်းကြည့်ရာမှ.....

"ကိုအောင်မျိုး...အိမ်ရှေ့က အထုပ်တွေကို သွားယူဦးလေ"

"အေး.....အေး"

စိုင်းအောင်မျိုးသည် ပစ္စည်းများကို အိမ်ရှေ့မှ အိမ်ထဲသို့ သယ်ဆောင်ရင်း ဇနီးသည်ပြန်ရောက်လာ၍ ဝမ်းသာသလို ပဟေဠိဆန်သည့် ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်ရန်လည်း ဆန္ဒစောနေမိသည်။

"ကဲ.....ကြာအုံ၊ ပြန်ရောက်လာတာတော့ ဟုတ်ပါပြီ၊ ငါတို့သားအဖကို ဘာကြောင့်မဆက်သွယ်ဘဲ အခုမှ ဘာကြောင့် ပေါ်လာတာတုံး၊ အဲဒါသိချင်တယ်"

စိုင်းအောင်မျိုး စိတ်ထဲက သိချင်စိတ်ကို မျိုသိပ်မထားနိုင်

www.burmeseclassic.com

တော့။ ဟောဟောဒိုင်းဒိုင်း မေးလေသည်။ နန်းကြာအုံကလည်း ညှော်ခန်းရှိ ဆက်တီထိုင်ခုံပေါ်တွင် ထိုင်ရင်း.....

"ကျွန်မတို့ပစ္စည်းတွေ ဖမ်းဆီးမိတော့ ကျွန်မလည်း စိတ်ဓာတ်ကျသွားတယ်၊ ဒါပေမဲ့ ကျွန်မရဲ့ ရည်မှန်းချက်ဖြစ်တဲ့ သားရှင်ပြုရေးတော့ အပျက်မခံနိုင်ဘူးလေ၊ ဒါကြောင့် ကျွန်မသား ရှင်ပြုနိုင်ဖို့ ငွေရှာရမယ်၊ အဲဒီအတွက် မန္တလေးမှာ ရှမ်းခေါက်ဆွဲရောင်းတယ်၊ ငွေစုတယ်၊ ငွေလေးနည်းနည်းရှိလာတော့ ညဈေးမှာ အထည်ရောင်းတယ်၊ အခု ကျွန်မသား ရှင်ပြုဖို့ ငွေစုမိပြီ၊ ကျွန်မရဲ့ ရည်မှန်းချက် အောင်မြင်သည် အထိ ကိုအောင်မျိုးတို့ကို မဆက်သွယ်ပေမယ့် ကိုယ့်မိသားစု အခြေအနေကိုတော့ ကျွန်မ အမြဲစုံစမ်းနေပါတယ်ရှင်ရယ်၊ ဒီငါးနှစ်အတွင်းမှာ ကျွန်မ စုမိတဲ့ငွေကြေးက သားရှင်ပြုဖို့လုံလောက်တဲ့အတွက် ကျွန်မ ပြန်လာတာပါ"

နန်းကြာအုံလည်း သူ့အခြေအနေကို ရှင်းပြလိုက်မှ စိုင်းအောင်မျိုးလည်း ပြုံးနိုင်လေသည်။

"ကြာအုံရယ် မင်းငွေပါမလာလည်း ငါက ငါ့သားကို ဒီနှစ်တပေါင်းလမှာ ရှင်ပြုပေးဖို့ ငွေရှိနေပါပြီ၊ ငါလိုတာက ငွေမဟုတ်ပါဘူးကွာ၊ မင်းကိုပဲ မျှော်နေတာပါကွာ"

"အို..ကိုအောင်မျိုးကလည်း"

နန်းကြာအုံမှာရှက်ရွံ့သည့်



အလား သားသမီးတို့ဘက်သို့ လှည့်လိုက်လေသည်။ စိုင်းဆိုင်မိန်းလည်း မိဘများ၏စကားကို ကြားရသည့်အခါ ဝမ်းသာအားရဖြင့်.....

"ဒါဆို သားရှင်ပြုဖြစ်တာ သေချာသွားပြီပေါ့၊ ဟေး.....ဟေး"

စိုင်းဆိုင်မိန်းတစ်ယောက် ပျော်ရွှင်ခုန်ပေါက်သွားသလို နန်းအေးခင်ကလည်း မိခင်ပေါ်မှ ဆင်းကာ.....

"သမီးအတွက် ကိုကို့ရှင်ပြုပွဲမှာဝတ်ဖို့ လေဒီရှူးနဲ့ ဂါဝန်ဝမ်းဆက်ဝယ်ပေး၊ ဟေး.....ဟေး"

နန်းအေးခင်ပါ သူ့အစ်ကိုကဲ့သို့ ပျော်ရွှင်ခုန်ပေါက်နေလေသည်။ စိုင်းအောင်မျိုးနှင့် နန်းကြာအုံတို့ ဇနီးမောင်နှံမှာလည်း သားသမီးများကိုကြည့်၍ ပျော်မဆုံး မော်မဆုံးဖြစ်နေလေတော့သည်။ သူတို့၏ ခြောက်သွေ့နေသော မေတ္တာရိပ်မြုံ ကမ္ဘာလေးသည် ယခုမှပင် အသက်ဝင်လာတော့သည်။

"ကြာအုံရယ်တို့ မိသားစုရဲ့ အဖြစ်အပျက်က ဆောင်းအိပ်မက် မက်သလိုပါပဲလားကွာ"

"ကိုအောင်မျိုးရယ် ဆောင်းအိပ်မက်က နိုးထပါတော့၊ သားရဲ့ ရှင်ပြုပွဲအတွက် အခုကတည်းက ကြိုတင်ပြင်ဆင်ကြရအောင်နော်"

စိုင်းအောင်မျိုးတို့ ဇနီးမောင်နှံသည် သားရှင်ပြုပွဲကို စိတ်ကူးဖြင့်တွေး၍ ပျော်ရွှင်ကြည်နူးနေကြလေတော့သည်။

**ထက်အုံ့လင်း (မူဆယ်)**

www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

# ဘေားဝိမ်

# ရှက်လည်းရှက် မောလည်းမော





www.burmeseclassic.com

www.burmeseclassic.com



# ရှက်လည်းရှက် မောလည်းမော

**အေးမိစံ**

တောရိပ်တောင်ရိပ်ဖြင့် အေးချမ်းစိုပြည်နေသော ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်းရှိ အေးသာယာရွာလေးတွင် ကျောင်းထိုင်ဆရာတော် ဦးစီးသည့် ဘုရားပွဲတော်ကို နှစ်စဉ်ကျင်းပခဲ့ရာ ကြက်ပျံမကျ စည်ကားလှသည်။

ဘုရားပွဲတော်သို့ ဧည့်သည်များ ရောက်ရှိလာရာတွင် နယ်စုံ၊ ရှိက်စုံမှ လာရောက်ကြသော်လည်း ဆရာတော်၏သြဇာကြောင့် ပူပူဆူဆူမရှိ၊ ငြိမ်းအေးနေသည်။

ပွဲတော်ကို ဦးစီးကျင်းပနေသည့် ကျောင်းထိုင်ဆရာတော်က "ဟော့ကောင် မင်းမူးနေပြီ၊ ပြန်အိပ်တော့"ဟုဆိုလျှင် မငြင်းသာ။ ပြန်အိပ်ရ၏။

ထိုသို့ အစဉ်အလာကောင်းဖြင့် ကျင်းပခဲ့သော ဘုရားပွဲတော်မှာ အေးသာယာရွာ၏ နောင်တရအေး စေတီဘုရားပွဲဖြစ်သည်။ ယခုဆို လျှင် ဘုရားပွဲစတင်နိုင်ရန် ပြင်ဆင်နေကြပြီဖြစ်သည်။ ရွာပတ်ဝန်းကျင်ရှိ ရွာများမှ မိသားစုများက လှေ၊ လှည်းများဖြင့် ရောက်ရှိလာကြရာတွင် စားဖွယ်သောက်ဖွယ်များ အပြည့်ယူဆောင်လာကြ၏။ လှူ တန်းရန်နှင့် ကိုယ်တိုင်စားသုံးရန် အပြင် ရောင်းချရန်အတွက် ပွဲတော်သို့ လာရောက်ကြသူများက ဘူးသီး၊ ခရမ်းသီး၊ ပဲအမျိုးမျိုး၊ ဆန်၊ ဝက်၊ ကြက်ကအစ ယူဆောင်လာကြသည်။



ယခုနှစ်ဘုရားပွဲတွင် ထူးခြားမှုတစ်ခုရှိလာသည်။ ရပ်ကွက်မှစု ပေါင်းပြီး ဇာတ်သဘင်ဖြင့် ပါဝင် ဖျော်ဖြေရန် စီစဉ်ခြင်းဖြစ်သည်။ ဇာတ်သဘင်အဖွဲ့ကို ကျောင်းထိုင် ဆရာတော်ကိုယ်တိုင် စီစဉ်ကြီးကြပ် လျက်ကပြစေခြင်းဖြစ်သည်။

ယခုနှစ် ဇာတ်အဖွဲ့၏ ဇာတ်လိုက်မင်းသားက ချစ်တင်.....

အထူးပြောစရာမလိုတဲ့ ချစ်တင်ဟု ဆိုရမည်။

ချစ်တင်၏အကြောင်းကို ချီးမွမ်းခန်းထုတ်နေ၍ ပြီးဆုံးမည်



www.burmeseclassic.com

www.burmeseclassic.com

မထင်။ ချစ်တင်က လူတော်၊ လူပျော်ဖြစ်သည်။

အဆိုပါဇာတ်အဖွဲ့၏ အဓိကဇာတ်ဆောင်မင်းသမီးမှာ အေးသန္တာဖြစ်သည်။ တစ်မူထူးခြားပြီး ရိုးရှင်းဖြောင့်စင်းသော ဆံကေသာပိုင်ရှင်ဖြစ်သည်။ ရုပ်ရည်ကအချောကြီးမဟုတ်သော်လည်း အကြည့်ခံသည့် အလှပိုင်ရှင်ဖြစ်သည်။ အေးသန္တာမှာ အမေဗမာ၊ အဖေကရင်မှ မွေးဖွားသောသမီးဖြစ်၍ ချောမောလှပသည်။ အသားအရေ ဖြူဝင်းသည်။

♛♛♛♛♛

''ဒူ.....ဒူ.....ဒူ''

ကျေးရွာဓလေ့အတိုင်း ရွာဆော်ကြီးက ကြေးမောင်းခတ်ပြီး ယခုနှစ် ကပြဖျော်ဖြေမည့် ဇာတ်လမ်းအကျဉ်းအား အော်ဟစ်ကြေညာနေခဲ့သည်။

''ယခုနှစ် ကပြဖျော်ဖြေမည့် အမေ့ရွာပြဇာတ်တွင် နာမည်ကျော်ပြဇာတ်မင်းသား ချစ်တင်၊ မင်းသမီး အေးသန္တာတို့ရဲ့ ကကြိုးကကွက်များဖြင့် မြန်မာမှုဇာတ်သဘင်နှင့် ဟာသပြဇာတ်အား လာရောက်ပြီး တစ်နေ့တာမောပန်းသမျှကို အပန်းဖြေရင်း ခံစားကြည့်ရှုတော်မူကြပါရန် ကြိုတင်အသိပေး ကြေညာလိုက်ပါတယ်''

♛♛♛♛♛

''ဒုန်း.....ဒုန်း''

အဆက်မပြတ် တံခါးခေါက်သံက ပေါ်လာသည်။

''အိမ်ရှေ့က ဘယ်သူတုံး စောစောစီးစီး''

အေးသန္တာက အိပ်ရာထဲတွင် လှဲအိပ်နေရင်း စိတ်တိုစွာ လှမ်းအော်လိုက်၏။ ပြဇာတ်မင်းသား ချစ်တင်က မဝံ့မရဲဖြင့် ပြန်ဖြေလိုက်လေသည်။

''ငါပါဟ၊ ချစ်တင်ပါဟ''

''ချစ်တင်ဆိုရင် ခဏလေး လာခဲ့မယ်၊ ခဏစောင့်''

ချစ်တင်မှာ အဖွဲ့သားများနှင့် အတူ ဘုရားပွဲသို့သွားရန် အေးသန္တာအား ဝင်ခေါ်ခြင်းဖြစ်၏။ ထို အချိန်မှစ၍ အေးသန္တာ၏ ပညာပေးမှုကို စတင်ခံစားရလေ သည်။ အခုလည်း နံနက် ၅ နာ





www.burmeseclassic.com

www.burmeseclassic.com

ဘ အိမ်သို့ရောက်ရှိပြီး အသံဖြင့် တစ်အော်၍နှိုးခဲ့ရာ လုံးဝတံခါးဖွင့် ပေးခဲ့။ ချစ်တင်က စိတ်မရှည်၍ ရှာထဲသွားလိုက်၊ ပြန်လာလိုက်ဖြင့် စောင့်နေခဲ့ရာ မွန်းတည့်ချိန်ကျမှ အိမ်ရှေ့တံခါးအား လာဖွင့်ပေးခဲ့သည်။

"ဘာတုံး ကိုချစ်တင်ရဲ့၊ ဒီမှာ အိပ်လို့ကောင်းတုန်း"

ချစ်တင်မှာ စိတ်မဆိုးဝံ့ဘဲ အေးသန္တာ၏မျက်နှာကို မြင်လိုက်ရသည်နှင့် အပြုံးဖြင့် နှုတ်ဆက်ခဲ့သည်။ အေးသန္တာက တံခါးဖွင့်ပေးပြီးမှ အိမ်ထဲပြန်ဝင်သွားခဲ့၏။

"ခဏလေးစောင့်ဦးနော်၊ အဝတ်အစားယူလိုက်ဦးမယ်"

ချစ်တင်မှာ စိတ်မဆိုးရက်။ အိမ်အဝမှ ထိုင်စောင့်နေခဲ့၏။

ခဏကြာတော့ အိမ်ထဲမှ အဝတ်ထုပ်များ လေထဲပျံဝဲထွက်လာသည်။ ချစ်တင်မှာ အဖော်ပါလာသူ သူငယ်ချင်းများကို ပျာပျာသလဲဖြင့် လှမ်းအော်ပြောလိုက်ရသည်။

"ဟော့ကောင်တွေ.....မြန်မြန်ဖမ်း.....မြန်မြန်ဖမ်း၊ အောက်မကျစေနဲ့"

ချစ်တင်၏သူငယ်ချင်းများက အိမ်ထဲမှ လှမ်းပစ်ပေးသော အဝတ်များကို မြေသို့မကျမီ ဖမ်းရသည်။

အဝတ်အစားများ ပစ်ပေးပြီးမှ အေးသန္တာက အိမ်ထဲမှ အိမ်ပြင်သို့ ထွက်လာ၏။ ချစ်တင်က အေးသန္တာစီးရန်အတွက် အသင့်စီစဉ်ထားသောမြင်းကို အေးသန္တာနေထိုင်ရာအိမ်၏ ခြံဝင်းထဲသို့ ဆွဲယူလာခဲ့၏။

"ဒီမှာ ကိုချစ်တင်၊ ကျွန်မ မြင်းမစီးချင်ဘူး၊ ကျွန်မကို ဘုရားပွဲလိုက်စေချင်ရင် ရှင်ကိုယ်တိုင် ကုန်းပိုးပြီးပို့ပေး၊ မြင်းကို ခြံထဲမှာ ပဲထားလိုက်"

အေးသန္တာက အသံခပ်မာမာဖြင့် လှမ်းပြောခဲ့သည်။ ချစ်တင်က



သူ့သူငယ်ချင်းများဆီ လှမ်းကြည့်ရင်း မြင်းကို ခြံဝရှိတိုင်တွင် ကြိုးချည်၍ထားခဲ့သည်။

"ဟုတ်ကဲ့ပါ အေးသန္တာ၊ ကုန်းပိုးပြီးပို့ပါ့မယ်"

အေးသန္တာ၏ တစ်ချက်လွှတ်အမိန့်သံကြောင့် ချစ်တင်ခမျာ "ဟုတ်ကဲ့ခင်ဗျ"ဟုသာ ပြန်ပြောနိုင်ခဲ့သည်။

အေးသန္တာ၏ တောင်းဆိုချက်

www.burmeseclassic.com



အရ အေးသန္တာအား ကုန်းပိုးရန် ချစ်တင်က သူ၏တပည့်တစ်ဦးအား လှမ်းပြောလိုက်သည်။

"တပည့်တွေက ကုန်းပိုးရင် ကျွန်မ မလိုက်ဘူး"

နဲ့ကွာ"

အေးသန္တာအနီးသို့ ချစ်တင်က တိုးကပ်သွားခဲ့သည်။ အေးသန္တာကို မလွန်ဆန်ဝံ့သော ချစ်တင်ကို သူ၏တပည့်များက

"အမယ်လေး...လေးလိုက်တဲ့ ကိုယ်လုံးကြီး"

"ရှင်ဘာပြောတာလဲ ကိုချစ်တင်၊ ကျွန်မကို မနိုင်ရင် ကျွန်မလည်း လမ်းလျှောက်ပြီး မလိုက်နိုင်ဘူး၊ ဒါပဲ"

"အမယ်လေး မယ်မင်းကြီးမရယ်၊ ငချစ်တင်က မြင်းမတုတ်ဘူး"



♛♛♛♛♛

ချစ်တင်နှင့် အေးသန္တာတို့မှာ ဆရာတော်၏ ဖိတ်ကြားချက်အရ ဓာတ်ပွဲသို့ မလာမဖြစ် လာခဲ့ရ၏။ ကျောင်းထိုင်ဆရာတော်က ချစ်တင်အား အေးသန္တာကိုဝင်ခေါ်ရန် ခိုင်းခဲ့သည်။ ထို့ကြောင့် အေးသန္တာ၏နေအိမ်အထိ သွားပြီးခေါ်ခဲ့ရ၏။ အေးသန္တာက တမင်ပင် ညှဉ်းဆဲလိုစိတ်ဖြင့် အမျိုးမျိုးလုပ်ခိုင်းခဲ့၏။ အေးသန္တာ၏ ပညာပေးမှုကို ချစ်တင်မှာ တစ်လမ်းလုံးကြုံခဲ့ရသည်။ အေးသန္တာက သူမ မပါဘဲ ဓာတ်ပွဲကျမဖြစ်သဖြင့် သူ့ကိုအောက်ကျို့ခံပြီး လာခေါ်သော ချစ်တင်အပေါ် ညှဉ်းဆဲခြင်းဖြစ်၏။

"ကွဲ.....ဒါဆိုရင် ဘယ်သူလာရမလဲ"

"ရှင်ကိုယ်တိုင်လာခဲ့"

ချစ်တင်မှာ တစ်ခွန်းသာပြန်ပြောနိုင်ခဲ့၏။

"ချစ်တင်ကို အပြစ်မတင်ပါ

ပြုံးဖြဲဖြဲဖြင့် ဝိုင်း၍ ကြည့်နေကြ၏။

"ဟေ့ကောင်တွေ ဘာရယ်နေတာလဲ"

တပည့်များကိုအရှက်ပြေပြောရင်း အေးသန္တာကို ကျောပိုးလိုက်၏။

"ကျွန်မ ရွာထိပ်ရောက်မှမြင်းကိုစီးမယ်၊ အခု လူပဲစီးမယ်"

"မလုပ်ပါနဲ့ အေးသန္တာရယ်၊ ငါ မနိုင်တော့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com





“ဒါဆိုရင် ဘုရားပွဲကို ကျွန်မ မလိုက်တော့ဘူး”

“ဟာ.....အဲဒီလိုတော့မလုပ်ပါနဲ့၊ ဆရာတော်က ငါ့ကိုအပြစ်ဆိုပါ့မယ်၊ ဒီတော့ ထမ်းဆိုရင် ထမ်းပါ့မယ်၊ ဆရာတော်ရဲ့ကြိမ်ကိုတော့ ကြောက်တယ်”

BURMESE CLASSIC .com

“ဒီလိုမှပေါ့”

ချစ်တင်ခမျာ တပည့်တွေကို အနိုင်ကျင့်လာသမျှ၊ ဩဇာညောင်းလာသမျှ အေးသန္တာနှင့်ကျမှ ဝဋ်လည်တော့၏။

“ရှက်ကလည်းရှက်၊ မောကလည်းမော၊ နှစ်ခုပေါင်းတော့ ရှက်မော.....ရှက်မော”

သူ့ကိုကြည့်ပြီး စောင်းမြောင်းပြောဆိုခဲ့ကြသော တပည့်များကို ချစ်တင်က ဟောက်ပစ်လိုက်၏။

“ဟော့ကောင်တွေ ဘာပြောတာလဲ”

“သီချင်းဆိုတာပါ ဆရာချစ်”

“ပြန်ဆိုစမ်း”

ဆရာ၏အမိန့်ကို မလွန်ဆန်နိုင်သော တပည့်များက ဆရာ၏ဖြစ်ပျက်ပုံအားကြည့်ပြီး ဆိုနေသော သီချင်းအား ချစ်တင်မှ ပြန်ကြားချင်၍ ပြန်ဆိုခိုင်းရာ တပည့်များက သံပြိုင်ဆိုကြရပြန်သည်။

“ရှက်ကလည်းရှက်...မောကလည်းမော၊ ရှက်မော...ရှက်မော”

“အေး...မင်းတို့စာစပ်တာကောင်းတယ်၊ ကာရန်ညီတယ်၊ ဒါမှ ငါ့တပည့်တွေ၊ ငါကလည်း စာပြန်စပ်မယ်”

“ဆရာက ဘယ်လိုစပ်မှာလဲ”

“ဆရာတော်က ကြိမ်းမှာကြောက်လို့ မရှက် မမော၊ မရှက် မမောကွာ”

တပည့်များကို ပြန်ပြောနေသော ချစ်တင်မှာ သူ၏ကျောပေါ်မှ အေးသန္တာအား သတိမေ့ပြီး လက်နှစ်ဖက်က မင်းသားဟန်ဖြင့် ကပြလိုက်ရာ အေးသန္တာမှာ ပိုးလိုးပက်လက်လန်လျက် ကျသွားလေ၏။ ချစ်တင်၏နှုတ်မှ စာသားအသစ်များ ထွက်လာလေသည်။

“ဗေထိုး...ပတ်ကြည့်...ပတ်ကြည့်”



www.burmeseclassic.com

www.burmeseclassic.com

စာသားမဆုံးခင် ချစ်တင်၏ ခေါင်းမှာ ပူထူသွားလေသည်။

"ဒုတ်.....ဒုတ်"

"ပတ်ကြည့်ဦး.....ပတ်ကြည့်ဦး"

"မဟုတ်ပါဘူး သန္တာရယ်၊ ငါ သတိလစ်သွားလို့ပါ"

"ဘာပြောတယ်"

"ချစ်တင်ကို အပြစ်မတင်ပါနဲ့ဟာ၊ ပြေးပြီ.....သန္တာရေ"

ချစ်တင်အား အေးသန္တာက နောက်မှနေ၍ ဝါးတုတ်ဖြင့် လိုက်ရိုက်နေသည်ကို တပည့်များက ဟားတိုက်ရယ်မောနေလေသည်။ ချစ်တင်ကလည်း ပြေးရင်း မင်းသားလိုကလိုက်၊ အေးသန္တာက ဝါးတုတ်ဖြင့်ရိုက်လိုက် ဖြစ်နေခဲ့၏။

♛♛♛♛♛

"ကိုချစ်တင်"

"ဘာတုံး"

"ရှင်မနေ့က ကျွန်မကို ကျောပေါ်ကပစ်ချတာ မှတ်မိလား"

"ငါ တမင်လုပ်တာမဟုတ်ပါဘူး၊ သတိလစ်သွားလို့ပါဟာ"

"သတိလစ်တာ ခဏထား၊ အခု ကျွန်မ ခါးနာနေပြီ"

"အဲဒီတော့ ငါက ဘာလုပ်ပေးရမှာလဲ"

"အခု ဆေးကုပေးဦး"

ချစ်တင်မှာ အေးသန္တာ၏ ခိုင်း စေချက်ကြောင့် ခါးကြောများ နှိပ် ပေးရလေ၏။

အေးသန္တာက အနှိပ်ခံနေရင်း ချစ်တင်ကို လှမ်းပြောလိုက်သည်။

"အခုလို နှိပ်ပေးတဲ့အတွက်"

"ဘာဖြစ်လဲ"

"အား.....နာတယ်"

"တိုးတိုးအော်စမ်းပါဟာ၊ တပည့်တွေ ကြားကုန်ဦးမယ်"

"အို.....ရောဂါကုတာပဲဥစ္စာ၊ ဘာထင်ထင်ပေါ့"

ချစ်တင်လည်း အေးသန္တာ၏ အသံကျယ်ကျယ်ဖြင့် အော်ပြောသံကြောင့် အားတက်သွားလေ၏။

♛♛♛♛♛





www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့တွင်လည်း ချစ်တင်က အေးသန္တာကို သွားခေါ်ရပြန်၏။ သည့်တစ်ကြိမ်တွင်တော့ မနည်းတောင်းပန်ပြီး မြင်းစီးခိုင်းရ၏။

သူတို့ထွက်လာကြသည်မှာ နံနက်ကတည်းကဖြစ်သည်။ ဆရာတော်ရှိရာကျောင်းသို့ သွားကြခြင်းဖြစ်သည်။ ဆရာတော်၏ကျောင်းမှာ ရွာနှင့်အတော်ဝေးဝေးတွင်ရှိသည်။ လမ်းတစ်ဝက်ခန့်အရောက်တွင် သူတို့ခဏနားကြသည်။

နားနေရာမှ ငှက်ဆိုးထိုးသလို အသံကထွက်လာလေ၏။ ယင်းအသံပိုင်ရှင်က ချစ်တင်ပင်ဖြစ်၏။

"ကဲဟေ့.....ဆက်ထွက်မယ်"

ဆရာတော်ရှိရာသို့ ဆက်ပြီး ခရီးထွက်လာသည်မှာ လမ်းတစ်ဝက်ကျော်လာပြီဖြစ်သည်။ ချစ်တင်မှာ အေးသန္တာက သူ့အပေါ်အနိုင်ကျင့်နေသည်ဟု သိရသည့်အတွက် ကလဲ့စားချေရန် အကြံထုတ်လာခဲ့သည်။ အေးသန္တာက ချစ်တင်ထက် အကြံဦးသွားဟန်တူ၏။

"ကိုချစ်တင်....ကိုချစ်တင်"

"ဘာတုံးဟာ.....ဘာတုံး"

"ကျွန်မစီးနေတဲ့မြင်းက သိပ်ပြီးမလှမ်းနိုင်တော့ဘူး"

အေးသန္တာမှာ ချစ်တင်စီစဉ်ပေးသည့်မြင်းကိုစီးနေသည်။ အေးသန္တာလှမ်းပြောလိုက်သဖြင့် ချစ်တင်မှာ စိတ်တိုနေ၍ အသံပြတ်ဖြင့် ပြန်ပြောလိုက်၏။

"အဲဒီတော့ ဘာဖြစ်လဲ"

"ကျွန်မ ဒီမြင်းကို မစီးချင်တော့ဘူး"

"ဒါဆိုလာလေ၊ ငါနဲ့အတူ စီးကြတာပေါ့"

ချစ်တင်ကလည်း အေးသန္တာနှင့်ယှဉ်၍ မြင်းတစ်ကောင်ကိုစီးပြီး ယှဉ်တွဲလိုက်ပါခဲ့သည်ဖြစ်၏။ သို့ဖြစ်၍ နှစ်ယောက်အတူစီးရန် ပြော လိုက်၏။



"အို.....ကျွန်မ မစီးရဲဘူး"

"ဒါဆို ငါဘာလုပ်ပေးရမှာလဲ"

"မြင်းနှစ်ကောင်ရဲ့ ဇက်ကြိုးကိုင်ပြီး အောက်ကဆွဲပြီးလိုက်ခဲ့ပေါ့"

အေးသန္တာက သူ့အပေါ်တမင် အနိုင်ကျင့်လိုက်မှန်းသိ၏။ သူ၏ မခံချင်စိတ်ဖြင့် ရင်ထဲမှ လူမကြားအောင် ပြောခဲ့မိ၏။

"ဟာ...သွားပြီ၊ မလုပ်နိုင်ရင် ဘုရားပွဲလိုက်မှာမဟုတ်တော့ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါ့ထက်အကြဲဦးသွားပြီ''

ချစ်တင်မှာ အေးသန္တာအလိုကျဖြစ်စေရန် အလျှော့ပေးလိုက်ရ၏။ သူ့တပည့်များ၏ ဟားတိုက်ရယ်မောမှုကို မခံရမီ ကြိုတင်တောင်းပန်စကားဆိုလိုက်၏။

''ချစ်တင်ကို အပြစ်မတင်ပါနဲ့ တပည့်တို့ရာ''

ချစ်တင်၏တပည့်များက မြင်းပေါ်မှ အေးသန္တာအား လက်မထောင်ပြပြီး ဂုဏ်ပြုလိုက်ကြသည်။ သူတို့အပေါ် အမြဲအနိုင်ကျင့်နေသော သူတို့၏ဆရာကို အေးသန္တာက အနိုင်ယူပြလိုက်၍ ရင်ထဲမှ ကျိတ်ပြီးပြုံးနေမိကြ၏။

တပည့်များက သူတို့၏ဆရာကိုကြည့်ရင်း ပါးစပ်ဆိုင်းတီး၍ သြဘာပေးလိုက်ကြ၏။

''ရှက်ကလည်းရှက်၊ မောကလည်းမော၊ ရှက်မော...ရှက်မော၊ ပတ်ပေထိုးကြည့်.....ပတ်ပေထိုးကြည့်''

တပည့်အားလုံး သံပြိုင်ဖြင့် အော်နေကြ၍ ချစ်တင်မှာ ရှက်ရှက်ဖြင့် ဟောက်လိုက်မိ၏။

''ဟေ့ကောင်တွေ.....တော်တော့၊ သီချင်းသံကို အခုတိတ်တော့၊ မဆိုတော့နဲ့၊ ချစ်တင်ပဲခံရတာ၊ ချစ်တင်ကို အပြစ်မတင်ပါနဲ့ကွာ''

''မတင်ပါဘူး ဆရာချစ်ရယ်''

''အေး.....ဆရာတော်ရဲ့ ကျောင်းကိုရောက်မှ ဆရာတော်ကို လျှောက်ထားတိုင်ကြားပြီး အနိုင်ယူပြမယ်''

ချစ်တင်၏ကြုံးဝါးသံကြောင့် အေးသန္တာနှင့် ချစ်တင်၏တပည့်များမှာ အပြန်အလှန်ကြည့်ရင်း ပြုံးနေမိကြတော့၏။

**အေးမိစံ**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





# ပန်းဒိုင်ယာရီ

ဆုမွန်ဦး (ဟင်္သာတ)

"ဒေါင်.....ဒေါင်.....ဒေါင်"

နံနက် ၅ နာရီထိုးသံကြားသည်နှင့် ဦးဘထွန်းတစ်ယောက် မှန်ရှေ့တွင် တစ်ချက်ရပ်လိုက်ပြီး ခေါင်းကို သပ်သပ်ရပ်ရပ် ဖြီးလိုက်သည်။ ထို့နောက် နောက်ဖေးမီးဖိုချောင်ထဲတွင် ချက်ပြုတ်နေသော ဇနီးသည်ကို အသံပြုလိုက်၏။

"မေကြည့် ကိုယ်သွားတော့မယ်နော်"

"မစောဘူးလား ကိုဘထွန်းရယ်"

"အို.....မစောပါဘူးကွာ၊ အရှေ့ဘက်က ရောင်နီတွေ တောင် သန်းလာနေပြီ၊ ခုချိန်လောက်ဆို ကိုမြမိုးတို့ ငါ့ကိုစောင့်နေလောက်ပြီ"

"ကဲ..ကဲ ဒါဆိုလည်း သွား.. သွား"



ဦးဘထွန်းတစ်ယောက် သူ၏ တိုက်ခန်း လှေကားလေးပေါ်မှ တစ် ထစ်ချင်းဆင်း၍လာခဲ့သည်။ အရှေ့ဘက် ဦးရောင်နီများသည် ကောင်းကင် တစ်ခွင်တစ်ပြင်လုံး၌ ဆေးရောင်စုံများ ဖျန်းပက်ကြ၍ ထားလေသည့်အလား ရှိကြ၏။ မြေပြင်သို့ရောက်လျှင် ဦးဖိုးကျား လမ်းလေးမှနေ၍ လျှောက်လာခဲ့သည်။

ဒေါ်သိန်းတင်လမ်းထိပ်မှ လက်ဖက်ရည်ဆိုင်လေးတွင် ကိုမြမိုး၊ ကိုဘဆွေနှင့် ကိုတင်ထွဋ်တို့ သုံးဦးက သူ့အား စောင့်နေကြလေပြီဖြစ်လေသည်။ ဤလက်ဖက်ရည်ဆိုင်လေးသည် သူတို့အတွက် ဆုံရပ်ဖြစ်၏။

ဦးဘထွန်းသည် ဘဏ်တစ်ခုမှ အရာရှိဝန်ထမ်းတစ်ဦးဖြစ်၏။ အလုပ်နား၍ ပင်စင်ယူပြီးသောအခါ ကျန်းမာရေးအတွက် နံနက် နံနက်များတွင် ကန်တော်ကြီးတစ်ပတ် အမြဲတမ်း လမ်းလျှောက်လေ့ရှိ၏။

လမ်းလျှောက်စတွင်တော့ ဦးဘထွန်း တစ်ယောက်တည်းသာဖြစ်၏။ ထိုမှ လမ်းလျှောက်ထွက်သူအချင်းချင်း အပေါင်း



www.burmeseclassic.com

www.burmeseclassic.com

အသင်းမိတ်ဆွေများဖြစ်ကာ ထိုမှ ကိုမြမိုး၊ ကိုဘဆွေ၊ ကိုတင်ထွဋ်တို့နှင့် ခင်မင်ရင်း လမ်းလျှောက်ဖော် သူငယ်ချင်းများ ဖြစ်သွားကြ၏။

ထိုသူများသည်လည်း သူ့ကဲ့သို့ပင် ပင်စင်စားဝန်ထမ်းဟောင်းများဖြစ်ကြသည်။ ဒေါ်သိန်းတင် လမ်းထိပ် လက်ဖက်ရည်ဆိုင်ရှေ့ရောက်တော့ ဦးဘထွန်း ဆိုင်ထဲသို့ တစ်ချက်ကြည့်လိုက်သည်။ ကိုမြမိုးတို့ကို အသင့်တွေ့ရ၏။

"ကိုဘထွန်း လာဗျာ၊ လာ...လာ"

"ဘာသောက်မလဲ"

"ထုံးစံအတိုင်း ချိုကျပေါ့ဗျာ"

လက်ဖက်ရည်သောက်ပြီးတော့ လေးဦးသား ကန်တော်ကြီးဘက်သို့ လူအိုရုံနံဘေး လမ်းကလေးမှပတ်၍လျှောက်ရင်း ထွက်ခဲ့ကြသည်။ ကန်တော်ကြီးကိုဖြတ်၍တိုက်လာသော လေပြည်လေညင်းများက ထွေးပွေ့သိုင်းဖက်လာ၏။ နွမ်းနယ်သော ခန္ဓာကိုယ်များ လန်းဆန်းသွားသည်ဟု ခံစားရသည်။

ပန်းကန်လုံးကျွန်းရောက်တော့ ကန်တော်ကြီးအစပ်မှနေ၍ ကရဝိက်ဖောင်တော်ကြီးကို မျက်နှာမူကာ ကိုယ်လက်လေ့ကျင့်ခန်းများ ငါးမိနစ်ခန့်မျှ လုပ်ကြ၏။ ထို့နောက် ကန်တော်ကြီးတစ်ပတ်ပတ်ကာ

**လက်ဖက်ရည်**
**သောက်ပြီးတော့ လေးဦးသား**
**ကန်တော်ကြီးဘက်သို့ လူအိုရုံနံဘေး**
**လမ်းကလေးမှပတ်၍**
**လျှောက်ရင်း ထွက်ခဲ့ကြသည်။**
**ကန်တော်ကြီးကိုဖြတ်၍**
**တိုက်လာသော**
**လေပြည်လေညင်းများက**
**ထွေးပွေ့သိုင်းဖက်လာ၏။**
**နွမ်းနယ်သော**
**ခန္ဓာကိုယ်များ**
**လန်းဆန်းသွားသည်ဟု....**

လမ်းလျှောက်ကြရင်း ဟိုဟိုသည်သည် စကားများလည်း ပြောဆိုလာကြသည်။

ဗိုလ်ချုပ်ကြေးရုပ်နားရောက်တော့ ခရီးတစ်ထောက်နားကြသည်။ ထို့နောက် တစ်ဦးကိုတစ်ဦး နှုတ်ဆက်ရင်း ဦးဘထွန်းတို့ လူစုခွဲကြသည်။

"ကဲ.....ကိုမြမိုးတို့အားလုံး ကျွန်တော်သွားတော့မယ်နော်၊ ဒီနေ့ ဇနီးက မြို့ထဲက သူ့သမီးဆီ သွားစရာရှိလို့ ခပ်မြန်မြန်ပြန်လာခဲ့ပါဆိုလို့ပါဗျာ"

"ဩော်.....ရပါတယ် ကိုဘထွန်းရယ်၊ သွားပါ.....သွားပါ"

လူစုခွဲပြီးတော့ ဦးဘထွန်း ကန်တော်ကြီးပတ်လမ်းလေးအတိုင်း တစ်ယောက်တည်း လှမ်း၍ပြန်လာသည်။ ကန်တော်ကြီးစောင်းတွင် ပွင့်နေကြသော ယုဇနပန်းများကို တွေ့ရ၏။

"အင်း.....ဒီပန်းလေးတွေကို ခူးပြီး အိမ်ကဘုရားမှာ တင်ရရင် ကောင်းမှာပဲ"

အတွေးတစ်ခုဝင်သည်။ ထို့ကြောင့် ဘေးဘီဝဲယာသို့ တစ်ချက် အကဲခတ်ကြည့်လိုက်၏။ တစ်စုံတစ်ရာ လူသူဟူ၍ မတွေ့ရ။ ထို့ကြောင့် ခပ်မြန်မြန် ပန်းလေးငါးခက်ကို ချိုးရင်းခူးလိုက်သည်။ ဆက်၍လျှောက်လာ၏။ ထိုစဉ်....



www.burmeseclassic.com

www.burmeseclassic.com



''ဖျတ်.....ဖျတ်.....ဖျတ်''
ဟူသော ခြေသံတစ်စုံ၏အသံ
ကို ကြားလာရ၏။ ဦးဘထွန်းက
လှည့်မကြည့်။ ကိုယ့်လမ်းကိုယ်သာ
လျှောက်နေမိသည်။ ခြေသံသည်
တဖြည်းဖြည်းနီးလာ၏။ ထိုမှ လူ
တစ်ယောက်၏ အသံပြုသံကိုကြား
ရသည်။ ထိုအသံသည် ယောကျ်ား
တစ်ယောက်၏ အသံတော့
မဟုတ်။ မိန်းကလေးတစ်ဦး၏
အသံသာ ဖြစ်လေသည်။

''ဦး.....ဦး.....ဦး''

ခေါ်သံကြောင့်
ဦးဘထွန်း လှည့်၍ကြည့်
သည်။

''ဦး.....ဦးလက်
ထဲက ယုဇန ပန်းလေး
တွေက ဘယ်က ဝယ်
လာတာလဲ ဟင်၊
ဦးကြည့်ရတာပန်းကြိုက်
တယ်ထင်တယ်နော်''

''အို.....မဟုတ်
ပါဘူးကွယ်၊ ဘယ်က
မှဝယ်လာတာ မဟုတ်
ပါဘူး၊ အိမ်ကဘုရားမှာ
တင်ချင်လို့ ဟိုနားမှာ
ပွင့်နေတဲ့ ပန်းချုံတွေက
ချိုးလာခဲ့တာပါ''

''သြော်.....ဒီလိုလား၊ ဒါဆို
ရင် သူများကို ပန်းလေး တစ်ခက်
လောက် ပေးပါလားဟင်၊ သူများ
လည်း ဦးလိုပဲ အိမ်ကဘုရားမှာ
တင်ချင်လို့ပါ''

''ကဲ.....ကဲ ဒါဆို ရင်လည်း
ရော့.....ရော့ ယူ.....ယူသွား''

အိမ်ကဘုရား တင်ရန်ဟု
ရည်ရွယ်၍ ချိုးလာခဲ့သော ယုဇန
ပန်းလေး သုံးခက်ကို ခွဲ၍ပေး
လိုက်သည်။ ပန်းလေးကို လှမ်း၍
ပေးစဉ် မိန်းကလေးကို ဦးဘထွန်း
က တစ်ချက်အကဲခတ်လိုက်
သည်။ မိန်းကလေးသည် ပျိုမျစ်နု
နယ်သော မိန်းကလေးတစ်ဦးဖြစ်ပြီး
ရှုမငြီးစရာ အလှတရားတို့ဖြင့်
လည်း ရင်ခုန်ချင်စရာ ပြည့်စုံ
နေကြောင်း တွေ့လိုက်ရသည်။
မိန်းကလေးက လဲ့ရွှန်းသော မျက်
ဝန်းညိုညိုတစ်စုံဖြင့် ကြည့်လိုက်
ရင်း.....



''ခုလို ပန်းပေးတာ
ကျေးဇူး တင်ပါတယ်နော် ဦး၊
အိမ်ကဘုရား မှာလည်း
ဦးကုသိုလ်ရအောင် သမီး
ဆုတောင်းပေးပါ့မယ်''

''ရပါတယ်ကွယ်''

မိန်းကလေးအနားမှ
လှမ်း အထွက်တွင်.....

''သြော်.....ဒါနဲ့
ဦးဦး ဦးက နေ့တိုင်း
ဒီလိုပဲ လမ်းလျှောက်
ထွက်လာတာလား ဟင်''

''ဟုတ်ပါတယ်၊
ဒါပေမဲ့ ဦး တစ်ယောက်
တည်းတော့မဟုတ်ဘူး၊
ဦးရဲ့သူငယ်ချင်းတွေလည်းပါ
ပါတယ်၊ ဒီနေ့ ဦးက အိမ်ကိုစော
စောပြန်စရာရှိလို့ သူတို့နဲ့ လမ်းခွဲ
ခဲ့တာလေ''

''သြော်.....ဒါဆို ဦးက
အခုတစ်ယောက်တည်းပေါ့နော်၊

www.burmeseclassic.com

တစ် ယောက်တည်းဆိုတော့ အင်း..... ဘာပဲဖြစ်ဖြစ် ဘေးက တွဲဖို့၊ ပိုးဖို့ အဖော်တစ်ယောက် ယောက်တော့ လိုမှာပေါ့၊ သမီးဦး ကို အဖော်ပြုရင်း လိုက်ခဲ့ပေးရ မလားဟင်''


''အို.....မလိုပါဘူးကွယ်၊ ဦး နေ့တိုင်းလည်း ဒီလိုပဲ တစ် ယောက်တည်း လျှောက်နေ ကျပါ''

''ဟွန်း...သူများက စေတနာ နဲ့ပြောတာပါ၊ ဘာမှန်းလဲမသိဘူး၊ မလိုလည်းနေပေါ့ဟွန်း.....''

အငေါ်အတူး အထေ့အငေါ့ လေးတစ်စုံနဲ့ မျက်စောင်းတစ်ချက် ထိုးရင်း သူ့နားမှခွာသွားလေသော မိန်းကလေးကို အကြည့်လွှဲလိုက် တော့ ဦးဘထွန်း ရင်ထဲတွင် ဖိန်း တိန်းရှိန်းတိန်းဖြစ်၍သွားသည်။ ထို မှ ဦးဘထွန်း အိမ်သို့လမ်းလျှောက် ၍ ပြန်လာခဲ့တော့သည်။

♛♛♛♛♛

သည်နေ့မနက် ဘာကြောင့် မှန်းမသိ။ အိပ်ရာထနောက်ကျ သည်။ ကပျာကယာ မျက်နှာသစ် ပြီး လမ်းလျှောက်ထွက်လာရင်း ကို မြမိုးတို့နှင့်ဆုံရပ်ဖြစ်သည့် ဓါတ်သိန်း တင်လမ်းထိပ်မှ လက်ဖက်ရည် ဆိုင် လေးထဲသို့ကြည့်တော့ တစ်ဦး



တစ်ယောက်ကိုမျှ မတွေ့ရ တော့ပေ။

''ဟင်...ဟိုလူတွေ ငါနောက် ကျလို့ သွားကုန်ကြပြီထင်တယ်''

အတွေးတစ်ခုဖြင့် ဦးဘထွန်း သွားနေကျလမ်းလေးအတိုင်း လမ်း လျှောက်လာခဲ့သည်။ ကန်တော် ကြီးပတ်လမ်း တစ်နေရာအရောက် တွင်.....

''ဦး.....ဦး.....ဦး''

ဟူသော မိန်းကလေး တစ်ဦး ၏ခေါ်သံကြောင့် ဦးဘထွန်းရပ်၍ ကြည့်လိုက် သည်။

''ဟင်...မ...မနေ့က မိန်း ကလေးမဟုတ်လား''

''ဟုတ် ..... ဟုတ်ပါတယ်ရှင်၊ ဦးက မှတ်မိသားပဲနော်''

မိန်းကလေးငယ်သည် လက် ဆွဲခြင်းလေးတစ်လုံးထဲတွင် ယုဇန ပန်းစည်းလေးများကိုထည့်၍ သပ် သပ်ရပ်ရပ်၊ ကြော့ကြော့မော့မော့ ဝတ်ဆင်ထားသည်။

''ဩော်...ဒါနဲ့ သမီးက...''

''ဩော်.....သမီးက ဒီအနီး အနားတစ်ဝိုက်မှာ မနက်မနက် တိုင်း လမ်းလျှောက် ထွက်တဲ့ သူတွေကို ပန်းရောင်းတဲ့ ပန်းသည် မလေးတစ်ဦးပါ''



www.burmeseclassic.com

www.burmeseclassic.com

"ဒါ.....ဒါဆို ဟို...ဟို မနေ့
န်းက....."

"ဟုတ်ပါတယ်၊ ဟို...ဟို ဦး
တွေ့တဲ့ မနေ့တုန်းက သမီး
န်းဝယ်မရလို့ ပြန်လာ ရင်း
မ်က ဘုရားမှာတင် ဖို့ ဦးဆီကပဲ
န်းလေးတွေတောင် တောင်းခဲ့
ာလေ"

"သြော်..ဟုတ်ပြီ..ဟုတ်ပြီ"

"ဦး သမီးရဲ့ပန်းလေးတွေကို
ယ်ပါဦး၊ သမီး ဈေးဦးပေါက်ချင်
"

"အင်း.....အားပေးရမှာပေါ့
လ၊ ဒါနဲ့ တစ်စည်းကို ဘယ်
လောက်ရောင်းလဲ သမီး"

"သြော်...တစ်စည်းကို ကျပ်
ငါးရာပါ ဦး"

"ဒါဆို နှစ်စည်း ပေးကွယ်၊
ရော့..... ငွေတစ်ထောင်"

"သမီးကို ငါးရာပဲပေးပါ ဦး"

"ဟင်..ဘာဖြစ်လို့လဲ သမီး"

"မဟုတ်ဘူးလေ၊ ဦးဆီကနေ သမီး မနေ့တုန်းက ပန်းတွေ တောင်းပြီး ယူထားတာမို့ တစ်စည်းက အစားပြန်ဆပ်တာ"

"သြော်.....ရပါတယ် သမီးရယ်၊ မပေးပါနဲ့၊ သမီး အစားပြန်ပေးရင် သမီး ဒီနေ့ အရှုံးပေါ်မှာပေါ့၊ ရော့...ရော့၊ တစ်ထောင်ပဲယူလိုက်ပါကွယ်၊ သြော်...ဒါနဲ့ သမီးက ဒီနေရာမှာ နေ့တိုင်းပန်းရောင်းတာလား"

**ဟုတ်ပါတယ် ဦးရယ်၊ သမီးက နေ့တိုင်း ဒီနေရာလေးမှာ ပန်းရောင်းပါတယ်၊ သမီးနာမည်က တော့ ယုဇနလို့ခေါ်ပါတယ်၊ သမီး ငယ်ငယ်တုန်းကတည်းက ယုဇနပန်းတွေကြိုက်တာမို့ အဖေနဲ့အမေက....**



"ဟုတ်ပါတယ် ဦးရယ်၊ သမီး က နေ့တိုင်း ဒီနေရာလေးမှာ ပန်းရောင်းပါတယ်၊ သမီးနာမည်က တော့ ယုဇနလို့ခေါ်ပါတယ်၊ သမီး ငယ်ငယ်တုန်းကတည်းက "ယုဇန ပန်းတွေကြိုက်တာမို့ အဖေနဲ့အမေ က ဒီနာမည်ကို ပေးခဲ့တာပါ၊ ဒီနေ့ သမီးရဲ့ပန်းဖောက်သည် တစ်ဦးတိုး ပြီး သမီးကိုအားပေးခဲ့တာကိုလည်း ကျေးဇူးတင်ပါတယ်နော် ဦး၊ သမီး ကို ခွင့်ပြုပါနော်"

"သြော်.....အေး.....အေး၊ ကောင်း.....ကောင်းပါပြီကွယ်"



www.burmeseclassic.com

www.burmeseclassic.com



သည်နေ့ဆိုလျှင် ကိုမြမိုးတို့ အုပ်စုနှင့် ဦးဘထွန်း မဆုံခဲ့သည်မှာ သုံးရက်တိတိရှိပြီဖြစ်သည်။ သူကပဲ စောလွန်း၍လား၊ သူတို့ကပဲ နောက်ကျသည်လား ဒါတော့ ဦးဘထွန်း မပြောတတ်။ ဆုံနေကျ လက်ဖက်ရည်ဆိုင်လေးထဲသို့ကြည့်မိတိုင်း သူတို့အုပ်စုကို မတွေ့ရ။ ထိုမှ တစ်ယောက်တည်း ကန်တော်ကြီးပတ်လမ်းလေး အတိုင်း လျှောက်လာခဲ့သည်။

ယုဇနဟူသော ပန်းသည်မလေးနှင့် တွေ့ဆုံနေကျဖြစ်သည့် နေရာလေးသို့အရောက် အကြည့်တစ်ချက် ဝေ့လိုက်သည်တွင်.....

"ဦး တစ်ယောက်တည်းလား၊ သူငယ်ချင်းတွေလည်း မပါပါလား"

"ဟုတ်တယ် သမီး၊ ဦးက နည်းနည်းနောက်ကျသွားလို့ သူတို့နဲ့မဆုံကြတော့ဘူး၊ ဦးတစ်ယောက်တည်းပဲလေ"

"အင်း.....ဒါဆို အတော်ပဲ၊ ဦး အချိန်နည်းနည်းတော့ ရမှာပေါ့နော်"

"အင်း.....နည်းနည်းဆိုရင်တော့ ရပါတယ်ကွယ်၊ ဒါနဲ့ ဘာဖြစ်လို့....."

"ဪ...အချိန်ရရင် ဟိုသစ်ပင်ရိပ်က လက်ဖက်ရည်ဆိုင်လေးမှာ သမီး ဦးကို ဒါနပြုရင်း လက်ဖက်ရည်တိုက်ချင်လို့"

"အို.....မဟုတ်တာကွယ် မသောက်ပါဘူး၊ ဦးအိမ်က သောက်ခဲ့ပြီးပြီ"

"မ...မဟုတ်ပါဘူး ဦးရယ် ဦးက နေ့စဉ် သမီးဆီက ပန်းတွေ ဝယ်နေတဲ့ ဖောက်သည်တစ်ဦးဖြစ်တာရယ်၊ ပြီးတော့ ဒီနေ့က သမီးရဲ့ အသက် ၂၀ ပြည့်တဲ့ မွေးနေ့ဖြစ်တာရယ်ကြောင့်ပါ၊ သမီး မွေးနေ့မှာ သမီးကံကောင်းအောင် အသက်အရွယ်ကြီးတဲ့ လူကြီးတစ်ယောက်ယောက်ကို သမီးရော ရောင်းတဲ့ပန်းဖိုးငွေလေးနဲ့ ကုသိုလ်ရအောင် ဒါနပြုချင်လို့ပါ"

ထိုမျှ တောင်းတောင်းပန်ပန် ပြောဆိုနေသော မိန်းကလေးကို အားနာလာ၍တစ်ကြောင်း သူနှင့် ရင်းနှီးနေပြီဖြစ်သော ပန်းရောင်းနေသည့် မိန်းကလေးအား ခင်မင်အားနာမှုဖြင့်တစ်ကြောင်းတို့ကြောင့် မနီးမဝေး သစ်ပင်ရိပ်အောက်တွင် ဖွင့်ထားသော လက်ဖက်ရည်ဆိုင်လေးဆီသို့ လိုက်ပါလာခဲ့သည်။

"ထိုင်...ထိုင်ပါ ဦး၊ ဒါနဲ့ ဦး လက်ဖက်ရည် ဘယ်လိုသောက်လဲ"

"ချိုကျတစ်ခွက်ပေးပါကွယ်"

"ဦး အီကြာကွေးလေးပါ ပါနော်၊ ဦးများများစားနော် သမီး



www.burmeseclassic.com

www.burmeseclassic.com

ကုသိုလ်များများရမှာ၊ စားနော် ဦး၊ အားမနာနဲ့''

ဆိုင်ရှင်ကောင်လေးတစ်ယောက်က ဖျော်၍လာချပေးသော လက်ဖက်ရည်လေးကို တစ်ငုံငုံ၍ သောက်လိုက်ရင်းမှ.....

''ဒါနဲ့ စကားမစပ် သမီးက ဘယ်သူတွေနဲ့နေတာလဲ၊ မိသားစုရော ရှိလား''

''ရှိပါတယ် ဦးရယ်၊ သမီးက အိမ်ထောင်သည်ပါ၊ သမီးမှာ နှစ်နှစ်အရွယ် သမီးလေး တစ် ဦး ရှိ ပါတယ်''

''ဩော်.....ဟုတ်လား''

''အမျိုးသားက အလုပ်ရယ်လို့ ဘာမှ ရေရေရာရာ မလုပ်ဘူး၊ ဟို ယောင်ယောင် ဒီယောင်ယောင်နဲ့၊ ပြီးတော့ ညနေ အိမ်ပြန်ပြန်လာရင်လည်း အရက်လေးတမြမြနဲ့ မူးမူးလာပြီး သမီးကိုလည်း နေ့စဉ်ဆိုသလို အမြဲရိုက်နှက်တယ်၊ သူက အလုပ်မလုပ်တော့ သမီးက ပန်းရောင်းပြီး ဝင်ငွေရှာရတာပေါ့၊ မိဘတွေကလည်း ဟိုးနယ်ဒေသတစ်ခုရဲ့ အဝေးမှာ၊ သမီးတို့ကတော့ ယောက်ျားဖြစ်သူရဲ့ အဒေါ်တွေနေတဲ့ သဃ်နင်းကျွန်းဘက်မှာ နေပါတယ်''

''အင်း.....ဆက်ပြောပါဦး''

''တစ်ခါတစ်ခါကျတော့ ဒီလောက်ရက်စက်ပြီး နှိပ်စက်နေတဲ့ လူရဲ့အနားကနေ အပြီးအပိုင်ထွက်ပြေးဖို့ သမီးကြံစည်ခဲ့မိပါတယ်၊ ဒါပေမဲ့ ခါချဉ်ကောင်မာန်ကြီး တောင်ကြီးဖြို့မယ့်ကြံ ခါးက မသန်ဆိုသလို ငွေရေးကြေးရေး ပြောရရင် လမ်းစရိတ်တောင် မရှိတာရယ်၊ ပြီးတော့ သမီး ဒီလိုထွက်ပြေးသွားရင် မိတကွဲ၊ ဖတကွဲဖြစ်သွားမယ့် သမီး လေးမျက်နှာကိုတွေးပြီး ခုထိ သမီးဝဋ်ခံနေရတာပါ ဦးရယ်''

''ဩော်.....''

''အင်း.....ဒီနေ့လည်း သမီးလေးကို ဆေးခန်းသွားပြရဦးမယ်၊ သမီးလေး ကိုယ်ပူနေတာ သုံးရက်တောင်ရှိပြီ ဦးရဲ့၊ ဒါပေမဲ့ အိမ်ကလူလား မေးတောင်မေးဖော်မရဘူးလေ၊ သမီး နေ့စဉ် ပန်းရောင်းလို့ ရတဲ့ငွေဆိုတာကလည်း လေးငါးထောင်တောင်မှ အနိုင်နိုင်ရယ်၊ ဆေးခန်းသွားလိုက်ရင် ဈေးရင်းဖို့ ရှိတော့မှာမဟုတ်ဘူး၊ ဒါကြောင့် ဦးကို အားတော့နာပါတယ်၊ အကူအညီလေး တစ်ခုလောက် တောင်းမလားလို့''



''ဘာအကူအညီလဲ သမီး''

''ဩော်.....ဦးကြည့်ရတာ သမီးတို့ ဘဝလောက် ဆိုးမယ် မထင်ပါဘူးရှင်၊ ဒါကြောင့် သမီးကိုဆေး ခန်းပြဖို့နဲ့ ပန်းဖိုးလေးရင်းဖို့ ငွေနှစ်သောင်းလောက် ချေးပါလားလို့၊ သမီးနဲ့ဦးကလည်း နေ့တိုင်း ဒီနေရာမှာ ဆုံနေကျမဟုတ်လား၊ တစ်နေ့ ကျပ်ငါးထောင် ဦးကို သမီးပြန်ဆပ်ပါ့မယ်''

''အေးကွယ်၊ သမီးပြောပြလို့ သမီးဘဝလေးကိုသိရတာ ဦးစိတ်မကောင်းပါဘူး၊ လောကမှာ လူတွေဟာ လူစိတ်ပျောက်ကုန်ကြပြီ



www.burmeseclassic.com

www.burmeseclassic.com

သမီးရဲ့ ကိုယ်ချင်းစာနာစိတ်တို့ ကရုဏာတရားတို့ဆိုတာတွေက အိပ်မက်ထဲမှာပဲ ရှိကြတော့တာ၊ ဦးသားသမီးချင်း ကိုယ်ချင်းစာပါတယ်လေ၊ ဦးသမီးလေးကိုယူပြီး ဒီလိုတာဝန်မကျေဘဲ ပစ်ထားရင်လည်း မိကတစ်ယောက်ပီပီ ဦးဒေါသထွက်မိမှာ အမှန်ပဲလေ''

''သမီးရဲ့ဘဝကိုက ဆိုးပါတယ် ဦးရယ်၊ ဟင့်.....ဟင့်..... အီး.....ဟီး''



''ကဲ...ကဲ သမီး တိတ်..... တိတ်၊ ငိုလည်းမနေနဲ့တော့၊ ဦးလည်း သမီးကို ကူညီချင်ပါတယ်၊ ဒါပေမဲ့ ဦးမှာလည်း ပင်စင်စား ဝန်ထမ်း တစ်ယောက်မို့ ငွေကြေးဆိုတာ သိပ်မပြည့်စုံလှဘူး''

စကားပြောရင်းမှ ဦးဘထွန်း အင်္ကျီအိတ်ထဲ နှိုက်လိုက်သည်။

''ရော့.....သမီးပြောတဲ့ နှစ်သောင်းလည်းမရှိဘူး၊ မနေ့က ပင်စင်ထုတ်ရင်း ဦးသုံးဖို့ ယူလာတဲ့ ငွေတစ်သောင်းတော့ ရှိတယ်၊ သမီးကလေးကို ဆေးခန်း ဆက်ဆက် သွားပြလိုက်နော်''

''ကျေးဇူးတင် လိုက်တာ ဦးရယ်၊ ဒါ သမီးလေးရဲ့ကံတရားနဲ့ ရတဲ့ငွေပါ၊ ခုလို သမီး ဒုက္ခကြုံတဲ့ အချိန်မှာ ကူညီတာ သမီးတစ်သက်လုံး မမေ့ပါဘူး၊ သမီးဦးကို ကန်တော့ပါရစေနော်''

''အို..... အို ဒီလိုတော့ မလုပ်ပါနဲ့ကွယ်၊ ဒီလောက်လည်း ကျေးဇူးတင်စရာ မလိုပါဘူး''

''ဒါဆိုရင် သမီးကျွေးတဲ့ လက်ဖက်ရည်နဲ့ အီကြာကွေးပူပူလေးကို စားပါ ဦးနော်၊ သမီး ကုသိုလ်ရချင်လို့''

လက်ဖက်ရည်ဖိုးရှင်းပြီးတော့ ယုဇနဆိုသော ပန်းသည်မလေးနှင့် ဦးဘထွန်း လမ်းခွဲလိုက်သည်။ ရင်ထဲတွင်လည်းမယ် ဒုက္ခပန်းသည်မလေးကို ကူညီလိုက်ရသည်မို့ ပျော်သလိုလို၊ ကြည်နူးသလိုလို ဖြစ်နေ၏။

♛♛♛♛♛

ယုဇနထံမှ ဝယ်လာသော ယုဇနပန်းလေးနှစ်စည်းကိုကိုင်ရင်း ဦးဘထွန်းတစ်ယောက် ကန်တော်ကြီးစောင်းမှ ပြန်လာသည်။ နံနက်တွင် လမ်းလျှောက်ထွက်နေကျ လမ်းအတိုင်းဖြစ်၏။ လျှောက်လာရင်းမှလည်း သနားစရာ ဘဝလေး တစ်ခုဖြင့် ကျင်လည်နေရသော သမီးအရွယ် ကလေးမလေးတစ်ဦး၏ ဘဝမလှပမှုများကို တွေးတောလာ၏။

ဆရာဝန်အသင်းတိုက်အားမှ



www.burmeseclassic.com

www.burmeseclassic.com



နေ၍ လူအိုရုံလမ်းလေးအတိုင်း ဆင်းလာခဲ့သည်။ ထိုမှ ညာဘက်သို့ကွေ့၍ချိုးဝင်ရင်း ဒေါ်သိန်းတင်လမ်းဆီမှအဖြတ်.....

''ဟော့...ဟော့လူ ကို...ကိုဘထွန်း''

ဟူသည့်ခေါ်သံကြောင့် ဆုံနေကျ လက်ဖက်ရည်ဆိုင်လေးထဲသို့ တစ်ချက်အကြည့်ဝေ့လိုက်သည်။ ကိုမြမိုးတို့အုပ်စုကို တွေ့ရ၏။

''ဟာ.....ဒီလူတွေ ဘယ်ကနေ ဘယ်လိုရောက်နေကြလဲ''

''ကျုပ်တို့ လမ်းလျှောက်ကအပြန် ထိုင်ကြတာလေ၊ မနက်က မထိုင်ဖြစ်ဘူးဗျ''

''ဒါနဲ့ ဦးဘထွန်းလက်ထဲမှာလည်း ယုဇနပန်းတွေနဲ့၊ ကိုယ့်လူပျောက်နေတာလည်း တစ်ပတ်လောက်ရှိပြီနော်၊ မဟုတ်မှလွဲရော ကေန္တ ပန်းတွေကိုင်လာပုံထောက်ရင် ပန်းမမလေးတစ်ယောက်နဲ့ ဆုံလာပြီထင်တယ်''

အကြောင်းသိ၍ ပြောခြင်းမဟုတ်သော်လည်း တိုက်ဆိုင်မှုတစ်ခုကြောင့် ဦးဘထွန်း မလုံမလဲဖြစ်၍သွားသည်။ ရှက်အမ်းအမ်းနှင့်ပင်.....

''အိုဗျာ.....မဟုတ်ရပါဘူး၊ ဒီပန်းတွေကလည်း အိမ်ကဘုရားမှာတင်ချင်လို့ ပန်းသည်မလေးတစ်ယောက်ဆီက ဝယ်လာခဲ့တာပါ''

ဦးဘထွန်း စကားဆုံးတော့ ကိုမြမိုးတို့လူစု အပြုံးကိုယ်စီဖြင့်ကြည့်လိုက်ကြ၏။ ထိုအပြုံးများကြောင့် ဦးဘထွန်းတစ်ယောက် ပို၍မလုံမလဲဖြစ်ကာသွားသည်။

ထိုမှ လက်ဖက်ရည်ချိုကျတစ်ခွက် မှာ၍သောက်ရင်းရင်ထဲတွင် မတင်မကျဖြစ်နေသော ပန်းလေး တစ်ပွင့်၏အကြောင်းကို ရင်ဖွင့်ရင်း ပြောပြလိုက်သည်။ ဦးဘထွန်း၏ ပန်းပုံပြင်လေးဆုံးသွားတော့ကိုမြ မိုးကစ၍.....

''ဒါကြောင့် ဦးဘထွန်း ယုဇန ပန်းလေးကိုင်ပြီး ဝင်လာကတည်းက ကျုပ်က သဘောပေါက်လိုက်ပြီ၊ အင်း.....ဦးဘထွန်းလည်း ပန်းဒိုင်ယာရီရဲ့ ဒုတိယဇာတ်ကောင်ဖြစ် သွားပြီလို့''

''ဘာဗျ...ကိုမြမိုး၊ ခင်ဗျားစကားက ကျုပ်က ဒုတိယဇာတ်ကောင်ဆိုရင် ဘယ်သူက ပထမဇာတ်ကောင်လဲဗျ၊ ပြောပါဦးဗျ''

''ဟား...ဟား...ဟား၊ ဘယ်သူဖြစ်မလဲဗျာ၊ ဒီက မင်းသားမောင်မြမိုးပဲပေါ့၊ ဟား...ဟား....ဟား''

''ဟင်...ဒါဆို ခင်ဗျားလည်း ကျုပ်လို ကြုံခဲ့တာပဲလား''

''ဒါပေါ့ဗျာ၊ ကျုပ်ကအရင်၊ ခင်ဗျားက နောက်၊ ဒါပဲကွာတာ၊ ဇာတ်လမ်းကလည်း ခင်ဗျားပြောပြတဲ့အတိုင်း အတူတူပဲ၊ ဘာမှမပြောင်းလဲဘူး၊ ကျုပ်ခံရတုန်းက ကျုပ်လည်း ရှက်လို့ ဘယ်သူ့ကို

---

**ဦးဘထွန်း လှည့်၍ကြည့်၏။**

**မိန်းကလေးမှာ လမ်းလျှောက်နေ သော လူတစ်ယောက်ကို ပန်းလိုက် ရောင်းနေခြင်းဖြစ်၏။ ကျောခိုင်းနေ သော အနေအထားဖြစ်၍ နောက် ကနေကြည့်လျှင် တကယ့်ယုဇနမှ ယုဇနဆိုသော ကောင်မလေး အစစ်။ ကမ္ဘာကယာ လမ်းတစ် ဖက်သို့ ကူးသွားရင်း ပန်းသည် မလေးနားသို့....**



www.burmeseclassic.com

www.burmeseclassic.com



မှ မပြောဘဲနေတာ၊ ခုတော့ အတူတူ အဖော်ရှိပြီမို့ ခုလိုပြောပြရတာပေါ့ဗျာ''

ထိုစကားများကို အနားမှ နားထောင်နေသော ကိုတင်ထွန်းက...

''တော်သေးတာပေါ့ဗျာ၊ ကျုပ် ကြားဘူးတဲ့ ဇာတ်လမ်းတွေထဲမှာ ဆိုရင် မိန်းကလေးက အင်္ကျီတွေ ဘာတွေကို ဆွဲဖြဲပြီး ကျွန်မကို ဘာဘာညာညာ လုပ်လို့ပါဆိုပြီး မအော်လို့၊ အော်များသာအော်ရင်တော့ ခင်ဗျားတို့နှစ်ယောက် ထောင်နန်းပါ စံနေရမှာ သေချာတယ်''

♛♛♛♛♛

ထိုရက်လေးများ ကုန်ဆုံးပြီးသည့်နောက် ဦးဘထွန်းတစ်ယောက်လည်း နေ့တိုင်းဆိုသလို တစ်ယောက်တည်း လျှောက်သည့် အခါလျှောက်၍ ကိုမြမိုးတို့နှင့်ဆုံကာလည်း လမ်းလျှောက်ထွက်၏။ သို့တိုင် ယုဇနဆိုသော မိန်းကလေးကို အရိပ်အယောင်မျှပင် မတွေ့ရဘဲ ရှိနေ၏။

တစ်ပတ်ခန့်ကြာလေသည့် ရက်တစ်ရက်တွင်တော့ ဦးဘထွန်းတစ်ယောက်တည်း လမ်းလျှောက်ထွက်လာခဲ့သည်။ ယုဇနဆိုသော ပန်းသည်မလေးနှင့်ဆုံသော နေရာလေးသို့အရောက် တွေ့များတွေ့လေမည်လားဟူသည့်အတွေးဖြင့် ဟိုဟိုသည်သည် ရှာဖွေကြည့်၏။ မတွေ့။

သို့သော် တစ်ဆစ်ချိုးအကွေ့လေးတစ်ခုသို့ရောက်သည်တွင် အသံလေးတစ်သံကို ကြားရ၏။

**တော်သေးတာပေါ့ဗျာ၊**
**ကျုပ် ကြားဘူးတဲ့**
**ဇာတ်လမ်းတွေထဲမှာ ဆိုရင်**
**မိန်းကလေးက**
**အင်္ကျီတွေ ဘာတွေကို**
**ဆွဲဖြဲပြီး**
**ကျွန်မကို ဘာဘာညာညာ**
**လုပ်လို့ပါဆိုပြီး .....**

''ပန်းတွေ...ပန်းတွေ...ပန်းတွေရမယ်နော်၊ ဘုရားတင်ဖို့ အလှ ဆင်ဖို့ ပန်းတွေရမယ်နော်''

ဦးဘထွန်း လှည့်၍ကြည့်၏။ မိန်းကလေးမှာ လမ်းလျှောက်နေသော လူတစ်ယောက်ကို ပန်းလိုက်ရောင်းနေခြင်း ဖြစ်၏။ ကျောခိုင်းနေသော အနေအထားဖြစ်၍ နောက်ကနေကြည့်လျှင် တကယ့်ယုဇနမှ ယုဇနဆိုသော ကောင်မလေး အစစ်။ ကပျာကယာ လမ်းတစ်ဖက်သို့ ကူးသွားရင်း ပန်းသည် မလေးနားသို့ တိုးကပ်သွားသည်။

''ဟေ့...ဟေ့ကလေးမ၊ ပန်းရောင်းတဲ့ ကလေးမ''

အသံပြုလိုက်၍ မိန်းကလေး





www.burmeseclassic.com

www.burmeseclassic.com



ဘ လှည့်ကြည့်သည်။

“ဟင်.....”

“ဘာလဲ ဦး၊ ပန်းဝယ်မလို့လား၊ တစ်စည်းကို ကျပ် ၅၀၀ပါ၊ သုံးစည်းပဲ ကျန်တော့တယ်၊ တစ်ထောင် ပဲပေးပါနော်”

“မ...မဟုတ်ဘူး၊ မင်း...မင်းနာမည်က ဘယ်သူလဲကွဲ့၊ ယုဇနမဟုတ်လား”

“ရှင်.....သမီးနာမည်က ယုဇနမဟုတ်ပါဘူး၊ စံပယ်ပါရှင်”

“ဘာကွ...စံပယ်ဟုတ်လား”

“ဟုတ်ပါတယ်ရှင်၊ စံပယ်ပါ”

“စံပယ်ဆိုတာ မင်းနာမည် အစစ်ရောဟုတ်ရဲ့လား၊ မင်း တမင်ညာပြောနေတာလား”

“သမီး မညာပါဘူး၊ စံပယ်ဆိုတာ သမီးနာမည်အစစ်ပါ၊ သမီး ဒီနေရာမှာလည်း တစ်ခါမှ ပန်းမရောင်းဖူးပါဘူး၊ သမီးကမြောက်ဥက္ကလာမှာ နေပါတယ်၊ ဒီနေ့ မြို့ထဲကို ပန်းလာယူရင်း ဒီနားမှာ ကား ပျက်တာနဲ့ မှတ်တိုင်ဆီ လမ်းလျှောက်သွားရင်း ဒီပန်းလေးတွေကို ရောင်းတာပါရှင်၊ ဘာဖြစ်လို့လဲ ဟင် ဦး”

“အင်း..... ဘာဖြစ်တယ်ဆိုတာတော့ မပြောတော့ပါဘူးကွယ်၊ ဒါပေမဲ့ အရင်တစ်ပတ် လောက်က ဒီနေရာမှာ မင်းလိုပဲ ပန်းရောင်းခဲ့တဲ့ ခပ်ချောချော ကောင်မလေး တစ်ယောက်ရဲ့နာမည်က ယုဇနတဲ့၊ သူ့မျက်နှာလေးက မင်းနဲ့ အတော့်ကို



ဆင်တယ်၊ အင်း..... သူ့အပြောကတော့ သူက သင်္ဃန်းကျွန်းဘက်မှာ နေတယ်တဲ့၊ ဒါနဲ့မင်းမှာ အမြွှာညီအစ်မတွေ ဘာတွေများရှိသလားကွဲ့”

“ရှင်.....မ.....မရှိပါဘူး ဦးရယ်၊ သမီးဖေဖေနဲ့ မေမေတို့က သမီးကို တစ်ယောက်တည်းမွေးခဲ့ကြတာ၊ သမီးက တစ်ဦးတည်းသော သမီးပါရှင်၊ ယုဇနဆိုတဲ့ မိန်းကလေးက သမီးနဲ့ ရုပ်ချင်းတူတယ်ဆိုတာကလည်း လောကမှာ နာမည်တူမရှား လူတူမရှားဆိုတာ အများကြီး ရှိတတ်ကြတယ် မဟုတ်လား”

“အင်း.....ဟုတ်တော့လည်း ဟုတ်ပါတယ်လေ”

“ကဲ.....ဒါဆို သမီးသွားတော့မယ်”

“အေး..... အေးကွယ်”

ထိုနေရာမှ ဦးဘထွန်း လှမ်းလာခဲ့သည်။ စံပယ်ဆိုသော ပန်းသည်မလေးသည်ကတော့ ပန်းဆွဲခြင်းလေးကို ကိုင်ပြီး ဦးဘထွန်းနှင့် ဆန့်ကျင်ဘက် အရပ်ဆီသို့ ထွက်ခွာသွား၏။

အကယ်၍သာ စံပယ်ဆိုသော ပန်းသည်မလေးသည် လွန်ခဲ့သော တစ်ပတ်ခန့်က သူ့အား သနားအောင် လုပ်ဇာတ်ခင်း၍ လိမ်လည် လှည့်ဖြားသွားသော ယုဇနအမည်ခံ ပန်းသည်မလေးတစ်ဦးသာဖြစ်ကြောင်း ဦးဘထွန်းတစ်ယောက်သိ မည်ဆိုပါလျှင်.....

**ဆုမွန်ဦး** (ဟသ်ာတ)

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com





## အကြံကောင်းလျှင်တစ်ချက်

ဆွေမြင့်

ဘကျားမာန်ကို ဆိတ်ဖြူတစ်ရွာလုံးက သူ့ကွယ်ရာတွင် ဦးသည်းခံဟူ၍ ခေါ်ဝေါ်သမုတ်လေ့ရှိကြသည်။ ပြောစရာအကြောင်းတိုက်ဆိုင်သည့်အခါတိုင်း ဘကျားမာန်ပြောလေ့ရှိသော စကားတစ်ခွန်းမှာ 'သည်းခံလျှင် နိဗ္ဗာန်ရောက်သတဲ့ဟု'ဖြစ်သည်။

ခေတ်ကာလအားဖြင့် နယ်ချဲ့သမားဗြိတိသျှတို့က မြန်မာနိုင်ငံတစ်ခုလုံးကို ကျူးကျော်သိမ်းပိုက်အုပ်ချုပ်စပြုနေစဉ် မြန်မာတိုင်းရင်းသား မျိုးချစ်များက ရရာလက်နက် ဆွဲကိုင်လျက် ပြန်လည်တိုက်ခိုက်နေကြသည်။ ထိုအချိန်တွင် ဘကျားမာန်နေထိုင်ရာ ဆိတ်ဖြူရွာလေးသို့ မျက်နှာဖြူရာဇဝတ်ဝန်တစ် ရောက်လာသည်။ ထုံးစံအတိုင်း သူကြီးအိမ်တွင်တည်းသည်။

သူကြီး ဦးပေါက်လုသည် မျက်နှာဖြူရာဇဝတ်ဝန်ထံမှ နာမည်ကောင်းလက်မှတ် ရရှိလိုသော ဆန္ဒပြင်းပြနေသည်။ ထို့ကြောင့် မျက်နှာဖြူနှင့်အတူပါလာသော အလိုတော်ရိ ထွေးနောင်ကို အားကိုးသည်။

ထွေးနောင်က အင်္ဂလိပ်စကားအတော်အတန် ပြောတတ်သည်။ မျက်နှာဖြူကြီးကလည်း မြန်မာစကားကို ထမင်းစားရေသောက်ပြောတတ်ဆိုတတ်သည်။ ထို့ကြောင့် ထွေးနောင်နှင့် မျက်နှာဖြူကြီးတို့ အဆင်ပြေနေကြသည်။

မျက်နှာဖြူရာဇဝတ်ဝန်သည် ထိုရွာသို့ ခရီးယာယီရောက်နေစဉ် အတောအတွင်း ဆိတ်ဖြူရွာနှင့် ဒိစကြိုတ်မြို့လေးအကြား သစ်တောအုပ်ထဲတွင် လူသတ်မှု သုံးမှုဖြစ်ခဲ့သည်။ သူကြီး ဦးပေါက်လုနှင့် အလိုတော်ရိ ထွေးနောင်တို့က လူသတ်သမားကို အမိအရ ဖမ်းဆီးပေးမည်ဟု ကတိပြုကြသည်။ များမကြာမီ မျက်နှာဖြူ ရာဇဝတ်ဝန်သည် ဒိစကြိုတ်မြို့သို့ အရေးပေါ် ကိစ္စတစ်ခုကြောင့် အဆောတလျင် ပြန်သွားသည်။

ဖြစ်ပွားခဲ့သော လူသတ်မှုသုံးမှုထဲတွင် ပထမဆုံးလူသတ်မှုမှာ ဘကျားမာန်၏သား ဘိုထူး အသတ်ခံရခြင်းဖြစ်သည်။ ဘကျားမာန်သည် မိတဆိုးသားလေး ဘိုထူးကို ပိုးမွေးသလို မွေးလာခဲ့ရသည်။ တစ်ဦးတည်းသောသားလေးသည် အသက် (၁၈)နှစ်အရွယ်၌ အသတ်ခံခဲ့ရသည်။ ထိုဖြစ်ရပ်ကြောင့် 'သည်းခံလျှင် နိဗ္ဗာန်ရောက်' ဟူသော စကားလုံးကို တွင်တွင်သုံးခဲ့ဖူးသော ဘကျားမာန်၏ ရင်ထဲတွင် ဝေဒနာ တနင့်တပိုး ခံစားနေရသည်။

သား ဘိုထူးသည် ဒိစကြိုတ်မြို့သို့တက်၍ နွားပွဲတွင် ရောင်းချခဲ့ရသောငွေများဖြင့် အဖော်မပါ



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တည်း ရွာသို့အပြန် လမ်းခရီးသစ်တောအုပ်ထဲတွင် ငွေလု လူသတ်ခြင်းခံခဲ့ရသည်။

ဘိုထူး၏အလောင်းကို ဟင်းရွက်ခူး၊ ထင်းခွေသူ ရွာသူရွာသား အချို့က တွေ့ခဲ့ရခြင်းဖြစ်သည်။ ဘိုထူး၏အသုဘ ရက်လည်ပြီးနောက် အခြားကျေးရွာနှစ်ရွာမှ ရွာသားနှစ်ယောက်သည်လည်း ထိုသစ်တောအုပ်တွင်းရှိ စမ်းချောင်းကလေး၏ ကမ်းစပ်နံဘေး၌ အသတ်ခံရခြင်းဖြစ်သည်။ ထိုရွာသားနှစ်ယောက်သည် မြို့သို့တက်၍ ဒေသထွက်ပစ္စည်းများကို ရောင်းချပြီးအပြန်တွင် ငွေယူ၊ လူသတ်ခံရခြင်းဖြစ်သည်။

တစ်ယောက်သောရွာသားသည် ငွေကို ရှောရှောရှူရှူ ထုတ်ပေးခြင်းပြုပုံမရခဲ့ပါချေ။ ထို့ကြောင့် လူသတ်သမားက ရက်စက်စွာ နှိပ်ကွပ်ခဲ့ခြင်းကို သေသူ၏ခန္ဓာကိုယ်တွင် တွေ့ရှိရသော ဒဏ်ရာများအရ သိသာထင်ရှားနေသည်။

ဆိတ်ဖြူရွာသူကြီး ဦးပေါက်လုသည် အသက်အရွယ် အိုမင်းစပြုနေလေပြီ။ ထို့ကြောင့် ဆယ်အိမ်ခေါင်း ဖိုးတုတ်နှင့် ထွေးနောင်တို့ကိုသာ အားကိုးအားထားပြုလျက် လူသတ်မှုများ၏ သတင်းအစအနများကို စုံစမ်းရန် စေခိုင်းနေရသည်။ သို့သော် ရက်ပေါင်း

**တစ်ယောက်သော ရွာသားသည် ငွေကို ရှောရှောရှူရှူ ထုတ်ပေးခြင်း ပြုပုံမရခဲ့ပါချေ။ ထို့ကြောင့် လူသတ်သမားက ရက်စက်စွာ နှိပ်ကွပ်ခဲ့ခြင်းကို သေသူ၏ ခန္ဓာကိုယ်တွင် တွေ့ရှိရသော ဒဏ်ရာများအရ....**

သုံးဆယ် ကြာမြင့်ခဲ့သည်အထ… မည်သို့မျှ အကြောင်းမထူးသေး…

♛♛♛♛♛

ဘကျားမာန်သည် သူ့ဘ… သက်တမ်းတစ်လျှောက် အလု… နှင့်လက်နှင့်မပြတ်အောင် ရှိ… ဖြောင့်ဖြောင့် ရုန်းကန်လုပ်ရှာ… သော်လည်း ဘဝပေးအခြေအ… အရ ဖူလုံစွာ စားသောက်နိုင်… သာ။

သို့ရာတွင် ဘကျားမာန်၏ … (မကွယ်လွန်မီက)အမွေရခဲ့သော… မြေကွက်သည် ဒိစကြိတ်မြို့လ… ကောင်တွင် အတော်အတန် ကျ… ဝန်းသည်။

ထို့ကြောင့် ထိုနေရာတ… အထိုက်အလျောက် စည်ကား… သောအခါ မြေကွက်ဈေး တ… လာသည်။

ထိုမြေကွက်ကို ပေါက်ဈေး… ဖြင့်ရောင်းချရန် ဘကျားမာန်… မြို့တက်သွားသည်။ ရောင်းချ… သော ငွေစက္ကူတစ်ထပ်ကို … ကျစ်ပါအောင်လိပ်၍ အပေါ်မှ … ကိုင်စက္ကူဖြင့် တင်းကျပ်… ရစ်ပတ် လိုက်သောအ… တစ်မတ်လုံးအရွယ် သာ… ငွေစက္ကူလိပ်ဖြစ်သွား သည်…

"ဘကျားမာန် အဲဒီငွေ…



www.burmeseclassic.com

www.burmeseclassic.com



ရွာကို တစ်ယောက်တည်းပြန်လို့ ဖြစ်ပါ့မလား''

မြေကွက်ဝယ်သူက စိုးရိမ်မကင်းဖြင့်မေးသည်။

''ကျုပ်မှာ တစ်လုံးထိုးသေနတ်ရှိတယ်ဗျ၊ အဲဒါ လုပ်သေနတ်မို့ ဝှက်ကိုင်ခဲ့တယ်၊ အခု ကျုပ်အိပ်ရာလိပ်ထဲမှာ အဆင်သင့်ပါတယ်''

ဘကျားမာန်က တီးတိုးပြောလိုက်သည်။

''သတိထားတာ အကောင်းဆုံးပေါ့ဗျာ၊ ခင်ဗျားတို့ရွာမရောက်ခင် သစ်တောအုပ်ထဲမှာ လူသတ်မှုဖြစ်တာ ကြားတယ်မဟုတ်လား၊ အခုထက်ထိ လူသတ်သမားကို မမိသေးဘူး၊ လွတ်မြောက်နေဆဲဖြစ်တယ်၊ ဘကျားမာန်မှာ အဖော်မပါဘူးလား''

ဘကျားမာန်က မလှမ်းမကမ်းရှိ သပြေပင်အောက်တွင် မြက်စားနေသော နှာရောင်အဖြူစင်းနှင့် မြင်းကို လက်ညှိုးညွှန်ပြကာ.....

''အဲဒီမြင်းက ကျုပ်အဖော်ပေါ့ဗျာ''

ဟု ပြောလိုက်ပြီး နောက်သူ့ မြင်းရှိရာသို့ လျှောက်သွားလေတော့သည်။

♛♛♛♛♛

ဒုန်းစိုင်း၍စီးလာသောမြင်းကို ဘကျားမာန်က ဇက်ကြိုးတင်းတင်းဆွဲ၍ ပါးစပ်မှလည်း တကျွတ်ကျွတ် စုတ်သပ်လိုက်သည်။ မကြာမီ မြို့ပြင်ဘက် သစ်တောအုပ်ထဲသို့ ရောက်တော့မည်ဖြစ်သောကြောင့် ခေတ္တရပ်နား၍ ကြိုတင်ဆောင်ရွက်စရာရှိသည်ကို ဆောင်ရွက်ရန် မြင်း ပေါ်မှ ဆင်းသက်သည်။

အိပ်ရာလိပ်ထဲတွင် ဝှက်၍ယူဆောင်လာသော တစ်လုံးထိုး လုပ်သေနတ်ပြောင်းရှည်ကို ထုတ်ယူသည်။ ထို့နောက် သေနတ်ထဲသို့ ကျည်တစ်တောင့်ထိုးထည့်လိုက်သည်။ ဖြန့်ထားသော အိပ်ရာလိပ်ကို မြင်းကုန်းနှီးပေါ်သို့ ကန့်လန့်ဖြတ် လွှားတင်သည်။



ထို့နောက် မြင်းပေါ်သို့ ပြန်တက်ပြီး သစ်တောအုပ်အတွင်းသို့ အသားကျ စီးဝင်ခဲ့သည်။ မကြာမီ ဘကျားမာန်သည်သူနှင့် မျက်နှာ ချင်းဆိုင်ဘက်မှ လာနေသော မြင်းတစ်စီးနှင့် လူတစ်ယောက်ကို လှမ်းမြင်လိုက်ရသည်။ တဖြည်းဖြည်းနီး လာသောအခါ အလိုတော်ရိ ထွေးနောင်ဖြစ်နေကြောင်း သဲသဲကွဲကွဲ



www.burmeseclassic.com

www.burmeseclassic.com



သိမြင်လိုက်ရသည်။

ထိုအခါ စီးလာကြသော မြင်းကိုယ်စီကို အရှိန်လျှော့လိုက်ကြသည်။

''ခဏလောက် နားပါဦးလား ဘကျားမာန်၊ ခင်ဗျားတစ်ယောက်တည်း အခုလို အတင့်ရဲပြီး ထွက်လာတာ၊ အတော် သတ္တိကောင်းတာပဲ''

ထွေးနောင်က သူစီးလာသော အုန်းခွံ ရောင်မြင်းပေါ်မှ ဆင်း သက်သည်။

''သူကြီးက ကျုပ်ကို လူသတ်သမား ရှာဖွေဖို့ ဟောဒီတောအုပ်ထဲမှာ လွှတ်ထားတယ်၊ ဒါထက် ခင်ဗျားမြို့တက်သွားတာ အရောင်းအဝယ် ကိစ္စအတွက်ဆို၊ ဟုတ်လား၊ ဟန်ကျခဲ့ရဲ့လား၊ ဒီတော အုပ်ထဲမှာ လူသတ်သမားနဲ့ တွေ့



**ဘကျားမာန်က အလေးအနက်ပြောသည်။ မထင်မှတ်သော အချိန်တွင် ထွေးနောင်က ရှေ့သို့ ခြေတစ်လှမ်းတက်၍ ဘကျားမာန် ၏သေနတ်ကို လျှပ်တစ်ပြက် ဆောင့်ဆွဲလုယူလိုက်သည်။ အဖြစ် အပျက်က....**

မှာ မကြောက်ဘူးလား''

ထွေးနောင်က မေးခွန်းနှစ်ခုကို တစ်ဆက်တည်းမေးလိုက်သည်။

ဘကျားမာန်က ဦးခေါင်းတစ်ချက်ညိတ်ပြီး မြင်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်သည်။ သူ့လက်ထဲတွင် တစ်လုံးထိုး ပြောင်းရှည်သေနတ်ကို ကိုင်ထားသည်။

''ကျုပ်မြို့တက်သွားတဲ့ကိစ္စ အဆင်ပြေပါတယ်၊ လူသတ်သမားနဲ့တွေ့ရင်တော့ ဟောဒီလုပ်သေနတ်ကြီးနဲ့ ပစ်လိုက်မှာပေါ့၊ ဒါဆိုရင် သူ့ ကိုယ်တစ်ပိုင်း ပြတ်သွားမယ်''

ဘကျားမာန်က သေနတ်ကို ထောင်ပြလိုက်သည်။

''အဲဒီ ခင်ဗျားလုပ်သေနတ်ကြီးကို လိုင်စင်နဲ့ ကိုင်ခွင့်မရှိဘူး မဟုတ်လား၊ ဟောဒါက ကျုပ်ကို သခင်ကြီး စမစ်ကိုယ်တိုင် ကိုင်ခွင့်ပြုထားတဲ့ ခြောက်လုံးပြူးဗျ''

ပြောပြောဆိုဆိုနှင့် ထွေးနောင်သည် ခါးကြားမှ ခြောက်လုံးပြူး ပြောင်းတိုကို ဟန်ပါပါဆွဲထုတ်ပြီးနောက် မျက်နှာထားတင်းတင်းဖြင့် ကြွားလိုက်သည်။

''ခင်ဗျားဆီမှာ ငွေတွေပါတာ မဟုတ်လား၊ တကယ်လို့ လူသတ်သမားက ခင်ဗျားကို ခြောက်ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဘနေ တိတ်တဆိတ်ချောင်းပြီးပစ်သတ်ရင် ခင်ဗျား ဘာတတ်နိုင်မှာလဲ''

ဆက်လက်၍ ထွေးနောင်က ခြောက်လှန့်သည်။

''ဘာပဲဖြစ်ဖြစ် အဲဒီလူသတ်သမားဆိုတဲ့ကောင်ဟာ ကျုပ်ငွေတွေကို သူ့လက်ဖျားနဲ့တောင် ထိဖို့မလွယ်ဘူး''

ဘကျားမာန်က ပိုင်နိုင်စွာ ပြောသည်။

''ဘာကြောင့်လဲ၊ မြို့မှာ မြေတွက်ရောင်းရငွေတွေကို ခင်ဗျား ယူမလာခဲ့ဘူးလား၊ ငွေတိုက်မှာ အပ်ထားခဲ့လို့လား''

ထွေးနောင်က အလောသုံးဆယ်မေးသည်။

''ကျုပ်က အဲဒီငွေတိုက်တွေဘာတွေကို အယုံအကြည်မရှိဘူးဗျ၊ ကျုပ်နဲ့ တစ်ပါတည်းယူလာတယ်၊ ဒါပေမဲ့ ကျုပ်ဝှက်ထားတာကို ဘယ်သူမှ ရှာမတွေ့နိုင်ဘူး''

ဘကျားမာန်က အလေးအနက်ပြောသည်။ မထင်မှတ်သော အချိန်တွင် ထွေးနောင်က ရှေ့သို့ ခြေတစ်လှမ်းတက်၍ ဘကျားမာန်၏သေနတ်ကို လျှပ်တစ်ပြက် ဆောင့်ဆွဲလုယူလိုက်သည်။ အဖြစ်အပျက်က မြန်ဆန်လွန်းသောကြောင့် ရုတ်တရက် ချက်ချင်း ဘကျားမာန်သည် သေနတ်လက်မဲ့ ဖြစ်သွားလေသည်။

''ခင်ဗျားနဲ့ ခင်ဗျားသားက ထုံ ထိုင်းပုံချင်းတော့ အတူတူပဲဗျို့၊ ကဲ.....ခင်ဗျားမှာပါလာတဲ့ငွေတွေကို ရှောရှောရှူရှူ ထုတ်ပေးပေ



**ဘကျားမာန်က မီးဝင်းဝင်းတောက်သော မျက်လုံးအစုံဖြင့် ရှူးရှူးရှဲရှဲကြည့်၍ပြောသည်။ ထွေးနောင်က ဘကျားမာန်၏မျက်နှာကို သေနတ်ပြောင်းရှည်ဖြင့် ဆောင့်ထိုး၍ နောက်လှည့်ခိုင်းသည်။ ဘကျားမာန်၏မျက်နှာမှာ ရုတ်တရက် ဒဏ်ရာတစ်ခု ဖြစ်ပေါ်ကာ ဒဏ်ရာမှ....**

တော့၊ ကြီးတောင့်ကြီးမားနဲ့ အသားအနာမခံချင်ပါနဲ့တော့ဗျာ''

ထွေးနောင်က အောင်နိုင်သူလေသံဖြင့်ပြောသည်။ ခြောက်လုံးပြူးကို ခါးကြားထဲ ပြန်ထိုးထည့်လိုက်ပြီးလျှင် ဘကျားမာန်ကို ပြောင်းရှည်လုပ်သေနတ်ဖြင့် ပြန်ချိန်ထားသည်။

''ခင်ဗျားရဲ့ကိုယ်တစ်ပိုင်းလုံး ပြတ်သတ်မသွားစေချင်ရင် ငွေကို အခုချက်ချင်းထုတ်ပေးစမ်း''

''မင်းလို ငါ့သားသတ်တဲ့ကောင်ကို ဘယ်တော့မှမပေးဘူး မင်းဟာမင်းရအောင်ရှာ၊ ခင်မ

www.burmeseclassic.com



တန် ရက်စက်ကောက်ကျစ် စဉ်းလဲတဲ့ကောင်ကို လုံးဝမသဒ္ဓါဘူး''

ဘကျားမာန်က မီးဝင်းဝင်းတောက်သော မျက်လုံးအစုံဖြင့် စူးစူးရဲရဲကြည့်၍ပြောသည်။ ထွေးနောင်က ဘကျားမာန်၏မျက်နှာကို သေနတ်ပြောင်းရှည်ဖြင့် ဆောင့်ထိုး၍ နောက်လှည့်ခိုင်းသည်။ ဘကျားမာန်၏မျက်နှာတွင် ရုတ်တရက်ဒဏ်ရာတစ်ခုဖြစ်ပေါ်ကာ ဒဏ်ရာမှ သွေးများစီးကျလာသည်။

ထွေးနောင်သည် သူ့မြင်းကုန်းနှီးတွင် ချိတ်ထားသော ကြိုးခွေကိုဖြုတ်ယူ၍ ဘကျားမာန်၏ကျောနောက်ဘက်မှ လက်ပြန်ကြိုးတုပ်လိုက်သည်။ ဘကျားမာန်က မည်သို့မှမခုခံ၊ ပြန်လှန်တိုက်ခိုက်ရန် မရည်ရွယ်ဘဲ ငြိမ်၍ခံနေသည်။

ထွေးနောင်က ရှေးဦးစွာ ဘကျားမာန်၏တစ်ကိုယ်လုံးကို နေရာလပ်မကျန်ရှာသည်။ ထို့နောက် ဘကျားမာန်၏ မြင်းတစ်ကောင်လုံးကိုလည်း စေ့စပ်စွာရှာသည်။ သို့ရာတွင် မတွေ့သောကြောင့် ဒေါသဖြစ်လာသည်။

''ကဲ.....ခင်ဗျားငွေတွေ ဘယ်မှာဝှက်ထားသလဲ၊ ထုတ်ပေးမလား၊ မပေးဘူးလား''

ထွေးနောင်က မျက်နှာချင်းတစ်ထွာအကွာမှ ဒေါသတကြီးမေးသည်။ ဘကျားမာန်က ထွေးနောင်၏မျက်နှာကို ပြစ်ခနဲ တံတွေးဖြင့် ထွေးလိုက်သည်။

''မင်းကို ငွေပေးလည်းသတ်မှာပဲ၊ မပေးလည်း သတ်မှာပဲ၊ မင်း





www.burmeseclassic.com

www.burmeseclassic.com

ကြိုက်သလိုလုပ်ပေတော့''


ဘကျားမာန်က ရဲတင်းစွာရင်ကော့၍ တင်းမာပြတ်သားသော အသံဖြင့်ပြောသည်။

''စိတ်ချ၊ ခင်ဗျားဖြစ်စေချင်သလို ဖြစ်ရစေ့မယ် အဘိုးကြီး၊ ခင်ဗျားကို ပစ်သတ်ပြီးမှ ကျုပ်သေ သေချာချာ အချိန်ယူပြီး ထပ်ရှာဦး မယ်''

ပြောပြောဆိုဆိုဖြင့် ထွေးနောင်က နောက်သို့ နှစ်လှမ်းဆုတ်သည်။ ထို့နောက် ဘကျားမာန်၏ မျက်နှာကို ပြောင်းရှည်လုပ်သေနတ်ကြီးဖြင့် သေချာစွာ ထိုးချိန်သည်။ သေနတ်ဒင်ကို ပခုံးတွင် ကျကျနန ထောက်ပြီးမှ သေနတ်မောင်းခလုတ်ကို တည်ငြိမ်စွာ ညှစ်ဆွဲလိုက်လေသည်။

လုပ်သေနတ်ပြောင်းရှည်ကြီးမှ ကျယ်လောင်သော ပေါက်ကွဲသံကြီးသည် သစ်တောအုပ်ထဲတွင် ကျယ်လောင်စွာ မြည်ဟိန်းသွားသောကြောင့် သစ်ပင်ထက်မှ ငှက်ကလေးအချို့ ဟစ်ကြွေးပျံပြေးသွားကြသည်။

> ယမ်းအခိုးအငွေ့များသည် ထွေးနောင်၏ မျက်နှာတစ်ခုလုံးကို ဖုံးလွှမ်းသွားပြီး မြင်းကန်ခံလိုက်ရ သူပမာ သူ့ခန္ဓာကိုယ်တစ်ခုလုံး...



ယမ်းအခိုးအငွေ့များသည် ထွေးနောင်၏ မျက်နှာတစ်ခုလုံးကို ဖုံးလွှမ်းသွားပြီး မြင်းကန်ခံလိုက်ရသူပမာ သူ့ခန္ဓာကိုယ်တစ်ခုလုံး နောက်ပြန်လွင့်စဉ်သွားသည်။ ဘကျားမာန်သည် ထွေးနောင်၏ ဖြစ်ရပ်ကို အစမှအဆုံးတိုင် သေချာစွာ မြင်လိုက်ရသည်။ ရုပ်ရှင်အနှေးပြကွက် (Slow Motion) ကို ကြည့်လိုက်ရသည့်အလားဖြစ်သွားသည်။ မြေပေါ်တွင် ပက်လက်လန်ကျနေသော ထွေးနောင်၏ မျက်နှာတစ်ပြင်လုံးသည် လုံးဝစုတ်ပြတ်သွားသောကြောင့် သူ့အမေရင်းပင်လျှင် သူ့ကိုမှတ်မိနိုင်တော့မည်မဟုတ်ပါချေ။

''ခင်ဗျား အင်မတန် ဉာဏ်နီဉာဏ်နက်များတဲ့လူကြီး''

ထွေးနောင်က စကားသံမပီမသ၊ မသဲမကွဲ၊ ရင်ခေါင်းတွင်းမှ အသံကို ညှစ်ထုတ်လျက် ပြောလိုက်ခြင်းဖြစ်သည်။ ထို့နောက် အသည်းအသန် နာကျင်စွာဖြင့် ညည်းတွားနေသည်။

''အေး.....အဲဒါ ဘာဖြစ်လဲ၊ မင်းလို ရက်စက်ကြမ်းကြုတ်ပြီး ကောက်ကျစ်စဉ်းလဲတဲ့ လူသတ်ဓားပြ လွတ်မြောက်နေတာကို ငါ့နည်းငါ့ဟန်နဲ့ ထောက်ချောက်ဆင်ရတာပေါ့ကွ၊ ဒါကြောင့် ငါ့လုပ်သေနတ်နဲ့ ငါကိုယ်တိုင် မင်းကိုမပစ်ဘဲ မင်းလုပ်ယူတာကို တမင်ငြိမ်ခံနေလိုက်တာက ငါလုပ်ထားတဲ့ ယမ

နတ်အကြောင်း ငါသိနေလို့ပဲ၊ ပြီးတော့ ဒေါသကို ဆွပေးရသေးတယ်၊ ဒါမှ ဒေါသတကြီး ငါ့လုပ်သေနတ်နဲ့ ငါ့ကိုပြန်ပစ်တော့ ကဲ.. အခု မင်းလက်ချက်နဲ့ မင်းကိုယ်မင်းပြန်ထိသွားပြီ မဟုတ်လား''

ဘကျားမာန်က ကျေနပ် အားရစွာ ရှင်းပြနေသည်။



တောအုပ်တွင်း မြေပြင်ပေါ်တွင် လူးလိမ့်နေသော ထွေးနောင်သည် သူ၏ စကားသံပင်လျှင်လည်း ချောင်းထဲမှ ပီပီသသ မထွက်နိုင်တော့။ ဂူးဂူးဂါးဂါးအသံများသာ ဖြစ်ပေါ်နိုင်တော့သည်။ မည်သို့ပင်ဖြစ်စေ ထွေးနောင်သိလိုသောအချက်ကို ဘကျားမာန်က နားလည်သဘောပေါက်ကြောင်း ဦးခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

''အေး...မင်းငရဲပြည်မသွားခင်မှာ မင်းသိချင်တာကို ငါရှင်းပြလိုက်မယ်ဟေ့၊ ငါ့ငွေစက္ကူအထပ်လိုက်ကို ကျစ်ကျစ်ပါအောင်လိပ်ပြီး အပေါ်က မိုင်းကိုင်စက္ကူနဲ့ တင်းတင်းကျပ်ကျပ် ပတ်လိုက်တယ်၊ အဲဒါကို ရော်ဘာကြိုးမျှင်မျှင်နဲ့ သေချာချည်ပြီးမှ သေနတ်ပြောင်းထဲက ကျည်ထိုးမယ့်နေရာရဲ့ရှေ့မှာ ကပ်လျက်သားဖြစ်နေအောင်၊ ထိုးသိပ်ပိတ်ဆို့ထားလိုက်တယ်၊ ဒါကြောင့် ကျည်ပေါက်ကွဲမှုကရှေ့ကိုမရောက်ဘဲ နောက်ဘက်မှာပွင့်သွားတဲ့ နောက်ပွင့်သေနတ်ဆိုတာ အဲဒါပဲ ဖိုးထွေးနောင်ရေ''

ဟူ၍ ဘကျားမာန်က စကားကို နိဂုံးချုပ်လိုက်သည်။

ထို့နောက် ဘကျားမာန်သည် မိမိတွင် ချည်နှောင်ခံထားရသော လက်ပြန်ကြိုးကို ကြိုးကြိုးစားစား ဖြေပြီးချိန်တွင် လူသတ်ခံရပြ ထွေးနောင်သည် အသက်ရှုရပ်နေလေပြီ။ ထိုအခါ ဘကျားမာန်သည် ရွာသို့ ပုန်းလျှိုးကွယ်လျှိုးဖြင့် ခေတ္တပြန်လာပြီး မိမိအတွက် လိုအပ်သော ပစ္စည်းပစ္စယ အချို့ကို လွယ်အိတ်ဖားဖားကြီးထဲသို့ အပြည့်သိပ်ထည့်သည်။

နောက်ဆုံးတွင် ဘကျားမာန်သည် မြင်းစီးလျက် ခရီးအသော့နှင်ခဲ့သည်။ သူ့အနေနှင့် နယ်ချဲ့ မိစ္ဆာမျက်နှာဖြူများကို မြန်မာ့မြေပေါ်မှ မောင်းထုတ်ရန် တိုက်ပွဲဝင်နေကြသော ဂဠုန်ဆရာစံ ဦးဆောင်သည့် မြန်မာ့မျိုးချစ်ပုဂ္ဂိုလ်များနှင့်အတူ လက်တွဲ၍ ရှုပ်ရှုပ်ချုံချုံပါဝင်ဆောင်ရွက်ရန် အလံပြတောင်သို့ ဦးတည်သွားခြင်းဖြစ်လေသည်။

ဆွေမြင့်



www.burmeseclassic.com

www.burmeseclassic.com



သိန်းမြင့်ဦး

# ကိုယ်ပြုသမျှ ဒဏ်



www.burmeseclassic.com

www.burmeseclassic.com





## ကိုယ်ပြုသမျှဒဏ်

### သန်းမြင့်ဦး

"ညောင်..ညောင်..ညောင်"

"ခွီး.....ခွီး.....ညောင်"

သည်အသံတွေကြောင့် ကိုလှမြင့်ဆတ်ခနဲဖြစ်သွားသည်။ အရက်ရှိန်လေးနှင့် မျက်လုံးစင်းပြီး မှေးငိုက်နေရာမှ တစ်ခါတည်း လန့်နိုးသွားသည်။ မျက်လုံးအစုံကိုဖွင့်ပြီး နားကို အသာစွင့်ထားလိုက်သည်။

ကိုလှမြင့် နိုးသွားသည်ကို သိသွားသည်ထင်သည်။ ကြောင်အော်သံတွေက ပျောက်နေပြန်သည်။

"တောက်...တော်တော် စိတ်အနှောင့်အယှက်ပေးတဲ့ သတ္တဝါတွေပဲ၊ သူတို့ရင်လည်းသေမှ၊ ဒါမှမဟုတ် ငါရင်လည်းသေမှပဲ ဒီအသံတွေ ထပ်ပြီးမကြားရတော့မှာ"

သူက စိတ်မကျေမနပ်နှင့် ခပ်တိုးတိုးရေရွတ်ရင်း ဇနီးဖြစ်သူ မခိုင်အိပ်နေရာဆီသို့ လှမ်းကြည့်လိုက်မိသည်။ မျက်လုံးအပြူးသားနှင့်သူ့ အားကြည့်နေသည့် မခိုင်ကို တွေ့ရသည်။ သူတို့နှစ်ယောက်၏ အလယ်မှ ဆယ်နှစ်အရွယ် သမီးငယ်လေး ပြည့်ပြည့်ကတော့ ပိုးလိုးပက်လက်ဖြင့် အိပ်မောကျနေဆဲ။

အမှန်စင်စစ် သည်ကြောင်မိသားစု သုံးကောင် ရှိနေရခြင်းမှာ ပြည့်ပြည့်ကြောင့်ဖြစ်သည်။ ပြည့်ပြည့်သည် ကြောင်ထီးတစ်ကောင်နှင့် ကြောင်မ တစ်ကောင်ကို အိမ်သို့ယူဆောင်လာခဲ့ရာမှ သိပ်မကြာလိုက်သည့် အချိန်မှာပင် ကြောင်လေးတွေ ထပ်မံပေါက်ဖွားလာသည်။ သို့တစေ ကြောင်မငယ်လေး တစ်ကောင်သာ အသက်ရှင်ကျန်ရစ်ပြီး ကျန်ကြောင်သုံးကောင်မှာ သက်ဆိုးမရှည်။ မွေးပြီးပြီးချင်းမှာပင် သေဆုံးသွားကြသည်။ သည်တော့ ကြောင်မိသားစုမှာသုံးကောင်တည်း သာကျန်တော့သည်။ ထိုသုံးကောင်ကပဲ သူ့အား အမြဲတစေ စိတ်အနှောင့်အယှက်ပေးနေသည်။

နေ့ဘက် လက်သမားအလု[illegible] ပြီးလို့ အရက်ကလေးသောက်[illegible] အေးအေးဆေးဆေး အနားယူတော[illegible] မည်ဆိုလျှင်လည်း ထိုကြောင်အော်[illegible] မြည်သံတွေကြောင့်အကြီးအကျ[illegible] စိတ်အနှောင့်အယှက်ဖြစ်ရပြန်သည်[illegible] နားနေအိပ်စက်ချင်သည့်စိတ်တို့[illegible] တစ်ခါတည်း အပြီးအပိုင် ကြ[illegible] ပျောက်ငှက်ပျောက်ဖြစ်သွားရသည်[illegible] မှာလည်း အကြိမ်ပေါင်း မရေတွ[illegible] နိုင်ပါလေတော့။

ကြာတော့ ထိုကြောင်တွေ[illegible] စပ်လျဉ်း၍ စိတ်မွန်းကျပ်လာရ[illegible] စိတ်ဒေါသ ထွက်ချင်လာရသည်[illegible] ဖြစ်နိုင်လျှင် ထိုကြောင်မိသား[illegible] တစ်ခါတည်း သုတ်သင်ဖယ်ရှား[illegible] လိုက်ချင်စိတ်ပင်ပေါက်လာရသည်[illegible] သည်အကြောင်းကို ဇနီးဖြစ်သူ[illegible] ဖွင့်ပြောမိလေသော အခါတိုင်[illegible] လည်း မခိုင်က သူ့အကြံကို[illegible] မခံ။ ခါးခါးသီးသီး ငြင်းပယ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ချည်းဖြစ်သည်။ အထူးသဖြင့် ထိုကြောင်တွေနှင့်စပ်လျဉ်း၍ အစွဲအလမ်းအကြီးဆုံးက သမီးလေးပြည့်ပြည့်ပဲဖြစ်သည်။

ပြည့်ပြည့်သည် ထိုကြောင်တွေကို အရမ်းချစ်သည်၊ အရမ်းခင်တွယ်သည်။ ထိုကြောင်တွေနှင့်စပ်လျဉ်း၍ သူ့ဘက်က စိတ်ထဲရှိသည်တို့ကို ဖွင့်ပြောမိလေတိုင်း ပြည့်ပြည့်သည် သူ့အား မျက်လုံး ထောင့်ကပ်ကြည့် ပြီး မကျေမနပ် နှင့် နှုတ်ခမ်းစူနေတတ်သည်။ ကြာတော့လည်း ပြည့်ပြည့်၏ရှေ့မှာ ထိုကြောင်တွေအကြောင်းကို စကားဟဟပင် မပြောရဲအောင်ဖြစ်လာရသည်။

"ရှင်ဘာထိုင်လုပ်နေတာလဲ၊ အခုမှ မနက် ၂ နာရီလောက်ပဲရှိ သေးတယ်၊ အိပ်လို့ရတဲ့အချိန်တွေ အများကြီးကျန်သေးတဲ့ ဥစ္စာကို"

ငုတ်တုတ်ကြီးထိုင်ပြီးအတွေးလွန်နေသည့်သူ့ကိုကြည့်ကာ မခိုင်က တိုးတိုးသဲ့သဲ့လေသံဖြင့်လှမ်းပြောသည်။

ကိုလှမြင့်သည် မကျေမနပ်အကြည့်ဖြင့် မခိုင်အား တစ်ချက်လှမ်းကြည့်လိုက်ရာမှ တစ်ဆက်တည်း.....

"ဟာကွာ.....မင်းမကြားဘူးလား၊ စောစောတုန်းက ကြောင်တွေအော်နေတာကို၊ အလုပ်ကပင် ပန်းရတဲ့အထဲ ဒီကြောင်တွေကြောင့် ပိုပြီးစိတ်ရှုပ်ရတယ်ကွ၊ ငါ့အနေနဲ့ ဘယ်လိုလုပ်ပြီး အိပ်လို့ရတော့မှာတဲ့လဲ၊ တောက်... ဒီလောက်ဒုက္ခ ပေးတဲ့ သတ္တဝါတွေကို ရှင်းပစ်မှပဲ ဖြစ်တော့မယ်၊ နို့မို့ဆို အိပ်ရေးပျက်တာများလို့ ငါ့ကျန်းမာရေး ထိခိုက်ရတော့မှာပဲ"



"တော်ကလည်းတော်၊ တော်တော် အကုသိုလ်များတာပဲ၊ ရှင့်ဘာသာ အလုပ်ပင်ပန်းလာတိုင်း အလကားနေရင်း ဒီကြောင်တွေကို ပဲ ပြဿနာရှာနေတော့တာပဲ၊ ကဲ ပါ.....ဒီကြောင်သံတွေလည်း တိတ်သွားပြီပဲဥစ္စာ"

ဟုတ်တော့လည်းဟုတ်သည်။ အချိန်က အစောကြီးရှိသေးသည်။ ပြန်အိပ်မည်ဆိုလျှင် တစ်ရေးရလောက်ပါ၏။ သို့တစေ သူ့မှာအိပ် ချင်စိတ်မရှိပါလေတော့။ မနက်မိုးလင်းသည်နှင့် ထိုကြောင်မိသားစုကို မည်သို့မည်ပုံ ရှင်းလင်းပစ်ရမည်ကိုသာ ဦးနှောက်ညာဏ်ထုတ် စဉ်းစားနေမိပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မနက်မိုးလင်းသည်နှင့် မခိုင်သည် သမီးလေးပြည့်ပြည့်အား ကျောင်းသို့ပို့ဖို့ စီစဉ်လေတော့၏။

"ရှင်လည်း အလုပ်သွားဖို့ပြင်တော့လေ"

ပြည့်ပြည့်အား ကျောင်းစိမ်း အဝတ်အစား ဝတ်ပေးရင်း မခိုင်က ကိုလှမြင့်ကို လှမ်းပြောသည်။ ကိုလှမြင့်သည် ဦးခေါင်းကို ဘယ်ပြန်ညာပြန် ယမ်းခါလိုက်ရင်း ညည်းညည်းညူညူဖြင့်.....

"ညက အိပ်ရေးပျက်ထားလို့ ခေါင်းထဲမှာ နောက်ကျိကျိကြီးဖြစ်နေတယ်၊ ငါ ဒီနေ့ အလုပ်မသွားတော့ဘူး"

အမှန်စင်စစ် ကြောင်မိသားစုကိစ္စကို ရှင်းလင်းရမည်မို့ အလုပ်မသွားချင်သည်ကို အကြောင်းပြလိုက်ခြင်းဖြစ်သည်။

မခိုင်ကလည်း သူ့အကြံကို ရိပ်စားမိပုံရသည်။ ကိုလှမြင့်အား မျက်စောင်းတစ်ချက် မသိမသာ လှမ်းထိုးလိုက်ရင်း ပြောခဲ့ပုံက.....

"အင်း...ရိုးရိုးသားသားခေါင်းနောက်လို့၊ ဘာဖြစ်လို့ဆိုရင်တော့ ကိစ္စမရှိဘူးပေါ့၊ အဲဒီလိုမှမဟုတ်ဘဲ အိမ်မှာနေပြီး ပြဿနာရှာဖို့ဆိုရင်တော့ အလုပ်သွားဖို့ပဲကောင်းတယ်၊ ကျွန်မပြောတာ သဘောပေါက်တယ်မဟုတ်လား"

မခိုင်က တဖျစ်တောက်တောက် ပြောနေသောကြောင့် စိတ်ထဲမှာ ပိုပြီးရှုပ်ထွေးချင်လာသည်။ စိတ်ကလည်း အလိုလိုနေရင်းတို လာမိသည်။ ဒါကြောင့်လည်း ငေါက်ဆတ်ဆတ်လေသံဖြင့်.....

"ကဲပါကွာ.....မင်း ကလေးကို ကျောင်းပို့မယ့်ကိစ္စကိုပဲ ပြီးအောင်လုပ်စမ်းပါ၊ အပိုစကားတွေ ဘာမှထပ်ပြီး ပြောမနေစမ်းပါနဲ့"

"တစ်လက်စတည်း ရှင့်ကိုပြောရဦးမယ်၊ ရှင်က အိမ်မှာရှိနေမှာဆိုတော့ ကလေးကို ကျောင်းပို့ ပြီးတာနဲ့ ဈေးကိုပါ အေးအေးဆေး ဆေး ဝင်ဝယ်ပြီးမှ ပြန်လာခဲ့မှာ နော်၊ အိမ်မှာ ဆန်ကလည်း ကုန် နေတယ်လေ"

သူ့ဘက်က စကားပြောလိုက်လျှင် မခိုင်တစ်ယောက် ထပ်ပြီး အရစ်ရှည်နေမည် စိုးသောကြောင့်လည်း ကိုလှမြင့်သည် လက်မ နှစ်ချောင်းဖြင့် နားထင်နှစ်ဖက်ကို ဖိထောက်ပြထားလိုက်ပါ၏။ သည်တော့မှပင် မခိုင်တို့သားအမိသည် အိပ်ခန်းထဲကနေ....

စကားက အဆက်ပြတ်သွား သည်ကိုမရှိပါ။ တတွတ်တွတ်ဖြင့် ပေါက်ပေါက်ဖောက်နေသ အဆက်မပြတ် ပြောနေပါ၏။

သူ့ဘက်က စကားပြောလို လျှင် မခိုင်တစ်ယောက် ထပ်ပြ အရစ်ရှည်နေမည်စိုးသောကြော လည်း ကိုလှမြင့်သည် လက်မ န ချောင်းဖြင့် နားထင်နှစ်ဖက်ကို ထောက်ပြထားလိုက်ပါ၏။ သည် တော့မှပင် မခိုင်တို့သားအမိသည် အိပ်ခန်းထဲကနေ ထွက်သွား တော့သည်။ အိမ်ရှေ့တံခါးစေ့ပိ သွားသည့်အသံကို အိပ်ခန်းထဲ နေ အတိုင်းသားကြားလိုက်ရ သည်။

ကိုလှမြင့်သည် အခိုက်အတ မျှ သည်အတိုင်းပဲ ထိုင်နေလိုက် ၏။ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ် ကြာတော့မှပင် သူ့လုပ်ငန်း စတင်သည်။ ရှေးဦးစွာ အိမ်နော ဘက်သို့သွားသည်။ အသုံးမပြု သည်အတိုင်းပစ်ထားသည့် ရေ ပျက်ဟောင်းကြီးပေါ်မှ တိုလီမု တွေကို အရင်ဖယ်ရှားသည်။ တွင်းအောက်သို့ ငုံ့ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးဝမရှိပါလေတော့။ သစ်ရွက်ခြောက် အမှိုက်သရိုက်များဖြင့်သာ ပြည့်နေသည်။

ထိုကြောင်သုံးကောင်အတွက် ရေဏာသချိုင်းတစ်ခုပေပဲဟု သူ့စိတ်ထဲကတွေးမိပြီး ကျိတ်ပြုံး ပြုံးမိသည်။

ကိုလှမြင့်သည် ပထမတော့ ရေတွင်းပျက်ထဲတွင် ထည့်ထားသည့် သစ်သားလေှကားကို အပြင်သို့ ဆွဲထုတ်လိုက်ဖို့ စိတ်ကူးမိသေးသည်။ အင်းလေ..လောလောဆယ်မှ အသုံးမဝင်သေးတာ။ သူက အပြင်အလုပ်တွေချည်းပဲ လျှောက်လုပ်နေရသည်ပဲ။ နောင်တစ်ချိန်ချိန်ကျမှ အသုံးလိုတော့မှပဲ အပြင်သို့ဆွဲထုတ်ယူဖို့ စိတ်ဆုံးဖြတ်ပြီး အိမ်ထဲသို့ ပြန်ဝင်ခဲ့သည်။

မီးဖိုခန်းထဲ အဆင်သင့်တွေ့ရသည့် ဆန်အိတ်အလွတ်နှင့် နိုင်လွန်ကြိုးတစ်ချောင်းကိုယူပြီးနောက် ကြောင်မိသားစု ရှာပုံတော်ဖွင့်ရတော့သည်။ နှုတ်မှလည်း အသံပေး ရသေးသည်။ "မီမီ.....မီမီ" ဟု။

သူတို့၏ ရှေ့ရေးကံကြမ္မာကို ကြိုတင်တွေးမိထားပုံရသည့် ထိုကြောင်သုံးကောင်သည် တစ်ခါတည်း စုပ်စမြုပ်စ ပျောက်နေပါ၏။ အခါတိုင်းကဲ့သို့ အော်သံလေးတောင် မပြုပါလေ။

ကိုလှမြင့်သည် စိတ်မရှည်ရသည့်ကြားထဲမှ ထိုသတ္တဝါ သုံးကောင်ကို မတွေ့တွေ့အောင် လိုက်၍ရှာသည်။ ဟော..... တွေ့မယ့် တွေ့တော့လည်း သူတို့အိပ်သည့် ခုတင်အောက်ထောင့်လေးမှာ ထိုသတ္တဝါသုံးကောင် အခန့်သားအိပ် နေကြသည်ကို မြင်တွေ့ရသည်။

"ကဲ.....လာစမ်း၊ ငါ့ကို စိတ်အနှောင့်အယှက်ပေးတဲ့ သတ္တဝါတွေ"

နှုတ်မှ တိုးတိုးသဲ့သဲ့ ရေရွတ်ရင်း ကြောင်မကြီးကို အရင်ဖမ်းပြီး အိတ်ထဲသို့ထည့်သည်။ ပြီးတော့မှ ကြောင်ထီးကြီးနှင့် ကြောက်ပေါက်စလေးကိုဖမ်းပြီးထည့်သည်။

အမယ်.....ဒါတောင် ကြောင်ထီးကြီးက ကိုယ့်အခြေအနေ ကိုယ်သိပြီး ထွက်ပြေးမည်လုပ်နေသေးသည်။ သူက အလျင်အမြန်ပင် ကြောင်ထီးကြီး၏လည်ကုပ်ကို ဖမ်းဆုပ်ကိုင်မိ၍သာ တော်သွားသည်။

ကြောင်သုံးကောင် အိတ်ထဲသို့ ရောက်သွားသည်နှင့် ကိုလှမြင့်သည် အိတ်၏ထိပ်ဖျားကို လုံးထွေး၍ အပေါ်က နိုင်လွန်ကြိုးဖြင့် တင်းတင်းကျပ်ကျပ် ရစ်ပတ်ချည်နှောင်လိုက်သည်။ ဒါတောင် အိတ်တွင်းမှ ကြောင်သုံးကောင်က အတင်း ရုန်းကန် အလွတ်ရုန်းထွက်ဖို့ ကြိုးစားနေသေးသည်။ ဒါပေမဲ့ သိပ်မကြာလိုက်သည့် အချိန်လေးမှာပင် ထိုကြောင်သုံးကောင်သည် ငြိမ်သက်သွား

ကြောင်သုံးကောင် အိတ်ထဲ သို့ ရောက်သွားသည်နှင့် ကိုလှမြင့်သည် အိတ်၏ထိပ်ဖျားကို လုံးထွေး၍ အပေါ်က
နိုင်လွန်ကြိုးဖြင့် တင်းတင်းကျပ်ကျပ် ရစ်ပတ် ချည်နှောင်လိုက်သည်။
ဒါတောင် အိတ်တွင်းမှ ကြောင်သုံးကောင်က အတင်း....



www.burmeseclassic.com

www.burmeseclassic.com



သည်။ မွန်းကျပ်သည့် ဒဏ်ကြောင့် အနိုက်အတန့်မျှ သတိလစ် မေ့မြောသွားကြသည်ပဲ ဖြစ်ပါလေမည်။ သိပ်တော့ ကိစ္စ မရှိပါ။ သိပ်မကြာမတင်သော အချိန်လေးမှာ ထိုသတ္တဝါသုံးကောင်သည် အနိစ္စသဘောနှင့် ကိစ္စချော သွားရတော့မည်ဆိုသည့် အဖြစ်ကတော့ ယုံမှားသံသယရှိ စရာ မလိုပါ။



ကိုလှမြင့်သည် ထိုအိတ်ကြီးကို ဆွဲယူ၍ အိမ်နောက်ဘက်သို့ လှမ်းခဲ့သည်။ ထို့နောက် ထိုအိတ်ကြီးကို ရေတွင်းပျက်ကြီး အတွင်းသို့ ပစ်ချလိုက်ပြီးနောက် စောစောတုန်း ကဖယ်ထားသည့် သစ်သားစများ ဖြင့် အပေါ်ကနေ ပြန်လည်ဖုံးအုပ် ထားလိုက်သည်။ အလုပ်လုပ်နေစဉ်မှာပင် ရင်ခေါင်းတွေတောင့်ပြီး တအွတ်အွတ်ဖြင့် ကြို့ထိုးလာသည်။ ထုံးစံအတိုင်းအချိန်မှန် သောက်နေကျအရက်ကို မသောက်ရသေးသောကြောင့် ခန္ဓာကိုယ်ထဲကနေ တောင်းဆိုလာသည်ပဲ ဖြစ်မည်။ အင်းလေ.....ညတုန်းက ချန်ထားသည့် အရက်လက်ကျန် တစ်ဝက်ကျော်ကျော် ရှိသေးသည်ပဲ။ စိတ်ဆန္ဒကို ဖြည့်တင်းပြီးနောက်မှ ကျန်ပြဿနာကို ဖြေရှင်းလိုက်တာ အကောင်းဆုံးဖြစ်မည်ထင်သည်။

စိတ်ဆုံးဖြတ်ချက်ချပြီး အိမ်ထဲပြန်ဝင်ခဲ့သည်။ မီးဖိုခန်း ကြောင်အိမ်အတွင်းမှ ပုလင်းထဲရှိ လက်ကျန်အရက်ကိုထုတ်၍ ရေမရောဘဲ သည်အတိုင်း မော့ချလိုက်မိသည်။ ရင်တစ်ပြင်လုံး ပူဆင်းသွားသည်။ ရီတဝေ့ဝေ့ ဝေဒနာကိုလည်း မကြာမတင်မှာပင် ခံစားလာရသည်။ သူသည် ခြေပစ်လက်ပစ်ထိုင်ချလိုက်ပြီး ကြောင်အိမ်ကိုမှီ၍ ငိုက်မျဉ်းနေ လိုက်သည်။

"ဩော်.....ကြည့်စမ်း၊ မီးဖို ခန်းထဲမှာလာပြီး ဇိမ်ယစ်နေပြန်ပြီ၊ ကြည့်စမ်း..... ကြည့်စမ်း၊ ခေါင်း နောက်သလေး ဘာလေးနဲ့ အလုပ်သွားဖို့တော့ ပျင်းနေတယ်၊ ဒီအရည်တွေကိုတော့ မိုးမွှန်အောင် သောက်နိုင် တယ်နော်၊ ရှင်တော့ ကျုပ်ကိုအမျိုးမျိုး ပညာပြနေတော့ တာပဲနော်၊ တော့်အကြောင်းကို ကျုပ် ကောင်းကောင်းကြီးသိတယ်၊ ဟိုကြောင်မိသားစုကို ပြဿနာရှာချင်လို့ အိမ်မှာခိုနေတယ်ဆိုတာ၊ ဒီကြောင်တွေကို တစ်ခုခုလုပ်လိုက်လို့ကတော့ ရှင်နဲ့ကျွန်မတွေ့ပြီလို့သာ မှတ်လိုက်ပေတော့"

မည်သည့်အချိန်က ပြန်ရောက်လာသည်မသိ။ ဆူဆူငေါက်ငေါက်ဖြင့် အော်ကြီးဟစ်ကျယ် လုပ်နေသည့် မခိုင်၏အသံကြောင့် ကိုလှမြင့် မျက်လုံးကျယ်သွားသည်။ စောစောပိုင်းက သောက်ထ သမျှတို့ သည်လည်း တစ်ခါတည်



www.burmeseclassic.com

www.burmeseclassic.com



ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားပြီး ထိုင်ရာမှ ထရပ်လိုက်သည်။

"မင်းပြောတာ တော်တော်နားငြီးတာပဲ၊ လူကပင်ပန်းလို့ ဒီမှာလာပြီး အသာငြိမ်နေတဲ့ဥစ္စာကို၊ စိတ်အနှောင့်အယှက်လာပြီးပေးနေရသေးတယ်၊ ဟား.....အိမ်မှာနေရတာလည်း မလွယ်ပါလား"

တညည်းညည်းတညူညူဖြင့် ပြောပြီး မီးဖိုခန်းထဲမှထွက်ကာ အိပ်ခန်းထဲသို့ ဝင်ခဲ့သည်။ ထို့နောက် ခုတင်ပေါ်သို့ ခြေပစ်လက်ပစ်လှဲချပြီး မျက်လုံးအစုံကို မှေးမှိတ်ထားလိုက်သည်။ ညတုန်းက အိပ်ရေးပျက်ထားသည့် အရှိန်ကြောင့် တခေါ ခေါနှင့် ဟောက်သံပေးကာ အိပ် မောကျသွားမိသည်။

သူ့အနေဖြင့် အချိန်မည်မျှကြာအောင် အိပ်မောကျသွားမိသည်မသိပါ။

"အမယ်လေး...လုပ်ကြပါဦးတော်၊ ကျွန်မရဲ့သမီးလေး ရေတွင်းထဲ ပြုတ်ကျနေလို့၊ လာကြပါဦးရှင်၊ ကျွန်မသမီးလေးကို ကယ်ကြပါဦးရှင်"

အလန့်တကြား အော်ဟစ်လိုက်သည့် ဇနီးဖြစ်သူ မခိုင်၏ အသံကြောင့် သူ ဆတ်ခနဲလန့်နိုးသွားသည်။ အိပ်ရာမှ လူးလဲထပြီး အော်သံကြားရာ အိမ်နောက်ဘက်သို့ ဒရောသောပါး ပြေးခဲ့သည်။

အလန့်တကြား
အော်ဟစ်လိုက်သည့်
ဇနီးဖြစ်သူ
မခိုင်၏အသံကြောင့်
သူဆတ်ခနဲ
လန့်နိုးသွားသည်။
အိပ်ရာမှလူးလဲထပြီး
အော်သံကြားရာ
အိမ်နောက်ဘက်သို့
ဒရောသောပါး.....

တွေ့ရပါ၏။

ရေတွင်းပျက်ဘေးတွင်ရပ်ပြီး ရှိုက်ကြီးတငင်ဖြစ်နေသည့် မခိုင်။ ပြီးတော့ မခိုင်၏ ညာဘက်ပခုံးထက်မှာတော့ သမီးပြည့်ပြည့်၏ ကျောင်းလွယ်အိတ်ကလေး။ ရေတွင်းပျက်ပေါ်မှာ သူတင်ထားခဲ့သည့် သစ်သားစ အဖုံးအကာတွေမှာလည်း ရေတွင်းပျက်ဘေးမှာ အားလုံးရောက်နေသည်။

"ကြည့်စမ်းပါဦးတော်၊ သမီးလေးပြည့်ပြည့်ရဲ့အဖြစ်ကို"

မခိုင်က သူ့အင်္ကျီရင်ဘတ်စကို ဆွဲကိုင်လှုပ်ခါ၍ ငိုကြီးချက်မဖြင့်ပြောသည်။ ကိုလှမြင့်သည် ရေတွင်းပျက်ကြီးထဲသို့ ငုံ့ကြည့်လိုက်မိ

www.burmeseclassic.com



ပါ၏။ ခွေခွေခေါက်ခေါက်ကလေး ဖြင့် အငြိမ်သက်ကြီး ငြိမ်သက်နေ သည့်သမီးလေးပြည့်ပြည့်၏အဖြစ် ကို ရင်ဆို့ဖွယ်ရာ မြင်တွေ့လိုက်ရ သည်။ တွေ့မြင်နေရသည့်မြင်ကွင်း ကို ပို၍ဝမ်းပန်းတနည်းဖြစ်အောင် ဖန်တီးနေသည်ကတော့ အခြား မဟုတ်။ ပြည့်ပြည့်သည် ကြောင် သုံးကောင်ထည့်ထားသည့်အိတ်ကို ရင်ခွင်ပိုက်ထားခြင်းပဲဖြစ်သည်။

ကြည့်ရပုံမှာ ပြည့်ပြည့်သည် သူတို့နှစ်ယောက်အချေအတင်ပြော နေသည့်စကားကြောင့် အခြေ အနေမှန်ကို ရိပ်စားမိသွားပုံရသည်။ ထို့ကြောင့် ပြည့်ပြည့်သည် အိမ်သို့ တိတ်တဆိတ်ပြန်လာပြီး လှေကား မှတစ်ဆင့် ရေတွင်းပျက်ကြီးထဲသို့ ဆင်းပါလိမ့်မည်။ သို့သော် ဆွေး မြည့်နေသည့် လှေကားကကျိုးပြီး ရေတွင်းပျက်ထဲသို့ ခြေချော်လက် ချော် ပြုတ်ကျသွားပုံရသည်။

"ရှင် ဘာလုပ်နေတာလဲ၊ သမီးလေးကို အပေါ်ပြန်တင်ဖို့ လုပ် ဦးလေ"

မခိုင်သတိပေးတော့မှပင် ကို လှမြင့်သည် ရေတွင်းပျက်ထဲသို့ ဆင်းဖို့ သတိရသည်။ သူရေတွင်း နှုတ်ခမ်းပေါင်မှတစ်ဆင့် အောက် သို့ခုန်ချလိုက်သည်။ အောက်သို့ ဘုတ်ခနဲ ပြုတ်ကျသွားသည်။ အထိ နာသွားသော်လည်း သူ ဂရုမထားနိုင်ပါ။ သမီးလေးပြည့် ပြည့်အား ပွေ့ယူ၍ လှုပ်နှိုးကြည့် မိသည်။ သို့ တစေ ပြည့်ပြည့်သည် တုတ်တုတ်မျှပင် မလှုပ်ပါ။ ရင်ဘတ်ကို စမ်းကြည့်လိုက် ပြန်တော့လည်း ရင်ခုန်ခြင်း၊ အသက်ရှူခြင်း မရှိတော့သည့် အဖြစ်ကို စမ်းသပ်တွေ့ရှိရပါ၏။

"သမီးလေးရယ် အဖြစ်ဆိုးလှ ချည်လား၊ သမီးလေး အခုလိုဖြစ် ရတာ ဖေဖေ့ကြောင့်၊ ဖေဖေ့ ကြောင့်၊ ဒီကြောင်တွေကိုမုန်းပြီး မကောင်းကြံမိတာနဲ့ သမီးလေးကို ပါ ဆုံးရှုံးရတာ၊ ဖေဖေ ဘယ်လို ဖြေရမလဲ သမီးရယ်"

သူသည် ပြည့်ပြည့်၏ပါးပြင်



နှင့် သူ့ပါးပြင်အပ်၍ မျက်ရည်တွေ တွေကျရင်း နှုတ်မှ တတွတ်တွတ် ရေရွတ်နေမိသည်။

တကယ်တော့ ထိုကြောင်မိ သားစုသည် သူ့အား အနုနည်းဖြင့် လက်စားချေသွားခြင်းများလား။

မည်သို့ပင်ဖြစ်စေ သူ့အနေ ဖြင့် ကြောင်မိသားစုအား မကောင်း ကြံလိုက်မိသောကြောင့် သူကိုယ် တိုင်လည်း တစ်ပြန်ခံစားရဖို့အခြေ အနေက ဖန်တီးလိုက်ခြင်းပဲဆိုက မှားမည်မဟုတ်ပါ။ တစ်နည်းအား ဖြင့် ကိုယ်ပြုသမျှဒဏ် ကိုယ်ခံလိုက် ရခြင်းပဲလေ။


**သန့်စင်မြင့်ဦး**

**ကြည့်ရပုံမှာ ပြည့်ပြည့်သည်**
**သူတို့နှစ်ယောက်**
**အချေအတင်ပြောနေသည့်**
**စကားကြောင့်**
**အခြေ အနေမှန်ကို**
**ရိပ်စားမိသွားပုံရသည်။**
**ထို့ကြောင့် ပြည့်ပြည့်သည်**
**အိမ်သို့**
**တိတ်တဆိတ်ပြန်လာပြီး ...**



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ထာဝရအေးငြိမ်းရာ

မောင်သာမန် (စီးကုန်း)

"တင့်လှပေဟန်၊ ဘက်မရန်တည့်၊ ခြောက်တန်နတ်ရွာ၊ ဘုံကလာသို့....."စသည့် နတ်ရှင်နောင် ရေးဖွဲ့ခဲ့လေသော ရာဇဓာတုကလျာဘွဲ့ ရတုသည် မိမိချစ်ရသော မဟာသ်ာကိုများ စောင်းချိတ်၍ ရေးဖွဲ့ခဲ့လေသလားဟု မောင်လှသောင်း တွေးတောမိပါ၏။ ရာဇဓာတုကလျာ၏ ရုပ်ရုံအလှကို မြင်မိလေသော နတ်ရှင်နောင်ကဲ့သို့ မောင်လှ သောင်းသည်လည်း မဟာသ်ာ၏ အလှရူပါကို မြင်မိရသည့်ခဏ မိမိချစ်ရသော ချစ်သူ၏ အလှတရားကို ညွှန်းဆိုဖွဲ့နွဲ့မိပါ၏။ နတ်ရှင်နောင်မှ အလှသခင် ဓာတုကလျာသည် နတ်သမီးတစ်ပါးဟုပင် ယိုးမှားမိပါ၏၊ အလှသခင်ကိုမြင်လိုက်ရသည့်ခဏ စိတ်အာရုံ စုပုံညွတ်နူးပြီး သူမအပေါ် ချစ်မေတ္တာများ သွန်ချသည့်ပမာ ချစ်ကြင်မြတ်နိုးလိုသည့်စိတ်များ ပေါ်ပေါက်လာရသည်ဟု ဆိုပါသည်။ သို့ဆိုလျှင် မောင်လှသောင်းသည်လည်း ရတုဘုရင်နည်းတူ မဟာသ်ာ၏ အလှအပကို ဂရုပြုမိသည်နှင့် ချစ်ကျွမ်းဝင်ခဲ့သည်ဟု ဆိုရပေတော့မည်။



မဟာသ်ာသည် မိန်းမပီသစွာ
အလှတရားဖြင့် ပြည့်စုံသည်ဟု
ရပေမည်။ ဣတ္ထိယတို့၌ ရှိသင့်
ထိုက်သော အလှအပတို့ထက်
မိုသာလွန်သည့် အလှတရား
သည် မဟာသ်ာ၌ ရှိပေ၏။ လှပခြ
တရားတို့နှင့်အတူ ခန္ဓာကိုယ်
အမို့ အမောက်၊ အရှိုက်အဟို
တို့သည် ခြွင်းချက်မရှိ ပြေပြ
ခြင်းများဖြင့် တည်ရှိနေခြ
ကြောင့် မောင်လှသော
ရင်ခုန်မည်ဆိုက ရင်ခု
သင့်ပါ၏။ ယင်းကြော
ပင် မဟာသ်ာအား
စင်ရိုးသားသော ခင်
မှုထက် ရယူပိုင်ဆို
လိုသော စွဲလမ်းမှုတို့
မောင်လှသောင်းတ
ယောက် တမ်းတ
တတ ဖြစ်နေရသ
ထိုသို့ အတ္တဆန်
ပိုင်ဆိုင်လိုမှုများ



www.burmeseclassic.com

www.burmeseclassic.com

အရင်းပြုနေသော ချစ်ခင်စွဲလမ်းမှုများကြောင့် မဟာသ်ာ သွားလေရာ မောင်လှသောင်းမှာ တကောက်ကောက်လိုက်၍သာနေတော့သည်။

အမှန်စင်စစ် မောင်လှသောင်းနှင့် မဟာသ်ာတို့သည် တစ်လမ်းတည်းသား အိမ်နီးချင်းများဖြစ်ကြ၏။ မဟာသ်ာသည် မောင်လှသောင်းထက် သုံးလေးနှစ်ခန့် အသက်ကြီးသူဖြစ်၏။ ကလေးဘဝကပင်အတူနေအတူစားဖြင့် ဖြူစင်သော လမ်းကြောင်းပေါ်၌ ယှဉ်တွဲ၍ရှိနေရာမှ ပေါ်လွင်ထင်ရှားလာသော မဟာသ်ာ၏အလှတရားသည် ဆယ့်ရှစ်ဆယ့် ကိုးအရွယ်သို့ ရောက်လာသော မောင်လှသောင်း၏နှလုံးသားအား စွန်းထင်းစေသောအဖြစ်သနစ်သို့ ဆိုက်ရောက်ခဲ့ရသည်။

မဟာသ်ာကိုတွေ့လေတိုင်း မောင်လှသောင်း ရင်ခုန်တတ်လာသည်။ မဟာသ်ာ၏အလှတွင် ယစ်မူးလျက် နှလုံးသားအလှကဗျာ စာတို၊ စာရှည်များကို ရေးတတ်လာ၏။ ကဗျာနုနု၊ စာနုနုများကို ဖွဲ့စပ်လာပါ၏။ ဖွဲ့သီလေသော ကဗျာလေးများအား မဟာသ်ာအားပေး၍ ဖတ်စေ၏။ ထိုသို့ဖတ်ခြင်းဖြင့် မိမိ၏ရင်ထဲ၌ အချစ်နှင့်ပတ်သက်၍ မည်မျှခံစားနေရသည်ကို သူမ သိနိုင်မည်ဟု ထင်မြင်ယူဆခဲ့ပေ၏။

မောင်လှသောင်းဖတ်စေသော ကဗျာစာစုများနှင့် မောင်လှသောင်း၏ မရိုးသားသည့် ဟန်ပန်များကြောင့် မဟာသ်ာအနေဖြင့် မောင်လှသောင်း၏ စိတ်ဖောက်ပြားမှုကို သဘောပေါက်မိပေသည်။ မကြာမီသောကာလတွင် မောင်လှသောင်း၏ ချစ်ရေးဆိုမှုအား တွေ့ကြုံရတော့မည်ကို မဟာသ်ာ ကြိုတင်သိရှိနေပါ၏။

ယင်းကြောင့်ပင် မဟာသ်ာမှ မောင်လှသောင်းနှင့် သွားသွားလာလာ နေမှုထိုင်မှုများကို ရပ်တန်းကရပ်၍ ခပ်ခွာခွာနေရန် ကြိုးစားခဲ့သည်။ သို့သော် ကလေးဆိုးကဲ့သို့ ဇွတ်တရွတ်နိုင်သော မောင်လှသောင်း၏ ဆိုးနွဲ့သော အပြုအမူများကြောင့် မဟာသ်ာမှာ စိတ်ညစ်ခဲ့ရသည်။ စိတ်ရှုပ်ထွေးခဲ့ရသည်။ မဟာသ်ာသည် မိမိကိုယ်မိမိ အာမခံပါသည်။ မောင်လှသောင်းအား မောင်လေးအရင်းသဖွယ် ချစ်ခင်ရင်းနှီးသည်မှလွဲ၍ သည့်ထက် ပိုမိုဆန်းကြယ်သောအရာမရှိဟု ဆိုရပေတော့မည်။

အချစ်နှင့်ပတ်သက်၍ မောင်လှသောင်းတစ်ယောက်တည်းသာ လက်မခံသည်မဟုတ်။ တခြားသော ပုရိသများကိုလည်း မည်သို့မျှ စိတ်သဘောမထားနိုင်ပါချေ။ မဟာသ်ာ၏ စိတ်နေသဘောကို မသိရှာသော မောင်လှသောင်းမှာ သီတင်းကျွတ်လပြည့်နေ့တွင် မဟာသ်ာ၏ အိမ်ခြံဝင်းအတွင်း ဆီမီးများ ထွန်းညှိနေသည့် အခိုက်အတန့်တွင် မဟာသ်ာထံ ချဉ်းကပ်၍ သူ၏ရင်မှ ခံစားချက်များအား ဖွင့်ဟ၍ ချစ်ရေးဆိုလေသည်။

"မမဟာသ်ာ၊ . ကျွန်တော့်ကို အခွင့်အရေးယူတယ်လို့ မထင်ပါနဲ့နော်၊ ဒီလိုလသာညလေးမှာ ကျွန်

**အချစ်နှင့်ပတ်သက်၍**
**မောင်လှသောင်းတစ်ယောက်တည်းသာ လက်မခံသည်မဟုတ်။**
**တခြားသော ပုရိသများကိုလည်း မည်သို့မျှ**
**စိတ် သဘောမထားနိုင်ပါချေ။ မဟာသ်ာ ၏ စိတ်နေသဘောကို မသိရှာ**
**သော မောင်လှသောင်းမှာ သီတင်းကျွတ်လပြည့်နေ့တွင်**
**မဟာသ်ာ၏ အိမ်ခြံဝင်းအတွင်း.....**

www.burmeseclassic.com

တော့်ရဲ့ရင်မှာ ဖြစ်တည်နေတဲ့ ခံစားချက်တွေကို မမဟသ်ာသိအောင် ရင်ဖွင့်ပြချင်တယ်၊ မမဟသ်ာ ကျွန်တော့်ကို စိတ်မဆိုးပါနဲ့၊ ငယ်စဉ်ကတည်းက မမဟသ်ာကို သံယောဇဉ်တွယ်နေခဲ့တာ ကျွန်တော်ပါ မမရယ်၊ မမရဲ့အလှ၊ မမရဲ့အပြုအမူတွေကို ကျွန်တော့်နှလုံးသားထဲမှာ ထင်ဟပ်လာခဲ့တာ ကြာပြီဖြစ်ပေမယ့် အခုလိုအချိန်ကျမှ ကျွန်တော် ရင်ဖွင့်ပြတာပါ၊ မမဟသ်ာကို ကျွန်တော် သိပ်ချစ်တယ်ဗျာ၊ အသည်းထဲ၊ အူထဲက လှိုက်လှိုက်လှဲလှဲချစ်တယ်၊ မမကို ရယူပိုင်ဆိုင်လိုခြင်းတွေနဲ့ချစ်တယ်၊ ကျွန်တော့်အချစ်ကို မမလက်ခံမယ်မဟုတ်လားဟင်”



မဟသ်ာ၏ လက်ဖျားလေးများအား ကိုင်တွယ်၍ တတွတ်တွတ်ပြောနေသော မောင်လှသောင်း၏စကားများအား ငြိမ်သက်စွာ နားထောင်လျက်နေပြီးမှ မိမိအား မျက်နှာငယ်လေးဖြင့် ချစ်ခွင့်ပန်နေသော မောင်လှသောင်းအား တည်ငြိမ်စွာကြည့်လိုက်ပြီး ငြိမ်းအေးသောအသံဖြင့် ဖျောင်းဖျပြောဆို နှစ်သိမ့်လိုက်ပါ၏။

“မောင်နဲ့နှမလို သဘောထားချစ်ခင်နေကြပြီးမှ အခုလို ရယူပိုင်ဆိုင်လိုမှုတွေနဲ့ ဖောက်ပြားတဲ့အချစ်မျိုးကို မမအပေါ် မောင်လှသောင်းထားနေတယ်ဆိုတာ သိရတော့ မမ သိပ်ဝမ်းနည်းရပါတယ်၊ ဟုတ်တော့ လည်း ဟုတ်ပါတယ်၊ ဘယ်လိုမှ သွေးမတော်သားမစပ် ဆန့်ကျင်ဘက် ဖိုနဲ့မဟာ ကြာရှည်ကြာများ ငါးရာနှစ်ဆယ့်ရှစ်မေတ္တာမျိုး ဘယ်ထားနိုင်ပါ့မလဲ၊ ဒါပေမဲ့ ငါ့မောင်ရဲ့တောင်းဆိုမှုကို မမအနေနဲ့ ဘယ်နည်းနဲ့မှ လက်မခံနိုင်တာကိုတော့ ခွင့်လွှတ်ပါလို့ မမဆိုရမှာပဲ၊ ဘာကြောင့်လဲဆိုတော့ မမလေ မမ ကိုယ်ပိုင်ဆုံးဖြတ်ချက်အရ သာသနာ့ဘောင်မှာ တစ်သက်တာနေနိုင်ဖို့ သီလရှင်ဝတ်တော့မယ်လို့ စဉ်းစား ထားလို့ပါ၊ ဒါကိုလည်း မဖြစ်မနေ အကောင်အထည်ဖော်နိုင်ဖို့ မမ ကြိုးစားအားထုတ်ရဦးမှာပါ၊ မင်းကိုတော့ မမမေတ္တာမပျက်ပါဘူးကွယ်”

မဟသ်ာ၏ နှုတ်ထွက်စကားများသည် အဆုံးစွန်ရောက်သည့်ပမာမို့ မောင်လှသောင်းမှာ ခေါင်းငိုက်စိုက်ကျသွားရသည်။ အတန်ကြာ ငြိမ်သက်နေရာမှ မောင်လှသောင်းထံမှ စကားသံ ပေါ်ထွက်လာ၏။

“ဘုရားတရားကို မမရှိသေကိုင်းရှိုင်းတယ်ဆိုတာ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ကျွန်တော် တောင်းဆိုတဲ့ မမရဲ့အချစ်ကို ဥပေက္ခာပြုရလောက်အောင်သိလ



www.burmeseclassic.com


www.burmeseclassic.com



ရှင်ဝတ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်မျိုး ချက်ချင်းမချသင့်ပါဘူး၊ ကျွန်တော် မမကိုချစ်တဲ့အချစ်ဟာ အနုညာတ အချစ်လို့ မထင်စေချင်ဘူးဗျာ၊ ကျွန်တော့်အချစ်က သေတစ်ပန် သက်တစ်ဆုံး ဘဝကြင်ဖော်အဖြစ် လက် တွဲမယ့်အချစ်မျိုးပါ၊ ရေချချ မီးချ ချ အမာခံအချစ်မျိုးပါ၊ ဘယ်လိုဖြစ် ဖြစ် ကျွန်တော့်ကို မမ ချစ်လာနိုင် တဲ့အထိ စောင့်နေမယ်၊ တစ်နေ့ နေ့ကျရင် မမရဲ့အချစ်ကို ကျွန်တော် ပိုင်ဆိုင်ရရင်ပဲ ကျွန်တော် ကျေနပ် ပါပြီ မမရယ်''

မောင်လှသောင်းသည် သူ၏ ရင်၌ ဖြစ်ပေါ်နေသော နှလုံးသား အံ့ကြွမှု ချစ်ခြင်းတရားသည် မဟာသ်ာထံ၌ သက်ရောက်နေသည်ကို ယုံကြည်မှုအပြည့်အဝရှိနေ၏။ သို့အတွက် လွယ်လွယ်နှင့် ဖျောင်းဖျ၍ရမည်မဟုတ်သောကြောင့် မဟာသ်ာမှာ သက်ပြင်းပူများ ချနေရပေသည်။

''မမအပေါ် မျှော်လင့်ချက် မထားပါနဲ့လို့ သူတစ်ပါးရဲ့ လွတ်လပ်ခွင့်ကို မပိတ်ပင်၊ မတားဆီးချင်ပါဘူးကွယ်၊ ဒါပေမဲ့ မျှော်လင့်ချက်မထားတာ အကောင်းဆုံးလို့ မမတော့ထင်တာပဲ၊ မမသာ သီလရှင်ဝတ်ခဲ့ရင် မင်းရဲ့မျှော်လင့်ထားတာတွေ ဖြစ်လာမှာမဟုတ်ဘူး၊ တစ်ချိန်ကျရင် မမအတွက် မင်းစိတ်ဆင်းရဲနေမှာစိုးလို့ မမက မေတ္တာရပ်ခံတာပါ''



ကြယ်လေးများ တဖျပ်ဖျပ် လင်းလက်၍ လမင်းသည် ထိန်ထိန်သာနေပေ၏။ မောင်လှသောင်းသည် ရောင်စုံမီးပုံးကလေးများအား အဓိပ္ပာယ်မဲ့စွာ ကြည့်ရှုငေးမောနေပေသည်။

♛♛♛♛♛

ပြောသာပြောရသည်။မဟာသ်ာသည် ဘာသာတရားအပေါ်တွင် လွန်စွာလေးနက်သည်ကို မောင်လှသောင်း သိပါ၏။ အိမ်ရှိဘုရား၌ ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်းတို့ကို နေ့စဉ် ဝတ္တရားမပျက်သကဲ့သို့ ဆွမ်းခံသံဃာတော်များကိုလည်း ဝတ်မပျက် ဆွမ်းလောင်းလှူမြဲဖြစ်ပေသည်။ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ်ဆိုသလို သီလယူပြီး ပုတီးစိပ်၊ တရားထိုင်လုပ်ငန်းဖြင့် တရားဘာဝနာ စီးဖြန်းလေ့ရှိပါ၏။ သို့သာမက တရားပွဲတွင် တရားနာခြင်း၊ တရားစခန်းတွင် တရားကျင့်ပွားခြင်းတို့ဖြင့် လောကုတ္တရာလမ်းစဉ်ကို အလွန်ပင် စိတ်ဝင်စားနေတော့သည်။ ထိုအကြောင်းကိုသိသော မောင်လှသောင်းတစ်ယောက် မဟာသ်ာအား တင်းတင်းမာမာ ချစ်ရေးဆိုခြင်းမရှိခဲ့ပေ။

မဟာသ်ာ၏ သာသနာ့ဘောင်



www.burmeseclassic.com

www.burmeseclassic.com



**မည်သို့ဆိုစေ မိမိ၏ဘာသာရေးလမ်းကြောင်းအား ပျက်ယွင်းမည့်အခြေအနေကိုလုံးဝလက်မခံနိုင်ပါပေ။ သို့ကြောင့်မိမိထံပါးမှ မောင်လှသောင်းထွက်ခွာသွားပြီးနောက် မဟာသ်ာသည် ဘာသာရေးဆိုင်ရာလုပ်ငန်းများကို.....**

သို့ ဝင်ရောက်မည့်ဆုံးဖြတ်ချက်သည် တစ်နေ့နေ့တစ်ချိန်ချိန်တွင် မဟာသ်ာတစ်ယောက် ပြောင်းလဲနိုင်ကောင်း ပြောင်းလဲနိုင်သည်ဟူသော မျှော်လင့်ချက်ဖြင့် မဟာသ်ာ၏အချစ်အား အဝေးမှစောင့်မျှော်နေမည်ဟု ဆုံးဖြတ်လိုက်ပါ၏။ ယင်းကြောင့် အသိမိတ်ဆွေအဆက်အသွယ်ဖြင့် နယ်စပ်မြို့ဖြစ်သောမြဝတီတွင် ကုန်ကူးသန်းရောင်းဝယ်မှုများ လုပ်ကိုင်ရန် မောင်လှသောင်းတစ်ယောက် ဆုံးဖြတ်လိုက်သည်။ ယင်းနောက် မဟာသ်ာအား တွေ့ဆုံလျက်.....

**"မမရဲ့ သီလရှင်ဝတ်မယ်ဆိုတဲ့ဆုံးဖြတ်ချက်ဟာ တကယ်ဖြစ်လာခဲ့ရင် ကျွန်တော်လေ အမှန်တကယ် သာရခေါ်မှာပါဗျာ၊ တကယ်လို့များ မမရဲ့ဆုံးဖြတ်ချက်တွေ အခြေအနေအရ ပြောင်းလဲခဲ့ရင်တော့ ကျွန်တော့်ရဲ့ ချစ်ခြင်းမေတ္တာကို တန်ဖိုးထားတဲ့အနေနဲ့ ကျွန်တော့်ရဲ့ တောင်းဆိုချက်ကို ဥပေက္ခာမပြုပါနဲ့လို့ အနူးအညွတ်**တောင်းပန်ပါရစေ မမရယ်"

မောင်လှသောင်း၏ တောင်းပန်မှုသည် နှလုံးသားမှလာသော စကားများဖြစ်ခြင်းကြောင့် မဟာသ်ာမှာ စိတ်မချမ်းမသာဖြစ်ခဲ့သည်။ မဟာသ်ာအနေဖြင့် သူမ၏ ဆုံးဖြတ်ချက်အား မည်သို့အခြေဆိုက်ရောက်ရောက် ပြောင်းလဲပြင်ဆင်မည် မဟုတ်သည်ကြောင့် မောင်လှသောင်း ပြောသည့်စကားများအား ပြန်လည်ပြောကြားခြင်း မရှိပါလေတော့။

မောင်လှသောင်းတစ်ယောက် သူ့စိတ်ကူးနှင့်သူ စိတ်ချမ်းသာပါစေဟူသောသဘောဖြင့် မဟာသ်ာမှာ မည်သို့မျှမပြောတော့ဘဲ ဆိတ်ဆိတ်သာ နေလိုက်တော့သည်။

မောင်လှသောင်းကဲ့သို့ ဆယ်ကျော်သက်ရွယ် လူငယ်တစ်ဦး၏ သံယောဇဉ်အဖွဲ့အနွဲ့တို့ဖြင့် ချစ်ခြင်းမေတ္တာ ဖွဲ့သီမှုကို မဟာသ်ာ နားလည်မိပါ၏။ မိမိ၏ ငြင်းဆန်မှုကြောင့် ငယ်ရွယ်ပျိုမျစ်သော နှလုံးသားပိုင်ရှင် လူငယ်တစ်ဦး၏ နာကျင်ခံစားမှုအား သူမ မလိုလားပေ။ ထို့ကြောင့်ပင် မိမိကြောင့် သူတစ်ပါးရင်နိုက်အောင် နာကျင်စွာခံစားရခြင်းကို သူမတစ်ယောက် စိတ်မကောင်းခြင်းကြီးစွာဖြင့် ကရုဏာသက်ခဲ့ရသည်။

မည်သို့ဆိုစေ မိမိ၏ ဘာသာရေးလမ်းကြောင်းအား ပျက်ယွင်းမည့် အခြေအနေကို လုံးဝလက်မခံနိုင်ပါပေ။ သို့ကြောင့် မိမိထံပါးမှ မောင်လှသောင်း ထွက်ခွာသွားပြီးနောက် မဟာသ်ာသည် ဘာသာရေးဆိုင်ရာလုပ်ငန်းများကို ဆထက်ထမ်းပိုး ကြိုးစားအားထုတ်ခဲ့သည်။ ဝိပဿနာ စီးဖြန်း၏၊ ဘာဝနာတရားပွားများ၏။ မမြဲနိုင်သော တရားဖြစ်သော ရုပ်၊ နာမ်၊ ခန္ဓာ ငါးပါးတို့ကို မြင်အောင် ရှု၏။ မလို လားအပ်သော စေတသိက်များဖြစ်သည့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့အား



www.burmeseclassic.com

www.burmeseclassic.com

ချေဖျက်နိုင်အောင် ကြိုးစား၍ နေလေ၏။

သို့စေကာမူ ဥစ္စာနေ ပြည့်ဝသော ဖခင် ဦးလှကျော်နှင့် မိခင် ဒေါ်လေးမယ်တို့သည် သမီးဖြစ်သူ ဟာသ်ာ၏ ဘာသာရေးအားထုတ်မှုအား နှစ်သက်လှခြင်းမရှိ။ ငယ်ငယ်ရွယ်ရွယ်ဖြင့် သီလရှင်ဝတ်သွားမည်ကို စိုးရိမ်နေသည်။ သမီးဖြစ်သူကို အိမ်ထောင်ရက်သား ချထားလိုသည်။ မိမိတို့ ယုံကြည်အားထားသည့် လူတစ်ဦးဦးနှင့် သမီးဖြစ်သူအား လက်ထပ်မင်္ဂလာဆောင်နှင်း၍ မိမိတို့၌ရှိသော ဥစ္စာနေများကို လွှဲအပ်လိုသည်။ သို့ကြောင့်ပင် ဟာသ်ာအား သာသနာ့ဘောင်သို့ အလျင်စလို မဝင်ပါရန် အကြိမ်ကြိမ် နားချသည်။

''သာသနာ့ဘောင်မှာပဲ ပျော်မွေ့ချင်လို့ သီလရှင်ဝတ်မယ်ဆိုတာ အလွန်သင့်မြတ်ပါတယ်၊ ဒါပေမဲ့ အဖေတို့မှာက သားသမီးဆိုလို့ သမီးတစ်ယောက်တည်းပါ၊ အဖေတို့မှာရှိတဲ့ အမွေပစ္စည်းတွေကို သမီးတစ်ယောက်တည်းကိုပဲ လွှဲရမှာဆိုတော့ သမီးကို သာသနာ့ဘောင်ထဲကို လောလောဆယ် မဝင်စေချင်သေးဘူးပေါ့ကွယ်၊ နောက်ပြီး အဖေတို့တွေ မျက်လုံးမှိတ်ခဲ့ရင် လောကအလယ်မှာ သမီးတစ်ယောက်တည်း မျက်စိသူငယ်၊ နားသူငယ်နဲ့ မထားရက်ခဲ့နိုင်ဘူး။ ဒါကြောင့် သမီးကို အဖေတို့ သဘောတူတဲ့ သူတစ်ယောက်ယောက်နဲ့ မိဘအလိုကျ အိမ်ထောင်ထူစေချင်တာပဲကွယ်''

မဟာသ်ာသည် မိမိဘဝနှင့် မိမိဖြစ်လိုသည့်ဆန္ဒ တစ်ထပ်တည်း မကျရောက်သည့်အခြေကြောင့် မျက်ရည်များ ဝေ့ဝဲလာရသည်။ ဝမ်းနည်းပက်လက်ဖြစ်ရသည်။ ရှိုက်ကြီးတငင် ငိုကြွေးခဲ့ရသည်။

''သားသမီးတွေကို ကောင်းစေချင်တဲ့ဆန္ဒ မိဘတိုင်းမှာရှိတယ်ဆိုတာ သမီးသိပါတယ်၊ ဒါပေမဲ့ အဖေတို့ရဲ့ ဖြစ်စေချင်တဲ့ဆန္ဒက သမီးရဲ့ဘဝတစ်ခုလုံး ရှုပ်ထွေးပွေလီလှတဲ့ လောကသံသရာထဲက ရုန်းထွက်လို့မရအောင် လုပ်နေသလိုများ ဖြစ်နေမလား၊ စဉ်းစားကြည့်ပါဦး အဖေရယ်၊ သမီးရဲ့ဘဝက ရေရှည်မှာ စိတ်ချမ်းသာမှု ရှိပါ့မလား၊ ကောင်းနိုင်ပါ့မလား၊ တွေးကြည့်ပါဦး အဖေတို့အမေတို့ရယ်၊ ပစ္စည်းဥစ္စာနေဆိုတာ မမြဲတဲ့ တရားတွေပါ၊ သံသရာတစ်လျှောက် ကောင်းနိုင်ဖို့ အဖေတို့အနေနဲ့ ဒီဥစ္စာတွေကို ထုခွဲပြီး လှူပစ်လိုက်ပါလား အဖေရယ်၊ ကန်တော့ပါရဲ့ အဖေ၊ သမီးနဲ့ပေါင်းသင်းရမယ့်သူကရော သမီးရဲ့ လောကုတ္တရာမှာ အာရုံစူးစိုက်မှုကို စိတ်ရှည်သည်းခံ နိုင်ပါ့မလားဟင်''

မဟာသ်ာ၏ ပြောစကားများကား ဖခင်ဦးလှကျော်တို့အတွက် ထိချက်ပြင်းလှသည်ထင့်။ ခေါင်းငိုက်စိုက်ကျသွားရသည်။ မဟာသ်ာသည် လိမ္မာယဉ်ကျေးသော၊ မိဘများ၏ကျေးဇူးအား အထူးတလည်

သမီးရဲ့ဘဝတစ်ခုလုံး ရှုပ်ထွေးပွေလီလှတဲ့ လောကသံသရာထဲက
ရုန်းထွက်လို့မရအောင် လုပ်နေသလိုများ ဖြစ်နေမလား၊
စဉ်းစားကြည့်ပါဦး အဖေရယ်၊ သမီးရဲ့ဘဝက ရေရှည်မှာ စိတ်ချမ်းသာမှု ရှိပါ့မလား၊
ကောင်းနိုင်ပါ့မလား၊ တွေးကြည့်ပါဦး အဖေတို့အမေတို့ရယ်၊ ပစ္စည်းဥစ္စာနေဆိုတာ မမြဲတဲ့
တရားတွေပါ၊ သံသရာတစ်လျှောက် ကောင်းနိုင်ဖို့....



www.burmeseclassic.com

www.burmeseclassic.com



သိတတ်သော၊ ဘာသာ၊ သာသနာအပေါ်၌ ရိုကျိုးသော မိန်းမပြတ် ကလေး ဖြစ်နေသည်မို့ မိမိအတွက် စိတ်မချမ်းသာဖြစ်ရသည့် မိဘများအတွက် စိတ်မကောင်းဖြစ်ရပြန်၏။ သို့ဖြင့်.....

"အဖေတို့အမေတို့ သမီးရဲ့ ဘဝကို စိတ်တိုင်းကျ စီစဉ်ပါတော့ရှင်၊ ဒါပေမဲ့ သမီးဘဝတစ်သက်တာမှာတော့ စိတ်ချမ်းသာမှုဆိုတာ ရှိချင်မှ ရှိပါလိမ့်မယ်"

ပြောရင်းမှ မဟသ်ာသည် မျက်ရည်များ ကျလာရသည်။ တစ်ဆက်တည်းဆိုသလို အဝေးတစ်နေရာ၌ရှိသော မောင်လုသောင်းကိုလည်း စိတ်မကောင်းခြင်းများစွာဖြင့် သတိရလိုက်မိသည်။ မောင်လုသောင်း၏ အချစ်ကို ငြင်းပယ်လျက် သာသနာ့ဘောင်သို့ဝင်ရန် ဆုံးဖြတ်ချက်များသည် မိဘများ စိတ်ချမ်းသာရေးအတွက် ပြောင်းလဲခဲ့ရသည် မို့ မောင်လုသောင်းအပေါ် တရားပို့မလားဟု တွေးမိပေသေး၏။ ရှိစေတော့။



♛♛♛♛♛

မိဘတို့၏အလိုကျ တစ်မြို့တည်းသားဖြစ်သည့် ကုန်သည် ကိုဘမှန်ဆိုသူနှင့် အိမ်ထောင်ထူလိုက်ရသည်။ အစတွင် ကိုဘမှန်သည် မဟသ်ာ၏မိဘများအလိုကျ နေပြခဲ့ပါ၏။ ကိုဘမှန်သည် အထက်အညာအရပ်မှဖြစ်၍ ကြက်သွန်၊ အာလူးနှင့် နှမ်း၊ ပဲတို့အား အောက်အရပ်သို့ တင်ပို့ရောင်းချ၏။

အောက်အရပ်မှထွက်သော ပစ္စည်းများအား အညာသို့ တင်ပို့ခြင်းဖြင့် စီးပွားဖြစ်ခဲ့ပါ၏။ မဟသ်ာ၏မိဘများသည် ကိုဘမှန်၏မိဘများနှင့် အသိအကျွမ်းဖြစ်ခဲ့ခြင်းကြောင့် မိမိတို့၏သမီးနှင့် ကိုဘမှန်အား သဘောတူ ကြည်ဖြူ ခြင်းသာဖြစ်၏။ ကိုဘမှန်၏ စိတ်ရင်းသဘောကို မသိရှိခဲ့ရပေ။

နောက်ပိုင်းတွင် ဖွတ်ထွက် တောင်ပို့မှန်းသိသည် ဆိုသော စကားသည် ကိုဘမှန်အတွက်ဖြ ခဲ့ရသည်။ ကိုဘမှန်သည် သောက်ကြူး၏၊ လောင်းကစား အထုံရှိ၏၊ မိန်းမလိုက်စား၏။ ယစ်လာပါက လူစိတ်ပျောက်သ နှယ် မိုက်ရိုင်းလွန်းလှသည်။ ဖြင့် မဟသ်ာအတွက် စိတ်ဆင်း စရာများ ဖြစ်လာခဲ့ရသည်။ ကို မှန်၏ အမူအကျင့်၊ စရိုက်နှင့် လဲသော စိတ်ထားများကို နှော သိလိုက်ရသော မဟသ်ာ၏မိဘ ပါးမှာ မိမိတို့၏သမီးအပေါ် ထား သော စေတနာအမှားကြောင့် ဘတ်စည်တီးမတတ် ရင်ထု ဖြစ်ခဲ့ရတော့သည်။

ကိုဘမှန်သည် ရှစ်စပ်က ခြေလည်သည်ဟု ဆိုရလော အောင် မိန်းမကိစ္စတွင် ကျွမ်း လှသဖြင့် ရိုးသားဖြောင့်မတ်သော မဟသ်ာအပေါ် ချစ်ခင်နှစ်လို အလျှင်းမရှိခဲ့ပေ။ မဟသ်ာ၏ သို့ လွှဲပြောင်းပေးမည့် ဥစ္စာ များအား လောဘမှန်တိုင်းတိုက် ခြင်းကြောင့် မဟသ်ာအား အ



www.burmeseclassic.com

www.burmeseclassic.com

ခြင်းသာဖြစ်သည်။

မဟာသ်ာသည် ဘာသာရေးသမားဖြစ်၏။ အရာရာကို မြဲသည့် သဘောရှိသည်ဟု နှလုံးပိုက်ထားပါ၏။ ဘမုန်လိုသမျှ၊ တောင်း သမျှ ထုတ်ပေးခဲ့၏။ လိုတိုင်းရ သော ကိုဘမုန်အဖို့ မူလအလုပ် ဖြစ်သော ကုန်ကူးသန်းမှု လုပ်လို ခြင်းမရှိတော့။ ထိုတာမရပါက တုတ်၊ ဓားပြ၍ တောင်းဆို နေခြင်းများကြောင့် မဟာသ်ာမှ ထုတ်ပေး ခဲ့ရသည်ချည်းပင်။ သဘောမတွေ့ ပါက သည်း မဟာသ်ာအား ရိုက်နှက်ခြင်းများ အစပြု လာတော့သည်။ နှလုံး ရောဂါနှင့် စိတ်ရောဂါတို့ ပေါင်းစည်း၍ ဝေဒနာခံစားနေရ သော မဟာသ်ာမှာ မိဘများအား စိတ်ဆင်းရဲမှုမရှိရန် တတ်နိုင်သမျှ ဖျောင်းဖျပါ၏။

"ငါတို့အသုံးမကျလို့ ငါ့သမီး ဆင်းရဲဒုက္ခရောက်ရတာ၊ အဖေတို့ ရဲ့အမှားကြောင့် ငါ့သမီးရဲ့ပစ္စည်း တွေ လူယုတ်မာရဲ့ မတော် လောဘနဲ့ သုံးဖြုန်းမှုကြောင့် ကုန်ခန်းကုန်ရပြီ၊ အဖေတို့ရဲ့ အပြစ်ပါ၊ အဖေတို့ကို ဘယ်တော့မှ ခွင့်မလွှတ်ပါနဲ့ သမီးရယ်"

"အဖေရယ် အဖေတို့ကြောင့် မဟုတ်ဘူး၊ သမီးရဲ့ကံကိုက ဆိုး ကံပါလာခဲ့တာမို့ သူတစ်ပါးရဲ့ ညှဉ်းပန်းမှုကို ခံရတာပါ၊ သမီး တရားနဲ့ ဖြေနိုင်ပါတယ်၊ အဖေတို့ စိတ်အေး



အေးထားပါ၊ သမီးရဲ့စိတ်ထဲမှာဘာမှမဖြစ်ပါဘူး"

နောက်ပိုင်းကာလများတွင်မူ မဟာသ်ာ၏ မိဘများသည် စိတ်ရောဂါ၊ နှလုံးရောဂါများ ဖိစီးမှုကြောင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်အနိစ္စရောက် ကုန်ကြတော့သည်။ ဘမုန်၏ ဆင်ခြင် တိုင်းထွာမှုမရှိ သုံးဖြုန်းမှုများကြောင့် မဟာသ်ာ၌ရှိသော ရွှေငွေဥစ္စာနေမျှား တက်တက်ပြောင် ကုန်ခန်းခဲ့ရသည်။

ဘမုန်သည် ရွှေငွေမရှိ၍ တောင်းတိုင်းထုတ်မပေးနိုင်သော မဟာသ်ာအား ရန်လုပ်သည်၊ ရန်ရှာသည်။ နှိပ်စက်ကလူပြု၍ ညှဉ်း ပန်း၏၊ ရိုက်နှက်၏။ ဘမုန်ရိုက် နှက်လေတိုင်း နာကျင်စွာခံစားရ သော မဟာသ်ာမှာ ဟိုရှေးက ပင်ပါ ခဲ့လေသော အကုသိုလ်ကံကြောင့် ပစ္စုပ္ပန် ကာလတွင် ထိုကံ၏အကျိုးကို ခံစားရသည်ဟု မှတ်ထင်ပေသည်။ ယင်းကြောင့်ပင် မဟာသ်ာသည် နာကျင်နေသည့်ကြားမှ တရားကိုသာ ရှုမှတ်နေတော့၏။

ထိုတစ်နေ့တွင် မဟာသ်ာနှင့် မောင်လုသောင်းတို့၏ မတိကျမရေရာသော သံယောဇဉ်အကြောင်း တရားများကို ဘယ်ကကြားလာသည်မသိ။ မဟာသ်ာအား ရမယ်ရှာ၍ နှိပ်စက်၏၊ ညှဉ်းပန်း၏၊ ရိုက်နှက်၏။

"ကောင်မ.....နောက်မီးလင်းဖို့ လင်ငယ်ရှိမှန်း ငါမသိခဲ့လို့



www.burmeseclassic.com

www.burmeseclassic.com

ခဲ့တာ၊ အေး.....ငါမကောင်းတော့ နင့်လင်ငယ်လေးနဲ့ ခွေးဇာတ်ခင်းဖို့ ဟန်ပြင်နေတာပေါ့၊ အေး...နင်တို့ အကြောင်း ပီပီပြင်ပြင်သိရင် နင်ရော၊ နင့်လင်ငယ်ပါ လောကမှာ အရှင်မထားဘူးဆိုတာ မှတ်ထားဟာ"

ပြောပြောဆိုဆိုဖြင့် မဟာသာ၏ပါးနုနုလေးအား ရိုက်ပစ်လိုက်သည်။ မဟာသာမှာ အသည်းခိုက်လုမတတ် နာကျင်စွာခံစားရသော်လည်း တရားသာရှုမှတ်နေလိုက်သည်။ ငြိမ်သက်စွာ တရားရှုမှတ်နေခြင်းကိုပင် ဟုတ်၍သာ ငြိမ်နေခြင်းဟု သဘောပေါက်လွဲချော်လျက် သူမအား ဆက်လက်ရိုက်နှက်နေပြန်၏။

မဟာသာသည် ဘမုန်၏ မိုက်ရိုင်းစော်ကားမှုများကို တရားရှု၍ သည်းခံခဲ့ပါသည်။ ထိုစဉ်အတွင်း ဘမုန်အတွက် အကုသိုလ် အတုံးလိုက်အတစ်လိုက်ဝင်သည်ဟု ဆိုရပေမည်။

"ငါ့များ ဘာအောက်မေ့နေသလဲ၊ ကဲဟာ...ကဲဟာ၊ နံတုံတုံ အတတနဲ့ နောက်မီးလင်းမယ့်ကောင်မ"

ရုန့်ရင်းကြမ်းတမ်းသောစကားများဖြင့် မဟာသာအားရိုက်နေခိုက် မမျှော်လင့်သော ဖြစ်ရပ်တစ်ခုမှာ ဖြစ်ပေါ်လာခဲ့သည်။ ဘမုန်၏ နောက်ကျောကို တစ်စုံတစ်ယောက်မှ ပိုက်လိုက်ပြီး ညာဘက်လက်၌ ကိုင်ထားသော ဓားမြှောင်ဖြင့် ဝမ်းဗိုက်အား ဆင့်ကာဆင့်ကာ ထိုးနေခြင်းဖြစ်သည်။

"သေစမ်းကွာ...သေစမ်းကွာ၊ သူတော်ကောင်းကို စော်ကားတဲ့ကောင်၊ သေစမ်း....."

ဓားမြှောင်ဖြင့် ထိုးနှက်ခြင်းခံရသော ဘမုန်မှာ သိပ်မကြာလိုက်။ ငြိမ်သက်သွားရတော့သည်။ ထိုတစ်စုံတစ်ယောက်အား မဟာသာမှ ကြည့်လိုက်သော် အဝေးတစ်နေရာတွင် သွားရောက်လုပ်ကိုင်၍ ပြန်လည်ရောက်ရှိနေသော မောင်လှသောင်းဖြစ်နေသည်ကို တွေ့လိုက်ရသည်။

**ဇာတိမြို့သို့ ပြန်ရောက်ရောက်ချင်း မဟာသာ၏ ရင်နာစရာဖြစ်ရပ် များကို မောင်လှသောင်း ကြားသိ ခဲ့ရသည်၊ ကြားခါစက မဟာသာ တစ်ယောက် အပြောနှင့်အလုပ် ညီဟု အထင်လွဲခဲ့သဖြင့် မဟာသာတို့အိမ်ဘက်သို့ ခြေဦး မလှည့်ခဲ့ပေ၊ သူ၏စိတ်သည်လည်း ....**

♛♛♛♛♛

ဇာတိမြို့သို့ပြန်ရောက်ရောက်ချင်း မဟာသာ၏ ရင်နာစရာဖြစ်ရပ်များကို မောင်လှသောင်း ကြားသိခဲ့ရသည်။ ကြားခါစက မဟာသာ တစ်ယောက် အပြောနှင့်အလုပ် မညီဟု အထင်လွဲခဲ့သဖြင့် မဟာသာတို့အိမ်ဘက်သို့ ခြေဦး မလှည့်ခဲ့ပေ။ သူ၏စိတ်သည်လည်း မဟာသာကို နာကြည်းနေမိသည်။ နောက်ပိုင်းတွင် မိဘ၏နား ဖိအားပေးမှုကြောင့် မဟာသာ အိမ်ထောင်ကျခဲ့ ရခြင်းဖြစ်ကြောင်း သိလိုက်ရသည့် နောက် မဟာသာ၏ ရင်ထုမနာဘဝများကြောင့် မောင်လှသောင်းမှာ မဟာသာအား ကရုဏာသက်ရသည်။ သူ အတွက် စိတ်မကောင်းခြင်းများ ဖြစ်နေသည်ကြောင့် မဟာ အကြောင်း သိရှိရန် မဟာသာ အိမ်ဘက်သို့ကူး၍ အိမ်ထဲ ဝင်လိုက်သည့်အခါ အဆိုး သောမြင်ကွင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com

သောင်း၏မျက်လုံးများ ပြာဝေသွားရသည်။ ဘမုန်သည် မဟသာ်အား ရိုက်နှက်နှိပ်စက်နေသည်ကို တပအပ်သေချာစွာ မြင်တွေ့ရသော မောင်လှသောင်းသည် မဟသာ်အတွက် အသည်းတဆတ်ဆတ် နာကျင်ခဲ့ရသည်။ သို့ ကြောင့် ဆင့်ပေါ်တွင် တွေ့ရသော ဓား မြှောင်ဖြင့် ဘမုန်အား ချစ်ရသော မဟသာ်အတွက် သတ်ဖြတ်ခဲ့ခြင်း ဖြစ်သည်။

မဟသာ်သည် ဆံပင်များ၊ အဝတ်အစားများ ကပိုကရိုဖြင့် ဒဏ်ရာဒဏ်ချက်များစွာ ရှိနေပါ သော်လည်း တရားရှုနေသည့်နှယ် ငြိမ်သက်စွာရှိနေပါ၏။ မောင်လှသောင်းက တုန်ယင်သောအသံဖြင့်.....

"မမဟသာ်၊ မမရဲ့ရှေ့မှာဖြစ်နေတဲ့ ဖြစ်ရပ်ဆိုးအပေါ် ဘယ်လိုမှ ခံစားမှုမရှိတော့ဘူးလား"

တည်ငြိမ်စွာ ထွက်ပေါ်လာသော သူမ၏အသံသည် ငြိမ်းအေးလှပါ၏။

"ဒီလိုအနိဌာရုံတွေနဲ့ တစ်နေ့မဟုတ်တစ်နေ့ ကြုံဆုံရလိမ့်မယ်ဆိုတာ မမတွေးပြီးသားပါ မောင်လှသောင်းရယ်၊ ဒါကြောင့် မမ ခံနိုင်ရည်ရှိအောင် နေ့နေ့ညည ဘာဝ



နာ ပွားများအားထုတ်နေရတာပေါ့၊ မမရဲ့အသက်ဘေး ထိခိုက်ရလောက်အောင် ဖြစ်နေတဲ့ ဖြစ်ရပ်အပေါ် ငါ့မောင်က မကြည့်ရက်လို့ ဝင်ပြီးဖြေရှင်းလိုက်ပေမယ့် ဖြေရှင်းသူရော၊ ဖြေရှင်းခံရတဲ့သူပါ အကုသိုလ်ကံချင်း တူနေလို့ဆိုတာ မမ သဘောပေါက်လိုက်မိတယ်၊ ဒါကလည်း သတ္တဝါတစ်ခု၊ ကံတစ်ခုလို့ ဆိုရမှာ၊ မမက ဘာခံစားချက်မှ မရှိတော့ပါဘူး၊ ငါ့မောင်ကို ဒီဖြစ်ရပ်ထဲမှာ မပါစေချင်ဘူး၊ မမပဲ တာဝန်ယူဖြေရှင်းပါ့မယ်၊ ဒီနေရာက ငါ့မောင် ထွက် သွားပါတော့"

"မဟုတ်တာဘဲဗျာ၊ ကျွန်တော်ကျူးလွန်တာလေ၊ ကျွန်တော် ချစ်ရတဲ့ မမကို အသေသတ်ဖို့ကြံစည်နေတာကို ကျွန်တော့်ရင်ထဲမှာ အနာခံပြီး လက်ပိုက်ကြည့် မနေနိုင် ဘူး၊ ဘမုန်ကို ကျွန်တော် သတ်တာ၊ ကျွန်တော် မမကို သိပ်ချစ်တယ်ဗျာ၊ ရင်ထဲနင့်နေအောင် ချစ်ခဲ့ရ တာပါ၊ ကျွန်တော် မမနဲ့ ခွဲခွာသွားပြီးတဲ့နောက် မမတစ်ယောက် သီလရှင်ဘဝနဲ့ ရှိနေလိမ့်မယ်လို့ ကျွန်တော် ထင်ထားခဲ့တယ်၊ ဒါကြောင့်လည်း အဝေးတစ်နေရာကနေ


www.burmeseclassic.com

www.burmeseclassic.com



သာ်ခုအကြိမ်ကြိမ်ခေါ်ခဲ့ရပါတယ်၊ ကျွန်တော့်ရှာသမျှ ငွေကြေးတွေကို မမလျှောက်လှမ်းတဲ့ လောကုတ္တရာလမ်းအတွက် သုံးစွဲဖို့ လှူမယ်ဆိုပြီး ဒီဇာတိမြေကို ပြန်လာခဲ့တာပါ"

မောင်လှသောင်း၏ စိတ်ရင်း စေတနာမှန်ကို သိလိုက်ရသော မဟာသာမှာ ရင်၌မချိအောင် ဖြစ်လိုက်ရသည်။ စိတ်မကောင်းခြင်း များစွာ ဖြစ်တည်ခဲ့ရသည်။



"မင်းရဲ့မေတ္တာ စေတနာကို သိလိုက်ရလို့ မမ မချိအောင် ခံစားရပါတယ်၊ အခုကိစ္စက မမကြောင့် ဖြစ်တဲ့ ကိစ္စမို့လို့ မမပဲ ဖြေရှင်းမယ်၊ မင်းသွားပါတော့ကွယ်"

မောင်လှသောင်းမှ ဆက်လက် ပြောလာသော စကားသည် မဟာသာအတွက် တွေဝေစရာဖြစ်ခဲ့ရသည်။

"မမက အားနွဲ့သူ မိန်းကလေးပါ၊ မမကိုယ်တိုင် မကျူးလွန်ဘဲနဲ့ ကျွန်တော့်အတွက် ခုခံကာကွယ်တာ သဘာဝမကျပါဘူး၊ ကျွန်တော့်အပေါ်ထားတဲ့ မမရဲ့ စေတနာ၊ မေတ္တာကိုလည်း ကျွန်တော်တန်ဖိုးထားပါတယ်၊ ကျွန်တော် ကျေနပ်ပါတယ်၊ အခုဖြစ်ရပ်ကြောင့် မမဖြစ်ချင်တဲ့ သီလရှင်ဘဝကို မမ ဥပေက္ခာပြုတော့မှာလားဗျာ၊ အဲဒီ လိုအဖြစ်မျိုးကို မမ မဖြစ်သင့်ပါဘူး၊ ကျွန်တော့်ဆီမှာရှိတဲ့ ကျွန်တော့်လုပ်အားခတွေကို မမကို လှူပါရစေ၊ ဘာမှတွေဝေမနေပါနဲ့တော့၊ သာသနာ့ဘောင်ထဲကို စိတ်ကိုတုံးတုံးချပြီး ဝင်လိုက်ပါတော့ဗျာ၊ မမကို ကျွန်တော်ချစ်တယ်၊ ကျွန်တော်ယောကျ်ားပါ၊ ယောကျ်ားဆိုတာ လုပ်ရဲရင် ခံရဲရမှာပေါ့ မမရယ်"

အားတင်း၍ပြောနေသော မောင်လှသောင်း၏အသံသည် ငိုသံစွက်၍နေပါ၏။ ထိုစဉ်အခိုက် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆယ်အိမ်မှူးများ၊ ရဲတပ်ဖွဲ့ဝင်များသည် အိမ်ထဲသို့ ဝင်လာကြပေသည်။

♛♛♛♛♛

ဘဝတစ်ခု၏ ငြိမ်းချမ်းရာသည် လောကီတွင် မတွေ့ရှိနိုင်သော်လည်း လောကုတ္တရာ နယ်ပယ်တွင် ကေန်မုချ ရှိနေသည်မှာ အမှန်ပင်ဖြစ်ပေ၏။

လူသတ်မှုဖြင့် မောင်လှ သောင်း အလုပ်နှင့်ထောင်ဒဏ် ခုနစ်နှစ် ကျခံသွားရသည်။ မဟာသာ တစ်ဖြစ်လဲ သီလရှင်လေး မမေဓာဝီ မှာ တရားဘာဝနာ စီးဖြန်းမှုတို့ဖြင့် ငြိမ်းအေးသော ဘဝကို အမှန်ရရှိခဲ့ပါသည်။

**တကယ့်ဖြစ်ရပ်ကို ဗဟိုပြု၍**
**မောင်သာမန် (ဒီးကုန်း)**



www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com



## မိန်းမသားတို့ဘဝ

**သိဏ်းသန်းအောင် (မြင်းခြံ)**

မိန်းမသားတွေ၌ မွေးရာပါ စိတ်ခါတ်တစ်ခုပါလာခဲ့ပါသည်။ ထို စိတ်ခါတ်က တစ်ဖက်သားအပေါ် သနားကြင်နာတတ်ခြင်းပင်ဖြစ်ပါလေ၏။ သန်းသန်းထွေးကလည်း ထိုမိန်းမသားအမျိုးအစားထဲတွင် တစ်ယောက်အပါအဝင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း တစ်ဖက်သားအပေါ် သနားကြင်နာသည့်စိတ်ဖြင့် သူမ မေတ္တာယိုဖိတ်ခဲ့သည်က ကျော်မင်းအေးအပေါ်ပင် ဖြစ်ခဲ့ရပါသည်။ စဉ်းစားကြည့်လေ၊ ယောကျ်ားသားများကို မိမိကိုယ်တိုင် မေတ္တာသက်ဝင် ချစ်ခင်နေလင့်ကစား မိန်းကလေးတို့ ထားရှိအပ်သည့် ဣန္ဒြေနှင့်သိက္ခာကို ငဲ့ကွက်ထားခဲ့ရသည်ပင် မဟုတ်ပါလား။

ကျော်မင်းအေးက သူမအပေါ် ချစ်ခွင့်တောင်းထားခဲ့သည်မှာ ကြာခဲ့ချေပြီပဲ။ သို့ပေမယ့် သန်းသန်းထွေးအနေဖြင့် မိန်းကလေးတို့၏ သိက္ခာကိုဆောင်လျက် မသိကျိုးကျွန်ပြုနေခဲ့သည်မှာ ကြာပေပြီ။ ကျော်မင်းအေးကလည်း ဖွဲ့ရှိရှိဖြင့် သူမ၏မေတ္တာကို မကြာခဏတောင်းခံလာသောအခါ သန်းသန်းထွေးမနေသာပါလေတော့။ ခေါင်းညိတ်အဖြေပေးမိလျက်သားဖြစ်သွားခဲ့ရသည်။ ထို့နောက်တွင် ကျော်မင်းအေးက ဝမ်းမြောက်ဝမ်းသာဖြစ်သွားခဲ့ရသလို သန်းသန်းထွေးအနေဖြင့်လည်း ကျေနပ်နှစ်သိမ့်ခဲ့ရသည်ကတော့ အမှန်ပင်။ တစ်ဦးနှင့်တစ်ဦး မေတ္တာမျှခဲ့ကြပြီးသည့်နောက် ရက်ပိုင်းအတွင်းမှာပင် သန်းသန်းထွေးက မြင်းခြံမြို့ပေါ်ရှိ ကြက်သွန်ပွဲရုံတစ်ခုသို့ ကုန်ရောင်းအသွား မမျှော်လင့်ဘဲ ကျော်မင်းအေးနှင့် တွေ့လိုက်ရတော့သည်။ ကျော်မင်းအေးက ဆိုင်ကယ်စီးလျက် သူမအား လာတွေ့ခြင်းပင်ဖြစ်သည်။

"သန်းသန်းထွေး ကုန်ရောင်းလို့ပြီးပြီလား၊ အားရင် ငါ စကားပြောစရာရှိလို့၊ ခဏလိုက်ခဲ့ပါလား"

"ဪ.....ကျော်မင်းအေး... လား၊ ကုန်က ရောင်းလို့ပြီးပါပြီ၊ ... မှာတင် စကားပြောလို့မရဘူးလား..."

သန်းသန်းထွေးက မိန်းမသ... ပီပီ ဈေးဆစ်ကြည့်လိုက်၏။ သို့... မယ့် မမျှော်လင့်ဘဲ ကိုယ်ချစ်သ... သူနှင့် တွေ့လိုက်ရသည်ဆိုတေ... လည်း နှစ်ကိုယ်တူ စကားပြော... သည်မှာ ဓမ္မတာပင်ဖြစ်ပါသည်... ထို့ ကြောင့် မယုတ်မလွန်ပင်...

"ဒါဆို ငါက ဘယ်လိုက်... ရမှာလဲ၊ ပြောစမ်းပါဦးဟယ်"

"ကဲပါ...ဆိုင်ကယ်နောက်... သာ လိုက်လာစမ်းပါ၊ မကြာပါ... စကားနည်းနည်းလောက်ပြောပြီး... ငါပြန်လိုက်ပို့ပေးပါ့မယ်၊ ကဲ... နောက်ကထိုင်ခုံပေါ်တက်"

ချစ်သူခေါ်ရာဆိုတော့လည်း... သန်းသန်းထွေးမှာ မငြင်းသာပါ... တော့။ ဆိုင်ကယ်နောက်ထိုင်ခုံ... သို့ အသာတက်ထိုင်ရင်း ... သွားရလေတော့သည်။ ကျော်...



www.burmeseclassic.com

www.burmeseclassic.com

အေးက ဆိုင်ကယ်ဖြင့် သန်းသန်းထွေးအား တင်ဆောင်ရင်း မြို့၏တောင်ဘက်အထွက်မှ ဒဏ္ဍာရီလက်ဖက်ရည်ဆိုင်ရှေ့အရောက်၌ သူမအား ခေတ္တထားခဲ့ကာ ဆိုင်ကယ်အား ရှာမှအသိမိတ်ဆွေတစ်ဦးထံ သွားရောက်အပ်နှံထားလိုက်ပါလေ၏။ ထို့နောက် သူမအား ချစ်ရည်ရွှန်းသောမျက်နှာ၊ သာယာငြိမ့်ညောင်းသော လေသံမျိုးဖြင့် သူမအနားသို့ကပ်လျက်.....

"ဒီနေ့က တို့ရဲ့ မင်္ဂလာရှိတဲ့နေ့တစ်နေ့လို့သာ မှတ်ထားလိုက်ပေတော့ သန်းသန်းထွေးရေ့၊ ငါဘာကြောင့် ဒီစကားကိုပြောသလဲဆိုတာ နင်သိလား၊ အဟား..ဟား၊ ခု နင့်ကို ငါက ခိုးလာတာလေ၊ နင် မပျော်ဘူးလား၊ ငါတော့သိပ်ပျော်တာပဲဟာ၊ စဉ်းစားကြည့်ပါလား၊ နင့်ကိုငါက ခိုးပြီးသွားမယ်၊ နင်က ငါနဲ့အတူလိုက်မယ်ဆိုတော့ ဘယ်လောက်ပျော်စရာကောင်းသလဲလို့၊ နင်မပျော်ဘူးလား"

ဒီနေ့က တို့ရဲ့မင်္ဂလာရှိတဲ့
နေ့တစ်နေ့လို့သာ
မှတ်ထားလိုက် ပေတော့
သန်းသန်းထွေးရေ့
ငါဘာကြောင့်
ဒီစကားကိုပြောသလဲ ဆိုတာ
နင်သိလား၊
အဟား..ဟား၊
ခုနင့်ကိုငါက ခိုးလာတာလေ၊
နင်မပျော်ဘူးလား၊
ငါတော့သိပ်ပျော်တာပဲဟာ၊
စဉ်းစားကြည့်ပါလား၊
နင့်ကိုငါက ခိုးပြီးသွားမယ်၊
နင်က....

ကျော်မင်းအေးက သူ့စိတ်ကူးနှင့် သူလုပ်သည့်အဖြစ်ကို သန်းသန်း ထွေးအား သေဖော်ညှိနေသည့်ပုံမျိုးပင်။ သန်းသန်းထွေးအနေဖြင့် ဘာပြန်ပြောရပါမည်နည်း။ မထင်မှတ်ဘဲ ခိုးရာလိုက်ရသည့်အဖြစ်မျိုးက ရင်ခုန်စရာကောင်းသလို ကြည်နူးစရာလည်းကောင်းလိုက်သည့်ဖြစ်ခြင်း။ စဉ်းစား ကြည့်လေ၊ မမျှော်လင့်ပါဘဲလျက် ချစ်သူနှင့် ခိုးရာ လိုက်ပြေးကြသည်ဆိုသည်က လူကြားမကောင်းသော်လည်း တစ်နည်းအားဖြင့်တော့ ရင်ခုန်ကြည်နူးစရာကောင်းလှသည်ကတော့အမှန်ပင်။ လူတွေကြားမို့သာ အသာနေလိုက်ရသည်။ နှစ်ကိုယ်ကြားဆိုလျှင် ကျော်မင်းအေး၏ရင်ဘတ်ကြီးအား မနာအောင် ထုပစ်လိုက်ချင်စမ်းပါဘိတော့။ သို့ပေမင့် ဒါမျိုးဆိုသည်က ကာလံဒေသံ အဂ္ဂံခန် ဆိုဘိသို့ သန်းသန်းထွေးခမျာ ရှက်ပြုံးလေး ပြုံးရင်း ခေါင်းငုံ့နေခြင်းဖြင့်သာ ကျေနပ်နှစ်သိမ့်မှုကို ဖော်ထုတ်ပြသလိုက်မိသလို ဖြစ်ခဲ့ရတော့သည်။ များမကြာမီ မိတ္ထီလာကားရောက်လာသဖြင့် နှစ်ဦးသား ကားပေါ်သို့ တက်လိုက်သွားကြလေတော့သည်။

ကားပေါ်ဝယ် နှစ်ဦးသား ပူးပူးကပ်ကပ်ထိုင်ရင်း လိုက်ပါသွားရသည်က ကြည်နူးစရာကောင်းလှပါဘိတောင်း။ သို့ပေမယ့် သူစိမ်းယောကျ်ားသားတစ်ယောက်နှင့်အတူ ယှဉ်တွဲလိုက်ခဲ့ရသည်ဆိုတော့လည်း ရှက်မိသလိုလို။ မိဘအရိပ်ကိုပင် မေ့ခဲ့ရသည်ကတော့အမှန်ပင်ဖြစ်ချေသည်တကား။

မှတ်မှတ်ရရ ထိုနေ့မှာ ၂၃-၆-၂၀၁၁ ရက်နေ့ပင်ဖြစ်ပါသည်။

♛♛♛♛♛

"ငါတို့ ရန်ကုန်က အစ်မဆီကို သွားကြမယ်၊ ဟိုရောက်မှ တို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက် ရုံးမှာလက်မှတ်ထိုးပြီး အတူတူလုပ်ကိုင်စားကြတာပေါ့''

မိတ္ထီလာရောက်သည်နှင့် ကျော်မင်းအေးက သူ့အစီအစဉ်ကို ပြောပြသဖြင့် သန်းသန်းထွေးမှာ စိုးရိမ်စိတ်များဝင်လာသည်။ ဟုတ်သည်လေ ရန်ကုန်ဆိုသည့်မြို့ကြီးကို သူမ မရောက်ဖူးပါချေ။ နောက်ပြီး ဟိုမှာ ဆွေမရှိမျိုးမရှိနှင့်ဖြစ်သည်။ တစ်ချိန်လုံး နှုတ်ဆိတ်နေခဲ့သော သန်းသန်းထွေးမှာ ဆက်လိုက်ရေး၊ မလိုက်ရေးကို စဉ်းစားလာရပြီ။

''နေပါဦး ကျော်မင်းအေးရယ်၊ ငါ မိဘတွေနဲ့ အဝေးကြီးကိုလိုက်ရမှာ ကြောက်တယ်၊ အိမ်ကလည်း တို့ခုလို လိုက်ပြေးကြတာကို သိကြတာမဟုတ်ဘူး''

''ဒါတွေကို စိတ်ပူမနေပါနဲ့ဟာ၊ ငါ့မိဘတွေကို ငါပြောထားခဲ့ပြီးသားပါ၊ အိမ်ကလည်း နင်နဲ့ သဘောတူပြီးသားပါ၊ ဘာမှစိတ်ပူစရာမရှိပါဘူး၊ နင်ငါ့ကို ချစ်တယ်မဟုတ်လား''

သန်းသန်းထွေးက ကျော်မင်းအေးစကားကို ယုံကြည်အားကိုးမှုဖြင့် ခေါင်းညိတ်လိုက်ရတော့၏။ ထို သို့ဖြင့် သူတို့နှစ်ဦးသား ရန်ကုန်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)ရှိ ကျော်မင်းအေး၏အစ်မအိမ်သို့ ရောက်သွားကြတော့သည်။

ကျော်မင်းအေးက သူ့အစ်မအား အကျိုးအကြောင်း ရှင်းပြသောကြောင့် ၎င်းတို့နှစ်ဦးနေ ထိုင်ရန် အိမ်ခန်းတစ်ခန်းကိုငှား ရမ်းပေးခဲ့သည်။ ထိုညမှာပင် ကျော်မင်းအေးက မနက်မိုးလင်းလျှင် ရပ်ကွက်ရုံးသို့ သွားရောက်လက်မှတ်ထိုးကြမည်ဟု လေပြည်ထိုးပြောပြထားခဲ့သည်လေ။ ထိုညမှာပင် သန်းသန်းထွေး၏ အပျိုစင်ဘဝအား ကျော်မင်းအေးက ပိုင်ဆိုင်သွားခဲ့လေတော့၏။ ဩော်..... အချစ်ကို ယုံ၍ ဘဝကိုပုံအပ်ခဲ့မိချေသည်တကား။

နောက်တစ်နေ့မနက်ရောက်တော့လည်း ကျော်မင်းအေးက ရပ်ကွက်ရုံးသို့သွား၍ လက်မှတ်ရေးထိုးရန် အေးတိအေးစက်လုပ်နေပြန်သည်။

''ဘယ်လိုလဲ ကျော်မင်းအေးရယ်၊ ငါကတော့ နင့်ကိုယုံလို့ ဘဝကို ပုံအပ်ခဲ့ပြီနော်၊ ရပ်ကွက်ရုံးမှာ လက်မှတ်ထိုးမယ်ဆိုလို့ နင်နဲ့နေခဲ့တာ တစ်ပတ်လောက်တောင်ရှိရော့မယ်၊ ငါ့ကိုတော့ မလှည့်စားပါနဲ့ဟယ်၊ နင့်ကိုငါချစ်လို့ နင်ခေါ်ရာကို လိုက်လာခဲ့တယ်ဆိုတာ နင်အသိနော်''

ကျော်မင်းအေး၏ အေးတိအေးစက်လုပ်နေပုံအားကြည့်လျက် သန်းသန်းထွေးက မချိတင်ကဲဖြင့်



လေသံကို တိုးညင်းခယစွာ ပြေ[illegible] လိုက်ပါလေ၏။ သူမအနေဖြင့် လက်ရှိအခြေအနေအရ ကျော်မင်း အေး၏လက်ခုပ်အတွင်းမှရေ ဖြစ် ခဲ့သည်ပင်မဟုတ်ပါလား။

''ငါ့ကိုယုံထားစမ်းပါဟာ၊ [illegible] မိဘတွေကလည်း သဘောတူ[illegible] သားပါ၊ ရန်ကုန်မှာ လက်မှတ်[illegible] ရုံးနဲ့ တို့နှစ်ဦးရဲ့ကိစ္စက ပြီးသွားတာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်တာ၊ ဒီမှာက လူစိမ်းတွေချည်းပဲဥစ္စာ၊ တကယ်တမ်း လူသိထင်ရှားသိဖို့က ရွာက အသိမိတ်ဆွေတွေ၊ ဆွေမျိုးသားချင်းတွေရှေ့မှာ လူကြီးစုံရာနဲ့တောင်းရမ်းလက်ထပ်ပြီး မင်္ဂလာဆောင်မှ အရာရောက်တော့မှာလေ၊ တို့ဒီမှာလည်းကြာကြာမနေကြပါဘူး၊ ရွာကိုပြန်ပြီး တောရွာဓလေ့ အလုပ်လုပ်ရင်းငါတို့ဘဝကို ထူထောင်ကြတာပေါ့ကွာ”

“နင်တကယ်ပြောတာနော်၊ ဒါပဲ ငါ့ကိုမင်္ဂလာဆောင် တောင်းရမ်းမယူဘဲ ကြောရရုံတော့ မလုပ်ပါနဲ့ဟာ၊ အဲဒီလိုသာဆိုရင် ငါ့ကိုယ်ငါသတ်သေပစ်လိုက်မှာ သိလား”

သန်းသန်းထွေးက မျက်ရည်စမ်းစမ်း ငိုယိုပြောသည်ကို ကျော်မင်းအေးက ပြုံးဖြဲဖြဲကြီးလုပ်ရင်းကြည့်နေသည်ကိုမူ သန်းသန်းထွေးမှာ မသိရှာပါလေ။ ကျားဘုရင့်ရှေ့မှောက်သို့ ရောက်ခဲ့ရသည့်သားသမင်ပမာ ဖြစ်ခဲ့ရချေပြီလားမသိ.....မသိ။

ဤသို့ဖြင့်ပင် နောက်တစ်ရက်အရောက်၌ ကျော်မင်းအေးက သူ့အစ်ကို ကိုဝင်းမောင်ထံ ဖုန်းဆက်အကြောင်းကြားသဖြင့် ကိုဝင်းမောင်က ရွာကိုပြန်လာခဲ့တော့၊ အားလုံးက သဘောတူတယ်၊ ရွာရောက်ရင်သူမ မိဘများထံ ပြန်လည်အပ်နှံပြီး လူကြီးစုံရာဖြင့် တောင်းရမ်းလက်ထပ်ပေးမည်ဟုပြောကြောင်းသန်းသန်းထွေးအား နှစ်သိမ့်စကားပြောကြားလျက် နောက်တစ်ရက်မှာပင် ရန်ကုန်ရှိ အစ်မနေအိမ်မှမြင်းခြံသို့ ကားဖြင့်ပြန်လာခဲ့လေတော့သည်။



♛♛♛♛♛

နောက်တစ်နေ့မနက်စောစောမှာပင် မြင်းခြံမြို့သို့ ရောက်လာခဲ့ကြသည်။ ကျော်မင်းအေးက အချိန်စောသေးသည်ဆို၍ မြင်းခြံရှိ သူ့အသိမိတ်ဆွေတစ်ဦးအိမ်သို့ ခေါ်သွားသည်။ ထိုအသိအိမ်မှာပင် နေ့လယ်ပိုင်းအထိ နေခဲ့ကြရာမှ ညနေပိုင်းအရောက်၌ ရွာမှကိုဝင်းမောင်နှင့် ရွာသားတစ်ဦးက သူတို့နှစ်ဦးအား ရွာသို့ခေါ်သွားကြပြန်သည်။

ညမှောင်ချိန်လောက်တွင် တောင်သာမြို့နယ်အတွင်းရှိ သူတို့ရွာသို့ ရောက်လာခဲ့ကြပြန်သည်။ ရွာသို့ရောက်သည်နှင့် ကျော်မင်းအေးက သူ့မိဘအိမ်သို့လည်း မခေါ်၊ သန်းသန်းထွေးမိဘအိမ်သို့လည်း ပြန်မပို့သေးဘဲ နှစ်ဖက်လုံးနှင့် ဆွေမျိုးတော်စပ်သော ဦးကံတင့်နေအိမ်၌ သူမအား ထားရှိခဲ့ပြန်သည်။ ထို့နောက်ပိုင်းမှစလျက် ကျော်မင်းအေးမှာ သန်းသန်းထွေးထံသို့ ပြန်ရောက်မလာတော့ဘဲ စုံးစုံးမြုပ်ကာ ပြန်ပေါ်မလာပါလေတော့။

“ဦးလေးတင့်ရယ် ကိုကျော်မင်းအေးလည်း ပြန်မလာတော့ဘူး



www.burmeseclassic.com

www.burmeseclassic.com

လားမသိပါဘူး၊ ကျွန်မအဒေါ် ဒေါ်တင်ချိုကို ခေါ်ပေးပါဦးနော်"

ဟုပြောလိုက်သဖြင့် ဦးကံတင့်က ဒေါ်တင်ချိုအား သွားခေါ်ခိုင်းလိုက်သည်။ ဒေါ်တင်ချိုရောက်လာသည့်အခါ သန်းသန်းထွေးက သူမတို့အဖြစ်စုံအား ပြန်ပြောပြလိုက်ရတော့၏။ သည်မှာပင် ဒေါ်တင်ချိုက လူကြုံဖြင့် ကျော်မင်းအေးအား ခေါ်ခိုင်းလိုက်သဖြင့် ကျော်မင်းအေးရောက်လာတော့သည်။

"ကျော်မင်းအေး မင်းဘယ်လိုလုပ်တာပဲ၊ ငါ့တူမကို ပေါက်လွှတ်ပဲစားများ အောက်မေ့နေသလား၊ မင်းမှာ ဘယ်လိုအစီအစဉ်ရှိသလဲဆိုတာ ပြောပြဦးမှပေါ့ကွဲ့"

ထိုအခါ ကျော်မင်းအေးက အောင်နိုင်သူ၏အပြုံးမျိုးဖြင့် မခန့်လေးစားမျက်နှာဖြင့်.....

"ကျုပ်မှာ ဘာအစီအစဉ်မှ မရှိဘူး၊ သူကခိုးခိုင်းလို့ ကျုပ်က ခိုးသွားရတာ၊ ခု ရွာပြန်ရောက်ပြီလေ၊ ကိုယ့်အိမ်ကို ပြန်ရုံပဲပေါ့၊ ကျုပ်က သူ့ကို ချစ်လို့ချစ်လို့ခေါ်သွားတာမှမဟုတ်တာ၊ ကျုပ်က ဘာလုပ်ပေးရဦးမှာလဲ၊ သူ့ကိုယူဖို့လည်း စိတ်ကူးမရှိဘူး၊ မကျေနပ်ရင် တိုင်ချင်ရာသွားတိုင်လေ"

ဟု ပြန်ပြောသဖြင့် ဒေါ်တင်ချိုမှာ စိတ်တိုတိုဖြင့် ထွက်သွားတော့သည်။ ထိုအခါမှ ကျော်မင်းအေးက သန်းသန်းထွေးကိုကြည့်ရင်း ရင့်သီးသောလေသံဖြင့်.....

"မင်း မှတ်မိသေးရဲ့လား၊ အရင်က နင့်ကိုချစ်ရေးဆိုခဲ့တုန်းက ငါ့လိုလူကို ဘယ်တော့မှ စိတ်ကူးထဲမထည့်ဘူးဆိုတာလေ၊ အေး.. ခုတော့ နင်ဘာတတ်နိုင်သေးလဲ၊ နင့်ဘဝ အညွန့်ကျိုးသွားပြီမဟုတ်လား၊ နင့်ကို ငါမယူနိုင်ဘူး၊ လက်လည်းမထပ်နိုင်ဘူး ဒါပဲ"

**ကျုပ်မှာ**
**ဘာအစီအစဉ်မှမရှိဘူး၊**
**သူကခိုးခိုင်းလို့**
**ကျုပ်က ခိုးသွားရတာ၊**
**ခုရွာပြန်ရောက်ပြီလေ၊**
**ကိုယ့်အိမ်ကိုပြန်ရုံပဲပေါ့၊**
**ကျုပ်က သူ့ကို**
**ချစ်လို့ခေါ်သွားတာမှ**
**မဟုတ်တာ၊**
**ကျုပ်က ဘာလုပ်ပေးရဦးမှာလဲ၊**
**သူ့ကိုယူဖို့လည်း စိတ်ကူးမရှိဘူး၊**
**မကျေနပ်ရင်....**

ဟုရင့်သီးစွာပြောလိုက်သဖြင့် သန်းသန်းထွေးမှာ အမှားကြီးမှားခဲ့ပြီဟု နောင်တကြီးစွာဖြင့် မျက်ရည်ကိုသာ အဖော်ပြုလျက် ကျော်မင်းအေးအပေါ် စိတ်နာကြည်းမှုများသာ ကြီးထွားလာခဲ့ရလေတော့၏။

သည်မှာပင် ဦးကံတင့်ကမနေသာတော့ဘဲ ကျော်မင်းအေးအား မျက်နှာထားတင်းတင်းဖြင့် ဝင်ပြောလိုက်ပါလေ၏။

"ဟေ့ကောင် ကျော်မင်းအေး မင်းဘယ်လိုစကားမျိုး ပြောလိုက်တာလဲ၊ မင်း နှမချင်းစာနာစိတ်မရှိသေးရဲ့လား၊ သူ့မိဘတွေက မကျေနပ်ရင် ငါ့မှာတာဝန်ရှိတယ်၊ သန်းသန်းထွေးကို မင်းမိဘအိမ်ကို ခေါ်သွားပေါ့၊ တို့က သူ့မိဘတွေကို သွားပြီးအကြောင်းကြားပေးမယ်၊ မင်း ဒီလိုမတရားလုပ်လို့ ဘယ်ဖြစ်ပါ့မလဲကွ"

ဦးကံတင့်က လေသံတင်းတင်းဖြင့် ပြောလိုက်သဖြင့် ကျော်မင်းအေးက သန်းသန်းထွေးအား လက်ဆွဲကာ ဦးကံတင့်နေအိမ်အတွင်းမှ ခေါ်သွားပြန်သည်။ သန်းသန်းထွေးမှာ မလိုက်လျှင်လည်း အခက်၊ လိုက်ပြန်လျှင်လည်း သူ့အတွက် ရတက်ပွေ၊ ဘယ်အ... အနေမျိုးရောက်မည်ကို မသိနိုင်



www.burmeseclassic.com

www.burmeseclassic.com

တော့ဘဲ ကျော်မင်းထွေးခေါ်ရာသို့ လိုက်လာခဲ့ရတော့သည်။ သို့တစေ ကျော်မင်းအေးခေါ်သွားသည်က သူ့ မိဘအိမ်သို့မဟုတ်။ သူမနှင့် ညီမ တော်စပ်သူ မော်လီစန်းနေအိမ်ကို သာဖြစ်သည်။ အချိန်ကလည်း ည အချိန်အခါ ဖြစ်နေသည့်အတွက် မော်လီစန်းကလည်း အကြောင်းစုံ သိထားသဖြင့် မငြင်းသာတော့ဘဲ လက်ခံထားလိုက်ရတော့သည်။

ကျော်မင်းအေးက ထိုအိမ်မှာပင် သူမနှင့်အိပ်ရန် ကြိုးစားခဲ့သော်လည်း သန်းသန်းထွေးမှာ ခံမှန်ဘူးသည့် စာသူငယ်ပမာ ကျော်မင်းအေးအား လက်မခံဘဲ ငြင်းဆိုလိုက်သည်။

**သန်းသန်းထွေးအတွက် သောကဖက်သည့် နောက်တစ်ရက် သို့ ရောက်လာခဲ့ရပြန်တော့သည်။ မည်သို့ပင် မျက်နှာသန့်စင် လန်းဆန်းသည် ဆိုသော်ငြား နှလုံးသားဒဏ်ရာဒဏ်ချက် ပြင်းပြသည့်အားက**



"နင်ငါ့ကို လက်ထပ်မယူနိုင်ဘူးဆိုပြီး ခုတော့ ဘာလို့ငါနဲ့လာအိပ်ရမှာလဲ၊ နင့်ကို ငါ စိတ်နာတယ် သိလား၊ နင်နဲ့ ဘယ်တော့မှ အတူမအိပ်ဘူး"

သန်းသန်းထွေးစကားကြောင့် ကျော်မင်းအေးက မီးဖိုချောင်ဘက်သို့သွားကာ ဓားတစ်ချောင်းယူလာခဲ့ရင်း.....

"အေး...နင်ငါ့ကို ခုတော့ပြန်ပြောနေတာပေါ့လေ၊ ငါနင့်ကိုပြောထားရဦးမယ်၊ ဖြစ်ပျက်ခဲ့တာတွေကို အကုန်လုံးလျှောက်ပြောနေလို့ကတော့ ဟောဒီဓားက နင့်အတွက်ပဲ၊ ဒီဓားနဲ့ နင့်ကို သတ်ပစ်မယ် သိလား"

ဟုပြောကာ ပြန်ထွက်သွားတော့သည်။ ထိုညတွင် ညီမဖြစ်သူ မော်လီစန်းက သူမ၏သမီးဖြစ်သူနှင့်သန်းသန်းထွေးအား ညအတူအိပ်ခိုင်းထားလိုက်ပါလေ၏။ ထိုညသည် သန်းသန်းထွေးအတွက် သောကပွေ ရတက်ပွားသည့် အိပ်မပျော်သည့် တစ်ထောင့်တစ်ည၊ ရှည်လျားလှသည့်ညတစ်ညသာ ဖြစ်ခဲ့ရပါတော့သည်။

♛♛♛♛♛

သန်းသန်းထွေးအတွက် သောကဖက်သည့် နောက်တစ်ရက်သို့ ရောက်လာခဲ့ရပြန်တော့သည်။ မည်သို့ပင် မျက်နှာသန့်စင် လန်းဆန်းသည်ဆိုသော်ငြား နှလုံးသားဒဏ်ရာဒဏ်ချက် ပြင်းပြသည့်အားက သူမစိတ်ကို နောက်ကျိနေစေသည်ကတော့ အမှန်ပင်။ သူမ မဆိုထားနှင့် သူမ ရောက်ရှိနေသည့် အိမ်မှ ဆွေမျိုးများပင် သောကတွေပွေ၊ ရတက်တွေများလာရသည်မို

www.burmeseclassic.com

အကောင်းဆုံးအစီအစဉ်အဖြစ် သန်းသန်းထွေးအား ကျေးရွာလူကြီး ဦးဖော်ဝင်းထံသို့ အကျိုးအကြောင်း တင်ပြပြောဆိုကာ အကူအညီတောင်း အပ်နှံထားခဲ့ရသည့်အဖြစ်သို့ပင် ရောက်လာရတော့သည်။

လူကြီးဦးဖော်ဝင်းက ကျော်မင်းအေးကိုခေါ်၍ သန်းသန်းထွေးအား ခိုးယူပေါင်းသင်းထားခဲ့ပြီးဖြစ်သဖြင့် လူကြီးစုံရာနှင့် မိသားဖသားပီပီ တောင်းရမ်းယူရန် နားချပြောဆိုခဲ့သည်။

"သူ့ကို မင်းချစ်လို့ ခိုးယူပေါင်းသင်းခဲ့တာပဲမဟုတ်လား၊ မောင်နှမချင်းစာနာပြီး သူ့မိဘတွေထံပြန်အပ်နှံပြီး မိဘစုံရာနဲ့တောင်းရမ်းယူဖို့ မင်းမှာတာဝန်ရှိတယ်လေ"

"သူ့ကို ကျွန်တော်က ခိုးတာမဟုတ်ဘူးဗျ၊ သူက ကျွန်တော့်ကို စကားပြောချင်တယ်ဆိုပြီး ချိန်းလိုက်လို့ သွားတွေ့ရာက သူက ရန်ကုန်ကို ကျွန်တော်နဲ့လိုက်ချင်တယ်ဆိုပြီး လိုက်လာခဲ့တာ၊ ခု သူ့ကို ရွာကိုပြန်ခေါ်လာပြီပဲဥစ္စာ၊ သူ့မိဘအိမ်ကို ပြန်သွားရုံရှိတော့တာပေါ့"

ကျော်မင်းအေးက သန်းသန်းထွေးကိုစွန့်ပတ်သက်၍ ခါးခါးသီးသီးပင် ငြင်းဆိုလိုက်ပါလေတော့၏။ ယောကျ်ားသားတွေဟာ မရခင် ဖျာလိုလိပ်၊ ထိပ်ပေါ်တင်တတ်ကြသော်ငြား သူတို့လိုရာကို ရပြီဆိုတော့ ဖျာလိုခင်းပြီး နင်းတတ်ကြတာပါကလာဟု စိတ်ထဲဝယ် ကြိတ်မှိတ်



**နင်ဒီလိုတော့မပြောပါနဲ့ဟယ်၊ နင်ပဲငါ့မေတ္တာကို မရမကတောင်းခံပြီး မြင်းခြံကကြက်သွန်ပွဲရုံမှာ ကုန်သွားရောင်းတုန်း နင်ကိုယ်တိုင်ငါ့ကို တရားဝင်ပေါင်းသင်းပါ့မယ်ဆိုပြီး ရန်ကုန်ကိုခေါ်သွားခဲ့တာလေ......**

ခံစားရပါဘိတော့။ သို့သော်ငြ
လည်း သန်းသန်းထွေးမှာ မနေသာ
ပါလေတော့။ စင်စစ် သူမဘ
ဆူးပေါ်ဖက်ကျလည်း ဖက်ပေါ်
ဖက်ပေါ်ဆူးကျလည်း ဖက်ပေါ်
ရသည့် အဖြစ်မျိုးပင် မဟုတ်
လား။

"နင် ဒီလိုတော့မပြောပါ
ဟယ်၊ နင်ပဲ ငါ့မေတ္တာကို မရမ
တောင်းခံပြီး မြင်းခြံက ကြက်သွ
ပွဲရုံမှာ ကုန်သွားရောင်းတုန်း န
ကိုယ်တိုင် ငါ့ကို တရားဝင်ပေါ
သင်းပါ့မယ်ဆိုပြီး ရန်ကုန်ကို
သွားခဲ့တာလေ၊ ခုတစ်မျိုး
ကြာတစ်မျိုး မလုပ်ပါနဲ့ ကျော်
အေးရယ်၊ ငါ ရှိခိုးပါရဲ့၊ ငါ့
မင်္ဂလာမဆောင်တောင် လူကြီး
နဲ့လာပြီး တောင်းရမ်းလက်



www.burmeseclassic.com

www.burmeseclassic.com



ဟာ နော်''

သန်းသန်းထွေးက မချိုတင်ကဲ့ ငိုယိုရင်း ကျော်မင်းအေးအား တောင်းပန် ခယပြောရသည့်အဖြစ် မျိုးအား ရင်ဆိုင်နေရတော့သည်။ သြော်.....မိန်းကလေးတို့၏ဘဝက ရောင်းကုန်အဆင့်မှာသာ ဈေးကိုင် နိုင်ပေမယ့် ကျဈေးရောက်တော့ လည်း ပေါက်ဈေးနှင့် ရောင်းကြရ မည့် အဖြစ်မျိုးပါကလား။ သို့သော် ငြားလည်း ကျော်မင်းအေး၏စကား လုံးများက သန်းသန်းထွေးနားတွင် မိုးကြိုးသံအလား ကြားလိုက်ရ တော့သည်။

''ဒီမယ် သန်းသန်းထွေး၊ နင့် ကို သေတောင်လက်မထပ်ဘူး သိ လား၊ ငါ့မှာ လူကြီးချင်းသဘောတူ စကားပြောထားတဲ့ မိန်းကလေးရှိ တယ်၊ နင် တစ်ခါက ငါ့ကို ပက် ပက်စက်စက် ပြောခဲ့တဲ့စကား ကြောင့် နင့်ကိုလက်စားချေခဲ့တာ ကွ၊ သိလား''

ဟု မိန်းမကောင်းရန်တွေ့ စကားမျိုးဖြင့် ပြောဆိုကာလှည့် ထွက်သွားတော့၏။ သည်အချိန် လေးမှာပင် သန်းသန်းထွေး၏ ယောက်မဖြစ်သည့် မထိုက်နှင့် မသန်းနွယ်တို့ ရောက်လာသည်။ မထိုက်က သန်းသန်းထွေး ငိုယိုနေ သည်ကို တွေ့မြင်ရသည့်အတွက် မေးမြန်းကြည့်ရာ ဦးကံတင့်က....

''သူ့ကို နင်တို့အိမ်ကိုခေါ်ထား လိုက် မထိုက်၊ ငါ သူ့မိဘတွေကို အကြောင်းကြားဖို့ စီစဉ်လိုက်ဦး မယ်''

ဟုပြောသဖြင့် မထိုက်က သန်းသန်းထွေးအား သူမအိမ်သို့ ခေါ်လာခဲ့တော့သည်။ မထိုက်အိမ် ရောက်သည်အထိ သန်းသန်းထွေး မှာ ငိုယိုလျက် ကျော်မင်းအေး အပေါ် ယုံကြည်မိသဖြင့် ယခုလို ဒုက္ခဖြစ်ရကြောင်း၊ သူမအနေဖြင့် မိဘများအား အိုးမဲသုတ်ခဲ့မိသည့် အတွက် အိမ်သို့လည်း ပြန်မသွား လိုကြောင်းနှင့် မိမိကိုယ်ကိုအဆုံး စီရင်ရန် ပြုလုပ်ခဲ့တော့၏။ မထိုက် က တားမြစ်သဖြင့် ကြံစည်မှုမှာ မအောင်မြင်ဘဲဖြစ်သွားရတော့၏။ နောက်ရက်တွင် မထိုက်၏ခင်ပွန်း ဖြစ်သူ ကိုမောင်သန်းက သန်းသန်း ထွေးအား ရွာလူကြီး ဦးဇော်ဝင်းထံ သို့ အပ်နှံထားလိုက်ပြန်သည်။

မေတ္တာတရားဆိုသည်ကား အေးမြခြင်း၏သရုပ်ကို ဖော်ထုတ် ထားသည်ဟုဆိုသော်လည်း တစ် ထောင့်ငါးရာကိုလေသာအချစ်ကား ပူလောင်လှချေသည်တကား။ သန်း သန်းထွေးအတွက် သူမ၏ဘဝရှေ့ ရေး ဘယ်လိုဆက်ရပါ့။

♛♛♛♛♛



www.burmeseclassic.com





ဦးဇော်ဝင်းမှာ ရွာလူကြီးတစ်ဦးဖြစ်သည်နှင့်အညီ ကျော်မင်းအေး၏အစ်ကို ကိုဝင်းမောင် အကြံပြုသည့်အတွက် ဦးကံတင့်နှင့်အတူ ရွာ မှလူကြီးသုံးယောက်တို့အား သန်း သန်းထွေး၏မိဘများထံသို့ အကျိုး အကြောင်းပြောပြလျက် မိမိတို့သမီးအား ပြန်လည်သိမ်းဆည်းခေါ်ယူထားရန် မေတ္တာရပ်ခံ ပြောနိုင်းလိုက်ရပြန်သည်။ သို့သော်လည်း ဖခင်ဖြစ်သူက လူကြီးများ ပြောစကားကို လက်မခံခဲ့ပါချေ။

''ခင်ဗျားတို့အနေနဲ့ အလကား ဒုက္ခရှာလို့ဗျာ၊ ကျုပ်သမီးကို ခိုးသွားတဲ့သူက သူ့မိဘတွေနဲ့ လာအပ်မှ လက်ခံလို့ဖြစ်မှာပေါ့၊ ဒီအတိုင်းသာ လက်ခံလိုက်ရင် ဟိုဘက်က ရောင့်တက်မှာပေါ့၊ လုပ်ရိုးလုပ်စဉ်အရ သူတို့မိဘတွေနဲ့ လာအပ်မှ ကျုပ်ကတော့ လက်ခံနိုင်မယ်၊ ပြန်ကြပါတော့ဗျာ၊ လာပြောတာတော့ ကျေးဇူးတင်ပါတယ်''

ရှေးရိုးအစဉ်အလာကိုမှလက်ခံလိုသည့် ဖခင်ကြောင့် လူကြီးများ ပြန်လှည့်လာခဲ့ကြရတော့သည်။ ဦးဇော်ဝင်းမှာ စဉ်းစားရကျပ်ပြီ။ တစ်ဖက်ကလည်း မိသားဖသားပီပီ လူကြီးများကိုယ်တိုင် လာရောက်ပြောဆိုခြင်းမရှိ၊ သမီးရှင်ကလည်း ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ထုံးစံအရ ယောက်ျားလေးဘက်မှ မိသာ... သားပီပီ လာအပ်မှလက်ခံမည်... တင်းခံနေသည်လေ။ ဦးဇော်ဝ... အနေဖြင့် ဆွမ်းခံရင်း ငှက်သင့်တ... မျိုးဖြစ်မည်ကို လူကြီးတစ်ယော... အနေဖြင့် စဉ်းစားလာရတော့... နောက်ဆုံးဝယ် ကျော်မင်းအေးန... သန်းသန်းထွေးတို့၏ဇာတ်လမ်း... မည်သို့မျှ ကြားမဝင်ရောက်ဖြေ... ၍ မရတော့သဖြင့် သန်းသန်းထွေ... အနေဖြင့် ကျော်မင်းအေးအ... လှည့်စားဖြားယောင်းလျက် က... ကို လိမ်လည်ရယူခဲ့မှုဖြင့် သ... ဆိုင်ရာ ကျောဇီရဲစခန်းသို့တိုင်ကြ... ရန် အကြံပြုလိုက်ရတော့သည်...

ဤသို့ဖြင့် ကျောဇီရဲစခန်း... တိုင်ချက်ကိုလက်ခံလျက် အမှုအ... တောင်သာမြို့နယ်တရားရုံးသို့... လက်တင်ပြ ပို့ဆောင်ပေးလိုက်... တော့၏။ မသန်းသန်းထွေး၏ ... တိုက်လျှောက်ထား တရားစွဲ... အား တောင်သာမြို့နယ်တရားရုံး... ရာဇသတ်ကြီးအမှု ပြစ်မှုပုဒ်မ ... ဖြင့် လက်ခံကာ မောင်ကျော်... အေးအား တရားစွဲဆိုလိုက်... တော့သည်။ တရားခွင်တွင် ... ဆေးနေဆဲအတွင်း မောင်ကျော်... အေးက တရားစစ်ဆေးရာ... မျှတမှုမရှိဘဲ ဘက်လိုက်မှုများ... သည်ဟု သံသယရှိပါသဖြင့်... လျော်သော တရားရုံးစစ်...



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်ကြပါလားရှင်၊ သူ့အနေနဲ့ ကျွန်မကို ချစ်ဟန် ဆောင် အယုံသွင်းပြီး ရန်ကုန်ကို ခေါ်သွားပြီး သားမယားအဖြစ် ပေါင်းသင်းဆက်ဆံခဲ့တာလေ၊ နောက်ပိုင်းတော့ သူ့အပေါ်ကို ယုံ ခဲ့မိတာ မှားပြီဆိုတာ သိလာလို့ ရန်ကုန်ကအပြန်မှာ သူနဲ့အတူမနေ ခဲ့ဘဲ ရှောင်နေခဲ့ရတာကလား၊ ဒါပေမဲ့ ကျွန်မမှာ မိန်းမသားပါရှင်၊ အပျိုစင်ဘဝကို လက်လွှတ်ဆုံးရှုံး ခဲ့ရလေတော့ တစ်နေ့မှာ....

ပြောင်းရွှေ့၍ အမှုအား စစ်ဆေးခွင့်ပြုပါရန် ၎င်း၏ရှေ့နေမှတစ်ဆင့် လျှောက်ထားတင်ပြခဲ့ပြန်သည်။

မောင်ကျော်မင်းအေး၏ လျှောက်ထားချက် ကျမလာမိ တောင်သာမြို့နယ်တရားရုံးမှ လုပ်ထုံးလုပ်နည်း တရားဥပဒေအရ တရားခံနှင့် တရားခံပြသက်သေများကို ဆင့်ခေါ်လျက် ၎င်းအမှုအား ဆက်လက်စစ်ဆေးလျက်ရှိရာ မောင်ကျော်မင်းအေးက နောက်ထပ် တိုက်စစ်တစ်မျိုးဆင်ကာ တရားလိုသည့် မိမိဇနီးမယားဖြစ်သည့်အတွက် 'လင်ခေါ်ရာသို့ မယားလိုက်ပါပေါင်းသင်းစေလိုမှု'ဖြင့် တောင်သာမြို့နယ်တရားရုံးသို့ ထပ်ဆင့်လျှောက်ထားခဲ့ပြန်လေသည်။ ထိုတောင်းဆိုမှုအတွက် မသန်းသန်းထွေးမှာ တရားရုံးတော်သို့ ထုချေလွှာ တင်သွင်းဖြေရှင်းရပြန်သည်။

"စဉ်းစားကြည့်ကြပါလားရှင်၊ သူ့အနေနဲ့ ကျွန်မကို ချစ်ဟန်ဆောင် အယုံသွင်းပြီး ရန်ကုန်ကို ခေါ်သွားပြီး သားမယားအဖြစ် ပေါင်းသင်းဆက်ဆံခဲ့တာလေ၊ နောက်ပိုင်းတော့ သူ့အပေါ်ကို ယုံခဲ့မိတာ မှားပြီဆိုတာ သိလာလို့ ရန်ကုန်ကအပြန်မှာ သူနဲ့အတူမနေခဲ့ဘဲ ရှောင်နေခဲ့ရတာကလား၊ ဒါပေမဲ့ ကျွန်မမှာ မိန်းမသားပါရှင်၊



အပျိုစင်ဘဝကို လက်လွှတ်ဆုံးရှုံးခဲ့ရလေတော့ တစ်နေ့မှာ သူ စိတ်ကောင်းလေးများ ဝင်လာလေမလားဆိုပြီး ရွာမှာ နာမည်မပျက်ချင်လို့ မိသားဖသားပီပီ ကျွန်မကို လာရောက် တောင်းရမ်းယူလေမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်နေမိတာပေါ့လေ"

သန်းသန်းထွေးက အမှုကို ရင်ဆိုင်ရင်း သူမ၏အဖြစ်နှင့် ခံစားမျှော်လင့်မှုထားခဲ့သည်များကို အသိမိတ်ဆွေ သူငယ်ချင်းများအား အရှက်ကိုရင်မှာဝှက်ရင်း ရှင်းပြခဲ့သည်မှာ ရင်နာဖွယ်ပင် ကောင်းနေချေသေးတော့သည်။ သူမက



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက်၍ ပြောပြပြန်သည်။

"သူ့ဆီက အဖြေရဖို့ မျှော်လင့်တကြီးနဲ့ စောင့်နေရတဲ့ အချိန်ပိုင်းမှာဆို ကျွန်မရဲ့မိဘအိမ်ကို လည်းမပြန်ရဲဘူးလေ၊ အထူးသဖြင့် အမေနဲ့အဖေရဲ့မျက်နှာကို ကြည့်ရမှာ ကြောက်တာပေါ့နော်၊ ကိုယ်က အမှားကို လုပ်မိထားလေတော့ မိဘကို မျက်နှာချင်းဆိုင်ရမှာကို လည်း ရှက်လည်းရှက်နေတာလေ၊ ဒါကြောင့် သူကလာခေါ်လေမလားလို့ စောင့်နေရတာတောင် သူတစ်ပါးအိမ်မှာ မျက်နှာလည်းငယ်၊ ရှက်လည်းရှက်နဲ့ နေခဲ့ရတာ၊ တကယ်တော့ ကျွန်မကို မတရားလိမ်လည် လှည့်စား၊ အယုံသွင်းပြီး ဖျက်ဆီးခဲ့တာပဲမဟုတ်လား၊ ပြောရရင် ကျွန်မကို သူက တရားဝင်လက်မှတ်ရေးထိုးထားတာလည်းမရှိ၊ မိဘဆွေမျိုးတွေနဲ့ စေ့စပ်ကြောင်းလမ်းထားတာလည်းမရှိ၊ အများကသိအောင် လက်ထပ်ထိမ်းမြားထားတာလည်းမရှိဘဲ ခုလို လင်ခေါ်ရာသို့ မယားလိုက်ပါပေါင်းသင်းစေလိုမှုနဲ့ လျှောက်ထားတင်ပြတာဟာ တကယ်ဆိုရင် ယိုသူမရှက်၊ မြင်သူရှက်ရမယ့် အဖြစ်မျိုးပါပဲလေ၊ နောက်ဆုံးတော့ ခုလို ကျွန်မအတွက် အရှက်တကွဲဖြစ်ခဲ့ရတာက နောက်နောင်ဘဝက ဝဋ်ကြွေးရှိလို့သာ ခံရတာပဲလို့ အောက်မေ့မိပါတယ်"

ဟု မျက်နှာငယ်လေးဖြင့်ပြန်ပြောပြရှာတော့သည်။

သန်းသန်းထွေးအဖြစ်နှင့်ပတ်သက်၍ အသိမိတ်ဆွေများသာမက ကြားလိုက်ရသည့် လူအပေါင်းက စိတ်မကောင်းဖြစ်ကြရင်း စုတ်တသပ်သပ်နှင့် ဖြစ်နေရှာကြရသည်သာ။

"သူနဲ့ကျွန်မက တစ်ရွာတည်းသားတွေမဟုတ်လား၊ ဒီတော့ သူ့အပေါ်ကို သနားမိရာက မေတ္တာသက်ဝင် ချစ်ခင်မိခဲ့တာဟာ ကျွန်မ အတွက် တစ်သက်တာဖျက်မရ တော့တဲ့ အမည်းကွက်ကြီး

**သူ့ဆီက အဖြေရဖို့**
**မျှော်လင့်တကြီးနဲ့**
**စောင့်နေရတဲ့**
**အချိန်ပိုင်းမှာဆို**
**ကျွန်မရဲ့မိဘအိမ်ကို လည်း**
**မပြန်ရဲဘူးလေ၊**
**အထူးသဖြင့်**
**အမေနဲ့အဖေရဲ့**
**မျက်နှာကို ကြည့်ရမှာ**
**ကြောက်တာပေါ့နော်၊**
**ကိုယ်က အမှားကို**
**လုပ်မိထားလေတော့**
**မိဘကို**
**မျက်နှာချင်းဆိုင်ရမှာကို လည်း**
**ရှက်လည်းရှက်နေတာလေ၊**
**ဒါကြောင့်.....**



www.burmeseclassic.com

www.burmeseclassic.com



ပေါ့နော်၊ နောက်ဆုံးပြောချင်တာက ကျွန်မလို မိန်းမသားတွေပေါ့နော်၊ မိန်းမသားဆိုတာ အချစ်ကိုယုံလို့ ကိုယ်ကို ပုံမအပ်မိကြဖို့ အထူးသတိထားကြရမယ်ဆိုတာ သင်ခန်းစာရစေချင်တာပါပဲရှင်''

လောက၌ အမှန်တရားဆိုသည်မှာ မည်သို့မျှ ဖုံးကွယ်၍မရကောင်း။ တစ်နေ့နေ့၊ တစ်ချိန်ချိန်တွင် အမှန်တရားအား တော်လှန်ဖုံးကွယ်၍မရဘဲ နောက်ဆုံးအဖြေထွက်သည့်အခါတွင် ရက်စက်ယုတ်မာပြီး မကောင်းပြုသည့်သူများသာ ဆုံးရှုံးနစ်နာမှုနဲ့ ရင်ဆိုင်တွေ့ကြုံကြရသည်ဆိုသည်ကို မသန်းသန်းထွေး၏အဖြစ်က မီးမောင်းထိုးပြခဲ့သည်ဟု ဆိုချင်ပါသည်။ အဘယ်ကြောင့်ဆိုပါလျှင်.....

မသန်းသန်းထွေး လျှောက်လဲစွဲဆိုထားသည့် ရာဇသတ်ကြီးအမှု၊ အမှတ် ၄၁၅/၂၀၁၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၇ ဖြင့် တောင်သာမြို့နယ်တရားရုံးမှ တရားလိုပြသက်သေ၊ တရားခံပြသက်သေများအား ခေါ်ယူစစ်ဆေးလျက်ရှိရာမှ ပြစ်မှုထင်ရှားသဖြင့် တရားခံ ကျော်မင်းအေးအား အမျိုးသမီးတစ်ဦးအပေါ် လိမ်လည်လှည့်ဖြားယုံကြည်အောင် ဖြားယောင်းသွေးဆောင်လျက် ကာမကိုအရယူခဲ့သည့်အမှုအတွက် ထောင်ဒဏ် (၆)လကျခံစေရန် အမိန့်ချမှတ်လိုက်သဖြင့် ကျော်မင်းအေး လျှောက်ထားတင်သွင်းထားသော ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ကို လည်းကောင်း၊ တောင်သာမြို့နယ်တရားရုံးမှပလပ်ပစ်လိုက်လေတော့သည်။

မည်သို့ပင်ဖြစ်စေ မိန်းမသားတစ်ဦးအနေဖြင့် အချစ်ကို သက်သေတည် ဦးစားပေး၊ ဘဝရှေ့ရေးကိုမတွက်၊ အရှက်ကို အသက်နှင့်လဲခဲ့ကြသည့် အဖြစ်ပေါင်းများစွာရှိခဲ့ကြပါသည်။ ထိုအဖြစ်ပေါင်းများစွာထဲမှ ယခုတင်ပြလိုက်သည့် မသန်းသန်းထွေး၏ အဖြစ်ကလည်း အကြိမ်ကြိမ်အခါခါ တွေ့ကြုံခဲ့ကြဘူးသည့် အဖြစ်များထဲမှ သင်ခန်းစာယူစရာအဖြစ်မို့ ထပ်မံတင်ပြလိုက်ရခြင်းပင် ဖြစ်ပါသတည်း။

**မေတ္တာရည်လျက်**

**သီဟ်းသန်းအောင် (မြင်းခြံ)**



www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com






www.burmeseclassic.com

www.burmeseclassic.com





အောင်ကျော်ဇော

# မိုနားမဲ့ရင်ခွင်

(ယခင်လမှ ဇာတ်လမ်းအကျဉ်းချုပ်)

သက်နိုင်နှင့်ဝေဦးတို့ သူငယ်ချင်းနှစ်ဦး ရန်ကုန်မြို့တွင်း၌ ဆုံကြပြီးနောက် ဝေဦးက ဦးဆောင်ကာ လူကုံထံရပ်ကွက်ရှိ ခမ်းနားထည်ဝါသော ခြံနှင့်တိုက်အိမ်ကြီးဆီသို့ သွားခဲ့ကြသည်။ ခြံဝတွင် ကုမ္ပဏီဆိုင်းဘုတ်စိုက်ထူထားသဖြင့် သက်နိုင်က ကုမ္ပဏီရုံးခွဲဟု ထင်ခဲ့သည်။

လူစိမ်းဆိုလျှင် ဝင်ရခက်ခဲသော ခြံဝန်းထဲရှိ တိုက်အိမ်ထဲသို့ ဝင်သွားသောအခါ မိန်းမချောလေးချည်းရှိသည့် ရုံးခန်းကို တွေ့လိုက်ရ၏။ မန်နေဂျာမှာ တစ်ချိန်က သက်နိုင်၏ချစ်သူဟောင်း အိနှင်းဖြူဖြစ်နေသည်ကို တွေ့လိုက်ရသည်။

အိနှင်းဖြူ၏ခင်ပွန်းမှာ ပန်းချီနှင့်ပန်းပုပညာရှင် ကျော်မင်းသူဆိုသူဖြစ်၍ ၎င်း၏ပညာဖြင့် ကြီးပွားတိုးတက်လာသော စီးပွားရေးခိုင်မြဲချိန်၌ ရုတ်တရက် သေဆုံးသွားခဲ့သည်။

အလှအပကို ကိုးကွယ်သော အိနှင်းဖြူမှာ ငွေကုန်လူပန်းဘဝ ရောက်ရှိချိန်၌ ကုမ္ပဏီပိုင်ရှင် သူဌေးကြီး၏ စတုတ္ထဇနီးဘဝသို့ ရောက်ရှိခိုလှုံကာ လျှို့ဝှက်အနှိပ်သည်လုပ်ငန်းကို တာဝန်ယူနေရကြောင်း သက်နိုင်က စုံစမ်းသိရှိလိုက်သည်။

မုဆိုးမဘဝမှ ကုမ္ပဏီပိုင်ရှင်၏ စတုတ္ထဇနီးအဖြစ် ခံယူပြီး မိမိကိုယ်ကိုမိမိ ရောင်းစားထားသော အိနှင်းဖြူကို မည်သို့ကယ်ထုတ်ရမည်ကို ငယ်ချစ်ဟောင်း သက်နိုင်က စဉ်းစားရင်း အကြံဉာဏ်ထုတ်နေခဲ့ရတော့သည်။

(ယခုလဇာတ်လမ်းကို ဆက်လက်ဖတ်ရှုပါရန်.....)



www.burmeseclassic.com

www.burmeseclassic.com



## အောင်ကျော်ဇော
## ခိုနားမဲ့ ရင်ခွင်

"အိနှင်းဖြူ....."

အမျိုးသမီးငယ်အဖော်နှစ်ဦး နှင့် မိုလ်ချုပ်ဈေးထဲသို့ ရောက်လာခဲ့သော အိနှင်းဖြူကို သက်ခိုင်က မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

သက်ခိုင်က စဉ်းစားချိန်မရဘဲ အသံပြု၍ နှုတ်ဆက်လိုက်သည်။

သက်ခိုင်ကိုတွေ့သည်နှင့် အိနှင်းဖြူ၏မျက်နှာမှာ အထိတ်တလန့် ဖြစ်သွားခဲ့ရသလို အံ့ဩတကြီးဖြစ်မှုကြောင့် မျက်လုံးများမှာ ပြူးကျယ်သွားခဲ့ရသည်။

"ကိုသက် ဘယ်ကိုလာတာလဲ"

"ကိုသက်က ဒီဈေးထဲမှာ ရတနာပစ္စည်းအရောင်းဆိုင် ဖွင့်ထားတယ်လေ"

သည်တစ်ခါလည်း အိနှင်းဖြူမှာ အံ့အားသင့်ခဲ့ရပြန်၏။

"ဟုတ်လား၊ ဆိုင်မှာဘယ်သူထိုင်လဲ၊ ကိုသက်ဇနီးက ဆိုင်ထိုင်တာလား"

"မဟုတ်ဘူး၊ ညီမလေးနဲ့ မေမေ ထိုင်တယ်"

"ကိုသက်ရဲ့ဇနီးကရော"

"ကိုသက်မှ အိမ်ထောင်မကျသေးတာ"

"ဟုတ်လား"

အိနှင်းဖြူမျက်နှာပေါ်တွင် ဝမ်းနည်းမှုနှင့် အံ့အားသင့်မှုတို့က ပြိုင်တူပေါ်လာပြန်သည်။

"ကိုသက်ရယ် စကားတွေ ပြောချင်လိုက်တာ"

"ကိုသက်ကလည်း ပြောချင်



နေပါတယ်"

"ဟုတ်လား၊ ကိုသက်နဲ့ အေ
အေးဆေးဆေး တွေ့ချင်သေ
တယ်"

"ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်၊ အိဖြူနဲ့ပါလာ
တဲ့ ညီမလေးနှစ်ယောက်က အိ
အပေါ် နားလည်ပြီးသားပါ"

သက်ခိုင်က အဖော်မိန်း
ကလေးနှစ်ဦးဘက် လှည့်ကြ
လိုက်၏။ မိန်းကလေးနှစ်ဦးက
လည်မှုဖြင့် အားပေးစကားပြေ
သည်။

"အစ်ကိုလာတဲ့နေ့ကပဲ
အိဖြူက အစ်ကိုဟာ မမအိဖြူ
ငယ်ရည်းစားဆိုတာ တိုးတိုးတိ
တိတ် ပြောပြထားပါတယ်၊ အ
အစ်ကိုက လူပျိုကြီးပဲဆိုတော့

မိန်းကလေးတစ်ဦးက
လိုက်ရင်း သူမ၏စကားကို
ထားလိုက်သည်။ သက်ခိုင်က
နှင်းဖြူကိုလှည့်ကြည့်ရင်း သူ
ကို ပြောပြလိုက်၏။

"အိဖြူမှာ ခင်ပွန်းရှိနေတ
ကိုယ့်အနေနဲ့ သံယောဇဉ်ရှိပေ
စဉ်းစားရမယ်လေ"

သက်ခိုင်၏ ဆင်ခြင်မှုနှင့်
သပ်ချက်က အိနှင်းဖြူကို အား
စိတ်ဖြစ်စေခဲ့သည်။

"အိဖြူအတွက် အရေး
ဆုံးဖြတ်ချက်တွေချဖို့ ကိုသ



www.burmeseclassic.com

www.burmeseclassic.com

အမြန်ဆွေးနွေးချင်တာတွေ ရှိနေတယ် ကိုသက်”

“ကိုသက်အနေနဲ့ တွေ့နိုင်အောင် စဉ်းစားပါ့မယ်”

သက်ခိုင်က အိနှင်းဖြူကို ကြင်နာသောအကြည့်များဖြင့်လှမ်းကြည့်ရင်း နှုတ်ဆက်၍ ထွက်ခွာခဲ့သည်။

သက်ခိုင်က အိနှင်းဖြူအနီးမှ ထွက်ခဲ့ပြီးနောက် ကိုယ်ယောင်ပျောက်၍ မမြင်မျက်ကွယ်မှ လေ့လာနေခဲ့သည်။

“ဟော့ကောင်...ဘာချောင်းနေတာလဲ”

အိနှင်းဖြူရှိရာသို့ ချောင်းကြည့်နေသော သက်ခိုင်နောက်ကျောမှ ဝေဦး၏အသံထွက်လာသည်။ သက်ခိုင်က ဝေဦးအား အိနှင်းဖြူနှင့် ဆုံခဲ့ပုံနှင့် အိနှင်းဖြူက ပြောဆိုသွားသော စကားများကို ပြန်လည်ပြောပြလိုက်၏။

“မင်းအမြင်က ဘယ်လိုလဲ”

ဝေဦး၏အမေးကို သက်ခိုင်က ပြန်မဖြေနိုင်ခဲ့ပေ။

“ငါ.....ဘာပြောရမှန်း မသိဘူး သူငယ်ချင်း”

“ငါပြောပြမယ်၊ အိနှင်းဖြူကို ချစ်သူအဟောင်းဆိုတဲ့ သံယောဇဉ်နဲ့ မကြည့်နဲ့လေ”

“အေး.....ငါ ဘယ်လိုလုပ်သင့်သလဲ”



“အိနှင်းဖြူက ပထမအိမ်ထောင်အပေါ် တာဝန်မကျေခဲ့ဘူး၊ ယောက်ျားဆုံးသွားတာ သူ့စိတ်ကြောင့်လို့ မင်းလည်းသိတယ်၊ ငါလည်းသိတယ်၊ ယောက်ျားဖြစ်သူ စုဆောင်းခဲ့သမျှ သူမသုံးတတ်လို့ ကုန်သွားတယ်၊ သူ့ရဲ့ လှလှပပနဲ့ ကြော့ကြော့မော့မော့နေချင်တဲ့စိတ်ကြောင့် လက်ရှိမှာ ကုမ္ပဏီပိုင်ရှင်ရဲ့ လူသိမခံဝံ့တဲ့ စတုတ္ထမြောက်ဇနီးအဖြစ် နေခဲ့ရတယ်”

ဝေဦးရှင်းပြတော့ သက်ခိုင်က ပြန်စဉ်းစားသည်။

အိနှင်းဖြူ အဘယ်ကြောင့် လက်ရှိဘဝသို့ ရောက်သွားရသည်ကို သိခဲ့ရသည်။

သက်ခိုင်ကို စီးပွားရေး မခိုင်မာမှုကြောင့် စွန့်ပစ်သွားသော အိနှင်းဖြူက ယခု သက်ခိုင်တွင် စီးပွားရေး အခိုင်အမာရှိနေ၍ လမ်းဖွင့်ပေးနေသည်လားဟု တွေးမိပြန်သည်။

“သက်ခိုင် ငယ်ကချစ်တဲ့ သံယောဇဉ်လက်ကျန်ကြောင့် ဆုံးဖြတ်ချက် မလွဲစေနဲ့၊ အိနှင်းဖြူကို မင်းအနေနဲ့ ပိုင်ပိုင်နိုင်နိုင် ချုပ်ကိုင်နိုင်သလား၊ သူ့စိတ်ဓာတ်ကရော ပြင်ပြီလား၊ ပြီးတော့ အိနှင်းဖြူကို မင်းရဲ့မိဘအသိုင်းအဝိုင်းက လက်ခံနိုင်သလားဆိုတာ အချိန်ယူစဉ်းစားပါ သူငယ်ချင်း”

သက်ခိုင်က ဝေဦးပြောသမျှကို နားထောင်ရင်း သက်ပြင်းချသည်။ သူ့အနေဖြင့် သံယောဇဉ်မြူခိုးကြောင့် အမှန်ကို မြင်နိုင်စွမ်းမရှိကြောင်း သူ့ကိုယ်သူ သိနေသည်ဖြစ်၏။

“အေးပါ သူငယ်ချင်း၊ ငါ အလွယ်တကူ မဆုံးဖြတ်ပါဘူး”

“ဟိုမှာကြည့်စမ်း၊ အိနှင်းဖြူ စီးလာတဲ့ကားမှာ အမျိုးသားအစောင့်က အနီးကပ်ပါနေတယ်၊ အဲဒီတော့ နောင်မှာကြုံရမယ့်ကိစ္စက မသေးဘူးနော်”

သက်ခိုင်က လှမ်းကြည့်သည်။

အိနှင်းဖြူ၏ဘဝမှာ လွတ်

www.burmeseclassic.com

လပ်ခြင်းအပြည့်မရှိ။

အနီးကပ်အစောင့်ပါရှိနေသည်ကို လှမ်းမြင်နေရသည်။

အိနှင်းဖြူအား ကုမ္ပဏီပိုင်ရှင်က လှောင်ချိုင့်ထဲမှ ငှက်ငယ်တစ်ကောင်လို အလှကြည့်ရုံသက်သက် သဘောထားနေကြောင်း စဉ်းစားမိခဲ့၏။

သက်ခိုင်မှာ မည်သို့ဆုံးဖြတ်ရမည်ကို စဉ်းစားမရအောင် သံယောဇဉ်၏ ဖိအားပေးမှုကို ခံနေခဲ့ရ၏။



♛♛♛♛♛

"ကိုသက်လား"

"ဟုတ်တယ် အိဖြူ"

"ဒီနေ့ညနေပိုင်း အားလား"

"ကိုယ့်ဘက်က အချိန်ပေးနိုင်ပါတယ်"

"အဲဒါဆိုရင် ကိုသက်နဲ့တွေ့ချင်တယ်"

"ဘာကိစ္စလဲ အိဖြူ"

"ကိုသက်ရယ် ဟိုတုန်းက အိဖြူက တွေ့ချင်တယ်ဆိုရင် ကိုသက် အပြေးအလွှားရောက်လာတာချည်းပဲ"

"အဲဒါ ဟိုးအပျိုဘဝတုန်းက မဟုတ်လား"

"ဟုတ်ပါတယ်"

"အခုက အခြေအနေပြောင်းနေပြီလေ"

"ဘယ်လိုပြောင်းလဲတာလဲ"

"အိဖြူမှာ အုပ်ထိန်းသူရှိနေပြီလေ"

"အဲဒါက တရားဝင်မဟုတ်ဘူး၊ ဘာအကျိုးခံစားခွင့်မှလည်း မရှိဘူး၊ အိဖြူရဲ့ စားဝတ်နေရေးအတွက် လုပ်ငန်းရှာပေးပြီး နေစရာ ပေးထားတာပါ"

"အဲဒီအနောင်အဖွဲ့ကအလွတ် ရုန်းနိုင်လို့လား"

"အဲဒီအဘိုးကြီးက နောင်ရေ အာမခံချက်မရှိဘဲ နေရာပေးထာ တာ"

"အခု အိဖြူတွေ့ချင်တာက ဘာအကြောင်းလဲ"

"ကိုသက်ဆီက အကူအညီ လိုချင်တယ်"

"လှောင်ချိုင့်ထဲကလူကို တံ ခါးသော့ရိုက်ဖျက်ပြီး ဆွဲထုတ်ရမှာ ဆိုတော့ အခက်အခဲ အများကြီးရှိ မယ် အိဖြူ"

"အိဖြူကိုယ်တိုင် သော့ရိုက် ဖျက်ပြီး ထွက်လာမှာပါ၊ ကိုသက် အနေနဲ့ လမ်းပြပေးဖို့၊ အကူအညီ ပေးဖို့ပါပဲ"

"ကောင်းပြီလေ၊ ဘယ် တွေ့ရမှာလဲ"

> **အဲဒါက တရားဝင်မဟုတ်ဘူး၊ ဘာအကျိုးခံစားခွင့်မှလည်း မရှိဘူး၊ အိဖြူရဲ့ စားဝတ်နေရေး အတွက် လုပ်ငန်းရှာပေးပြီး နေ စရာ ပေးထားတာ**



www.burmeseclassic.com

www.burmeseclassic.com



''ဒီနေ့ညနေမှာ တွေ့ချင်တယ်''

''ဘယ်မှာလဲဆိုတာ ရှင်းအောင်ပြောဦးလေ''

''နေရာထပ်ပြောမယ်၊ ကိုသက်ဘက်က တွေ့ချင်တဲ့ဆန္ဒ ရှိ၊ မရှိဘဲ သိချင်တာ''

''ငယ်ကျွမ်းဆွေဆိုတဲ့သံယောဇဉ်နဲ့ တွေ့ပေးပါ့မယ်''

''ကျေးဇူးပဲ ကိုသက်''

သက်ခိုင်က သူ့ဖုန်းကိုပိတ်လိုက်သည်နှင့် ဝေဦးထံမှ ဖုန်းခေါ်သံ ထွက်ပေါ်လာပြန်သည်။

''ကိုသက် ငါပါ''

''ပြောပါ သူငယ်ချင်း''

''မင်းကို သတိပေးစရာရှိလို့''

''ပြောကွာ သူငယ်ချင်း''

''ဒီလိုကွ အိနှင်းဖြူရဲ့သတင်းက မကောင်းဘူး''

သက်ခိုင်မှာ ဝေဦးထံမှနိဒါန်းမပါသော တိုက်ရိုက်ပြောဆိုမှုကြောင့် အံ့အားသင့်ရပြန်သည်။

''ဘာများလဲ သူငယ်ချင်း''

''အိနှင်းဖြူရဲ့အဘိုးကြီးက တရားမဝင်နည်းနဲ့ နိုင်ငံခြားက ပစ္စည်းတွေ ခိုးသွင်းလာလို့ အဖမ်းခံလိုက်ရပြီတဲ့''

''ဘယ်မှာအဖမ်းခံရတာလဲ''

''လူတော့အဖမ်းမခံရဘူး၊ ရေလမ်းကနေပြီး စက်လှေနဲ့ခိုးသွင်းတာတဲ့၊ စက်လှေကို ပိုင်ရှင်မဲ့သိမ်းသွားတယ်၊ ပစ္စည်းတန်ဖိုးကျပ်ဆယ့်ငါးသိန်းဖိုး ဆုံးရှုံးသွားတယ်တဲ့''

''ဟုတ်လား၊ လူက ဘာဖြစ်လို့ မမိတာလဲ''

''စက်လှေက ထားဝယ်ဆိပ်ကမ်းမှာ ရပ်ထားတုန်း အဖမ်းခံရတာတဲ့၊ စက်လှေသမားတွေက ရေထဲခုန်ချပြီး ထွက်ပြေးသွားလို့ မသိဘူး''

''တာဝန်ရှိသူတွေက ဘယ်သူ့စက်လှေဆိုတာ သိမှာပေါ့''

''တက်မကိုင်နဲ့ ပိုင်ရှင်ကိုတော့ သိမှာပေါ့''

''တက်မကိုင်က ထွက်ပြေးသွားတယ်၊ ပိုင်ရှင်ကိုသိမှတော့ အရေးယူခံရမှာ သေချာပါတယ်''

သက်ခိုင်မှာ ရင်ထဲဆို့သွားခဲ့ရသည်။

အိနှင်းဖြူ၏ဘဝမှာ မသေချာတော့။ မောင်းထုတ်ခံရမှာ သေချာနေပြီဖြစ်၏။

''ငါ့ကို အိဖြူက တွေ့ချင်လို့တဲ့''

''ဟော့ကောင် တွယ်ရှောတဲ့

**လူတော့**
**အဖမ်းမခံရဘူး၊**
**ရေလမ်းကနေပြီး**
**စက်လှေနဲ့ခိုးသွင်းတာတဲ့၊**
**စက်လှေကို**
**ပိုင်ရှင်မဲ့သိမ်းသွားတယ်၊**
**ပစ္စည်းတန်ဖိုးကျပ်**
**ဆယ့်ငါးသိန်းဖိုး**





www.burmeseclassic.com

www.burmeseclassic.com

မျှော့လိုဖြစ်နေပြီထင်တယ်၊ မင်းရဲ့သွေးတွေ အစုပ်မခံရစေနဲ့”

“သတိထားပါ့မယ် သူငယ်ချင်း”

“သူက ပဉ္စလက်ပညာသည်နော်”

“ဘာကိုပြောချင်တာလဲ”

“မင်းက လူပျိုကြီး၊ သူက အတွေ့အကြုံပေါင်းများစွာကို ဖြတ်ကျော်ခဲ့ရတာ၊ ဒီလှည့်ကွက်ထဲမှာ မိသွားမယ်နော်”

“သတိထားပါ့မယ် သူငယ်ချင်း”


ဝေဦးက သူငယ်ချင်းသံယောဇဉ်ဖြင့် သတိပေးခဲ့သည်။

သက်ခိုင်မှာ အိနှင်းဖြူကိုတွေ့ဆုံရန် မဝံ့မရဲဖြစ်သွားရတော့သည်။ အိနှင်းဖြူသည် သူ့ကို စတင်ပစ်ခွာသွားခဲ့သူဖြစ်သည်။

ပစ်ခွာကျောခိုင်းခဲ့ခြင်းမှာ ငွေကြေးနေဥစ္စာမပြည့်စုံ၍ဖြစ်၏။ ယခုအိနှင်းဖြူ၏ဘဝမှာ တွယ်ရာမဲ့ဖြစ်ရပေတော့မည်။

အိနှင်းဖြူကို မျက်ကွယ်ပြုလိုက်ပါက မည်သို့ဖြစ်သွားနိုင်သည်ကို စဉ်းစားကြည့်သည်။ သံယောဇဉ်လက်ကျန်က သူ့နှလုံးသားကို ပုတ်နှိုးပြီး အတိတ်ဆီပြန်ပို့ပေးနေပြန်သည်။

အိနှင်းဖြူကို သနားငဲ့ညှာ၍ ပြန်လည်ဆက်သွယ်မိပါက အိနှင်းဖြူဘက်က အမည်းစက်များကို ခဝါချ၍ ပြုပြင်နိုင်သူဖြစ်လာမည်လား။



မည်သို့မျှတွေးမရအောင်ဖြစ်နေခဲ့၍ သက်ခိုင်မှာ သက်ပြင်းကိုသာ အခါခါချမိခဲ့ရတော့သည်။

♛♛♛♛♛

“ကိုသက်”

သက်ခိုင် ထိုင်နေသည်မှာ နာရီဝက်ကျော်ကြာပြီဖြစ်သည်။ သက်ခိုင်ကို အိနှင်းဖြူက ရန်ကုန်၊ ကျောက်တံတားမြို့နယ်အတွင်းရှိ စားသောက်ဆိုင်တစ်ဆိုင်မှ ထိုင်စောင့်စေခဲ့သည်။

အိနှင်းဖြူ ဆိုင်ထဲသို့ဝင်လာရင်း ကြည့်သည်။

သက်ခိုင်က ဆိုင်အတွင်းဘက်သို့ မျက်နှာပေးထား၍ အိနှင်းဖြူဝင်လာသည်ကို မတွေ့ရ။ အိနှင်းဖြူက အသံပြုသည်။

သက်ခိုင်က မကြား၊ အိနှင်းဖြူက အထဲသို့လျှောက်လာသည်။

“အစ်မ.....ခဏလောက်”

အရပ်ဝတ်သုံးယောက်က အိနှင်းဖြူကို လမ်းမှတားသည်။

အမျိုးသမီးနှစ်ဦးလည်းပါသည်။

ဘာကြောင့်တားသည်ကို မသိ။

www.burmeseclassic.com

www.burmeseclassic.com



''ကျွန်တော်တို့က မူးယစ်အထူးအဖွဲ့ကပါ''

အိနှင်းဖြူ ဘာမှမပြောနိုင်တော့။ ကြက်သေ သေသွားသည်။ ကြောက်ကြောက်လန့်လန့်ဖြင့် သက်ခိုင်ဆီသို့ အသံပြုလိုက်မိ၏။

''ကိုသက်ခိုင်ရေ''

သက်ခိုင်က ပြေးလာသည်။ အရပ်ဝတ်ရဲများက သက်ခိုင်ကိုပါ ထိန်းချုပ်သည်။ မန်နေဂျာရုံးခန်းထဲသို့ ခေါ်သွားသည်။

သက်သေသုံးယောက်ခန့်၏ ရှေ့မှောက်၌ရှာဖွေရာ အိနှင်းဖြူ၏ ဆလင်းဘက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား (၁၀)ပြားကို ဖမ်းမိခဲ့သည်။

''ဒီပစ္စည်းက အစ်မပိုင်ပစ္စည်းနော်''

''ဟုတ်ပါတယ်''

''အစ်မ သုံးစွဲနေတာမဟုတ်လား''

အိနှင်းဖြူက သက်ခိုင်ဘက်လှည့်ကြည့်သည်။

သက်ခိုင်ကိုယ်တိုင် မူးယစ်ဆေးဝါးဖမ်းမိမှုဖြစ်နေ၍ တအံ့တသြဖြစ်ရင်း ကြောက်နေမိသည်။

''အစ်မနဲ့ပတ်သက်လို့ သတင်းရပြီးသားပါ''

''ဟုတ်ပါတယ်ရှင်၊ ဘဝက ကြမ်းတမ်းတော့ မူးယစ်ဆေးဝါးသုံးရင်း သောကအချိန်တွေကို



ဖြတ်ကျော်နေရတာပါ''

''ဒီဆေးကို ဘယ်ကရတာလဲ''

''ကျွန်မရဲ့ကုမ္ပဏီပိုင်ရှင်ဆီကပါ''

''အစ်မရဲ့ ခင်ပွန်းမဟုတ်တဲ့ ခင်ပွန်းပါဆိုရင် အစ်မ ဝန်ခံမလား''

အိနှင်းဖြူက သက်ခိုင်ဘက် လှည့်မကြည့်ဝံ့၍ ခေါင်းညိတ်ပြရင်း မျက်နှာကို အောက်သို့ငုံ့ထားခဲ့၏။

''မှန်ပါတယ်၊ သူက ကျွန်မကို ဒီဆေးတွေနဲ့ သိမ်းသွင်းထားတာပါ''

ဖမ်းဆီးသူအရာရှိထံ ဝန်ခံချက်ပေးသည်။

ဖမ်းဆီးသူအရာရှိက သက်သေခံပစ္စည်းအဖြစ် သိမ်းယူခဲ့သည်။ အမျိုးသမီးတပ်ဖွဲ့ဝင်နှစ်ဦးက ထပ်ရှာသည်။ ဘာမှမတွေ့ရ။

''သူ့ကို ဆေးစစ်ဖို့ စီစဉ်ရမယ်''

တာဝန်ခံအရာရှိက သူ့အဖွဲ့သို့ ပြောရင်း စတင်ဖမ်းဆီးမှုကို တရားဝင် ဆောင်ရွက်ခဲ့တော့သည်။

''ဒီကကိုသက်ခိုင်နဲ့ ဘာပတ်သက်သလဲ''

''လူမှုရေးပတ်သက်မှုပဲရှိတာပါ၊ မူးယစ်ဆေးဝါးနဲ့ ဘာမှမဆိုင်ပါဘူး''

''အခု ဒီနေရာကို မူးယစ်



www.burmeseclassic.com

www.burmeseclassic.com



ဆေးဝါးတွေ ယူလာတာက ဘာ့ကြောင့်လဲ''

အိနှင်းဖြူက ချက်ချင်းမဖြေ။ ခေါင်းကိုငုံ့ထားသည်။ ဆင်ဖြူ မျက်နှာ ဆင်မည်း မကြည့်ဝံ့သကဲ့သို့ မျက်နှာချင်းမဆိုင်ဝံ့အောင်ဖြစ်နေခဲ့၏။

''ကျွန်မလေ ကိုသက်ကို သံယောဇဉ်မကုန်ဘူး၊ သူ့ကို အစားအသောက်ထဲမှာ အမှုန့်ကြိတ်ထားတဲ့ ဆေးတွေ ထည့်ကျွေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ယူလာတာပါ''

''ဟင်..... ရက်စက်လိုက်တာ အိဖြူရယ်''

သက်ခိုင်ထံမှ ရင်တွင်းပေါက် ကွဲသံ ထွက်လာခဲ့သည်။

''အမှန်အတိုင်းပြောရရင် ဒီဘဝဆိုးထဲက လွတ်မြောက်ချင်နေပါပြီ၊ ကိုသက်ကို မူးမေ့အောင်လုပ်မယ်၊ ပြီးမှ တစ်နေရာကို တွဲခေါ်သွားမယ်၊ စီစဉ်ထားတဲ့နေရာကို ရောက်ရင် ရုန်းမထွက်နိုင်အောင် အမိဖမ်းမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ''

''ဟင်.....ကြံစည်ရက်လိုက်တာ အိဖြူရယ်''

သက်ခိုင်ထံမှ ကြေကွဲသံ ထွက်လာခဲ့သည်။

''အိဖြူက အပျိုမဟုတ်တော့ဘူးလေ၊ ကိုသက်ကိုလက်ထပ်ဖို့ ဘယ်လိုကြိုးစားသည်ဖြစ်စေ အောင်မြင်စရာမရှိဘူး၊ ကိုသက်ကို လက်လွှတ်မခံနိုင်လို့ အခုလို စီစဉ်ရတာပါ''



''ကိုသက်ရဲ့ လက်ရှိစီးပွားရေးကြောင့် ဒီလိုကြံတာလား၊ ဘာ ပစ္စည်းမှ ပိုင်ဆိုင်မှုမရှိရင် အခုလို ကြံရက်မှာလား''

အိနှင်းဖြူထံမှ မည်သည့် အဖြေမှ ထွက်မလာခဲ့ပေ။

အားလုံးက အိနှင်းဖြူ၏ အကြံကို သိခွင့်ရသွားခဲ့၏။

သို့သော်.....

အိနှင်းဖြူကို မူးယစ်မှုနှင့် အရေးယူရန် သက်ခိုင်မှာ မျက်မြင် သက်သေတစ်ဦး ဖြစ်ခဲ့ရသည်။

''ရင်နာလိုက်တာ အိဖြူရယ်''

အိနှင်းဖြူမှာ ချုံးပွဲချငိုရုံမှတစ်ပါး ဘာမှမတတ်နိုင်တော့။

အိနှင်းဖြူ၏ ထွက်ဆိုချက်အရ ဖမ်းဆီးသူအရာရှိက အိနှင်းဖြူအား ချုပ်ထိန်းထားသော ကုမ္ပဏီပိုင်ရှင်ကို မူးယစ်မှုနှင့် ဖမ်းဆီးရန် တာဝန်ရှိသူထံ သတင်းပို့လိုက်တော့၏။

ယခုတော့.....

အိနှင်းဖြူသည် ခိုနားမဲ့ဘဝမှ မှီခိုတွယ်တာရာကို ရှာဖွေ... အတွယ်အကပ် မ... မြဲ၍ ပြုတ် ကျခဲ့ရတော့သည်။

ယခုတော့

သူမ၏ဘဝသည် ခိုနား... ဖြစ်ရပေဦးမည်ကို အိနှင်းဖြူကိုယ်တိုင် သိနေလေတော့သည်။

**စာပေသစ္စာဖြင့်**

● အောင်ကျော်...



www.burmeseclassic.com

www.burmeseclassic.com





### လူစိမ်းမြင်လျှင် မောင်းထုတ်တတ်သည့်ခွေးရှိနေပါလျက်

# အဘိုးအိုအသတ်ခံရမှုကို ရဲက စစ်ဆေးရာ မူလခွေးပိုင်ရှင် အလုပ်သမားသားအဖက ငွေအတွက် လူသတ်၊ လုယက်မှုကို ဖော်ထုတ်လိုက်နိုင်ကြောင်း သိရ

ဧရာပတီတိုင်းဒေသကြီး၊ မြောင်းမြမြို့နယ်အတွင်းရှိ ဆားစက်ရုံတွင် ဆားစက်အလုပ်သမားသားအဖက ညဉ့်နက်ချိန်၌ ဆားစက်ပိုင်ရှင်၏ ဦးလေးတော်စပ်သူ အဘိုးအိုအား သတ်ဖြတ်၊ လုယက်မှုကျူးလွန်ခဲ့ရာ ပူးပေါင်းအမှုစစ်အဖွဲ့က ဆားစက်တွင် မွေးမြူထားသော လူစိမ်းမြင်လျှင် ပြေတ်တမ်းဟောင်တတ်သည့်ခွေး၏ ထူးခြားပြောင်းလဲချက်ကြောင့် လူသတ်သမားကို ဖော်ထုတ်ခဲ့နိုင်ကြောင်း သိရသည်။

စုံစမ်းသိရှိရသည်မှာ ၂၂-၇-၂၀၁၃ရက်နေ့ (ဝါဆိုလပြည့်နေ့)တွင် မြောင်းမြမြို့၊ (၂)ရပ်ကွက်၊ (၅)လမ်း၊ ၈/က နေ ဒေါ်ဌေးဌေး(၅၁နှစ်)သည် အလှူပြုလုပ်ရန်ရှိ၍ အောင်ပန်းဆားစက်မှ နေထိုင်ရာအိမ်သို့ ပြန်ခဲ့သည်။

ဆားစက်တွင် ဦးလေးတော်စပ်သူ ဦးကျော်ဝေ(၇၀နှစ်)နှင့်အတူ အလုပ်သမားအချို့ ကျန်ခဲ့ကြသည်။ ဆားစက်တွင် မွေးမြူထားသော ဆားစက်နှင့် ခြံချင်းကပ်နေထိုင်သူ သိန်းထွန်းထံမှ ဝယ်ယူမွေးမြူထားသော တိုန်အမည်ရှိ ခွေးတစ်ကောင်လည်းရှိနေသည်။

စက်ရုံစောင့်ခွေးမှာ လူစိမ်းမြင်လျှင် အဆက်မပြတ် ဟောင်သံပေး၍ လူစိမ်းကို မောင်းထုတ်တတ်သဖြင့် ညပိုင်းအချိန် စက်ရုံခြံစောင့်အဖြစ် အားကိုးရသော ခြံစောင့်ခွေးဟု သိရ

www.burmeseclassic.com



သည်။

၂၃-၇-၂၀၁၃ရက်နေ့ နံနက်စနာရီတွင် ဆားစက်မှ အလုပ်သမားအချို့ ဒေါ်ဌေး ဌေးရောက်ရှိနေထိုင်ရာအိမ်သို့ ရောက်ရှိလာပြီး အဘိုးအို ဦးကျော်ဝေမှာ ၎င်းနေထိုင်ရာ အိမ်ခန်းအတွင်းရှိ သမံတလင်းပေါ်တွင် မှောက်လျက်လဲကျနေကြောင်း၊ သေသည် ရှင်သည် မသိရှိကြောင်း ပြောပြခဲ့ကြသည်။

ဒေါ်ဌေးဌေးက လာရောက်အကြောင်းကြားသူ အလုပ်သမားများနှင့်အတူ ခင်ပွန်းဖြစ်သူ ဦးကျော်စိုးလင်းလိုက်ပါလျက် ဆားစက်ရုံသို့ သွားရောက်ကြည့်ရှုသောအခါ အဘိုးအို ဦးကျော်ဝေမှာ အိပ်ခန်းအတွင်းရှိ သမံတလင်းပေါ်တွင် မှောက်လျက်လဲကျနေသည်ကို တွေ့လိုက်ရသည်။

ဦးကျော်စိုးလင်းနှင့်အတူ အလုပ်သမားများက ဦးကျော်ဝေအား ပက်လက်လှန်ပြီး ကြည့်ရှုရာ ဝဲမျက်ခုံးပေါက်ပြဲ ဒဏ်ရာတစ်ချက်၊ ဝဲနားထင်၊ ဝဲမျက်လုံး၊ လည်ပင်းတို့တွင် ဖူးရောင်ဒဏ်ရာရရှိကာ သေဆုံးနေသည်ကို တွေ့လိုက်ရသည်။

ဒေါ်ဌေးဌေးက တရားလို ပြုလုပ်တိုင်တန်းသဖြင့် မြောင်းမြမြို့မရဲစခန်းမှ(ပ)၂၂၀/ ၂၀၁၃၊ ပြစ်မှုပုဒ်မ ၃၀၂ဖြင့် အရေးယူ၍ အမှုစစ် စခန်းမှူး ရဲအုပ် ကျော့ဟန်နှင့်အဖွဲ့က အချင်းဖြစ်အရပ်သို့ သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။

အဆိုပါ လူသတ်မှုအား အမြန်ဆုံး ပူးပေါင်းဖော်ထုတ်ရန် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက တာဝန်ပေးအပ်ခဲ့၍ မှုခင်းအကူဌာနစုမှ ဒုရဲအုပ်ဇော်မျိုးမင်းနှင့်ဒုတပ်ကြပ်နေမျိုးဝင်းတို့ ခေါင်းဆောင်သောအဖွဲ့အား မြောင်းမြမြို့သို့ စေလွှတ်ခဲ့သည်။

မှုခင်းအကူဌာနစုမှ တပ်ဖွဲ့ဝင်များသည် မြောင်းမြမြို့မရဲစခန်းသို့ ရောက်ရှိပြီး အမှုစစ် စခန်းမှူး ရဲအုပ် ကျော့ဟန်အဖွဲ့နှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်မှုပြုခဲ့သည်။ ထိုအချိန်၌ပင် မြောင်းမြခရိုင် အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှ ရဲအုပ်အောင်ထွန်းဝင်းနှင့်အဖွဲ့ ရောက်ရှိပူးပေါင်းပြီး စုံစမ်းဖော်ထုတ်မှုကို ပူးတွဲလုပ်ဆောင်ခဲ့သည်။

ဒုရဲအုပ်ဇော်မျိုးမင်းနှင့်အဖွဲ့၊ မြောင်းမြခရိုင် အထူးမှုခင်းနှိမ်နင်းရေးဌာနစုမှရဲအုပ် အောင်ထွန်းဝင်းနှင့်အဖွဲ့၊



လူသတ်မှုဖြစ်ပွားရာ အိပ်ခန်းနှင့်
ဝန်းကျင်အနေအထား



www.burmeseclassic.com


www.burmeseclassic.com

မြောင်းမြမြို့မရဲစခန်းမှူး ရဲအုပ်ကျော်တန် ဦးဆောင်သော အဖွဲ့သုံးဖွဲ့တို့က ပြိုင်တူ လှုပ်ရှားစုံစမ်းဖော်ထုတ်မှုပြုခဲ့ကြသည်။

ထိုသို့ အမှုစစ်အဖွဲ့သုံးဖွဲ့၏ ကြိုးပမ်းဖော်ထုတ်မှုကြောင့် ညအချိန် ဆားစက်ရုံသို့ လူစိမ်းအဝင်မခံသည့် ခြံစောင့်ခွေး၏မူလပိုင်ရှင် သိန်းထွန်း(၅၈နှစ်)နှင့်၎င်း၏သား စိုးလင်း(ခ) စိုးထွန်း(ခ)သူကြီးတို့အား ရရှိထားသော သဲလွန်စအထောက်အထားများအရ သံသယရှိသူအဖြစ် သတ်မှတ်၍ ခေါ်ယူစစ်ဆေးခဲ့ကြသည်။

မသင်္ကာသည့် ခြံစောင့် ခွေးတိုနီ၏ မူလပိုင်ရှင် သိန်းထွန်းအား တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းအကူဌာနစုမှ ဒုရဲအုပ်ဇော်မျိုးမင်းနှင့်အဖွဲ့က စစ်ဆေးရာ ပထမပိုင်းတွင် ပြစ်မှုကျူးလွန်ခြင်းမရှိကြောင်း ငြင်းဆိုနေခဲ့သည်။

ဒုရဲအုပ်ဇော်မျိုးမင်းနှင့် ပူးပေါင်းအဖွဲ့က စနစ်တကျ စစ်ဆေးသောအခါ အဘိုးအို ဦးကျော်ဝေအား သတ်ခဲ့မိကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။


သိန်းထွန်း(၅၈)နှစ်

သိန်းထွန်းသည် မြောင်းမြမြို့ဇာတိဖြစ်သည်။ မိဘများမှ မွေးဖွားသော သားသမီး ကိုးယောက်တွင် တတိယ မြောက်သားဖြစ်သည်။ ငယ်စဉ်က စတုတ္ထတန်း အထိသာ ပညာသင်ယူခဲ့ဖူးသည်။ အသက်(၃၀) အရွယ်တွင် မြောင်းမြမြို့၊ ကုလားတန်းရွာသူတစ်ဦး နှင့်အိမ်ထောင်ကျခဲ့ရာ သားသမီး ခြောက်ယောက် မွေးဖွားခဲ့သည်။ ဇနီးဖြစ်သူဘက်မှ သားသမီးသုံး ယောက်ပါလာ၍ စုစုပေါင်း သားသမီး ကိုးယောက်ရှိသဖြင့် မိသားစု စားဝတ်နေရေးအတွက် ဆားစက်ဝင်း၊ မြရတနာရပ်ကွက်တွင် နေထိုင်ကာ ဆားစက်တွင် အလုပ်သမားအဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့သည်ဆို၏။

ဝါဆိုလပြည့်နေ့ဖြစ်သော ၂၂-၇-၂၀၁၃ရက်နေ့ ည ၁၂နာရီအချိန်ခန့်တွင် မိသားစုနှင့်အတူ အိပ်နေစဉ် မိသားစု စားဝတ်နေရေးအတွက် စဉ်းစားရင်းအိပ်မပျော်နိုင်အောင် ဖြစ်နေခဲ့မိသည်ဆို၏။

သို့ဖြစ်၍ ငွေကြေးရယူ လိုသောဆန္ဒဖြင့် အတူအိပ်နေသော သားဖြစ်သူစိုးလင်းအား အိပ်ရာမှ နှိုးလိုက်သည်။ ထို့နောက် သားဖြစ်သူကို အတူခေါ်ဆောင်ပြီး နေထိုင်ရာအိမ်၏ ပြတင်းပေါက်တည့်တည့်တွင် ယခင်ကတည်းက သွပ်ဆူးကြိုးကို အပေါက်ဖောက်ထားသည့် အပေါက်မှ ဦးကျော်ဝေနေထိုင်သော ဆားစက်ဝင်းထဲသို့ တိတ်တဆိတ်ဝင်ရောက်ခဲ့သည် ဆို၏။

ဦးကျော်ဝေ သီးခြားနေထိုင်ရာ အိမ်သို့ ရောက်သောအခါ နေအိမ်ခေါင်းရင်းဘက်မှကပ်၍ အော်ခေါ်ပြီး နှိုးခဲ့သည်။ ဦးကျော်ဝေက အသံကို မှတ်မိ၍ သိန်းထွန်းလားဟုပြန် မေးခဲ့သည်။

ဦးကျော်ဝေက အချိန် မတော်ကြီး ဘာကိစ္စရှိလို့လဲဟု ထပ်မံမေးရာ "တံခါးဖွင့်ပါဦး အထဲရောက်မှ ပြော


www.burmeseclassic.com

www.burmeseclassic.com



ပြမည်”ဟု အသံပြုခဲ့၍ ဦးကျော်ဝေက တံခါးဖွင့်ပေးခဲ့သည်။

ဦးကျော်ဝေရှိရာ အိမ်သို့ ချဉ်းကပ်ခဲ့စဉ်၌ လူစိမ်းမြင်လျှင် မပြတ်ဟောင်တတ်သော တိုနီအမည်ရှိ ခွေးမှာ မူလပိုင်ရှင် မှန်းသိနေ၍ မဟောင်ဘဲ ကြည့်နေခဲ့သည်ဆို၏။


အိမ်ထဲသို့ရောက်သောအခါ ဦးကျော်ဝေထံမှ ငွေချေးရာ ဦးကျော်ဝေက သနားသဖြင့် ခေါင်းအုံးအောက်မှ သော့ကိုယူကာ အံဆွဲကိုဆွဲဖွင့်၍ ငွေကျပ် ငါးသောင်းကို ထုတ်ချေးခဲ့သည်ဆို၏။

ဦးကျော်ဝေက ပိုက်ဆံချေးပေးပြီး ပြန်လှည့်ထွက်စဉ် သိန်းထွန်းက နောက်မှနေ၍ ဦးကျော်ဝေကို အားထည့်ပြီး ဆောင့်တွန်းလိုက်ရာ မျက်နှာနှင့် ခုတင်စောင်းထိခိုက်မိကာ သမံတလင်းပေါ် မှောက်ခုံလဲကျသွားခဲ့သည်။

ထိုအချိန် လဲကျသွား သော ဦးကျော်ဝေက ပြန်လည်ကုန်း ထလာချိန်တွင် သိန်းထွန်းက ခန္ဓာကိုယ်ပေါ်တက်ခွ၍ ဖိထားပြီး မျက်နှာကို သမံတလင်းနှင့် နှစ်ချက်ကိုင် ဆောင့်လိုက်၍ သွေးများထွက်လာပြီး လဲကျရာမှ ရုန်းကန်နေခဲ့သည်။

အတူပါလာသည့် သားဖြစ်သူ စိုးလင်းက ရုန်းကန်နေသော ဦးကျော်ဝေ၏ခြေထောက်နှစ်ချောင်းအား ချုပ်ကိုင်ပေး ဘားခဲ့သည်။ ဒဏ်ရာရရှိ၍ ရုန်းကန်နေသော ဦးကျော်ဝေ လဲကျသွားချိန်တွင် အသင့်တွေ့ရှိရသော လိမ္မော်ရောင်လက်နှိပ်ဓာတ်မီးဖြင့် အိမ်အပေါ်ထပ်သို့ တက်ရောက်၍ အခြားပစ္စည်းများ ရယူရန် ရှာဖွေခဲ့ရာ မည်သည့်ပစ္စည်းမှ မရခဲ့ဟုဆိုသည်။

ထို့နောက် ဆက်လက်ရှာဖွေရာ ငွေကျပ်တစ်သိန်းကို ရှာဖွေတွေ့ရှိရ ယူနိုင်ခဲ့သည်။ ၎င်းနောက် သေဆုံးသူ ဦးကျော်ဝေ၏လက်တွင် ဝတ်ဆင်ထား သော ရွှေလက်စွပ်ကို ချွတ်ယူခဲ့သည်။ အသုံးပြုသော လက်နှိပ်ဓာတ်မီးကို ပန်ကာနှင့် သံဘူးအနီးတွင် ပြန်ထားပြီး နေအိမ်အတွင်းမှ ပြန်လည်ထွက်ပြေးခဲ့ ရာ လုယူလာသော ရွှေလက်စွပ်မှာ လမ်းတွင်ထွက်ကျခဲ့၍ ညအချိန်ဖြစ် သဖြင့် ရှာဖွေတွေ့ရှိခြင်းမရှိဟု ဝန်ခံ ထွက်ဆိုခဲ့သည်။



သိန်းထွန်း၏သား စိုးသိန်း(ခ) စိုးလင်း(ခ)သုကြီး

ပူးပေါင်းအဖွဲ့က သိန်းထွန်း၏ သားစိုးလင်းအား စစ်ဆေးရာ ကွဲ ချက်မရှိဘဲ ဖခင်ဖြစ်သူက ငွေကြေး အခက်အခဲဖြစ်နေ၍ ကျေးဇူးရှင် ထိုင်ရာ ဆားစက်ထဲသို့ သွားရောက်ကာ လူသတ်၊ လုယက်မှုကျူးလွန်ခဲ့ခြင်းဖြစ် ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

အမှုစစ် စခန်းမှူးရဲအုပ် ကျော် ဟန်နှင့်ပူးပေါင်းအဖွဲ့က သက် သေခံပစ္စည်းများကို ရှာဖွေသိမ်းဆည်း ချုပ်ရမန် တောင်းခံ၍ အမှုကို ဆက် လက် စစ်ဆေးကာ ပုသိမ်ခရိုင် တရား သို့ အမြန်ဆုံးတရားစွဲ ဆို တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေကြောင်း သိ သည်။

**ရွှေသိုဝ**



www.burmeseclassic.com

www.burmeseclassic.com



# ငါးမန်းတစ်ကောင်ကို လက်ချည်းသက်သက်ဖမ်းပြသူ



အမေရိကန်ပြည်ထောင်စု၊ မက်ဆာချူးဆက်ပြည်နယ်မှ အမျိုးသားတစ်ဦးသည် လေးဆယ့်ငါးမိနစ်အတွင်း ငါးမန်းတစ်ကောင်ကို လက်ချည်းသက်သက်ဖြင့် လုံးထွေးသတ်ပုတ်၍ ဖမ်းဆီးနိုင်ခဲ့သည်။

အသက် ၂၄ နှစ်အရွယ် အယ်လ့်ိုက်ဆူဒယ်အမည်ရှိ အဆိုပါအမျိုးသားသည် ၎င်း၏မိသားစုနှင့်အတူ ငါးဖမ်းထွက်ရာ ငါးမန်းတစ်ကောင်ကို ဖမ်းရန်အတွက် ငါးတစ်ကောင်အား ပင်လယ်အတွင်းသို့ တစ်ဝက်ချ၍ မျှားခဲ့ကြောင်း၊ ငါးမန်းက အဆိုပါငါးကို လာဟပ်သောအခါ ငါးမန်းအားဖမ်းနိုင်ရန် ရေထဲသို့ခုန်ချခဲ့ပြီး ဖမ်းဆီးခဲ့သည်။ ငါးမန်းမှာ ခုနစ်ပေနီးပါးရှည်ပြီး အလေးချိန်ပေါင် ၂၀၀ ခန့်ရှိမည်ဟု ယူဆရကြောင်း ၎င်းကပြောကြားခဲ့သည်။

ထိုသို့ လက်ချည်းသက်သက်ဖြင့် ဖမ်းသော ငါးမန်းပေါင်း ကောင်ရေ ၁၀၀ ကျော်ပြီဖြစ်ပြီး ဖမ်းမိသော ငါးမန်းများကို ကမ်းခြေတွင် ဓာတ်ပုံရိုက်ကာ ပြန်လွှတ်ပေးကြောင်း၊ ၎င်းတို့အား နာကျင်အောင် မည်သည့်အခါမှ မလုပ်ခဲ့ကြောင်း ဆူဒယ်က ပြောကြားခဲ့သည်။

**ဆောင်းဟေမန်**

Ref:CNN News

20.7.2013



www.burmeseclassic.com

www.burmeseclassic.com



# တစ်ယောက်တစ်လှည့် သွေးသောက်ကြသည့် လင်မယား

တစ်ယောက်တစ်လှည့် လက်မောင်းသွေးဖောက်သောက်ကြသော လင်မယား၏ အဖြစ်အပျက်သည် ဒိန်းမတ်နိုင်ငံတွင် ဖြစ်ပွားခဲ့ပြီး အလွန်ပင် နာမည်ကြီးသော သတင်းတစ်ပုဒ်ဖြစ်ခဲ့သည်။ ထိုလင်မယား၏နာမည်ကို ထုတ်ဖော်ပြောဆိုထားခြင်းမရှိသော်လည်း ထိုစုံတွဲမှာ သာမန်မဟုတ်ဘဲ မကောင်းဆိုးဝါးပူးကပ်ကာ ဖုတ်ဝင်နေသည်ဟု ဆိုကြသည်။

၎င်းတို့နှစ်ယောက်သည် တစ်ယောက်သွေးကို တစ်ယောက် သောက်ကြပြီး ခဏတာသွေးစုပ်ခြင်းမဟုတ်ဘဲ အချိန်အတော်ကြာ သွေးစုပ်ခြင်းဖြစ်ကြောင်း၊ သွေးကို နှစ်ခြိုက်စွာသောက်ကြသော ထိုလင်မယားနှစ်ယောက်သည် အလွန်ပင်ထူးဆန်းသော လူသားများဖြ[...] ပြီး သူတို့ကို သွေးစုပ်ဖုတ်ကော[...] လင်မယားဟု ခေါ်ဆိုကြကြော[...] သိရသည်။

**ဆောင်းဟေမ[...]**

Ref: World Interesting New[...]

27.7.20[...]







www.burmeseclassic.com

www.burmeseclassic.com



# အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၃ သန်း ထီပေါက်လို့ သုံးဖြုန်းခဲ့သူမှာ မူလ အမှိုက်ကောက်သမားဘဝ ပြန်ရောက်ခဲ့မှု

သက္ကရာဇ် ၂၀၀၂ ခုနှစ်ပိုင်းက ဗြိတိန်နိုင်ငံတွင် Michael Carroll အမည်ရှိ အမှိုက်ကောက်သမားတစ်ဦးသည် ဗြိတိန်ပေါင် ၉ ဒသမ ၇ သန်းတန် ထီဆုကြီးပေါက်ခဲ့သည်။ အမေရိကန်ဒေါ်လာနှင့်တွက်လျှင် ၁၄ ဒသမ ၃ သန်းဖြစ်သည်။ သို့သော် ၂၀၁၀ ပြည့်နှစ်တွင် သူသည် အမှိုက်ကောက်သမားဘဝသို့ ပြန်လည်ရောက်ရှိသွားခဲ့သည်။

သူသည် ထီပေါက်ပြီး ရသည့်ငွေနှင့် ရှစ်နှစ်တာကာလပတ်လုံး မည်သည့်အလုပ်မှ မလုပ်တော့ဘဲ တစ်ပတ်လျှင် ပျမ်းမျှ ဒေါ်လာတစ်သိန်းခွဲနီးပါး သုံးစွဲခဲ့သည်။ ဈေးအကြီးဆုံးကားကို ဝယ်စီးကာ အိမ်ကောင်းတွင်နေသည်။ မူးယစ်ဆေးဝါးသုံးစွဲပြီး မိန်းမအပျော်လိုက်စားခဲ့သည်။

နောက်ပိုင်း အကြွေးတင်ကာ တစ်ခုပြီးတစ်ခု ပြန်လည်ရောင်းချခဲ့ရာ ၂၀၁၀ ပြည့်နှစ်တွင် အမှိုက်ကောက်သမားအလုပ်ကို ပြန်လုပ်ရန် အလုပ်သမားဝန်ကြီးဌာနသို့ မှတ်ပုံတင်ပြန်လျှောက်ခဲ့ရလေသည်။


**ဆောင်းဟေမန်**

Ref: Daily Mail

-9-7-13



www.burmeseclassic.com



# လက်ထပ်ပွဲ ကျမ်းသစ္စာဆိုစဉ် သတို့သမီးအမည် မှားယွင်းခေါ်မိသည့်သတို့သား ကွာရှင်းခံ

တရုတ်နိုင်ငံ၊ ပေကျင်းမြို့တွင် မင်္ဂလာပွဲတစ်ခု ကျင်းပနေစဉ် သတို့သမီးဖြစ်သူ 'ကျို့'အား ဇနီးအဖြစ် ပေါင်းသင်းနိုင်မည်ဟုတ်၊ မဟုတ် မေးမြန်းနေစဉ် သတို့သားဖြစ်သူ 'ကျောင်ဟို'က သူ၏အချစ်ဦး အမည်ကို မှားယွင်းခေါ်ဆိုခဲ့မှုကြောင့် သတို့သမီးဖြစ်သူက ကွာရှင်းရန်အတွက် ပေကျင်းမြို့ရှိတရားရုံးတစ်ခုသို့ သွားရောက်တိုင်တန်းခဲ့သည့်ဖြစ်ရပ် ဖြစ်ပွားခဲ့သည်။

သတို့သမီးဖြစ်သူက လက်ထပ်လက်စွပ်ကို ယူဆောင်၍ တရားရုံးသို့သွားရောက်ကာ ကွာရှင်းပေးရန် တိုင်တန်းခဲ့ပြီးနောက် ငင် နှစ်ဦး ကွာရှင်းခဲ့သည်ဟု သိ သည်။

**ဆောင်းဟေ**

Ref: International Ne

-8/7/2



www.burmeseclassic.com

www.burmeseclassic.com



# သွေးစုပ်ဖုတ်ကောင်အုတ်ဂူများ ပိုလန်တွင်တွေ့ရှိ

ရှေးဟောင်းသုတေသနပညာရှင်များသည် သွေးစုပ်ဖုတ်ကောင်အုတ်ဂူများစွာကို ပိုလန်နိုင်ငံအတွင်း၌ တူးဖော်တွေ့ရှိခဲ့သည်ဟု ကြေညာချက် ထုတ်ပြန်ခဲ့ပြီးနောက် အချိန်အနည်းငယ်အကြာတွင် ၎င်းတို့တွေ့ရှိခဲ့သော သွေးစုပ်ဖုတ်ကောင်အချို့၏ ရုပ်အလောင်းများကို ထုတ်ဖော်ပြသခဲ့ကြသည်။

သွေးစုပ်ဖုတ်ကောင်ဟု ယူဆရသော ၎င်းရုပ်အလောင်းများ၏ ဦးခေါင်းများသည် ၎င်းတို့၏ ခြေထောက်များကြား၌ ရှိနေခဲ့သည်ဟု သိရသည်။ သွေးစုပ်ဖုတ်ကောင်များကို သုတ်သင်ပြီးပါက ၎င်းတို့ပြန်လည်အသက်မဝင်စေရန် တားဆီးသည့်အနေဖြင့် ၎င်းတို့၏ဦးခေါင်းကိုဖြတ်၍ ခြေထောက်များကြားထည့်၍မြှုပ်နှံပေးရသည်ဟု ဒဏ္ဍာရီလာ ပြောကြားချက်များနှင့် ကိုက်ညီမှုရှိနေခဲ့သည်ဟု သိရသည်။

သွေးစုပ်ဖုတ်ကောင်များအကြောင်းနှင့်ပတ်သက်၍ စူးစမ်းရှာဖွေနေချိန်တွင် ယခုကဲ့သို့ တူးဖော်တွေ့ရှိမှုသည် သွေးစုပ်ဖုတ်ကောင်များနှင့်ပတ်သက်သော ပိုမိုနက်နဲသည့်အချက်အလက်များကို ထပ်မံရှာဖွေ ဖော်ထုတ်နိုင်မည်ဟု မျှော်လင့်ထားကြကြောင်း သိရသည်။

**ဆောင်းဟေမန်**

Ref: International Crime News
18.7.2013

BURMESE CLASSIC .com





www.burmeseclassic.com

www.burmeseclassic.com



# (၇) ရက်သားသမီး တစ်လတာဟောကိန်းမှာ

## တနင်္ဂနွေ

ယခုတစ်လအတွင်း ရန်အနှောင့်အယှက်၊ အတိုက်အခံများကြားမှ စီးပွားတိုးတက်မည်။ စီးပွားရေးကောင်းပြီး လူမှုရေး၊ အိမ်ထောင်ရေး ပြဿနာတက်နိုင်၍ သတိရှိပါ။ ဆန်၊ ဆီ၊ ဆား၊ ဆေး၊ စပါး၊ ငရုတ်၊ ကြက်သွန် လက်လီ/လက်ကား ရောင်းပါ။ ကံကောင်းလိမ့်မည်။ အိမ်တွင်းသို့ ရာဟု၊ စနေလာလျှင် လက်မခံနှင့်။ အမှုအခင်းဖြစ်တတ်သည်။ ငယ်ရွယ်သူများအတွက် အပေါင်းအသင်းသတိထား၊ အသွားအလာ၊ အနေအထိုင် သတိပြုပါလေ။

ဝတ်ဆင်ရမည့်အရောင်။ ။ ပန်းရောင်၊ အနက်ထဲမှာ အဖြူပန်းပွင့်ဝမ်းဆက် ဝတ်ဆင်ပါ။
ကံညံ့အရောင်။ ။ လင်းလက်တောက်ပသော အရောင်အားလုံးရှောင်ပါ။
ကံကောင်းရက်များ။ ။ ၁၆၊ ၁၈၊ ၂၀၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆
ကံညံ့ရက်များ။ ။ ၂၈၊ ၂၉၊ ၃၀
အချစ်ရေး။ ။ ဆွေမျိုး၊ မိဘများကြောင့် ချစ်သူနှစ်ဦးစိတ်ဝမ်းကွဲ အထင်လွဲမှုဖြစ်တတ်သည်။
အိမ်ထောင်ရေး။ ။ ကြာလေကောင်းလေ၊ ဟောင်းလေသစ်လေ၊ ပေါင်းလေချစ်လေဖြစ်နေမည်။
ထီထိုးရန်။ ။ (က) ၅-၄၊ (ဃ) ၇-၂၊ (င) ၆-၃
ယတြာ။ ။ **မွေးနံ့ထောင့်တွင် ယိုကိုးမျိုးကပ်လှူပေးပါ။**

## တနင်္လာ

ယခုတစ်လအတွင်း ထင်သလောက် လုပ်ငန်းမကောင်းပါ။ ငွေနောက်လိုက်ရင်း အမှားတွေ့တတ်သည်။ ရွှေပေါင်ခံခြင်း၊ အိမ်၊ ခြံ၊ မြေ၊ ကား ဝယ်ရောင်းခြင်းတို့တွင် အမှားအယွင်းဖြစ်တတ်သည်။ ငွေကြေးကြောင့် တရားစွဲဆိုခြင်းခံရတတ်သည်။ ငွေ၊ စာရင်းအင်းတို့နှင့် ပတ်သက်၍ လူတိုင်းကို မယုံမိဖို့ အရေးကြီးသည်။ မိမိ၏ရည်ရွယ်ချက်များ အောင်မြင်လိမ့်မည်။ ငယ်ရွယ်သူဖြစ်ပါက ရုတ်တရက် အိမ်ထောင်ကျတတ်သည်။

ဝတ်ဆင်ရမည့်အရောင်။ ။ နီ၊ ဝါ၊ ပြာ ရောယှက်ဝမ်းဆက် ဝတ်ဆင်ပါ။
ကံညံ့အရောင်။ ။ အသည်းကွဲအရောင် အထူးရှောင်ပါ။
ကံကောင်းရက်များ။ ။ ၁၊ ၂၊ ၃၊ ၆၊ ၇၊ ၉၊ ၁၀
ကံညံ့ရက်များ။ ။ ၁၃၊ ၁၄၊ ၁၅
အချစ်ရေး။ ။ ချစ်သူတွေပတ်လည်ဝိုင်းနေပြီး စန်းပွင့်သော်လည်း မိန်းကလေးကြောင့် ဂုဏ်သိက္ခာကျဆင်းတတ်သည်။
အိမ်ထောင်ရေး။ ။ လင်မယားနှစ်ဦး သဒ္ဓါတူးပြီး ဒါန၊ သီလ၊ ဘာဝနာ သာသနာပြုလုပ်ငန်း ပြုလုပ်ရမည်။
ထီထိုးရန်။ ။ (ဠ) ၅-၄၊ (ပ) ၉-၄၊ (ဏ) ၈-၂
ယတြာ။ ။ **အိမ်ဘုရားတွင် ထန်းလျက်ကြော်၊ မြေပဲလှော်ကပ်လှူပါ။**



www.burmeseclassic.com

www.burmeseclassic.com

### အင်္ဂါ

ယခုတစ်လအတွင်း ဘာကိုမှအလိုမကျဘဲ မိမိသဘောနှင့် ထင်ရာမလုပ်နှင့်၊ အမှားတွေ့မည်။ ဝန်ထမ်းဖြစ်ပါက နေရာ၊ ဌာန၊ ရာထူး၊ လုပ်ငန်း တိုးတက်မှုရှိမည်။ ရှယ်ယာပေါင်းခြင်း၊ ငွေချေးငှားခြင်းပြုလုပ်ပါက မိမိပစ္စည်း ဆုံးရှုံးတတ်သည်။ အိမ်၊ ခြံ၊ မြေ၊ ကား ဝယ်ရောင်းမှုများ၌ ငွေကြေးပြဿနာတက်ပြီး တရားစွဲဆိုခြင်းခံရမည်။

ဝတ်ဆင်ရမည့်အရောင်။ ။ နို့နှစ်ရောင်၊ မိုးစက်ရောင် ဝမ်းဆက်ဝတ်ဆင်ပါ။
ကံညံ့အရောင်။ ။ အနက်ထဲတွင် အဖြူပွင့်ရိုက် လုံးဝရှောင်ပါ။
ကံကောင်းရက်များ။ ။ ၁၂၊ ၁၈၊ ၁၉၊ ၂၃၊ ၂၆၊ ၂၇၊ ၂၉
ကံညံ့ရက်များ။ ။ ၁၀၊ ၁၁၊ ၁၃
အချစ်ရေး။ ။ မမျှော်လင့်ဘဲ ရုတ်တရက် အိမ်ထောင်ကျတတ်သည်။
အိမ်ထောင်ရေး။ ။ ရန်ဖြစ်လေ စီးပွားတက်လေဖြစ်မည်။
ထီထိုးရန်။ ။ (က) ၆-၃၊ (ခ) ၆-၉၊ (ည) ၆-၁
**ယတြာ။ ။ မွေးနံထောင့်တွင် ဖာလူဒါသုံးခွက် လှူဒါန်းပါ။**

### ဗုဒ္ဓဟူး

ယခုတစ်လအတွင်း အပေါင်းအသင်းများယွင်းမှုကြောင့် အမှုအခင်းဖြစ်တတ်သည်။ အပြောအဆို၊ အသွားအလာ၊ အနေအထိုင်ဆင်ခြင်ပါ။ အမျိုးသမီးတစ်ဦးကြောင့် ဂုဏ်သိက္ခာကျဆင်း၊ အရှက်ကွဲတတ်သည်။ အမှုအခင်းဖြစ်လျှင် ရင်ဆိုင်လိုက်ပါ။ အစဉ်နိုင်မည်မှတ်။ သင်ကံကောင်းလိမ့်မည်။

ဝတ်ဆင်ရမည့်အရောင်။ ။ ငှက်ပျောညွန့်ရောင်၊ စတော်ဘယ်ရီရောင် ဝတ်ဆင်ပါ။
ကံညံ့အရောင်။ ။ မဟော်ဂနီရောင်၊ အုတ်ခဲရောင် လုံးဝမဝတ်ဆင်သင့်၊ ရှောင်ပါ။
ကံကောင်းရက်များ။ ။ ၁၊ ၂၊ ၃၊ ၄၊ ၅၊ ၆၊ ၇
ကံညံ့ရက်များ။ ။ ၁၀၊ ၁၃၊ ၁၆
အချစ်ရေး။ ။ ကြားအနှောင့်အယှက်ရှိ၍ သင့်ချစ်သူကို အချိန်မဆွဲဘဲ အမြန်လက်ထပ်ပါ။
အိမ်ထောင်ရေး။ ။ ဆွေမျိုးများကြောင့် လင်မယားနှစ်ဦး ပြဿနာတက်မည်၊ သတိထားပါ။
ထီထိုးရန်။ ။ (င) ၂-၈၊ (ဇ) ၈-၁၊ (ဈ) ၄-၅
**ယတြာ။ ။ အိမ်ဘုရားတွင် ထီးနီသုံးလက်၊ ထီးဖြူသုံးလက်၊ ထီးဝါသုံးလက် ပေါင်းကိုးလက် လှူဒါန်းပေးပါ။**

### ကြာသပတေး

ယခုတစ်လအတွင်း မိမိအိမ်အနီးမှာ လုပ်ငန်းအသစ် တိုးချဲ့လုပ်ကိုင်ရမည်။ ရေခြားမြေခြား ခရီးသွားရန် သေချာသောလဟုမှတ်ပါ။ သားရေထည်လုပ်ငန်း၊ စားသောက်ကုန်လုပ်ငန်း ရောင်းဝယ်ပါလေ။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးမည်။ ဝန်ထမ်းအိမ်ရာမှ မိမိပိုင်မြေရမည်။ အိမ်ဆောက်ရမည်။ ကျန်းမာရေးတွင် အအေးပတ်၊ နှာစေးရာမှ လည်ချောင်းနှင့်ပတ်သက်သော ဝေဒနာရမည်။ ကျန်းမာရေးဂရုစိုက်ပါ။

ဝတ်ဆင်ရမည့်အရောင်။ ။ နံ့သာရောင်ထဲတွင် အဖြူပွင့်ပါဝမ်းဆက်ဝတ်ဆင်ပါ။
ကံညံ့အရောင်။ ။ အနီရဲရဲအရောင် လုံးဝရှောင်ပါ။
ကံကောင်းရက်များ။ ။ ၁၊ ၆၊ ၇၊ ၉၊ ၂၀၊ ၂၁၊ ၂၂


www.burmeseclassic.com

www.burmeseclassic.com



ကံညံ့ရက်များ။ ။ ၃၊ ၄၊ ၈
အချစ်ရေး။ ။ မိမိစိတ်တိုင်းကျချစ်သူနှင့် မညားနိုင်ပါ။
အိမ်ထောင်ရေး။ ။ အိမ်ထောင်ရေး၊ အိမ်တွင်းရေး စိတ်ဒုက္ခကြုံတတ်သည်။
ထီထိုးရန်။ ။ (သ) ၆-၁၊ (ဝ) ၆-၃၊ (ဠ) ၄-၈
**ယတြာ။ ။ အိမ်ဘုရားတွင် သပြေ၊ ခံတက် ကပ်လှူပါ။**

## သောကြာ

ယခုတစ်လအတွင်း လခစားလုပ်ငန်းမှ ကိုယ်ပိုင်လုပ်ငန်းသို့ ပြောင်းတတ်သည်။ လုပ်ငန်းသစ်တွင် ထစ်ထစ်ငေါ့ငေါ့ အဆင်မပြေမှုများမည်။ ဖိနပ်သစ်၊ ထီးသစ် မဝင်သင့်ပါ။ ဝင်ပြီးလျှင် စွန့်လိုက်ပါ။ ထီပေါက်ကိန်းရှိသည်။ ထမင်းဆိုင်၊ ခေါက်ဆွဲဆိုင်၊ ရတနာဆိုင်၊ အထည်အလိပ်ဆိုင်ဖွင့်ပါက ကံကောင်းမည်။ ကျန်းမာရေးတွင် ဦးခေါင်းကိုက်ဝေဒနာ ခံစားရမည်။

ဝတ်ဆင်ရမည့်အရောင်။ ။ အဝါပွင့်ရိုက်၊ အစိမ်းရင့်ထဲမှာ အပြာပွင့်ရိုက်ဝတ်ဆင်ပါ။
ကံညံ့အရောင်။ ။ အနက်ရောင်ရှောင်ပါ။
ကံကောင်းရက်များ။ ။ ၁၀၊ ၁၆၊ ၂၀၊ ၂၄၊ ၂၇၊ ၂၉၊ ၃၀
ကံညံ့ရက်များ။ ။ ၇၊ ၉၊ ၁၂
အချစ်ရေး။ ။ ချစ်သူနှင့် ရေမြေခြားတွင် ခွဲခွာနေရမည်။
အိမ်ထောင်ရေး။ ။ အဖုအထစ်လေးများရှိသော်လည်း အများအားဖြင့် အဆင်ပြေမည်။
ထီထိုးရန်။ ။ (န) ၉-၃၊ (ဓ) ၉-၄၊ (ဖ) ၉-၇
**ယတြာ။ ။ မွေးနံ့ထောင့်တွင် ရေသက်စေ့ကပ်လှူပါ။**

BURMESE CLASSIC .com

## စနေ

ယခုတစ်လအတွင်း စီးပွားရေးအထူးကောင်းမည်။ စပ်တူဖက်စပ်လုပ်ငန်းဖြင့် စားသောက်ကုန်၊ ရာသီကုန် ဝယ်ရောင်းတင်သွင်းမှုပြုလုပ်ပါက အထူးအောင်မြင်မည်။ ဌာနဆိုင်ရာ အကြီးအကဲတို့၏ မစခြင်းခံရမည်။ ယခုတစ်လ စီးပွားရေးထူးမည်ဟု မှတ်လိုက်ပါ။ ဘာလုပ်လုပ် အနန္တောအနန္တငါးပါးကို ဦးထိပ်ထားလုပ်ကိုင်ပါ။ အစစအရာရာ အောင်မြင်မှုရမည်။

ဝတ်ဆင်ရမည့်အရောင်။ ။ ခရမ်းပြာ၊ မရမ်းပြာနှင့် ကြာညိုရောင်ရောယှက်ရောင် ဝတ်ဆင်ပါ။
ကံညံ့အရောင်။ ။ အစိမ်းပုပ်ထဲမှာ အဖြူကန့်လန့်စင်းရှောင်ပါ။
ကံကောင်းရက်များ။ ။ ၁၃၊ ၁၅၊ ၁၇၊ ၁၉၊ ၂၀၊ ၂၁၊ ၂၃
ကံညံ့ရက်များ။ ။ ၁၊ ၂၂၊ ၂၇
အချစ်ရေး။ ။ ငယ်ရွယ်သူဖြစ်ပါက စိတ်လိုက်မာန်ပါ အချစ်ရေးကို မဆုံးဖြတ်သင့်ပါ။
အိမ်ထောင်ရေး။ ။ လင်မယားနှစ်ဦး အပျော်ခရီးအဖြစ် ပြည်ပသွားရတတ်သည်။
ထီထိုးရန်။ ။ (န) ၈-၃၊ (ပ) ၃-၆၊ (ဖ) ၅-၄
**ယတြာ။ ။ မွေးနံ့ထောင့်တွင် စံပယ်ပန်းပွင့် ၁၀၈ ပွင့် လှူဒါန်းပါ။**

**စမ်းလိုအော၍ ပန်းလိုမွှေး[illegible]**
**သစ္စာ၊ မေတ္တာ ဆရာထွန်းလင်း[illegible]**
**နက္ခတ်ဗေဒင် လက္ခဏာပညာရှ[illegible]**



www.burmeseclassic.com